

# ဗုဒ္ဓ၏
# အောင်မြင်ရေး လမ်းညွှန်ချက်များ

မင်းနန်
(မော်ကျွန်း)

၃

၂၉၇၃၅

အလင်းသစ်
တဝပ
(၂၀၀၇ ခုနှစ်တွင် တည်ထောင်သည်)

* အလှူအားလုံးတွင် တရားအလှူ၊ ပညာအလှူ မွေ့ဒါနသည် အမြတ်ဆုံးဖြစ်၏။

(မြတ်ဗုဒ္ဓ)

* စကြဝဠာအပြည့် ထိုင်နေတော်မူကြသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား ပစ္စည်းလေးပါး ပေးလှူရခြင်းထက် လေးပါဒရှိသော ဂါထာတစ်ပုဒ်ကို ဟောပြော ပို့ချ ကြားနာရခြင်းက ပိုမြတ်၏။

(အရှင်မဟာဗုဒ္ဓဃောသ)

အလင်းသစ်စာစဉ် - (၁၉၂)

# ဗုဒ္ဓ၏အောင်မြင်ရေး လမ်းညွှန်ချက်များ

## မင်းနန့် (မော်ကျွန်း)

ဤစာအုပ် ဖွဲ့စည်းမှုပုံစံ၊ အပြင်အဆင်သည် အလင်းသစ်စာပေတိုက်၏ မူပိုင်ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက်ရေးသားခြင်းမှအပ ဤစာအုပ်၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပြန်လည်ကူးယူ ထုတ်ဝေခြင်း၊ ဓာတ်ပုံမိတ္တူကူးယူ၍ ဖြန့်ချိခြင်း၊အင်တာနက်နှင့် ဝက်ဘ်ဆိုက်များတွင် ဖော်ပြခြင်းတို့ကို လုံးဝခွင့်မပြုပါ။

အမှတ် ၂၉၈၃၅
ရက်စွဲ ၂၄.၁၀.၁၇
စာကြည့်တိုက်

**ပုံနှိပ်မှတ်တမ်း**

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အလင်းသစ်စာပေတိုက်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၃၀၀၀ ကျပ်

ဦးညွန့်အောင် (မြ - ၀၀၂၁၆)၊ အလင်းသစ် စာပေတိုက်၊ အခန်း-(၆၀၁)၊ အမှတ်-၁၇/၁၉၊ ၅၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။ မျက်နှာဖုံးနှင့် အတွင်းဖလင်- Eagle၊ မျက်နှာဖုံးဒီဇိုင်း-**ဖဂျီထင်းဝဏ္ဏ**၊ ကွန်ပျူတာစာစီ-**အလင်းသစ်**၊ အဖုံးနှင့် အတွင်းစာသား-**ဦးစိန်မြင့်အောင်(မြ - ၀၅၀၄၃)၊ ရွှေကံ့ကော် ပုံနှိပ်တိုက်**၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ **ကိုတင်အေး စာအုပ်ချုပ်လုပ်ငန်း**တွင် စာအုပ်ချုပ်သည်။

အလင်းသစ်စာပေ
အမှတ် (၁၇/၁၉)၊ အခန်း(၆၀၁)၊ ၅၂-လမ်း အောက်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၈၇-၀၃၈၄၈၊ ၀၉-၅၄-၀၀၃၀၂ က ထုတ်လုပ်ဖြန့်ချိသည်။

၂၉၄.၃
မင်းနန် (မော်ကျွန်း)
ဗုဒ္ဓ၏ အောင်မြင်ရေး လမ်းညွှန်ချက်များ။ မင်းနန် (မော်ကျွန်း)။
- ရန်ကုန်။
အလင်းသစ်စာပေ ၊ ၂၀၁၆။
၂၂၁ - စာ၊ ၁၃ x ၂၀.၅ စင်တီ။
(၁) ဗုဒ္ဓ၏ အောင်မြင်ရေး လမ်းညွှန်ချက်များ

# မာတိကာ


– စာရေးသူ၏ အမှာစကား .... ၇

၁။ စိတ်ကို လုံခြုံစွာ စောင့်ရှောက်ဆုံးမပါ .... ၁၀

၂။ ရန်ကိုရန်ချင်း မတုံ့နှင်းနှင့် .... ၁၆

၃။ အသက်မွေး စင်ကြယ်သန့်ရှင်းပါစေ .... ၂၂

၄။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်း .... ၂၈

၅။ အယူအမြင် မှန်ကန်ပါစေ .... ၃၅

၆။ ကောင်းမှုပြုသူနှင့် မကောင်းမှုပြုသူ .... ၄၂

၇။ မိမိကိုယ်ကို တူးဖြိုဖျက်ဆီးသူ .... ၄၈

၈။ မြတ်စွာဘုရား ဟောကြားသော အကြောက်ဖြေနည်း .... ၅၅

၉။ မြတ်သောအမျိုး၌ ဖြစ်စေတတ်သော အကျင့် .... ၆၂

၁၀။ အဆုံးအမကို ခံယူတတ်ပါစေ .... ၆၈

၁၁။ မည်သို့ပင် ပြောစေ မေတ္တာမပျက်စေသင့် .... ၇၄

၁၂။ ဘဝဆက်တိုင်း ပေါင်းဆုံချင်သော် .... ၈၀

၁၃။ ငြိမ်းချမ်းမှု နည်းလမ်းများကိုသာ ကြားသိပါစေ .... ၈၆

၁၄။ တပည့်ကျင့်ရာ ဝတ်ငါးဖြာ .... ၉၂

၁၅။ ဆရာကျင့်ဖွယ် ဝတ်ငါးသွယ် .... ၉၈
၁၆။ ဘဝဟူသည် စိတ်၏ ရောင်ပြန်ဟပ်မှု .... ၁၀၄
၁၇။ အသက်မွေး မှုတသူ ဖြစ်ပါစေ .... ၁၁၀
၁၈။ ဆောက်တည်ခြင်း လေးမျိုး .... ၁၁၆
၁၉။ ရဟန်းသံဃာကျင့်ရာ ဝတ်ခြောက်ဖြာ .... ၁၂၂
၂၀။ စိတ်ထားမြင့်မြတ်ခြင်းသာ ပဓာနပါ .... ၁၂၈
၂၁။ ဒါယကာ ကျင့်ရာ ဝတ်ငါးဖြာ .... ၁၃၄
၂၂။ စီးပွားဆုတ်ယုတ် ပျက်စီးကြောင်းတရား ခြောက်ပါး .... ၁၄၀
၂၃။ အလုပ်ရှင် ကျင့်ရာ ဝတ်ငါးဖြာ .... ၁၄၆
၂၄။ အာဠဝကဘီလူး အမေး၊ မြတ်ဗုဒ္ဓ အဖြေ (၁) .... ၁၅၂
၂၅။ အာဠဝကဘီလူး အမေး၊ မြတ်ဗုဒ္ဓ အဖြေ (၂) .... ၁၅၈
၂၆။ အာဠဝကဘီလူး အမေး၊ မြတ်ဗုဒ္ဓ အဖြေ (၃) .... ၁၆၄
၂၇။ အာဠဝကဘီလူး အမေး၊ မြတ်ဗုဒ္ဓ အဖြေ (၄) .... ၁၇၀
၂၈။ အာဠဝကဘီလူး အမေး၊ မြတ်ဗုဒ္ဓ အဖြေ (၅) .... ၁၇၆
၂၉။ မြတ်ဗုဒ္ဓနှင့် ကောသလမင်းကြီး .... ၁၈၂
၃၀။ စိတ်ရှည်သည်းခံခြင်း အလှတရား .... ၁၈၈
၃၁။ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းပါ .... ၁၉၄
၃၂။ မြတ်စွာဘုရားနှင့် ဝေဠုဒွါရ ရွာသားများ .... ၂၀၀
၃၃။ သိမ်မွေ့နူးညံ့သူနှင့် ကြမ်းတမ်းသူ .... ၂၀၆
၃၄။ စိတ်ဥယျာဉ်မှူး၏ တာဝန် .... ၂၁၂

# စာရေးသူ၏ အမှာစကား

မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို စိတ်ဝင်တစား ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ် ဖတ်ရှုလေ့လာခြင်း မရှိသူများက "ဗုဒ္ဓဓမ္မဟူသည် ပစ္စုပ္ပန်ဘဝ အောင်မြင်ရေးနှင့် မစပ်ဆိုင်၊ တမလွန်ဘဝတွင် လားရာဂတိကောင်းရေးနှင့်သာ သက်ဆိုင်သည်။ လောကုတ္တရာရေးကိုသာ အဓိကထားသော တရားဓမ္မများ ဖြစ်သောကြောင့် သက်ကြီးရွယ်အိုများသာ ဖတ်ရှုလေ့လာသင့်သည်။ ဘဝကြီးပွားတိုးတက်အောင်မြင်ရေးအတွက် အားထုတ်ကြိုးပမ်းနေသော လူငယ်လူရွယ်များအနေဖြင့် ဘာသာရေးစာအုပ်တွေ ဖတ်ဖို့ မလို" ဟုပင် ယူဆထားကြ၏။

စင်စစ် မြတ်ဗုဒ္ဓ၏ တရားတော်များသည် လောကုတ္တရာရေးအတွက်သာ ရည်ရွယ်ဟောကြားခြင်း မဟုတ်လေပါ။ ပစ္စုပ္ပန်ဘဝတွင်လည်း အပြစ်ကင်းစွာ နေထိုင်ပြီး ဘဝအောင်မြင်တိုးတက်ရေးအတွက် လမ်းညွှန်ဟောကြားတော်မူခဲ့ပါ၏။

မြတ်ဗုဒ္ဓသည် လောကတွင် လူသားတို့ ကြီးပွားအောင်မြင်ရေးအတွက် လိုအပ်သောအချက်များကို ဆောင်ရွက်ရန် လမ်းညွှန်မိန့်ကြားတော်မူခဲ့သလို၊ ပျက်စီးဆုတ်ယုတ်စေသော အကြောင်းတရားများကို ရှောင်ကြဉ်နိုင်ရန် သတိပေးမိန့်တော်မူခဲ့ပါ၏။ ဥပရိပဏ္ဏာသ၊ စူဠကမ္မဝိဘင်္ဂသုတ်၌ အဆင်းလှစေတတ်သော အကျင့်၊ အသက်ရှည်စေတတ်သော အကျင့်၊ ပစ္စည်းဥစ္စာ ချမ်းသာစေတတ်သော အကျင့်၊ ပညာရှိစေတတ်သော အကျင့်၊ အခြွေအရံ များစေတတ်သော အကျင့်တို့ကို ညွှန်ပြဟောကြားတော်မူခဲ့ပါသည်။

အလင်းသစ်စာပေ

မြတ်ဗုဒ္ဓသည် သတ္တဝါဝေနေယျတို့၏ ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော အကျိုးစီးပွားအလို့ငှာ၊ လောကီအကျိုးစီးပွားအတွက် ဤတရားကိုကျင့်၊ လောကုတ္တရာအကျိုးစီးပွားအတွက် ဤတရားကိုကျင့် ဟူ၍ ဟောဖော် ညွှန်ပြတော်မူခဲ့ပါသည်။ ထိုသို့လောကီနှင့် လောကုတ္တရာ ခွဲခြားညွှန်ပြစေ ကာမူ လောကီအကျိုးစီးပွားကို ဖော်ညွှန်းသောတရားသည် လောကုတ္တရာ အကျိုးစီးပွားနှင့် မဆန့်ကျင်ပါ။ လောကုတ္တရာအကျိုးစီးပွားကို ဆောင်သော တရားသည်လည်း လောကီအကျိုးစီးပွားနှင့် မဆန့်ကျင်ပါ။ လောကီအကျိုး စီးပွားအတွက် ဟောသောတရားသည် လောကုတ္တရာအကျိုးစီးပွားအတွက် အုတ်မြစ်သဘောကို ဆောင်ပါသည်။ လောကုတ္တရာအကျိုးစီးပွားအတွက် ဟောသောတရားသည်လည်း လောကီအကျိုးစီးပွားအတွက် ကျွဲကူးရေပါ သဘောကို ဆောင်ပါ၏။ မြတ်စွာဘုရား ဟောကြားတော်မူသော တရား တော်များတွင် ပစ္စုပ္ပန်ဘဝ အောင်မြင်ကြီးပွားကြောင်း တရားများလည်း ပါဝင်ကြောင်း ထင်ရှားသိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် "ဗုဒ္ဓ၏ အောင်မြင် ရေး လမ်းညွှန်ချက်များ" ဟု ခေါင်းစဉ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

အမှန်မူ The Flower News ဂျာနယ်တွင် အပတ်စဉ် စဉ်ဆက် မပြတ် ဖော်ပြခဲ့သော ဤဆောင်းပါးများကို "ဗုဒ္ဓ၏ အဆုံးအမတော်များ" (ပထမတွဲ)၊ (ဒုတိယတွဲ)၊ (တတိယတွဲ) အဖြစ် "အလင်းသစ် စာပေတိုက်" မှ စီစဉ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ စာဖတ်ပရိသတ်၏ အားပေးဖတ်ရှုမှုကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ လက်ခံရရှိသောကြောင့် ကျန်ရှိသော ဆောင်းပါးများကို ဤခေါင်းစဉ်ဖြင့် ဆက်လက်ထုတ်ဝေခဲ့ခြင်း ဖြစ်ပါ၏။

ဆရာကြီး ဒဂုန်ဦးစန်းငွေ၊ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၊ ဆရာကြီး ဓမ္မာစရိယ ဦးမောင်မောင်လေး၊ ဆရာကြီး ဦးလေးမြိုင်တို့ ပြုစုခဲ့သော စာပေ ကျမ်းမြတ်များအပေါ် အမှီပြု၍ ဤဆောင်းပါးများကို ရေးသားခဲ့သော ကြောင့် ရိုသေလေးစားအပ်သော ဆရာကြီးများ၏ ကျေးဇူးအမွန်ကို ဦးတင် ပါသည်။

ဤဆောင်းပါးများကို ပင်တိုင်ဆောင်းပါးအဖြစ် နေရာပေးဖော်ပြခဲ့ သော The Flower Newsဂျာနယ် အယ်ဒီတာအဖွဲ့ကိုလည်းကောင်း၊ ကျွန် တော်၏ စာအုပ်များကို Book Making ကောင်းကောင်းဖြင့် စီစဉ်ထုတ်လုပ်

ပေးသော ဦးဉာဏ်အောင် (အလင်းသစ်စာပေ)ကိုလည်းကောင်း၊ (၂၉)အုပ်မြောက် ဤစာအုပ်အထိ ဝယ်ယူဖတ်ရှု အားပေးကြသော ကျွန်တော်၏ချစ်စွာသော စာဖတ်ပရိသတ်ကိုလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မင်းနန်(မော်ကျွန်း)**
၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၈ရက်။

❏

# စိတ်ကို လုံခြုံစွာ စောင့်ရှောက်သုံးမပါ

နှိမ်နင်းရန် ခဲယဉ်း၊ အဖြစ်အပျက် အလွန်မြန်၊ မျိုးနွယ်နိမ့်မြင့် သင့်မသင့်ကို ချင့်တွက်မရှိ၊ တွေ့မိတွေ့ရာ ကာမဂုဏ်၌ ကျရောက်လေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် အလွန်ကောင်းမြတ်၏။ ဆုံးမ၍ ယဉ်ကျေးသော စိတ်သည် ချမ်းသာကို ဆောင်တတ်၏။

(ဓမ္မပဒ၊ ၃၅)

မြင်နိုင်ရန် အလွန်ခဲယဉ်း၊ အလွန်သိမ်မွေ့၍၊ မျိုးနွယ်နိမ့်မြင့် သင့် မသင့်ကို ချင့်တွက်မရှိ၊ တွေ့မိတွေ့ရာ ကာမဂုဏ်၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ လုံခြုံစွာ စောင့်ရှောက်အပ်သော စိတ်သည် ချမ်းသာကို ဆောင်တတ်၏။

(ဓမ္မပဒ၊ ၃၆)

စိတ်သည် အဝေး၌ရှိသော အာရုံသို့လည်း သွားတတ်၏။ တစ်ခုပြီး တစ်ခု ဖြစ်တတ်၏။ အကောင်အထည်ဟူ၍လည်း မရှိ။ ဟဒယဝတ္ထုနှလုံးတည်း ဟူသော လိုဏ်ဂူမင်ကို မှီ၍ ဖြစ်ပေါ်၏။ ဤစိတ်ကို လုံခြုံစွာ စောင့်ရှောက်ကုန်သော သူတို့သည် မာရ်မင်း၏ အနှောင်အဖွဲ့တည်းဟူသော ဆင်းရဲမှ လွတ်မြောက်ကုန်၏။

(ဓမ္မပဒ၊ ၃၇)

လူသည် ရုပ်နှင့်စိတ်တို့ ဖွဲ့စည်းဖြစ်တည်ရာ ဖြစ်ပါသည်။ ထိုသို့ ဒွန်တွဲတည်ရှိရာတွင် စိတ်က ရုပ်ကို ဦးဆောင်ပါသည်။ စိတ်စေနိုင်းသည့် အတိုင်း ရုပ်ခန္ဓာက လိုက်ပါဆောင်ရွက်နေရခြင်း ဖြစ်ပါသည်။ ကာယကံ၊

ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးတွင် မနောကံသည် အကြီးအမှူး ဖြစ်ပါ၏။ အဦးအဆောင် ဖြစ်ပါ၏။ ကိုယ်မှု၊ နှုတ်မှုတို့သည် စိတ်၏ အစေအပါးသာလျှင် ဖြစ်ပါသည်။ ကံသုံးပါးတွင် စိတ်က ဦးစီး ခေါင်းဆောင် ဖြစ်လေရာ စိတ်သည်ပင် 'ဘဝ၏ ပန်းပုဆရာ' ဟု ဆိုသော် ရနိုင်ပါသည်။

စိတ်လှလျှင် ကာယကံလည်း လှမည်။ ဝစီကံလည်း လှမည်။ စိတ်အကျည်းတန်လျှင် ကာယကံလည်း အကျည်းတန်မည်။ ဝစီကံလည်း အကျည်းတန်မည်။ စိတ်နူးညံ့သိမ်မွေ့လျှင် ကာယကံလည်း နူးညံ့သိမ်မွေ့ မည်။ ဝစီကံလည်း နူးညံ့သိမ်မွေ့မည်။ စိတ်ခက်ထန် ကြမ်းတမ်းလျှင် ကာယကံလည်း ခက်ထန်ကြမ်းတမ်းမည်။ ဝစီကံလည်း ခက်ထန် ကြမ်းတမ်းမည်။ စိတ်စင်ကြယ်သန့်ရှင်းလျှင် ကာယကံလည်း စင်ကြယ် သန့်ရှင်းမည်။ ဝစီကံလည်း စင်ကြယ်သန့်ရှင်းမည်။ စိတ်ညစ်ညမ်းလျှင် ကာယကံလည်း ညစ်ညမ်းမည်။ ဝစီကံလည်း ညစ်ညမ်းမည်။ စိတ်ကြည် လင်ရှင်းသန့်လျှင် ရုပ်ဆင်းသဏ္ဌာန်လည်း ကြည်လင်ရှင်းသန့်မည်။ စိတ် ညစ်ညူး မှုန်မှိုင်းလျှင် ရုပ်ဆင်းသဏ္ဌာန်လည်း ညစ်ညူးမှုန်မှိုင်းမည်။

သို့ဖြစ်၍ ဘဝဝယ် စိတ်ကောင်းမွေးဖို့၊ စိတ်ကောင်းရှိဖို့သည် အဓိက လိုအပ် သောအရာ ဖြစ်လာပါသည်။ ပဓာန အကျဆုံးအရာ ဖြစ်လာပါသည်။ အများ အားဖြင့် ခန္ဓာ၊ ရာထူးအရှိန်အဝါ အကျော်အစောကို လိုချင် မက်မော တတ်ကြသည်။ မြတ်နိုးတန်ဖိုး ထားတတ်ကြသည်။ မိမိ၏ စိတ်ကိုမူ မြတ်နိုးတန်ဖိုးထားရကောင်းမှန်း သိသူတွေလည်း ရှိသလို၊ မသိသူတွေလည်း ရှိပါသည်။ အမှန်စင်စစ် ငြိမ်းချမ်းကြည်လင် ဖြူစင် သိမ်မွေ့သော စိတ်မျိုးကို မြတ်နိုးတန်ဖိုးထားဖို့ လိုပါသည်။ ထိုစိတ်မျိုး မိမိ၏ အတွင်းသန္တာန်တွင် ကိန်းအောင်းစေရန် သတိနှင့်ယှဉ်၍ ဆင်ခြင်ရန် လိုပါသည်။

ပုထုဇဉ်တို့၏ စိတ်တွင် ဇာတိသဘောနှင့် အာဂန္တုသဘောဟူ၍ နှစ်မျိုး ရှိပါ၏။ စိတ်ဟူသည် ပကတိအားဖြင့် ဖြူစင်သော်လည်း ကိလေသာ တို့၏ အတိုက်အခိုက်၊ အထိုးအဆွကို ခံရသောကြောင့် မကောင်းမှုတို့တွင် မွေ့လျော်လိုခြင်းသည် စိတ်၏ ဇာတိသဘော ဖြစ်ပါသည်။ မြတ်စွာဘုရား ကလည်း ဓမ္မပဒတွင် "စိတ်သည် မကောင်းမှု၌ မွေ့လျော်၏" (ပါပသ္မိံရ

မတေမနေဘ)ဟူ၍ ဟောတော်မူခဲ့သည်မှာ စိတ်၏ ဇာတိသဘောကို ဖော်ညွှန်းပြခြင်း ဖြစ်ပါသည်။ ကုသိုလ်ကောင်းမှုကိစ္စနှင့် ဖြစ်ခြင်းမှာမူ ပြုပြင်မှုကြောင့် ဖြစ်သောစိတ်၏ အာဂန္တုသဘော ဖြစ်ပါသည်။ ကောင်းမှုပြုခြင်းဟူသမျှ စိတ်၏ အာဂန္တုသဘော ဖြစ်ပါ၏။ ဓမ္မပဒ ပါဠိတော်တွင် ဘုရားရှင်က "မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်၍ ကောင်းမှုပြုသောအခါ တုံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို လျင်မြန်စွာ ပြုလုပ်ရာ၏" ဟု ဟောတော်မူခဲ့ပါသည်။ စိတ်၏ အာဂန္တုသဘောသည် ရေတို့၏ အထက်ဆန်တက်ခြင်းနှင့် ပမာတူလေရာ လုံ့လစိုက်ထုတ် ပြုပြင်မှသာ ပြုပြင်မှု၏အစွမ်းအားလျော်စွာ ဖြစ်ထွန်းတတ်ပါသည်။

ကိလေသာ ကာမဂုဏ်အာရုံတို့၏ ညို့ငင်ဖမ်းစားနိုင်စွမ်းအား ကြီးမားပါသည်။ ပုထုဇဉ်တို့အဖို့ ကာမဂုဏ်အာရုံတို့၏ ဖြားယောင်းသွေးဆောင်မှုကို ခံရသောအခါ မဆင်မခြင် လိုက်ပါမိလျက်သား ဖြစ်သွားတတ်ပါသည်။ ထိုအခါ စိတ်သည် ဖြူစင်ရာမှ ညစ်နွမ်းသွားသည်။ အေးချမ်းရာမှ ပူလောင်သွားသည်။ တည်ငြိမ်ရာမှ ဆူပွက်လှုပ်ရှားသွားသည်။ ထို့ကြောင့် မကောင်းသော ကာမဂုဏ်အာရုံတို့နှင့် ကြုံဆုံသော်ယင်းတို့၏ ညို့မြူဆွဲငင်အားနောက် ကောက်ကောက်ပါ မလိုက်မိစေရန် စိတ်ကို ထိန်းချုပ်ဖို့ လိုပါသည်။ ဆုံးမဖို့ လိုပါသည်။ စိတ်ကို အဆင်ခြင်မဲ့ ပရမ်းပတာ လွှတ်ထားလျှင် ဘဝ၌ အဆုံးအရှုံးတွေနှင့် ကြုံတွေ့ရင်ဆိုင် ရပေလိမ့်မည်။ စိတ်ကို လွှတ်ထားသောကြောင့် ဘဝတွင် ဆုံးရှုံးနစ်နာမှုတွေ ဖြစ်ပေါ်နိုင်ကြောင်း ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး အရှင်ပဏ္ဍိတာဘိဝံသက ဤသို့ သတိပေးတော်မူခဲ့ပါ၏။

"ကမ္ဘာသူ၊ ကမ္ဘာသား အတော်များများဟာ စိတ်ကို လွှတ်ထားတဲ့ အတွက် ဘဝဆုံးရှုံးမှုတွေ ဖြစ်ရတယ်။ သိပ်ကို နစ်နာပါတယ်။ သူတို့က စိတ်ကို လွတ်လပ်ခွင့်ပေးထားရင်၊ ကိုယ်ရော၊ နှုတ်ရော လွတ်လပ်ခွင့်ပေးထားရင် ချမ်းသာမယ်လို့ ယုံကြည်ထားတာကိုး။ ဒါကတော့ အခိုက်အတန့်တော့ ချမ်းသာချင် ချမ်းသာမှာပေါ့။

ဒါပေမဲ့ အဲဒီချမ်းသာမှုရဲ့နောက်ကွယ်မှာ မိမိရော မိမိနဲ့ ပတ်သက်တဲ့

ပုဂ္ဂိုလ်တွေပါ အပြစ်မကင်းတာတွေ ဖြစ်သွားတယ်။ အပြစ်မကင်းလို့ရှိရင် အဲ့ဒီဘဝဟာ ဘယ်တော့မှ သာယာစိုပြည်တဲ့ ဘဝမဟုတ်ဘူး။ ဘဝနိဂုံးချုပ်တဲ့ အခါမှာလည်း ဝမ်းနည်းစွာနဲ့ နိဂုံးချုပ်ရတာပဲ"

စိတ်ကို ညစ်ညူးစေ၊ ပူလောင်စေ၊ ညှိုးဖျင်းစေသော အကုသိုလ် စေတသိက် ၁၄ ပါး ရှိပါသည်။ ထို ၁၄ ပါးကို အဘိဓမ္မာဒေသနာတော်တွင် 'စိတ်ဓာတ်၏ မစင်ကြယ်မှုအင်္ဂါများ' ဟု သုံးနှုန်းဟောကြားတော်မူပါသည်။ ထိုအကုသိုလ် စေတသိက် ၁၄ ပါးမှာ သာယာတပ်မက်ခြင်း (လောဘ)၊ အမျက်ထွက်ခြင်း (ဒေါသ)၊ တွေဝေခြင်း (မောဟ)၊ အယူအမြင်မှားခြင်း (မိစ္ဆာဒိဋ္ဌိ)၊ ထောင်လွှား မြင့်မောက်ခြင်း (မာန)၊ ငြူစူခြင်း (ဣဿာ)၊ နှမြောဝန်တိုခြင်း (မစ္ဆရိယ)၊ နောင်တ တစ်ဖန် စိုးရိမ်ပူပန်ခြင်း (ကုက္ကုစ္စ)၊ အရှက်မဲ့ခြင်း (အဟိရိက)၊ အကြောက်မရှိခြင်း (အနောတ္တပ္ပ)၊ စိတ်မတည်ငြိမ် ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ)၊ စိတ်ထိုင်းမှိုင်းခြင်း (ထိန)၊ အာရုံကို ထိတွေ့မှု ခံစားမှု စသည်တို့၌ မပွင့်မလင်း မှေးမှိန်နေခြင်း (မိဒ္ဓ)၊ နှစ်လုံးနှစ်ခွ ဒွိဟသဘောရှိခြင်း၊ ယုံကြည်ထိုက်သည်၌ မယုံကြည်ခြင်း (ဝိစိကိစ္ဆာ)တို့ ဖြစ်ပါ၏။

ဤအကုသိုလ်စေတသိက်တို့သည် အာရုံတစ်ခုခု၊ အဖြစ်အပျက်တစ်ခုခုနှင့် ပြင်းပြင်းထန်ထန် ထိပ်တိုက် ရင်ဆိုင်တိုးသောအခါတွင် ရုပ်ခြည်း အင်အားကြီးစွာ ဖြစ်ပေါ်လာတတ်ပါသည်။ ပမာအားဖြင့် မိမိနှင့် ရန်ငြိုးရှိသူက မိမိအပေါ် ဆဲရေးစော်ကားမှု ပြုခြင်းကို ခံရသောအခါ ဒေါသသည် ယမ်းပုံမီးကျသကဲ့သို့ ပြင်းထန်စွာ ပေါက်ကွဲတတ်ပါသည်။ ထို့အတူ မိမိနှင့် ပြိုင်ဘက်လိုဖြစ်နေသူက ကြီးပွားသွားလျှင်၊ အောင်မြင် ကျော်ကြားသွားလျှင် ငြူစူခြင်းဟူသော ဣဿာစေတသိက် ဖြစ်ပေါ်လာတတ်ပါသည်။

ဤအကုသိုလ် စေတသိက်တို့ကို စိတ်အတွင်း၌ လက်ခံထားရှိနေလျှင် ဘဝဝယ် ဆိုးကျိုးအထွေထွေ ဖြစ်ပေါ်လာအောင် ဖန်တီးနေခြင်းသာ ဖြစ်ပါသည်။ စင်စစ် ဤအကုသိုလ်စေတသိက်များသည် ပြင်ပလူ ပုဂ္ဂိုလ်ရန်သူများထက်ပင် ကြောက်မက်ဖွယ်ကောင်းသော 'ရန်သူ' များ ဖြစ်ပါသည်။ ထိုအကုသိုလ် စေတသိက်တို့ကို စိတ်အတွင်းတွင် စိုးမိုးလွှမ်းမိုးခွင့်ပေးလျှင် ပေးသည်နှင့်အမျှ အကုသိုလ်မှု၏ ဒဏ်ခတ်ခြင်းကို ကျိန်းသေမုချ ခံရပေလိမ့်မည်။ မကောင်းကျိုးတွေ ဖြစ်ပေါ်လာပေလိမ့်မည်။ စိတ်ဓာတ်

၏ မစင်ကြယ်မှု အင်္ဂါများဖြစ်သော ဤအကုသိုလ်စေတသိက် ၁၄ ပါးသည် အဆိုးတရားများ၊ အယုတ်တရားများ၊ မကောင်းမှုများ၏ 'ပင်မရေစီး' ဟု ဆိုနိုင်ပါသည်။ အဆိုးလောကဓံတရားများ၏ မူလဘူတ ရင်းမြစ် အစစ် အမှန်ဟုလည်း ဆိုနိုင်ပါလိမ့်မည်။

မကောင်းသော စေတသိက်များ စိတ်အတွင်းသို့ ဝင်ရောက်ခွင့်သာ အောင် စောင့်ကြည့်ထိန်းသိမ်းသော ကိရိယာရှိပါသည်။ ထို စိတ်ထိန်း ကိရိယာမှာ 'သတိ' ပင် ဖြစ်ပါသည်။ မည်သည့်အခါမျှ ပိုသည်မရှိ၊ လိုသည် သာရှိသော 'သတိ' နှင့် စပ်လျဉ်း၍ တိပိဋကဓရ အရှင်သိရိန္ဒာဘိဝံသ (ယော) ဆရာတော်ကြီးက ဤသို့ မိန့်တော်မူခဲ့ပါ၏။

"စိတ်ဆိုတာ စွမ်းရည်ထုတ်တတ်မှ စွမ်းရည်ပေါ်လာပါသည်။ စွမ်းအင်မထုတ်တတ်ဘူးဆိုလျှင် စွမ်းအင်မဲ့တဲ့ စိတ်တွေချည်းပဲ ဖြစ်နေကြ ပါသည်။ ဘာမှ ကောင်းကျိုးမပြုတဲ့ စွမ်းအင်မဲ့တဲ့ စိတ်တွေ ဖြစ်ပေါ်နေကြ သည်။ တစ်ခါတစ်ရံများကျတော့ စိတ်ဟာ စိတ်ထိန်းကိရိယာလို့ခေါ်တဲ့ သတိများ ပြုတ်ထွက်သွားပြီဆိုတဲ့အခါ ဟောဒီစိတ် ဘာဖြစ်သွားသလဲ ဆို တော့ စိတ်အစဉ် ပေါက်ကွဲတယ် ခေါ်ပါတယ်။ စိတ်ပျက်တယ်၊ စိတ်ရှုပ် တယ်၊ စိတ်ပူတယ်၊ မုန်းတယ်ဆိုတဲ့ ဒါမျိုးတွေ ဖြစ်လာတယ်။ စိတ်အစဉ် ပေါက်ကွဲလာတော့ ကိုယ်တစ်ယောက်တည်း ပေါက်ကွဲလို့ အားမရလို့ ပတ်ဝန်းကျင်ကိုပါ ကူးစက်အောင် ဖြန့်ချလိုက်တယ်။ ဒီမီးတွေဟာ ရပ်ကွက်၊ မြို့နယ်၊ နိုင်ငံ၊ ကမ္ဘာအထိ ပြန့်ပြီးတော့မှ သွားတာဟာ ကြောက် စရာကောင်းတဲ့ ဒီကိလေသာ ဓာတ်ငွေ့တွေပဲ။

စိတ်အစဉ် ပေါက်ကွဲလို့ စိတ်ကို သတိတည်းဟူသော စိတ်ထိန်း ကိရိယာနဲ့ မထိန်းနိုင်ဘဲနဲ့ လွှတ်ချလိုက်သဖြင့် မိမိရော သူတစ်ပါးပါ အကုန်လုံး မီးတွေ ကူးစက်ပြီးတော့မှ လောကကြီးဟာ ပူလောင်ချောက်ချား နေကြရတာ။ တစ်ဦးနဲ့တစ်ဦး သူတော်ကောင်း စိတ်တွေ မွေးပြီးတော့ သူတော်ကောင်းဓာတ်ကလေးတွေနဲ့ နေကြတဲ့အခါ လောကကြီး အင်မတန် ကြည်နူးစရာကောင်းသွားတာပဲ။ အင်မတန် အေးချမ်းတယ်။"

မကောင်းသော စေတသိက်တို့ မိမိ၏ အတွင်းသန္တာန်တွင် ဖြစ်ပွား ခွင့် မရစေရန် မိမိ၏စိတ်ကို နိုင်နင်းစွာ ထိန်းချုပ်ရပေလိမ့်မည်။ မိမိ၏

စိတ်ကို ကောင်းစွာ ဆုံးမရပေလိမ့်မည်။ မိမိ၏ စိတ်ကို သတိနှင့် ယှဉ်လျက် ထိန်းချုပ်ဆုံးမနိုင်မှသာလျှင် မိမိ၏ အနာဂတ်ဘဝကို ကစဉ့်ကလျား မဖြစ်အောင် ပဲ့ကိုင်နိုင်ပါလိမ့်မည်။

မိမိ၏စိတ်ကို နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်လျှင် မကောင်းသော ကာယကံမှု၊ မကောင်းသော ဝစီကံမှုတို့ ပြုခွင့်မသာအောင် တားဆီးနိုင်ပါလိမ့်မည်။ မိမိ၏စိတ်ကို ကောင်းစွာဆုံးမနိုင်လျှင် ဘဝတွင် အကုသိုလ် အညစ်အကြေးတို့ စွန်းထင်းပေကျံခြင်း မရှိတော့။ မိမိ၏စိတ်ကို ဆုံးမနိုင်စွမ်းရှိခြင်းသည် မှန်မြတ်သော အရည်အချင်း ဖြစ်ပါသည်။ မိမိ၏ စိတ်ကို နိုင်နင်းစွာ ထိန်းချုပ်နိုင်ခြင်းသည် အံ့ဩဖွယ်စွမ်းရည် ဖြစ်ပါသည်။ မိမိ၏ စိတ်ထဲသို့ မကောင်းသော စေတသိက်တို့ ဝင်ရောက်ကြီးစိုးခွင့် မသာအောင် အချိန်မီ သတိဖြင့် ထိန်းချုပ်ဆုံးမခြင်းအားဖြင့် စင်ကြယ် ငြိမ်းချမ်းသော ဘဝကောင်း၊ ဘဝမှန်ကို အောင်အောင်မြင်မြင် ထုဆစ် ဖန်တီးနိုင်ပါလိမ့်မည်။

❑

# ရန်ကိုရန်ချင်း မတုံ့နှင်းနှင့်

ဤသူသည် ငါ့ကို ဆဲရေး၏။ ငါ့ကို ညှဉ်းဆဲ၏။ ငါ့ကို နိုင်၏။ ငါ့ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်ထားလျက် ရန်ငြိုးဖွဲ့ကြသော သူတို့မှာ ရန်သည် မငြိမ်းလေ။

(ဓမ္မပဒ၊ ၃)

ဤသူသည် ငါ့ကို ဆဲရေး၏။ ငါ့ကို ညှဉ်းဆဲ၏။ ငါ့ကို နိုင်၏။ ငါ့ဥစ္စာကို ခိုး၏ ဟူ၍ စိတ်၌ အမျက်မထား၊ ရန်ငြိုးမဖွဲ့ကြသော သူတို့မှာ ရန်သည် ငြိမ်းလေ၏။

(ဓမ္မပဒ၊ ၄)

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာ သဘောပေတည်း။

(ဓမ္မပဒ၊ ၅)

လူမိုက်တို့သည် ဤလောက၌ မိမိတို့ အမြဲမနေ၊ သေရဦးမည်ကို မအောက်မေ့ မဆင်ခြင်ဘဲ ခိုက်ရန်ပွားကုန်၏။ ပညာရှိတို့သည်ကား မိမိတို့ အမြဲမနေ၊ သေရဦးမည်ကို သိမြင်ဆင်ခြင်ကြ၍ သူမိုက်တို့ကို မတုဘဲ ခိုက်ရန် ငြိမ်းအောင် ပြုကုန်၏။

(ဓမ္မပဒ၊ ၆)

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်ပါသည်။ သားသည်မိခင်တစ်ဦးသည် တရားဟောပြောနေသော

ဘုရားရှင်၏ ရှေ့မှောက်တော်သို့ သူ၏ ရင်သွေးငယ်ကို ချထားသည်။ အကြောင်းမှာ သူ၏သားငယ်ကို စားရန် ကာဠီဘီလူးမက နောက်က လိုက်လာသောကြောင့် ဖြစ်ပါ၏။ ကျောင်းတံခါးစောင့်နတ်များက ဆီးတားသောကြောင့် ဘီလူးမက ကျောင်းတော်ထဲသို့ ဝင်ရောက်နိုင်ခြင်း မရှိပါ။ အကျိုးအကြောင်း သိသောအခါ ဘုရားရှင်က ဘီလူးမကို ခေါ်စေပြီး ရှေ့တော်မှောက်သို့ ရောက်သောအခါ ဘီလူးမနှင့် သားသည်မိခင်တို့ကို ဆုံးမတော်မူပါသည်။ ထို့နောက် သားသည်မိခင်နှင့် ဘီလူးမတို့၏ အတိတ်ဘဝကို ဇာတ်ကြောင်းပြန် ဟောကြားတော်မူပါသည်။

အတိတ်ဘဝတစ်ခု၌ ကာဠီဘီလူးမနှင့် သားသည်မိခင်တို့မှာ အမျိုးသားတစ်ဦး၏ ဇနီးနှစ်ယောက် ဖြစ်ပါသည်။ ပထမဇနီးက ကလေး မရသောကြောင့် ဒုတိယဇနီးကို ထပ်မံလက်ထပ်လိုက်ခြင်း ဖြစ်ပါသည်။ ဒုတိယဇနီးတွင် ကိုယ်ဝန်ရှိသည်ကို ပထမဇနီး သိသောအခါ ကိုယ်ဝန်သည် စားမည့် အစားအစာထဲ ကိုယ်ဝန်ပျက်ဆေး ရောထည့်လိုက်သောကြောင့် ဒုတိယဇနီးသည်မှာ ကိုယ်ဝန်က ပျက်ကျရှာသည်။ ဒုတိယအကြိမ် ကိုယ်ဝန် ရပြန်သောအခါတွင်လည်း ပထမဇနီးသည်က ကိုယ်ဝန်ပျက်ဆေး ကျွေးသောကြောင့် ကိုယ်ဝန်ပျက်ကျပြန်သည်။

တတိယအကြိမ် ကိုယ်ဝန်ဆောင် ရပြန်သောအခါတွင်လည်း ကိုယ်ဝန်ပျက်ဆေးဒဏ်ကြောင့် ကလေး သာမက မိခင်ဖြစ်သူပါ အသက်ဆုံးရရှာသည်။ ဒုတိယဇနီးက သူ မသေဆုံး မီ ပထမဇနီး၏ လက်ချက်မှန်း သိသွားသောကြောင့် ဘဝဆက်တိုင်း လက်စားချေ လက်တုံ့ပြန်ရန် အဓိဋ္ဌာန်ပြုသည်။ သို့ဖြင့် ထိုမယား နှစ်ယောက်မှာ ကြောင်နှင့် ကြက်မ၊ သစ်နှင့် သမင်အဖြစ် အတိတ်ဘဝတို့တွင် တစ်ဦးက မွေးသော သားသမီးတို့ကို တစ်ဦးက အပြန်အလှန် စားသောက် ရင်းဖြင့် ဘဝဆက်တိုင်း ရန်ကိုရန်ချင်း တုံ့နှင်းခဲ့ကြပေသည်။ ကြီးစွာသော အငြိုးအာဃာတဖြင့် အပြန်အလှန် ကလဲ့စား ချေခဲ့ကြသည်။ ဘီလူးမသည် သားသည်မိခင်၏ ရင်သွေးကို သတ်ဖြတ်လိုသော ဆန္ဒမှာ ဘဝများစွာက သယ်ဆောင်လာခဲ့သော ရန်ငြိုးရန်စ ဖြစ်လေသည်။ ထိုကာဠီဘီလူးမနှင့် သားသည်မိခင်တို့ကို အကြောင်းပြု၍ မြတ်စွာဘုရားက အထက်ပါအတိုင်း

ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါ၏။

အမှန်တော့ လူ့အဖွဲ့အစည်းဝင် လူသားအချင်းချင်း ထိတွေ့ဆက်ဆံကြရာ၌ အဆင်ပြေသည့်အခါ ရှိသလို အဆင်မပြေသည့် အခါလည်းရှိမည်။ ချော့မွေ့သည်တို့ ရှိသလို ဖုထစ်ကောက်ကွေ့သည်တို့လည်း ရှိမည်။ ဆက်ဆံရေး ရာသီဥတုသည် ကြည်လင်သာယာသည့် အခါရှိသလို အုံ့မှိုင်းသည့် အခါလည်း ရှိမည်။ လူမှုဆက်ဆံရေးသည် ပြင်းပြင်းထန်ထန် ပဋိပက္ခအသွင်ဆောင်လာလျှင်မူ တစ်ဦးနှင့်တစ်ဦး ရန်သူသဖွယ် ဖြစ်လာတတ်သည်။ အမုန်းတရားတွေ ပေါက်ဖွားလာတတ်သည်။ အငြိုးအာဃာတမီးတွေ တောက်လောင်လာတတ်သည်။

ဤတွင် အတွင်းသန္တာန်၌ သူတော်ကောင်းတရား ခုတ်ခံတည်ကိန်းသူနှင့် မတည်ကိန်းသူတို့ တစ်ဦးနှင့်တစ်ဦး ပဋိပက္ခ ပြဿနာအပေါ် ခံယူပုံခြင်း၊ တုံ့ပြန်ပုံခြင်း မတူညီပေ။ သူတော်ကောင်းတရား ခုတ်ခံရှိသူကသည်းခံတတ်သည်။ စိတ်ရှည်သည်။ တစ်ဖက်သူအပေါ် အစွမ်းကုန်နားလည်မှု ပေးနိုင်သည်။ ဖြစ်ပေါ်လာသော ပဋိပက္ခပြဿနာအပေါ် ဉာဏ်အမြော်အမြင်ရှိရှိဖြင့် သိမ်သိမ်မွေ့မွေ့ ဖြေရှင်းနိုင်ရန် အားထုတ်ကြိုးပမ်းသည်။ အထိန်းအကွပ်မဲ့ ပရမ်းပတာ ပေါက်ကွဲတုံ့ပြန်မှုမျိုးကို အဆောတလျင် မပြုတတ်။ တစ်ဖက်သူအပေါ် ရန်ငြိုးအာဃာတမထား။ ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေသော နှလုံးသွင်းဖြင့် တုံ့ပြန်တတ်သည်။ ဤအပြုအမူမှာ ဉာဏ်အမြော်အမြင် ဆင်ခြင်တုံတရားရှိမှုမှ မွေးဖွားလာခြင်း ဖြစ်ပါသည်။ အမှန်စင်စစ် မုန်းစကို ရှည်စေခြင်းမှာ နှစ်ဦးနှစ်ဖက်၏ အကျိုးစီးပွားပျက်စီးရာ ပျက်စီးကြောင်းသာ ဖြစ်ပါ၏။

သူတစ်ဖက်သားအပေါ် စော်ကားရန်စသူများ၊ ကြမ်းတမ်းခက်ထန်သူများ၊ ကျေးဇူးကန်းသူများ၊ မတရားပြုမူသူများနှင့် ကံမကောင်းအကြောင်းမလှစွာ တွေ့ကြုံရင်ဆိုင်ရသော် မည်သို့နှလုံးသွင်း ဆင်ခြင်သင့်ကြောင်း ဟိန္ဒူတို့၏ 'ဥပနိသျှ' ကျမ်းတွင် ဤသို့ဖော်ပြခဲ့ပါသည်။

"ကြမ်းတမ်းခက်ထန်သူများ၊ ကျေးဇူးကန်းသူများ၊ မတရား ပြုမူသူများ၊ မာန်မာနကြီးသူများ၊ မိမိအဖို့သာ သိပြီးတော့ သူတစ်ပါးအတွက်မေ့နေသူများ၊ ထိုသူများကို သူတို့၏ အမူအကျင့် စိတ်ထားများနှင့်

ပတ်သက်ပြီး စိတ်မဆိုးသင့်ပေ။ သူတို့၏ သဘာဝသည် ထိုအတိုင်းသာ ဖြစ်သဖြင့် သူတို့သည် သူတို့၏ နဂိုသဘာဝကို ထိန်းသိမ်းကြရမည်ပင်။ သူတို့ကို ကန့်ကွက်ခြင်း၊ အပြစ်ပြောခြင်းသည် ပျားမှာ အဆိပ်ရှိရကောင်းလား၊ နေပူရကောင်းလား၊ သံပရာ ချဉ်ရကောင်းလားဟု ကန့်ကွက်ခြင်းနှင့် ပမာတူနေပါသည်။"

စရိုက်ကြမ်းသူများ၊ မတရားမှုပြုသူများနှင့် ကြုံဆုံရင်ဆိုင်ရသော အခါ ဖြစ်ပေါ်လာသော ဒေါသကို သတိဖြင့် အချိန်မီ ထိန်းသိမ်းသင့်ပါသည်။ ထိုသို့ မထိန်းသိမ်းမှုဘဲ ဒေါသအလျောက် ပြန်လည်တုံ့ပြန် ရန်မူမည်ဆိုလျှင် ရန်မီးကို ပွားစေလိုက်ခြင်းသာ ဖြစ်ပါသည်။ ရန်ပြုမှုသည် ရန်ပြုမှုကိုသာ ပွားစေပါသည်။ လက်စားချေလိုက်ခြင်းသည် တုံ့ပြန်လက်စားချေမှုကိုသာ မွေးဖွားစေပါသည်။ ရန်ကိုရန်ချင်း တုံ့နှင်းခြင်းသည် ရန်စကို ရှည်စေခြင်းမှအပ ပဋိပက္ခစစ်ပွဲကို မငြိမ်းစဲစေနိုင်ပါ။ မုန်းတီးခြင်းသည် တုံ့ပြန်မုန်းတီးခြင်းကိုသာ ဖြစ်ပွားစေပါသည်။ အာဃာတထားခြင်းသည် တုံ့ပြန်အာဃာတထားခြင်းကိုသာ ဖြစ်ပွားစေပါသည်။ အကြမ်းဖက်မှုကို အကြမ်းဖက်မှုဖြင့် တုံ့ပြန်လျှင် အကြမ်းဖက်မှုသည် မည်သည့်အခါမျှ မဆုံးနိုင်တော့။

အမှန်တော့ စရိုက်ကြမ်းသူများ၊ ရိုင်းပျစော်ကားသူများ၊ လိမ်လည်ကောက်ကျစ်သူများ၊ သူတစ်ပါးအကျိုးစီးပွား ပျက်စီးအောင် ပြုသူများသည် သံသရာတစ်လျှောက် သယ်ဆောင်လာသော ဉာဉ်ကြောင့်လည်း ဖြစ်နိုင်သည်။ ပစ္စုပ္ပန်ဘဝတွင် မိကောင်းဖကောင်း၊ ဆရာကောင်းတို့၏ အဆုံးအမနှင့် ကင်းကွာ၍လည်း ဖြစ်နိုင်သည်။ စရိုက်ကြမ်းသော ပတ်ဝန်းကျင်တွင် မွေးဖွားကြီးပြင်းခဲ့သောကြောင့်လည်း ဖြစ်နိုင်သည်။ စာသင်ကျောင်းနှင့် ဝေးကွာခဲ့ရသူတို့ ဖြစ်နိုင်သလို စာကောင်းပေမွန်တို့နှင့် အလှမ်းဝေး သူတို့လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

မိမိတို့နှင့် ဘဝဖြတ်သန်းပုံချင်း၊ ဘဝပေးအခြေအနေချင်း မတူခြားနားသော ဖြစ်အင်ကို ဆင်ခြင်လျက် ထိုသူတို့အပေါ် အထိုက်အလျောက် နားလည်ပေးနိုင်လျှင် အကြီးအကျယ် စိတ်ဆိုးဒေါသဖြစ်မှုကို လျှော့ချနိုင်ပါလိမ့်မည်။ ဤသို့ လျှော့ချနိုင်သည်နှင့်အမျှ ပြင်းပြင်းထန်ထန်

ရန်မူတုံ့ပြန်ခြင်းကို ပြုဖြစ်တော့မည် မဟုတ်ပါ။ ရန်တုံ့ပြန်မှုကို မပြုဘဲ နေလိုက်ခြင်းသည်ပင် မိမိ၏ အကျိုးစီးပွားကို ကာကွယ်လိုက်ခြင်း ဖြစ်ပါ၏။ မိမိ၏ ဘဝဦးတည်ရာ လမ်းကြောင်းမှ သွေဖည်မသွားအောင် ထိန်းကျောင်း လိုက်နိုင်ခြင်း ဖြစ်ပါ၏။

သတင်းစာ၊ မှုခင်းမဂ္ဂဇင်း စာစောင်၊ ဂျာနယ်တို့တွင် ဖော်ပြပါရှိသော မှုခင်းသတင်းများ၌ အရေးမကြီး အကြောင်းအရာအပေါ် အချေအတင်ငြင်းခုံ စကားများ ရန်ဖြစ်ရာမှ ဒေါသကို မထိန်းနိုင်ဘဲ လက်လွန်ခြေလွန်ဖြစ်ပြီး ဆေးရုံရောက်သူက ရောက်၊ အသက်ပျောက်သူက ပျောက်၊ အချုပ်ခန်းထဲ ရောက်သူက ရောက် ဖြစ်သောသတင်းများကိုလည်း ဖတ်ရှုမိပါသည်။ မပြောပလောက်သော ငွေကြေးပမာဏအတွက် ကြွေးတောင်းရာမှ လူသတ်မှု ကျူးလွန်သည်အထိဖြစ်သော သတင်းမျိုးကို ဖတ်ရသောအခါ အဖိုးမတန် လှသော ငွေကြေးအနည်းငယ်အတွက် လူ့အသက် ပေးဆပ်ရသည်မှာ များစွာ စိတ်မချမ်းမြေ့စရာ ကောင်းလှပါ၏။

ရန်ကိုရန်ချင်း ပြင်းပြင်းထန်ထန်တုံ့နှင်းမှု၏ ရလဒ်မှာ နှစ်ဦးနှစ်ဖက် ဘဝပျက်သူက ပျက်၊ အသက်သေသူက သေ ဖြစ်ကြရပေသည်။ ထို့ကြောင့် လည်း မိမိအပေါ် ရန်ပြုစော်ကားလာသူအပေါ် မည်သို့ တုံ့ပြန်သင့်ကြောင်း ကမ္ဘာကျော် တက်ကျမ်းစာရေးဆရာကြီး 'ဒေးကာနက်ဂျီ' က–

"ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရန်သူများကို ချစ်ခင်ရန် သူတော် ကောင်းစိတ်ဓာတ် အလုံအလောက် မမွေးမြူနိုင်ကြသေးလျှင် ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် ပျော်ရွှင်ချမ်းမြေ့ရေးအတွက် အနည်းဆုံး အတိုင်းအတာ အဖြစ် သူတို့ကို ခွင့်လွှတ်၍ မေ့ပစ်လိုက်ကြပါစို့" ဟု ရေးသားခဲ့သည်။

မှန်ပါသည်။ အခြားသူများ၏ ဆိုးသွမ်းညံ့ဖျင်းသော အပြုအမူတို့ကို မေ့ပစ်လိုက်ခြင်းသည်သာ အကောင်းဆုံးနှင့် အငြိမ်းချမ်းဆုံး တုံ့ပြန်နည်း ဖြစ်ပါသည်။ ထိုသို့ မေ့ပစ်လိုက်ခြင်းအားဖြင့် မိမိ၏ စိတ်နှလုံးတွင် ပေါ့ပါး သက်သာရာ ရစေပါသည်။ မေ့မပစ်မှုလျက် အမုန်းများ၊ အာဃာတများ ထားရှိနေမည်ဆိုလျှင် အမုန်းမီးလျှံနှင့် အာဃာတမီးလျှံတို့၏ ပူပြင်း လောင်မြိုက်မှုကို မိမိသာ ဦးစွာ ခံစားရပေလိမ့်မည်။ ရန်ငြိုးများ၊ အမုန်း တရားများ၊ လက်စားချေလိုမှုများ၊ အာဃာတများ ထားရှိနေသမျှ မိမိ၏

စိတ်နှလုံးသည် မည်သည့်အခါမှ ချမ်းမြေ့ကြည်လင်မည် မဟုတ်ပါချေ။ စိတ်တွင် တင်းမာမှုများ၊ ဖိစီးမှုများဖြင့် မွန်းကျပ်ပူလောင်နေပေလိမ့်မည်။ ကြာသော် အနည်းနှင့်အများ ကျန်းမာရေးကိုပင် ထိခိုက်လာနိုင်ပေသည်။

မေတ္တာသုတ်တွင် ဘုရားရှင်က–

"ခိုက်ရန်ဖြစ်ပွား၊ အငြိုးထားသောစိတ်ဖြင့် အခြားသူတစ်ယောက်၌ ဆင်းရဲဒုက္ခဖြစ်ခြင်းကို အလိုမရှိပါစေလင့်" ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

ဦးတည်ရည်မှန်းချက်ကောင်းတစ်ခုကို ထားရှိပြီး မိမိဘဝကို ဘဝကောင်း ဘဝမွန်ဖြစ်အောင် အချိန်နှင့်အမျှ ကြိုးစားနေသူတို့အဖို့မူ ရန်ဖြစ်ခြင်းဖြင့် အချိန်အကုန် မခံသင့်ပေ။ ဤအချက်နှင့် ပတ်သက်၍ အမေရိကန်သမ္မတ 'အီဗရာဟင်လင်ကွန်း' က–

"ဘယ်တော့မှ ရန်မဖြစ်ပါနှင့်။ မိမိကိုယ် အားထုတ်မှုပြုမည်ဟု သန္နိဋ္ဌာန်ချထားသူတိုင်းမှာ ကိုယ်ရေးကိစ္စ၌ ရန်ဖြစ်နေဖို့ အချိန်မပေးနိုင်ပေ။ ခွေးအကိုက်မခံဘဲ ခွေးကို ဖယ်ရှားပေးလိုက်ခြင်းက ပို၍ ကောင်းပေသည်" ဟု ပြောခဲ့ပါသည်။

လက်စားချေမှုနှင့် စပ်လျဉ်း၍ အိန္ဒိယ သူတော်စင်ကြီး မဟတ္တမဂန္ဒီက–

"မျက်စိတစ်လုံးအတွက် မျက်စိတစ်လုံး ပြန်ယူစတမ်းဆိုလျှင် ကမ္ဘာလောကတစ်ခုလုံး အကန်းဖြစ်သွားပေလိမ့်မည်" ဟူ၍ မိန့်ဆိုခဲ့ပါသည်။ ရန်ကိုရန်ချင်း တုံ့နှင်းခြင်းမရှိမှသာ စိတ်နှလုံးရှင်းသန့် တည်ကြည်ငြိမ်သက်ပြီး ပြောမှုပြုမှုများ ငြိမ်းအေးပြေစင်နေပေလိမ့်မည်။ ကံသုံးပါး ငြိမ်းချမ်းပြေလွင်မှသာ ဘဝလည်း ငြိမ်းချမ်းပြေလွင်ပါလိမ့်မည်။

❑

# အသက်မွေး စင်ကြယ်သန့်ရှင်းပါစေ

ကျီးရဲနှင့်တူစွာ အရှက်မရှိ၊ သူတစ်ပါး၏ ဂုဏ်ကိုလည်း ဖျက်ဆီး၊ သူတစ်ပါးပြုသော အမှုကို မိမိပြုသယောင်လည်းကောင်း၊ ကြမ်းတမ်းသော သဘောလည်းရှိ၍ ယုတ်မာညစ်ညမ်းသော အမှုဖြင့် အသက်မွေးသောသူမှာ အသက်မွေးနေထိုင်ရန် လွယ်ကူ၏။

(ဓမ္မပဒ၊ ၂၄၄)

အရှက်လည်း ရှိ၊ အမြဲစင်ကြယ်သော သဘောကိုသာ ရှာကြံလေ့လည်း ရှိ၊ တွန့်တိုခြင်းသဘော၊ ကြမ်းတမ်းသော သဘောလည်း မရှိ၊ စင်ကြယ်သောအမှုဖြင့် အသက်မွေး၍ သင့် မသင့် ရှုမြင်တတ်သောသူမှာ အသက်မွေးနေထိုင်ရန် ခဲယဉ်း၏။

(ဓမ္မပဒ၊ ၂၄၅)

လူသားမှန်သမျှ ဘဝရပ်တည်ရှင်သန်ရေးအတွက် စီးပွားဥစ္စာတို့ကို ရှာဖွေကြရသည်။ မိမိနှင့် မိမိ၏ မိသားစု စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့အတွက် ငွေကြေး ဥစ္စာ ရှာဖွေမှု မလွဲမသွေ ဆောင်ရွက်ကြရပါသည်။ ဤသို့ ဘဝ၏ အခြေခံလိုအပ်ချက်အရ စီးပွားဥစ္စာ ရှာဖွေရမှုချင်း တူညီကြစေကာမူ တစ်ဦးနှင့် တစ်ဦး စီးပွားရှာဖွေပုံ နည်းလမ်းချင်းမှာမူ မတူညီကြပေ။ သန့်ရှင်းစင်ကြယ်သော သမ္မာအာဇီဝမှုဖြင့် စီးပွားရှာသူတို့ ရှိသကဲ့သို့ ညစ်ထည်းယုတ်ညံ့သော မိစ္ဆာအာဇီဝမှုဖြင့် စီးပွားရှာသူတို့လည်း ရှိပါ၏။ ဤသို့ဖြင့် စီးပွားဥစ္စာ ရှာဖွေမှုတွင် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော စီးပွားရှာဖွေမှု (သမ္မာအာဇီဝမှု)နှင့် ညစ်ထည်း

ယုတ်ညံ့သော စီးပွားရှာဖွေမှု (မိစ္ဆာအာဇီဝမှု)ဟူ၍ စီးပွားဥစ္စာ ရှာဖွေပုံ နည်းလမ်းနှစ်မျိုး ရှိပါသည်။

ပုထုဇဉ် လူသားတိုင်းတွင် လောဘဟူသည် ရှိစမြဲ ဖြစ်ပါသည်။ ပုထုဇဉ်တိုင်း လောဘမကင်းနိုင်ပါ။ သို့တစေ လောဘဟူရာတွင် 'သမလောဘ' နှင့် 'ဝိသမ လောဘ' ဟူ၍ နှစ်မျိုးရှိပါသည်။ မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယကို အရင်းအနှီးပြုလျက် ရိုးရိုးသားသား ကြိုးစားရှာဖွေရာမှ ရရှိလာမည့် ပစ္စည်းဥစ္စာတို့ကို အလိုရှိခြင်းသည် 'သမလောဘ' ဖြစ်ပါသည်။ ဤသမလောဘမှ မရှိပါလျှင် ဘဝရပ်တည်မှု မည်သို့ပြုမည်နည်း။ လူနှင့် အခြားသက်ရှိသတ္တဝါတို့၏ အကျိုးစီးပွားနှင့် ခန္ဓာအသက်တို့ကို ထိခိုက်ပျက်စီးစေပြီးမှ ရရှိလာမည့် ပစ္စည်းဥစ္စာတို့ကို အလိုရှိခြင်းသည် ဝိသမလောဘ ဖြစ်ပါ၏။ ဤ 'ဝိသမလောဘ' မရှိလျှင်လည်း ဘဝရပ်တည်မှု ပြုနိုင်ပါသည်။

တိုင်းပြည်နိုင်ငံတို့မည်သည် နယ်နိမိတ် အပိုင်းအခြား အကန့်အသတ် ရှိပါ၏။ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားဆိုးကို မွေးမြူသူ၏ သန္တာန်၌ တည်သော ဝိသမလောဘ၌မူ နယ်နိမိတ် အကန့်အသတ် မရှိပါ။ သည်ဝိသမလောဘသားတွေက ငွေကြေးသာ မြိုးမြိုးမြက်မြက် နင့်နင့်နဲနဲရမည်ဆိုလျှင် 'ဘနဖူး သိုက်တူးမည့်' သူများ ဖြစ်ပါသည်။ ငွေသာရမည်ဆိုလျှင် တရားလား၊ မတရားလား၊ ကုသိုလ်ဖြစ်မည်လား၊ အကုသိုလ်ဖြစ်မည်လားဟူ၍ စဉ်းစားမနေတော့။ ဆစ်ဆစ်ပိုင်းပိုင်း နှိုင်းနှိုင်းဆဆ လုပ်မနေတော့။ ကျီးရဲသည် အစာကို တစ်ဟုန်ထိုး ထိုးသုတ်သကဲ့သို့ အဆင်ခြင်မဲ့ အရှိန်အဟုန် ပြင်းပြင်းဖြင့် ငွေကြေးရှာဖွေမှု ပြုတော့သည်။

သူတို့အဖို့ စည်းစိမ်ဥစ္စာရရှိရေးသည်သာ အဓိက၊ ငွေကြေးဥစ္စာရကြောင်း ရှာဖွေသော လုပ်ငန်းနှင့် နည်းလမ်းသည် သာမညဟု ခံယူထား၏။ သူတို့အဖို့ ငွေသာရမည်ဆိုလျှင် မည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေသလား၊ မထိခိုက်စေသလားဟူသည်ကို လုံးဝမစဉ်းစား။ မည်သည့်သက်ရှိသတ္တဝါတို့၏ ခန္ဓာနှင့်အသက် ကြွေပျက်သလား၊ မကြွေပျက်သလား ဟူသည်ကိုလည်း လုံးဝမစဉ်းစား။ သည်လို ဝိသမလောဘအား

ကြီးမားသူတွေမှာ ကိုယ်ချင်းစာတရားဟူ၍ မြူမျှမရှိ။ နတ္ထိ။ သူတစ်ပါးတို့၏ နေရာမှာ မိမိ နေကြည့်ပြီး သူတစ်ပါး ခံစားရမည့် ဒုက္ခဆင်းရဲကို မိမိ ခံစားရသကဲ့သို့ ရုပ်လုံးပေါ်အောင် တွေးခေါ်တတ်သော 'စာနာစိတ်လည်း' ကင်းမဲ့သည်။

'ယုတ်မာညစ်ညမ်းသော အမှုဖြင့် အသက်မွေးသောသူမှာ အသက်မွေး နေထိုင်ရန် လွယ်ကူ၏' ဟူသော ဘုရားရှင်၏ စကားတော်အတိုင်းပင် ကုန်လွန်ခဲ့သော ခေတ်တစ်ခေတ်တွင် နှစ်လုံးထိ၊ သုံးလုံးထိဒိုင်များသည် နေ့ချင်းညချင်းပင် ကြီးပွားချမ်းသာခဲ့ကြပါသည်။ သူတို့ ကြီးပွားချမ်းသာသွားသလောက် ထိုးသားအများစုမှာမူ လောင်းကစားမှုကြောင့် စီးပွားပျက်၊ အခြေအနေပျက်၊ ဘဝပျက်ခဲ့ကြရရှာပါသည်။ တောင်သူလယ်သမားအချို့ပင် လယ်ယာမြေပြုတ်၊ ဥယျာဉ်ပြုတ်ဖြင့် ခြေမဲ့လက်မဲ့ဘဝ ရောက်ခဲ့ကြရရှာသည်။ ရန်ကုန်တွင်လည်း နှစ်လုံးထိအထိုးကောင်း၍ တိုက်ခန်းပေါ်မှ ဆင်းပေးကြရသော ထိုးသားတွေ ရှိခဲ့ပါသည်။ ထိုးသားအများစု၏ဘဝ ကစဥ့်ကလျား ကသောင်းကနင်း ဖြစ်မှုအပေါ် လောင်းကစားဒိုင်များက အကြင်နာမဲ့စွာ ခွထိုင်ပြီး စည်းစိမ်ဥစ္စာများ ဖြစ်ထွန်းခဲ့ကြပါသည်။

ထိုနည်းတူစွာ အရက်ဆိုင်ဖွင့်၍ စီးပွားရှာသူတို့လည်း စီးပွားဖြစ်လွယ်ခဲ့ကြပါသည်။ သူတို့ စီးပွားဖြစ်လွယ်မှု နောက်ကွယ်တွင်မူ လူငယ်လူရွယ်များ ငယ်ငယ်ရွယ်ရွယ်နှင့် အရက်စွဲသူတို့ ဖြစ်သွားကြရရှာသည်။ အရက်ဒဏ်ကြောင့် အသည်း၏ လုပ်ငန်းဆောင်တာများ ထိခိုက်ပျက်စီးကာ မအိုမီပင် 'သေခြင်း တရား' နှင့် ပက်ပင်း တိုးသွားရရှာသူတွေ ရှိသောကြောင့် သေရည် အရက်ကို 'မအိုဆေး' ဟု တင်စားဆိုတတ်ကြပါသည်။ မူးယစ်ဆေးဝါးရောင်းဝယ် သူတို့ဆိုလျှင် အရက်ရောင်းသူတို့ထက်ပင် စီးပွားဖြစ်လွယ်၊ ချမ်းသာလွယ် ပြီး သုံးစွဲသူတို့၏ ဘဝကိုလည်း အရက်ထက်ပင် အဆများစွာ ပိုမို၍ အစွမ်းထက်စွာ ဖျက်ဆီးနိုင်စွမ်း ရှိပေသည်။

မိမိတို့၏ ကာယအား၊ ဉာဏအားဖြင့် ရိုးရိုးသားသား စီးပွားရှာသော အများပြည်သူတို့မှာမူ မိစ္ဆာအာဇီဝမှုဖြင့် စီးပွားရှာသူတို့ကဲ့သို့ ငွေကြေးဥစ္စာ ရလွယ်ခြင်း မရှိပါ။ ရတ်ခြည်း ချမ်းသာကြွယ်ဝခြင်း မရှိပါ။ သို့တစေ သူတို့၏ စီးပွားရှာဖွေမှုသည် သမလောဘကိုသာ အခြေခံသည်။ ဘယ်သူ

သေသေ ငတေမာစိတ်ဖြင့် စီးပွားရှာဖွေမှု မပြုသကဲ့သို့ သူတို့၏ ငွေကြေးဥစ္စာ ရှာဖွေမှုကို အကြောင်းပြု၍ မည်သူတစ်ဦးတစ်ယောက်မျှ ဆင်းရဲဒုက္ခ မရောက်ပေ။ မည်သူတစ်ဦးတစ်ယောက်မျှ အခြေပျက်၊ အနေပျက်၊ စီးပွား ပျက်၊ ဘဝပျက်ခြင်း မရှိပေ။ အများပြည်သူတို့သည် သူတို့၏ ဘဝ ရှင်သန်မှုအတွက် ငွေကြေးဥစ္စာ ရှာဖွေမှုပြုနေရစေကာမူ 'ငွေသာအဓိက၊ ငွေသာ ပဓာန' ဟူသော ဝါဒကို ကိုင်စွဲခြင်း မပြု။ ပစ္စည်းဥစ္စာများကို ရယူဖို့၊ ပိုင်ဆိုင်ဖို့အတွက် မိမိတို့၏ ကိုယ်ကျင့်တရားကို အထိအပါး မခံ။ ငွေကြေး ကို အကြောင်းပြုပြီး ကိုယ်ကျင့်တရားကို မြောင်းထဲ မလွှင့်ပစ်။ သန့်ရှင်း စင်ကြယ်စွာ အသက်မွေးနေသော ပြည်သူအများစုမှာ စည်းစိမ်ဥစ္စာ မချမ်း သာစေကာမူ ကိုယ်ကျင့်သိက္ခာမှု ချမ်းသာ၏။

ယုတ်မာညစ်ညမ်းသော မိစ္ဆာအာဇီဝမှုဖြင့် စီးပွားရှာသူတို့မှာ ရုတ်ခြည်း ငွေရလွယ်သကဲ့သို့ အကုသိုလ်လည်း ရလွယ်ပါ၏။ အမှန်တော့ ထိုသူတို့သည် သူတို့ ကွယ်လွန်သော် ထားချန်ရစ်ခဲ့ရမည့် တိုက်တာ အိမ်ခြံ မြေ၊ ရွှေငွေပစ္စည်းများနှင့် ဘဝဆက်တိုင်း လိုက်ပါပြီး ဆိုးကျိုးအထွေထွေ ဖြစ်စေမည့် အကုသိုလ်မှုကို မိုက်မိုက်မဲမဲ လဲလှယ်နေခြင်းသာ ဖြစ်ပါသည်။ သူတစ်ပါးတို့၏ ဘဝများကို ထိခိုက်စေသော မိစ္ဆာအာဇီဝမှုဖြင့် စီးပွားရှာ ခြင်းသည် အပါယ်ငရဲသို့ ကျရောက်စေမည်ဖြစ်ကြောင်း ဓမ္မသေနာပတိ အရှင် ဝိရိယ ဆရာတော်ကြီးက ဤသို့ မိန့်တော်မူခဲ့ပါ၏။

"စားဝတ်နေရေးရှာတာက ခန္ဓာတာဝန်ထမ်းဆောင်တာ။ မယားကျွေးမှု ရှာတာကလည်း ဘဝပေးတာဝန်ကို ထမ်းဆောင်တာ။ အပါယ် ရောက်ကြောင်းလည်း မဟုတ်ဘူး။ နိဗ္ဗာန်ရောက်ကြောင်းလည်း မဟုတ်ဘူး။ ဒါပေမဲ့ အဲ့ဒီစားဝတ်နေရေးပဲဖြစ်ဖြစ်၊ သားကျွေးမှု မယားကျွေးမှုပဲဖြစ်ဖြစ် ရှာဖွေတဲ့အခါ ဘုရားဟောတဲ့ 'မကောင်းမှုရှောင်' ဆိုတဲ့အတိုင်း မလိုက်နာ ဘဲ မကောင်းတာတွေလုပ်ပြီး 'ဘယ်သူသေသေ ငတေမာပြီးရော' ဆိုတာမျိုး နဲ့လုပ်ပြီး ရှာဖွေရင်တော့ အပါယ်ရောက်ကြောင်းဖြစ်မှာ။ စီးပွားရှာတာက အာဇီဝ။ မဟုတ်တာတွေ လုပ်တာက မိစ္ဆာ။ ဒီနှစ်ခုပေါင်းလိုက်တော့ မိစ္ဆာ အာဇီဝ ဖြစ်ပါတယ်။ အဲ့ဒါကမှ အပါယ်ရောက်ကြောင်းဖြစ်တာ။ ဒီလိုပုဂ္ဂိုလ် မျိုးကျတော့ ကိုယ်က (ငရဲ)ဒယ်အိုးထဲ ပစ်ချစရာတောင် မလိုတော့ဘူး။

သူ့ဟာသူ ဒိုင်ဗင်ထိုးဆင်းသွားမှာ"

စီးပွားဥစ္စာကို ဓမ္မလမ်းကြောင်းအတိုင်း ရှာဖွေသင့်ကြောင်း၊ အသက်မွေး စင်ကြယ်သင့်ကြောင်း အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဆရာတော်ကြီးက အောက်ပါအတိုင်း မိန့်တော်မူခဲ့ပါသည်။

"နောက်တစ်ခုကတော့ အသက်မွေးမှု စင်ကြယ်စေရမယ်။ လူ့လောက လူဖြစ်လာပြီဆိုရင် စားဝတ်နေရေးဆိုတာ ပြည့်စုံအောင် လုပ်ရတယ်။ ဒါမှန်တယ်။ မလုပ်လို့ မရဘူး။ လုပ်မှာပဲ။ ဘုန်းကြီးတွေရဲ့ စားဝတ်နေရေးက ဘာတုံး။ ဆွမ်း သင်္ကန်း ကျောင်း ဆေး။ ဒါဟာ စားဝတ်နေရေး။ လူတွေရဲ့ စားဝတ်နေရေးက ဘာတုံးဆို စားစရာရယ်၊ နေစရာရယ်၊ ဝတ်စရာရယ်။ မကျန်းမာရင် ဆေးဝါး ဒါပဲလေ။ ဘုန်းကြီး ဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ပစ္စည်းလေးပါးပဲ။ သို့သော် အခေါ်အဝေါ်လေး ကွဲတယ်။ ထိုပစ္စည်းလေးပါး ဖြစ်လာစေပုံ အကြောင်းတရား ကွဲတယ်။

လူမှာလည်း စားစရာရှိရမယ်။ ဝတ်စရာရှိရမယ်။ နေစရာရှိရမယ်။ မကျန်းမာရင် ဆေးဝါးရှိရမယ်။ ဘုန်းကြီးတွေလည်း ဒါပဲ။ ပစ္စည်းလေးပါး။ အဲ့ဒါ ရဖို့ရာအတွက် မတရားတဲ့ နည်းလမ်းနဲ့ လုပ်တဲ့လူ၊ မတရားတဲ့ နည်းလမ်းနဲ့ အသုံးပြုပြီး ရှာတဲ့ဘုန်းကြီးက ဒါမိစ္ဆာအာဇီဝရှိသူလို့ ခေါ်တယ်။

ဓမ္မလမ်းကြောင်းအတိုင်း ရှာဖွေတယ်။ ဓမ္မလမ်းကြောင်းအတိုင်း ရအောင် ကြိုးစားတယ်ဆိုတာ သမ္မာအာဇီဝ။ အဲဒီလို အသက်မွေးမှုနဲ့ ပတ်သက်ပြီးတော့ စင်ကြယ်ရမယ်။ ဒါစိတ်ဖြူစင်အောင် လုပ်ပြီဆိုလို့ရှိရင် ဒီအချက်တွေဟာ အရေးကြီးတယ်လို့ ဒီလိုပြောတာ"

အမှန်တော့ လူနှင့် အခြား သက်ရှိသတ္တဝါတို့ကို ဆင်းရဲဒုက္ခရောက်စေမည့် မိစ္ဆာအာဇီဝမှုဖြင့် ကြီးပွားချမ်းသာအောင် ကြံဆောင်အားထုတ်နေသူမှန်သမျှ စိတ်သန့်ရှင်းစင်ကြယ်မှု မရှိနိုင်ပါ။ မူလပင်ကို ဓာတ်ခံစိတ်ထား မကောင်းသောကြောင့်လည်း မတရားသော အသက်မွေးမှုဖြင့် ချမ်းသာကြွယ်ဝအောင် အားထုတ်နေသူများ ဖြစ်ပါသည်။ ဤသူများသည် မိစ္ဆာအာဇီဝမှုကို ပြုနေသမျှ ကာလပတ်လုံး နေ့စဉ်နှင့်အမျှ အကုသိုလ်တွေ ဖြစ်ပွားနေပါသည်။ မသမာမှုမှရသော ရွှေငွေအပုံ ကြီးမားလာလေ တစ်ဖက်တွင်လည်း အကုသိုလ်ပုံကြီး ကြီးမားလာလေပင်။ ပမာဏ ကြီးမားသော

အကုသိုလ်မှုဟူသည် ပစ္စုပ္ပန်ဘဝတွင်ပင် တစ်ချိန်ချိန်၌ ဆိုးကျိုးကို ကျိန်းသေမုချ ပေးပါလိမ့်မည်။ မတရားမှု၊ အကုသိုလ်မှုဖြင့် ရှာဖွေရရှိထားသော ငွေကြေးသည် အချိန်တန်သောအခါ တစ်နည်းမဟုတ် တစ်နည်းဖြင့် မိစ္ဆာအာဇီဝသမား၏ လက်ဝယ်မှ ပြန်လည်ထွက်ခွာသွားတတ်ပါသည်။ ထိုသို့ ပြန်လည်ထွက်ခွာသွားသောအခါ မိစ္ဆာအာဇီဝသမားကို တစ်နည်းမဟုတ် တစ်နည်းဖြင့် ဒုက္ခပေးရစ်ခဲ့သည်ချည်း ဖြစ်ပါ၏။

ပစ္စည်းဥစ္စာကို တရားနည်းလမ်းနှင့်အညီသာ ရှာရမည်ဖြစ်ကြောင်း တိပိဋကဓရ အရှင်သိရိန္ဒာဘိဝံသ (ယော) ဆရာတော်ကြီးက ဤသို့ မိန့်တော်မူခဲ့ပါ၏။

"ပစ္စည်းဆိုတာလည်း ခန္ဓာက တာဝန်ပေးထားတာဆိုတော့ နေ့တိုင်း ရှာဖွေစုဆောင်းပြီး အပေါင်းလက္ခဏာ ပြပေးနေရတာပဲ။ ပစ္စည်းနဲ့ အပေါင်းလက္ခဏာ ပြပေးတဲ့အခါ ရရင်ပြီးရောဆိုတဲ့ သဘောမျိုးနဲ့ ရှာရမှာ တော့ မဟုတ်ပါဘူး။ သဒ္ဓါအား၊ ပညာအားနဲ့ ကိုယ်ပိုင် လူစွမ်းလူစကို သုံးပြီး စည်းကမ်းဘောင်အတွင်းက တရားနည်းလမ်းနဲ့အညီ ရှာရမှာကို ပြောတာပါ"

တင်းတိမ်ရောင့်ရဲခြင်းတရား နှလုံးသား၌ တည်ကိန်းလျက် စင်ကြယ်သန့်ရှင်းသော သမ္မာအာဇီဝမှုဖြင့် အသက်မွေးသူတို့ချည်းသာ ရှိမည်ဆိုလျှင် လူ့အဖွဲ့အစည်းသည် ယခုထက် ပိုမို၍ တရားမျှတ ငြိမ်းချမ်းသာယာလာပါလိမ့်မည်။

□

# ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်း

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် ပုပ်ဆင်းရဲ အဖန်တလဲလဲ သေရခြင်း၏ အကြောင်းဖြစ်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သူတို့သည် မသေရာ နိဗ္ဗာန်သို့ ရောက်ကြမည် ဖြစ်၍ မသေသောသူများ ဖြစ်ကြ၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့သော သူတို့သည် အသက်ရှင်လျက် ရှိကြသော်လည်း အဖန်တလဲလဲ သေကြရဦးမည်ဖြစ်၍ သေသောသူနှင့် တူကုန်၏။

(ဓမ္မပဒ၊ ၂၁)

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းကြောင့် သိကြားမင်းသည် နတ်တကာတို့ထက် မြတ်သော အကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ၊ ၃၀)

ရှေးအခါက (ကုသိုလ်ကောင်းမှု၌) မေ့လျော့သော်လည်း နောင်အခါ၌ မမေ့မလျော့သော သူသည် တိမ်တိုက်မှ လွတ်ကင်းသော လမင်းကဲ့သို့ ဤလောကကို (မဂ်ဉာဏ်ရောင်ဖြင့်) ထွန်းလင်းစေ၏။

(ဓမ္မပဒ၊ ၁၇၂)

မိမိ ပြုခဲ့ပြီးသော မကောင်းမှုအကုသိုလ်ကို ကောင်းမှုကုသိုလ်ဖြင့်

**ဖုံးအုပ်သော (ပယ်သော) သူသည် တိမ်တိုက်မှကင်းသော လမင်းကဲ့သို့ ဤလောကကို (မဂ်ဉာဏ်ရောင်ဖြင့်) ထွန်းလင်းစေ၏။**

**(ဓမ္မပဒ၊ ၁၇၃)**

မြတ်စွာဘုရားက 'လူ့ဘဝသည် ရခဲ၏' (မနုဿတ္တဘာဝေါ ဒုလ္လဘော) ဟူ၍ လူ့ဘဝကို ဂုဏ်တင် ဟောကြားတော်မူခဲ့ပါသည်။ ရခဲလှသော လူ့ဘဝကို ရရှိပိုင်ဆိုင်မှုချင်း တူညီကြလင့်ကစား လူတစ်ဦးနှင့် တစ်ဦး ဘဝအပေါ်ထားရှိသော သဘောထားချင်းမှာမူ မတူညီကြပေ။ မိမိ၏ဘဝကို မြတ်မြတ်နိုးနိုး တန်ဖိုးထားသူတို့ ရှိသလို တန်ဖိုးမထားတတ်သူတွေလည်း ရှိပါသည်။

လူရှိသေ ရှင်လေးစားသော ဘဝကောင်း ဘဝမွန်ဖြစ်အောင် အားထုတ်ကြံဆောင်သူတွေ ရှိသလို၊ ကြုံသလို ကျသလို ဦးတည်ချက်မဲ့ ဘဝခရီးလမ်းကို လျှောက်လှမ်းနေသူတွေလည်း ရှိပါ၏။ မိမိ၏ဘဝကို လှလှပပ တင့်တင့်တယ်တယ်ဖြစ်အောင် ကြိုးကြိုးစားစား ပုံသွင်းထုဆစ်နေသူတွေရှိသလို ပေယျာလကန် သဘောထားလျက် ပေါ့ပေါ့တန်တန် ထုဆစ်နေသူတွေလည်း ရှိပါသည်။

အမှန်တော့ ရခဲလှသော လူ့ဘဝကို ရစဉ်အခိုက် မိမိ၏ဘဝကို မြတ်နိုးဖို့ လိုသည်။ တန်ဖိုးထားဖို့ လိုသည်။ အဓိပ္ပာယ်ရှိသော ဘဝကောင်း ဘဝမွန်ဖြစ်အောင် အားထုတ်ကြိုးပမ်းဖို့ လိုပါသည်။ စင်စစ် ခန္ဓာဟူသည် စက်ယန္တရားတစ်ခုသာ ဖြစ်ပါ၏။ နှလုံး၊ အဆုတ်၊ အသည်း၊ အစာအိမ်၊ ကျောက်ကပ်စသော ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများက အချိန်နှင့်အမျှ လုပ်ငန်းဆောင်တာများကို ထမ်းဆောင်နေသောကြောင့်သာ ဒီခန္ဓာကိုယ်ကြီး ရှင်သန်နေခြင်း ဖြစ်ပါသည်။ စက်ယန္တရားပမာ လည်ပတ်နေသော ခန္ဓာကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများအကြောင်း သိရှိလေ ဒီခန္ဓာကိုယ်ကြီး မမြဲသည်မှာ ဘာမှ ထူးဆန်းသော အရာမဟုတ်ကြောင်း နားလည်သဘောပေါက်လာလေ ဖြစ်ပါ၏။

ဤလောကၥ မည်သည့်အရာမဆို ပထမဦးစွာ စတင် 'ဖြစ်ပေါ်' မည်။ ဖြစ်ပြီးလျှင် 'တည်' နေမည်။ တည်ပြီးလျှင် 'ပျက်' မည်သာ ဖြစ်ပါ၏။ ဖြစ်–တည်–ပျက်အစဉ်အတန်းမျှသာ ဖြစ်ပါ၏။ အချို့ယောဂီ

တို့က 'ဖြစ် ပျက်'၊ 'ဖြစ် ပျက်' ဟု ဆိုနေခြင်းမှာ ဥပါဒ်-ဌီ-ဘင် ဟူသော ဒေသနာဝေါဟာရနှင့် လိုက်လျောညီထွေ မရှိပါ။ 'ဖြစ်ပျက်' မဟုတ်လေပါ။ 'ဖြစ်-တည်-ပျက်' ဟု ဆိုမှသာ ဒေသနာဝေါဟာရနှင့် ညီညွတ်ပြီး သဘာဝဖြစ်စဉ်နှင့်လည်း မဆန့်ကျင်ရာ ရောက်ပေလိမ့်မည်။ သို့ဖြစ်၍ 'တည်နေစဉ်' အချိန်ကာလသည် တန်ဖိုးထား အသုံးချရမည့်အချိန် ဖြစ်ပါ၏။ ဆိုရသော် မပျက်သေးမီ ရှင်သန်တည်မြဲနေစဉ် အချိန်ကာလကို မိမိအတွက်၊ မိမိ၏ မိသားစုအတွက်၊ အများအတွက်၊ ဘာသာ သာသနာအတွက် အကျိုးရှိရှိ အရာထင်ထင်ဖြစ်အောင် အသုံးချသင့်ပါသည်။ မိမိ၏ဘဝကို လှပသော၊ အဓိပ္ပာယ်ရှိသော၊ တန်ဖိုးရှိသော ဘဝကောင်း ဘဝမွန်ဖြစ်အောင် ထုဆစ်တည်ဆောက်နိုင်မှသာလျှင် ရခဲလှသော လူ့ဘဝကို ရကျိုးနပ်ပေလိမ့်မည်။ လူ့ဘဝ အရတော်ပေလိမ့်မည်။

လူတို့သည် နေ့စဉ်နှင့်အမျှ ကြံတွေးနေ၊ ပြောဆိုနေ၊ ပြုမူလုပ်ကိုင်ဆောင်ရွက်နေကြသည်။ ပြုပြုသမျှသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့တွင် ကောင်းမှုဖြစ်လျှင်ဖြစ်၊ ကောင်းမှုမဖြစ်လျှင် မကောင်းမှု ဖြစ်ပေလိမ့်မည်။ ကုသိုလ်ဖြစ်လျှင်ဖြစ်၊ ကုသိုလ်မဖြစ်လျှင် အကုသိုလ် ဖြစ်ပေလိမ့်မည်။ ကုသိုလ်လည်း မဟုတ်၊ အကုသိုလ်လည်း မဟုတ်သော အဗျာကတတရားမှာ ပုထုဇဉ်တို့၏ အရာမဟုတ်ပါချေ။ ထိုသို့ ကုသိုလ်နှင့် အကုသိုလ်ဟူ၍ ရှိရာတွင် နေ့စဉ်နှင့်အမျှ အကုသိုလ်မှုတို့ကို မပြုဖြစ်အောင် ရှောင်ကြဉ်ဖို့ လိုသလို ကုသိုလ်ကောင်းမှုတို့ကို နည်းများမဟူ ပြုဖြစ်အောင်ပြုဖို့ လိုပါသည်။

ကုသိုလ်တွင် တန်ခိုးစွမ်းအင် နှစ်မျိုးရှိပါ၏။ အကုသိုလ်တွင်လည်း တန်ခိုးစွမ်းအင် နှစ်မျိုးရှိပါ၏။ ကုသိုလ်၏ တန်ခိုးစွမ်းအင် နှစ်မျိုးမှာ ကောင်းကျိုးများကို ဖြစ်ထွန်း ပေါ်ပေါက်စေခြင်းနှင့် မကောင်းကျိုးများကို ဖြစ်ပေါ်မလာအောင် တားဆီးဖယ်ရှားပေးခြင်း ဖြစ်ပါသည်။ အကုသိုလ်၏ တန်ခိုးစွမ်းအင်နှစ်မျိုးမှာ မကောင်းကျိုးများကို ဖြစ်ထွန်းပေါ်ပေါက်လာစေခြင်းနှင့် ကောင်းကျိုးများ ဖြစ်ပေါ်မလာအောင် တားဆီးပိတ်ဆို့ခြင်းပင် ဖြစ်ပါသည်။

အမှန်တော့ ဘဝဟူသည် သူ့ချည်းဆိုလျှင် အဖြူထည်သက်သက်

မျှသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကိန်းဂဏန်းမဲ့သော သုညတစ်လုံးနှင့် တူပါ၏။ ထိုဘဝထဲသို့ ကောင်းမှုကုသိုလ်တွေ ထည့်လိုက်သော် အပေါင်းလက္ခဏာတွေကို ဖော်ဆောင်လာမည်။ အကျိုးအမြတ်တွေ ဖြစ်ထွန်းလာမည်။ မကောင်းမှု အကုသိုလ်တွေ ထည့်လိုက်သော် အနုတ်လက္ခဏာတွေ ဖော်ဆောင်လာမည်။ အဆုံးအရှုံးတွေ ဖြစ်ပေါ်လာမည်။ ဘဝထဲသို့ အပေါင်းလက္ခဏာဆောင်သော ကုသိုလ်ကောင်းမှုတွေ ထည့်မှသာ ဘဝသည် အဓိပ္ပာယ်ရှိလာမည်။ တန်ဖိုးရှိလာမည်။ အများအတွက် အသုံးဝင်သော ဘဝကောင်း ဘဝမွန်တွေ ဖြစ်လာမည်။ ဘဝထဲသို့ အနုတ်လက္ခဏာဆောင်သော မကောင်းမှုတွေထည့်သော် ဘဝသည် တန်ဖိုးမဲ့လာသည်။ သေးသိမ်ယုတ်ညံ့လာမည်။

သက်ရောက်မှုတိုင်းတွင် ယင်းနှင့်တူညီမျှတသော တုံ့ပြန်မှုတစ်ခု ရှိသည်ဟူသော 'နယူတန်' ၏ နိယာမလိုပင်။ ဘဝဟူသည်လည်း ပဲ့တင်သံတစ်ခု ဖြစ်ပါသည်။ လိုဏ်ခေါင်းတစ်ခုတွင် ကျယ်လောင်စွာ ဟစ်အော်လိုက်လျှင် ထိုအသံအတိုင်း ပဲ့တင်သံ ပြန်လာသကဲ့သို့ ဘဝမှာလည်း ပေးသည်ကိုသာ ပြန်ရတတ်သော သဘောရှိပါ၏။ ကောင်းတာတွေလုပ်လျှင် ကောင်းတာတွေပဲ ဖြစ်လာတတ်ပါသည်။ မကောင်းတာတွေ လုပ်လျှင် မကောင်းတာတွေပဲ ဖြစ်လာတတ်ပါသည်။

ထို့ကြောင့် ဘဝဝယ် ကောင်းတာတွေ ဖြစ်လိုသော် ကောင်းမှုတွေ ပြုဖို့ လိုပါသည်။ ကာယကံလည်း ကောင်းရမည်။ ဝစီကံလည်း ကောင်းရမည်။ မနောကံလည်း ကောင်းရမည်။ မည်သည့်ကံကို ပြုသည်ဖြစ်စေ၊ ကုသိုလ်ကောင်းမှု ဖြစ်အောင်ပြုမည်ဟု ထာဝစဉ် နှလုံးသွင်းထားသင့်ပါသည်။

ဒုကအင်္ဂုတ္တိုရ်၊ အဓိကရဏသုတ်တွင် ဘုရားရှင်က 'ရဟန်းတို့၊ ကုသိုလ်ကို ပွားများခြင်းသည် အကျိုးမဲ့ခြင်းငှာဖြစ်လျှင် ကုသိုလ်ကို ပွားများကြကုန်လော့ဟု ငါမဟောရာ၊ အကျိုးများ၍ ချမ်းသာခြင်းငှာ ဖြစ်သောကြောင့်သာ ငါဟောတော်မူခြင်း ဖြစ်သည်" ဟူ၍ ဟောကြားတော်မူခဲ့ပါ၏။

လူတော်တော်များများက 'ကုသိုလ်ကောင်းမှု' ဆိုလျှင် အလှူဒါန

ပြုခြင်း၊ တရားအားထုတ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဥပုသ် ဆောက်တည်ခြင်းတို့ကိုသာလျှင် ရည်ရွယ်ပြောဆိုသည်ဟု ထင်မြင်တတ် ကြပါသည်။ စင်စစ်မူ ကုသိုလ်ကောင်းမှု၏ နယ်ပယ်သည် ဒီ့ထက်ပို၍ ကျယ်ပြန့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကာယကံမှု၊ ဝစီကံမှု၊ မနော ကံမှုတိုင်းတွင် စေတနာကောင်းထည့်၍ ဆောင်ရွက်မှုမှန်သမျှ ကုသိုလ် ကောင်းမှုတွေချည်း ဖြစ်သာကြောင့်ပင်။ နှလုံးသား၌ တည်သော စေတနာ ကောင်း အရင်းခံလျက် ပြုသော ကံသုံးပါးတိုင်းတွင် ကုသိုလ်ဓာတ် တည် ကိန်းနေသည်သာ ဖြစ်ပါ၏။

တစ်စုံတစ်ရာ ဆုံးရှုံးမှုကြောင့် ကြေကွဲဝမ်းနည်းနေသူကို စေတနာ ကောင်းဖြင့် နွေးနွေးထွေးထွေး နှစ်သိမ့်ခြင်းသည် ဝစီကံကုသိုလ် ဖြစ်ပါ သည်။ အောင်မြင်မှုရနေသူကို မုဒိတာဖြင့် လှိုက်လှိုက်လှဲလှဲ ချီးကျူးစကား ဆိုခြင်းသည် ဝစီကံကုသိုလ် ဖြစ်ပါသည်။ လမ်းမသိသူအား လမ်းကို ညွှန်ပြပြောဆိုပေးခြင်းသည် ဝစီကံကုသိုလ် ဖြစ်ပါသည်။ ရောဂါဝေဒနာ ရသောကြောင့် အားငယ်နေသူကို ဖေးဖေးမမ အားပေးစကား ဆိုခြင်းသည် ဝစီကံကုသိုလ် ဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက်၏ အခက်အခဲ အကျပ် အတည်း ပြေလည်စိမ့်သောငှာ စေတနာကောင်းဖြင့် အကြံပေးစကား ဆိုခြင်းသည်လည်း ဝစီကံကုသိုလ် ဖြစ်ပါသည်။ ဤသို့ဖြင့် နေ့စဉ်နှင့်အမျှ ပြုနိုင်သော ဝစီကံကုသိုလ်ကောင်းမှု များစွာရှိပါသည်။

ကာယကံကောင်းမှုလည်း ထို့နယ်ပင် ဖြစ်ပါသည်။ သက်ကြီး ရွယ်အိုများကို လမ်းဖယ်ပေးခြင်းသည် ကာယကံကုသိုလ် ဖြစ်ပါ၏။ လူသွားလမ်းတွင် ကျနေသော အမှိုက်သရိုက်၊ ကျောက်ခဲများကို လမ်းသွား လမ်းလာတို့ ခလုတ်မထိ ဆူးမငြိစေလိုသော စေတနာကောင်းဖြင့် ကောက် ယူဖယ်ရှားပစ်ခြင်းသည်လည်း ကုသိုလ်ကောင်းမှု ဖြစ်ပါ၏။ ဘတ်စ်ကား ပေါ်တွင် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များအား မိမိ၏ နေရာကို ဖယ်ပေးခြင်းသည်လည်း ကာယကံကုသိုလ် ဖြစ်ပါ၏။ ဘုရားစေတီ ပရဝဏ်နှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် တံမြက်လှည်းခြင်း၊ သန့်ရှင်း ရေး လုပ်ခြင်းသည်လည်း ကာယကံကုသိုလ် ဖြစ်ပါ၏။ ဤသို့ဖြင့် နေ့စဉ် နှင့်အမျှ ပြုနိုင်သော ကာယကံကောင်းမှု များစွာရှိပါ၏။

အလျှုဒါနနှင့် စပ်လျဉ်း၍လည်း ငွေကြေးဥစ္စာ ချမ်းသာကြွယ်ဝမှ သာလျှင် ဒါနပြုနိုင်သည်ဟု ယူဆတတ်ကြပါသည်။ အဘိဓမ္မာနည်းအရ စေတနာဒါနနှင့် ဝတ္ထုဒါနဟူ၍ရှိရာ စေတနာဒါနက အမှန်ရှိသော ပရမတ္ထ တရားဖြစ်ပြီး ဝတ္ထုဒါနက အမှန်ရှိသည် မဟုတ်သော ပညတ်တရားသာ ဖြစ်ပါ၏။ လှူလိုသော စေတနာဒါနကသာ ပဓာနကျပါသည်။ သဒ္ဓါစစ် သဒ္ဓါမှန် အရင်းခံလျက် စေတနာကောင်းဖြင့် နေ့စဉ်ပြု တစ်နိုင်ဒါန ကောင်းမှုများကို မချမ်းသာ မကြွယ်ဝစေ ပြုနိုင်ကြသည်သာ ဖြစ်ပါ၏။ "တစ်ယာ ကွမ်းဆေး၊ ရေအေးတစ်ခွက်၊ ဆီတစ်စက်နှင့်၊ လက်ဖက်တစ်ရိုး၊ ကြံတစ်ချိုးမျှ၊ မြတ်နိုးကြည်ဖြူ၊ ဒါနဟူသည်၊ အလှူကောင်းမှု၊ ရရာပြု လော့" ဟု ဆိုသကဲ့သို့ မောပန်းနွမ်းနယ်လာသူကို ရေအေးအေး တစ်ခွက် တိုက်ခြင်းပင်လျှင် အလှူဒါန ဖြစ်ပါသည်။

ကုသိုလ်ဟူသည် ယူတတ်လျှင် ရကြောင်း ကျေးဇူးရှင် တောင်ပုလု ကမ္ဘာအေး ဆရာတော်ကြီးက ဤသို့မိန့်တော်မူခဲ့ပါ၏။

"ကုသိုလ်လုပ်ဖို့ မကြောက်ကြနှင့်။ ကုသိုလ်ဟာ များလေ ကောင်း လေပဲ။ ကုသိုလ်ကို ငွေကြေးကုန်ခန်းမှ ရတယ်လို့ တချို့က ထင်နေကြ တယ်။ မကုန်မခန်းဘဲနဲ့လည်း ရနိုင်ပါတယ်။ ဘုရားရှင်က ကုသိုလ်လုပ် ကြဖို့ အလွန်အားပေးတယ်။ ဘယ်လိုလည်းဆိုရင် "ချစ်သားတို့ ကုသိုလ်ပြုရန် မကြောက်ကြနှင့်။ ကုသိုလ်ကောင်းမှုတည်းဟူသော အမည်သည် အလိုရှိ အပ်သော၊ နှစ်သက်အပ်သော၊ နှလုံးကို ပွားစေအပ်သော၊ ချစ်အပ်သော လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၏ အမည်ပင် ဖြစ်၏" လို့ ဖော်ညွှန်းတော်မူတယ်။ ကုသိုလ်ဆိုတာ ယူတတ်ရင် ရတာချည်းပါပဲ။ သူတော်ကောင်းက လွယ်လွယ်နှင့် ကုသိုလ်ဖြစ်တယ်။ မသူတော်ကတော့ ကုသိုလ်ဖြစ်ဖို့ရန် ခဲယဉ်းတယ်"

ဘဝတွင် ကောင်းတာတွေ ဖြစ်လာချင်သော် ကောင်းတာတွေး၊ ကောင်းတာပြော၊ ကောင်းတာလုပ်ဖို့ လိုပါတယ်။ ကောင်းကျိုးတွေကို မျှော် ကိုးသော်လည်း ကောင်းတာတွေတော့ မလုပ်သူများကို ကျေးဇူးရှင် အရှင် ဇနကာဘိဝံသ ဆရာတော်ကြီးက ဤသို့ဆုံးမတော်မူခဲ့ပါ၏။

"လူတွေဟာ ကောင်းကျိုးကိုသာ မျှော်ကြတယ်။ အကောင်းကို

ခံစားချင်တယ်။ အကြောင်းကောင်းအောင်တော့ မလုပ်ချင်ဘူး။ အကြောင်းကောင်းအောင် မလုပ်လျှင် အကျိုးကောင်းရမှာ မဟုတ်ဘူး"

ကျေးဇူးရှင် ညောင်တုန်း ရွှေဟသံ့တောရ ဒုတိယစံကျောင်းဆရာတော်ကြီးကလည်း ကုသိုလ်ကို မမေ့သင့်ကြောင်း ဤသို့ ဆုံးမတော်မူခဲ့ပါ၏။

"ကုသိုလ်ကို ကိုယ်က မေ့လျှင်
ကုသိုလ်က ကိုယ့်ကို မေ့လိမ့်မည်
ကုသိုလ်က ကိုယ့်ကို မေ့လျှင်
ဘေးတွေ့လိမ့်မည်"

နေ့စဉ်နှင့်အမျှ ကောင်းမှုကုသိုလ် ပြုနိုင်မည့် အခွင့်အလမ်းများကို နှလုံးလှမျက်စိဖြင့်သာ ကြည့်တတ်ဖို့ လိုပါသည်။ ကြည့်တတ်လျှင် အနီးအနားမှာပင် အလွယ်တကူ တွေ့မြင်နိုင်ပါသည်။ နေ့စဉ်နှင့်အမျှ ကုသိုလ်ရေး၌ မမေ့မလျော့သင့်ပါ။ မေ့လျော့ခြင်းဟူသည် မြူမှုန်အညစ်အကြေးနှင့် ပမာတူပါသည်။ ဒီမြူမှုန်တွေက စိတ်ထဲတွင် အနည်အမှုန် ထစေပါသည်။ စိတ်ကြည်လင်ချမ်းမြေ့မှုကို အဟန့်အတား ဖြစ်စေပါသည်။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာစလုံးတွင် အကျိုးမဲ့စေသော အရာသာ ဖြစ်ပါ၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာစလုံးတွင် ကောင်းကျိုးအထွေထွေ ဖြစ်ထွန်းပေါ်ပေါက်စေပါသည်။ နေ့သစ်တိုင်း နေ့သစ်တိုင်းတွင် ဘဝစာမျက်နှာ အသစ်များကို ကုသိုလ်ကောင်းမှုများဖြင့် ကမ္ဘည်းတင်လျက် တန်ဖိုးရှိသော ဘဝကောင်း ဘဝမွန်ကို ပုံဖော်တည်ဆောက်သွားသင့်ပါသည်။

□

# အယူအမြင် မှန်ကန်ပါစေ

ရှက်ဖွယ်မဟုတ်ရာ၌ ရှက်တတ်၊ ရှက်ဖွယ်ဟုတ်ရာ၌ မရှက်တတ်ကုန်သော၊ မှားသော အယူရှိကုန်သော သူတို့သည် မကောင်းသော ဘဝသို့ သွားကုန်၏။

(ဓမ္မပဒ၊ ၃၁၆)

ကြောက်စရာ မဟုတ်ရာ၌ ကြောက်စရာဟု မြင်တတ်၊ ကြောက်စရာဟုတ်ရာ၌ ကြောက်စရာဟု မမြင်တတ်သော၊ မှားသော အယူရှိကုန်သော သူတို့သည် မကောင်းသော ဘဝသို့ သွားကုန်၏။

(ဓမ္မပဒ၊ ၃၁၇)

အပြစ်မဟုတ်သည်၌ အပြစ်ဟု မှတ်ထင်တတ်၊ အပြစ်ဟုတ်သည်၌ အပြစ်ဟု မထင်မှတ်တတ်ကုန်သော၊ မှားသော အယူရှိကုန်သော သူတို့သည် မကောင်းသော ဘဝသို့ သွားကုန်၏။

(ဓမ္မပဒ၊ ၃၁၈)

အပြစ်ကို အပြစ်ဟုသိ၊ အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကုန်သော၊ မှန်ကန်သော အယူရှိကုန်သော သူတို့သည် ကောင်းသော ဘဝသို့ သွားကုန်၏။

(ဓမ္မပဒ၊ ၃၁၉)

ဆီကို အလိုရှိသူသည် ဆုံခွက်ထဲ၌ ကျောက်စရစ်များ၊ သဲများ ထည့်၍ ရေဖြင့် ဖျန်းကာဖျန်းကာ ကြိတ်၍ ညှစ်သော်လည်း ဆီကို မရနိုင်။ ထိုနည်းတူပင်

များယွင်းသော အယူအဆ၊ အမြင်အသိ ရှိနေသူသည် မြတ်သောအကျင့်ကို အားထုတ်ကျင့်သုံးသည် ဆိုသော်လည်း အကျိုးမရှိနိုင်။

(ဥပရိပဏ္ဏာသပါဠိတော်၊ သုညတဝဂ်၊ ဘူမိဇသုတ်)

သဘောတရားဟူသည် 'ဘဝရှေ့ဆောင် မီးရှူးတန်ဆောင်' ဖြစ်ပါသည်။ အယူအမြင်ဟူသည်မှာ သဘောတရားပင် ဖြစ်ပါ၏။ လူတိုင်းလူတိုင်း၌ အယူအမြင်တွေ ကိုယ်စီကိုယ်င ရှိနေကြသည်သာ ဖြစ်ပါသည်။ မိမိ၏ စိတ်ထဲ၌ရှိသော အယူအမြင်၏ စေခိုင်းရာအတိုင်း ပြုမူ ဆောင်ရွက်နေကြခြင်း ဖြစ်ပါ၏။ မိမိ ယုံကြည်လက်ခံထားသော အယူအမြင်အားလျော်စွာ ကာယကံမှု၊ ဝစီကံမှုတို့ကို ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

ဥပမာအားဖြင့် သက်ရှိသတ္တဝါတို့ကို သတ်ဖြတ်ခြင်းသည် အပြစ်မရှိဟူသော အယူအမြင်ရှိသူသည် သက်ရှိသတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ခြင်းဟူသော ဒုစရိုက်မှုကို ကျူးလွန်တတ်၏။ သူတစ်ပါးသားမယားနှင့် လွန်ကျူးဆက်ဆံခြင်းသည် နှစ်ဦးသဘောတူ ဆန္ဒတူညီစွာ ဆောင်ရွက်သောကြောင့် အပြစ်မရှိဟူသောအယူကို ကိုင်စွဲထားသူသည် ကာမေသုမိစ္ဆာစာရကံကို လွယ်လွယ်ကူကူပင် ကျူးလွန်ပါလိမ့်မည်။

သက်ရှိသတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ခြင်းသည် အပြစ်ရှိသည်ဟူသော အယူအမြင်ကို ကိုင်စွဲထားသူအဖို့ ပါဏာတိပါတကံကို ကျူး လွန်လိမ့်မည် မဟုတ်ပါ။ ထို့အတူ သူတစ်ပါးသားမယားနှင့် လွန်ကျူး ဆက်ဆံခြင်းသည် မပြုအပ်သော လူမှုရေးဖောက်ပြန်မှု ဖြစ်သည်ဟူသော အယူအမြင်ကို ကိုင်စွဲထားသူအဖို့ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်လိမ့် မည် မဟုတ်ပါ။ မှန်သော အယူအမြင်ရှိမှသာ မှန်သော ကြံတွေးမှု ရှိလာ မည်။ မှန်သော ကြံတွေးမှုရှိမှသာ မှန်သော ပြောဆိုမှု၊ မှန်သော ပြုမူ ဆောင်ရွက်မှုတို့ ရှိလာပေလိမ့်မည်။

ဘုရားရှင်က ဗာဟိယသုတ္တန် ဒေသနာတော်တွင် "အယူအမြင် စင်ကြယ်ဖြောင့်မှန်ခြင်းသည် ကုသိုလ်ကောင်းမှုတို့၏ အဦးအစ" ဟူ၍ ဟောတော်မူခဲ့ပါသည်။ ကိုင်စွဲခံယူထားသော အယူအမြင်မှန်ကန်ခြင်း

မရှိသော် ကုသိုလ်ကောင်းမှုတို့ကို မည်သည့်နည်းနှင့်မျှ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ဒါန၊ သီလ၊ ဘာဝနာဟူသော ဘာသာရေးကျင့်စဉ်များကို ဆောင်ရွက်ရာတွင်ပင် ပထမဦးစွာ အယူအမြင် မှန်ကန်ဖို့၊ သန့်ရှင်းဖို့၊ စင်ကြယ်ဖို့ လိုပါသည်။ အယူအမြင် မှန်ကန်ခြင်း မရှိလျှင် ပြုလေသမျှ ဒါန၊ သီလ၊ ဘာဝနာတို့ကို အနှစ်သာရရှိရှိ ထိထိမိမိ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပါ။ ကျေးဇူးရှင် သီတဂူ အရှင်ဉာဏိဿရ ဆရာတော်ကြီးက အယူအမြင် မှန်ကန်ရေးသည် မည်မျှအရေးကြီးကြောင်း ဤသို့ မိန့်တော်မူခဲ့ပါ၏။

"သီလပင် သန့်ရှင်းစင်ကြယ်သော်လည်း အယူက မဖြောင့်သေးရင် ဒီကုသိုလ်ရဲ့ အစဟာ မသန့်ရှင်းသေးဘူး။ အဲဒါကြောင့် ကမ္ဘာမှာ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ ဒါနမှု ပထမတန်း ပြုကြတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။ ကိုယ်ကျင့်တရား သိပ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေလည်း ကမ္ဘာမှာ အများကြီး ရှိပါတယ်။ သို့သော်လည်း လိုနေတာက ဒိဋ္ဌိဇုကမ္မပါပဲ ဟုတ်လား"

"မှန်ပါ့ ဘုရား"

"စေတနာနှင့် ဝေဒနာအကြောင်းလောက်ကို လက်မခံနိုင်သေးရင် ဒိဋ္ဌိဇုကမ္မ မဖြစ်နိုင်သေးဘူး။ ဒိဋ္ဌိဇုကမ္မ မဖြစ်ရင် ကိုယ်ကျင့်တရား ဘယ်လောက်ကောင်းအောင် သီလကို ဆောက်တည်ထားစေကာမူ အဲဒီ သီလသည် ဒိဋ္ဌိဇုကမ္မ မပါတဲ့ အတွက်ကြောင့် သူလည်း တကယ့်ဝိသုဒ္ဓိ မဖြစ်သေးဘူး။ ကိုယ်ကျင့်တရားတွေက တကယ်သိပ်ကောင်း၊ ပြီးတော့ အလှူဒါနကို မီလျံနာလောက်အထိ ပြုနိုင်ကြစေကာမူလည်းပဲ ပရိသတ်ရေ... ဒိဋ္ဌိဇုကမ္မမပါရင် ဒီဒါနလည်း ပထမတန်းစား မဖြစ်သေးဘူး။ သမထ ဝိပဿနာမှာဆိုရင် ပိုပြီး အရေးကြီးပါတယ်"

အယူအမြင် မှန်ကန်ခြင်း (သမ္မာဒိဋ္ဌိ) သည် ဗုဒ္ဓဓမ္မ၏ အစလည်း ဖြစ်ပါ၏။ အဆုံးလည်း ဖြစ်ပါ၏။ မဂ္ဂင်ရှစ်ပါးတွင်လည်း သမ္မာဒိဋ္ဌိသည် အဦးအစမဂ္ဂင် ဖြစ်ပါ၏။ ကောင်းသော အယူအမြင်အပေါ် အခြေခံပြီးမှသာ ကောင်းသော ကြံစည်ခြင်း၊ ကောင်းသော ပြောဆိုခြင်း၊ ကောင်းသော ပြုမူခြင်း၊ ကောင်းသော အသက်မွေးခြင်း၊ ကောင်းသော အားထုတ်ခြင်း၊

ကောင်းသော အောက်မေ့ခြင်း၊ ကောင်းသော တည်ကြည်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါလိမ့်မည်။

ပြုပြုသမျှ ကုသိုလ်ကောင်းမှုနှင့် ဘာသာရေး ကျင့်စဉ်တို့၏ အဦးအစရေ့၌ အယူအမြင် မှန်ကန်ခြင်း ရှိမှသာ ပဲ့ပါသောလှေပမာ ပန်းတိုင်စစ်ပန်းတိုင်မှန်သို့ တည့်မတ်စွာ လျှောက်လှမ်းနိုင်ပါလိမ့်မည်။

ဗုဒ္ဓဘာသာဝင်မှန်သမျှ ရတနာသုံးတန်နှင့် ကံ ကံ၏အကျိုးကို ခိုင်ခိုင်မြဲမြဲ မယိမ်းမယိုင် ယုံကြည်သက်ဝင်ရပါသည်။ ကံ ကံ၏ အကျိုးကို ယုံကြည်ခြင်းဟူသည်မှာ မိမိပြုသော ကောင်းမှု၊ မကောင်းမှုတို့ကသာ မိမိ၏ဘဝကို စီမံဖန်တီးခြင်း ဖြစ်သည်ဟု ယုံကြည်လက်ခံထားခြင်း ဖြစ်ပါ၏။ အခြားတန်ခိုးရှင်၊ သိဒ္ဓိရှင်နှင့် အခြားပြင်ပ အကြောင်းအရာများက မိမိ၏ဘဝကို ကောင်းအောင်၊ ဆိုးအောင် ဖန်တီးနိုင်သည်ဟု ယုံကြည်ယူဆထားလျှင် ယင်းအယူသည် ကံ ကံ၏အကျိုးအပေါ် ပစ်ပယ်သော အယူဖြစ်သောကြောင့် မှားယွင်းသောအယူ ဖြစ်ပါသည်။ မိမိ၏ အတွင်းသန္တာန်၌ တည်သော အားကိုးရာ အစစ်အမှန် ကံ၊ ဉာဏ်၊ ဝီရိယတို့အပေါ် အားမကိုးဘဲ ပြင်ပမှ ဘိုးတော်၊ နတ်ကတော်၊ ဗေဒင်၊ အင်း၊ လောကီအစီအရင်တို့အပေါ် လွဲမှားစွာ အားကိုးယုံကြည်နေခြင်းသည် မှားသောအယူသာ ဖြစ်ပါ၏။ ဤသည်နှင့် စပ်လျဉ်း၍ ကျေးဇူးရှင် သီတဂူအရှင်ဉာဏိဿရ ဆရာတော်ကြီးက ဤသို့မိန့်တော်မူခဲ့ပါ၏။

"မိမိရဲ့ ကိုယ်ခန္ဓာမှာ၊ မိမိရဲ့နှလုံးသားမှာ တကယ်အရှိဖြစ်တဲ့ စေတနာရဲ့ စွမ်းရည်သတ္တိ၊ ဉာဏ်ရဲ့ စွမ်းရည်သတ္တိ၊ ဝီရိယရဲ့ စွမ်းရည်သတ္တိတွေ၊ ကိုယ်မှာ အရှိဖြစ်တဲ့ ဒီသဘောတရားတွေရဲ့ စွမ်းရည်သတ္တိကို မယုံကြည် အားမကိုးတာ။ အဲဒါကို နိယတမိစ္ဆာဒိဋ္ဌိလို့ ခေါ်ပါတယ်"

လူသည် သူ့အယူအဆ၊ သူ့အတွေးအခေါ်အရ သူ၏ဘဝကို ပုံဖော်သည်ဖြစ်ရာ လူသားသည် သူ့အယူအဆ၏ ကျေးကျွန်ဟုပင် ဆိုနိုင်ပါသည်။ အယူအမြင် မှန်လျှင် အပြောမှန်မည်။ အပြုအမူ မှန်မည်။ အယူအဆ မှားလျှင် အပြောမှားမည်။ အပြုအမူ မှားမည်။

ဤလောက၌ အချို့သူတို့သည် 'သေလျှင် ပြီးစတမ်း' အယူကို ခံယူထားကြပါသည်။ ဤဘဝ ဤခန္ဓာမှအပ နောင်ဘဝ နောင်ခန္ဓာ မရှိ

ဟူ၍ ယူဆထားတတ်ကြပါသည်။ ဘဝသံသရာကို ငြင်းပယ်သော ထိုအယူသည် မှားယွင်းသောအယူ ဖြစ်ပါ၏။ မိစ္ဆာဒိဋ္ဌိ ဖြစ်ပါ၏။ ဘဝသံသရာကို လက်မခံဘဲ သေလျှင် ပြီးစတမ်းဟူသော အယူဝါဒသည် လောကကို ဖျက်ဆီးသောအယူ ဖြစ်ပါသည်။ အနိဋ္ဌာရုံများကို ဖန်တီးသော အယူဝါဒ ဖြစ်သည်။ ဘဝသံသရာကို လက်မခံသူသည် သံသရာတစ်လျှောက် လိုက်ပါအကျိုးပေးမည့် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့အပေါ် ယုံကြည်မှု မရှိ။ ထိုအခါ အကုသိုလ်မှုများကို အထိန်းအကွပ်မဲ့ ပြုလွယ်တတ်ကြပေသည်။ သေလျှင် ပြီးစတမ်းအယူနှင့် စပ်လျဉ်း၍ ကျေးဇူးရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက ဤသို့မိန့်တော်မူခဲ့ပါသည်။

"သေလျှင် ပြီးစတမ်းဝါဒ ထွန်းကားလေသမျှ ကမ္ဘာကြီးမှာ စာရိတ္တ ပျက်ပြားမှု မပျောက်နိုင်"

အထက်ပါ အဆုံးအမတော်တွင် ဘုရားရှင်က ရှက်ရမည့်အရာ၌ မရှက်တတ်၊ ရှက်ရမည့်အရာ မဟုတ်ရာ၌ ရှက်တတ်သော အယူသည် မှားယွင်းသောအယူ ဖြစ်သောကြောင့် ထိုအယူရှိသူသည် မကောင်းသော ဘဝသို့သာ လားရောက်ရကြောင်း ဟောတော်မူခဲ့ပါသည်။ ဤလောက၌ အချို့သူတို့သည် အကုသိုလ်မှုပြုရမည်ကို မရှက်တတ်။ မိစ္ဆာအာဇီဝမှုဖြင့် စီးပွားရှာသည်ကို ရှက်ရမည့်အရာဟု မထင်မှတ်။ အကုသိုလ်မှုပြုသည်ကို ရှက်ရမည့်အရာ မဟုတ်ဟု ယူစွဲသောအခါ အကုသိုလ်မှုကို အဆီးအတားမဲ့ ပြုလေတော့သည်။ ကမ္မနိယာမ သဘောအရ အကုသိုလ်မှု ပြုသူတို့သည် အချိန်တန်သောအခါ မကောင်းကျိုးများနှင့် ကျိန်းသေမုချ ကြုံတွေ့ ရင်ဆိုင်ရပေလိမ့်မည်။

အချို့သူတို့ကမူ ကုသိုလ်ကောင်းမှု ပြုရမည်ကို ရှက်တတ်ကြသည်။ ထိုသို့ အယူမှားယွင်းသောကြောင့် ကုသိုလ်ကောင်းမှု မပြုဖြစ်၊ ကုသိုလ်ကောင်းမှု မပြုဖြစ်သောအခါ ကမ္မနိယာမ သဘောအရ ကုသိုလ်ကောင်းမှုက ပေးအပ်သည့် ကောင်းကျိုးအထွေထွေကို လက်လွှတ်ဆုံးရှုံးရလေတော့သည်။

ဤလောက၌ အချို့သူတို့သည် 'ဒုစရိုက်မှု' ကို ကြောက်စရာဟု မမြင်။ မိမိကို ဆိုးကျိုးပေးမည့် ဒုစရိုက်မှုကို ကြောက်စရာဟု မမြင်သော

အခါ ဒုစရိုက်မှုကို လက်ရဲဇက်ရဲ ပြုကျင့်လေသည်။ ဒုစရိုက်မှုပြုသော ထိုသူအား ဒုစရိုက်မှုများက ဆင်းရဲသော၊ ပူပန်သော၊ နိမ့်ကျသော ဘဝသို့ သယ်ဆောင်သွားပေလိမ့်မည်။

ဤလောက၌ အချို့သူတို့သည် အပြစ်ဖြစ်သောအရာကို အပြစ်ဟု မသိ။ အပြစ်မဟုတ်သည့်အရာ၌ အပြစ်ဟု ထင်မှတ်မှားတတ်ကြသည်။ ထိုသို့ အယူလွဲမှားမှုကြောင့် အပြစ်ဖြစ်စေမည့် အကုသိုလ်မှုကို ပြုဖြစ်ပြီး အပြစ်မဟုတ်သည့် ကုသိုလ်မှုကို မပြုဖြစ်တော့ပေ။ ထိုအယူလွဲမှားမှုကြောင့် ထိုသူ၏ဘဝတွင် ကောင်းခြင်းမင်္ဂလာများ ဆိတ်သုဉ်းလေတော့သည်။

အမှန်တော့ အယူအမြင် တစ်ခုတည်းကမှ ဘဝတစ်ခုလုံးကို ဖန်တီးနိုင်သည် မဟုတ်ပါ။ ထိုအယူအမြင်၏ ဦးဆောင်မှုအောက်တွင် လိုက်ပါဆောင်ရွက်ရသော ကာယကံမှု၊ ဝစီကံမှုတို့က ပူးပေါင်းပါဝင်ဖန်တီးခဲ့ခြင်း ဖြစ်ပါ၏။ လောက၌ ကုသိုလ်လည်း အမျိုးမျိုးရှိပြီး အကုသိုလ်လည်း အမျိုးမျိုး ရှိလေရာ မှန်ကန်သော အယူအမြင် (သမ္မာဒိဋ္ဌိ)က ကုသိုလ် အမျိုးမျိုးကို ဖြစ်ထွန်းစေပြီး မှားယွင်းသော အယူအမြင် (မိစ္ဆာဒိဋ္ဌိ)က အကုသိုလ်အမျိုးမျိုးကို ဖြစ်ထွန်းစေပါသည်။ သို့ဖြစ်၍ ကုသိုလ်တွေထဲမှာ သမ္မာဒိဋ္ဌိသည် အင်အားအကြီးမားဆုံးဖြစ်၍ အကုသိုလ်တွေထဲမှာ မိစ္ဆာဒိဋ္ဌိသည် အင်အားအကြီးမားဆုံးဖြစ်ကြောင်း ဆရာတော် ဦးဇောတိကက ဤသို့ မိန့်တော်မူခဲ့ပါသည်။

"အကုသိုလ်တွေထဲမှာ ဘယ်အကုသိုလ်က အင်အားအကြီးမားဆုံးလို့ ကြားဖူးသလဲ"

"မိစ္ဆာဒိဋ္ဌိပါဘုရား"

"မှန်တယ်၊ မှန်တယ်။ မိစ္ဆာဒိဋ္ဌိက အကုသိုလ်ထဲမှာ အဆိုးဆုံးပဲ။ မှားနေတဲ့အမြင်ဟာ ကြောက်စရာအကောင်းဆုံး အရာဖြစ်တယ်။ မှားတဲ့အမြင်ပေါ်မှာ အခြေခံပြီးတော့ မှားတာတွေ တွေးမယ်။ မှားတာတွေ ပြောမယ်။ မှားတာတွေ လုပ်မယ်"

"ကုသိုလ်တွေထဲမှာ ဘယ်ကုသိုလ်က အင်အားအကြီးဆုံးလဲ"

"သမ္မာဒိဋ္ဌိပါဘုရား"

"မှန်တယ်။ ကုသိုလ်ထဲမှာ သမ္မာဒိဋ္ဌိက အင်အားအကြီးဆုံးပဲ။

မှန်ကန်တဲ့အမြင်ဟာ အင်အားအကြီးဆုံးပဲ။ မှန်ကန်တဲ့အမြင်ဟာ စိတ်ရဲ့ အဆင့်အတန်းကို ပိုပြီး မြင့်စေတယ်။ စိတ်ဓာတ်အင်အားကို ပိုမိုပြီး ကြီးစေတယ်။ ဒါကြောင့် မှန်ကန်တဲ့အမြင် ရှိတဲ့သူဟာ အင်အားကြီးတဲ့သူလို့ ဆိုရမယ်နော်"

ဗုဒ္ဓဘာသာဝင်များအနေဖြင့် အယူအမြင် မှန်ကန်လိုသော် ပိဋကတ်မြန်မာပြန်ကျမ်းများ၊ ထေရဝါဒီ ထေရ်အရှင်မြတ်ကြီးများ၏ ကျမ်းမြတ်များ၊ ဟောစဉ်တရားတော်များ၊ လူပြန်တော် ပညာရှင်ကြီးများ၏ ထေရဝါဒနှင့်အညီ ပြုစုရေးသားသော ကျမ်းများကို ဖတ်ရှုလေ့လာသင့်ပါကြောင်း စေတနာစကားပါးအပ်ပါသည်။

□

# ကောင်းမှုပြုသူနှင့် မကောင်းမှုပြုသူ

မကောင်းမှုပြုသော သူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏။ နောင်ဘဝ၌လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ စိုးရိမ်ရ၏။ ထိုသူသည် မိမိပြုမိသော မကောင်းမှုကို မြင်၍ စိုးရိမ်ရ၊ ပင်ပန်းဆင်းရဲရ၏။

(ဓမ္မပဒ၊ ၁၅)

ကောင်းမှုပြုသော သူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကို မြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

(ဓမ္မပဒ၊ ၁၆)

မကောင်းမှုပြုသော သူသည် ဤဘဝ၌လည်း ပူပန်ဆင်းရဲရ၏။ နောင်ဘဝ၌လည်း ပူပန်ဆင်းရဲရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ ပူပန်ဆင်းရဲရ၏။

ငါသည် ယုတ်မာသော မကောင်းမှုကို ပြုမိချေပြီဟု နှလုံးမသာမယာ ပူပန်ဆင်းရဲရ၏။ ထိုသူသည် အပယ်လေးပါးသို့ သွားရသည့်အခါ သာ၍ပင် ပူပန်ဆင်းရဲရ၏။

(ဓမ္မပဒ၊ ၁၇)

ကောင်းမှုပြုသော သူသည် ဤဘဝ၌လည်း နှစ်သက်ရ၏။ နောင်ဘဝ၌လည်း နှစ်သက်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ နှစ်သက်ရ၏။

ငါသည် ကောင်းမြတ်သောအမှုကို ပြုရပေမည်ဟု နှစ်သက်ရ၏။ ထိုသူသည် ကောင်းသောဘဝသို့ ရောက်သည့်အခါ သာ၍ပင် နှစ်သက်ရ၏။

(ဓမ္မပဒ၊ ၁၈)

ပုထုဇဉ်လူသားတို့ ပြုပြုသမျှသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတိုင်းသည် ကုသိုလ်၊ အကုသိုလ်စက်ဝန်းမှ မလွတ်ကင်းပေ။ ကြံတွေးမှု တစ်ခုဖြစ်တိုင်း၊ ပြောဆိုမှု တစ်ခုဖြစ်တိုင်း၊ ပြုမူလုပ်ကိုင်ဆောင်ရွက်မှု တစ်ခုဖြစ်တိုင်း ကောင်းမှုကုသိုလ်ဖြစ်လျှင်ဖြစ်၊ ကုသိုလ်မဖြစ်လျှင် မကောင်းမှုအကုသိုလ် ဖြစ်ပေမည်။ ကုသိုလ်လည်း မဟုတ်၊ အကုသိုလ်လည်း မဟုတ်သော အရာသည် ပုထုဇဉ်တို့၏ အရာမဟုတ်ပါလေ။ ဤသည်နှင့် စပ်လျဉ်း၍ ဆရာကြီး ဦးရွှေအောင်က ဤသို့ ရေးသားခဲ့ပါသည်။

"ကောင်းသောအလုပ်သည် ကုသိုလ်ကံ ဖြစ်၏။ မကောင်းသော အလုပ်သည် အကုသိုလ်ကံ ဖြစ်၏။ အလုပ်ဟူသမျှသည် ကောင်း၊ မကောင်း နှစ်မျိုးသာ ရှိ၏။ ကြားအလုပ်ဟူ၍ မရှိ။ ဤသည်မှာ ပရမတ္ထ သစ္စာအားဖြင့် အမှန်ဖြစ်၏။ ဤသဘောကို အတ္တနှင့် အနတ္တ ဘာသာတရားများအားလုံးက အညီအညွတ် လက်ခံကြ၏။ ဘာသာတရားများ အားလုံးက ကောင်းသောအလုပ်ကို လုပ်ရန်နှင့် မကောင်းသောအလုပ်ကို ရှောင်ရန် သွန်သင်ပြ၏။

ပုထုဇဉ်လူသားတို့ နေ့စဉ်နှင့်အမျှ ပြုသောကံသုံးပါးတွင် ကုသိုလ် ကောင်းမှုက များလေသလား၊ အကုသိုလ်မကောင်းမှုက များလေသလား။ ထိုအချက်က လူတစ်ဦးချင်းစီ၏ဘဝကို အဆုံးအဖြတ်ပေးပါသည်။ ဘဝ တစ်လျှောက်လုံး ပြုသော ကုသိုလ်၊ အကုသိုလ်အားလျော်စွာ ဘဝ ပုံသဏ္ဌာန် ဖြစ်တည်လာခြင်း ဖြစ်ပါသည်။

ကောင်းမှုကုသိုလ်နှင့် မကောင်းမှုအကုသိုလ်ဟူ၍ နှစ်မျိုးရှိရာတွင် 'ကောင်းမှု' ဟူသည် အဘယ်နည်း၊ 'မကောင်းမှု' ဟူသည် အဘယ်နည်းဟူ၍ ပထမဦးစွာ ရှင်းရှင်းလင်းလင်း နားလည်သိမြင် သဘောပေါက်ထားဖို့ လိုပါသည်။ အပြုအမူတစ်ခုကို ပြုမူဆောင်ရွက်လိုက်သည်။ ယင်းအပြုအမူကြောင့် မိမိ စိတ်ချမ်းသာသည်။ သူတစ်ပါးလည်း စိတ်ချမ်းသာသည်။ မိမိလည်း အကျိုးရှိသည်။ သူတစ်ပါးလည်း အကျိုးရှိသည်ဆိုလျှင် ထိုအပြု

အမှုသည် ကောင်းမှုကုသိုလ် ဖြစ်ပါသည်။ အပြုအမူတစ်ခုကို ပြုမူဆောင်ရွက်လိုက်သည်။ ယင်းအပြုအမူကြောင့် မိမိလည်း စိတ်မချမ်းသာ၊ သူတစ်ပါးတို့လည်း စိတ်မချမ်းသာ၊ မိမိလည်း အကျိုးမရှိ၊ သူတစ်ပါးလည်း အကျိုးမရှိလျှင် ယင်းအပြုအမူသည် မကောင်းမှုအကုသိုလ်သာ ဖြစ်ပါ၏။ အပြုအမူတစ်ခုကို ပြုလိုက်သည်။ ယင်းအပြုအမူကြောင့် မိမိတွင် အကျိုးရှိသော်လည်း သူတစ်ပါးတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည် ဆိုလျှင် ယင်းအပြုအမူသည် မကောင်းမှုအကုသိုလ်သာ ဖြစ်ပါ၏။ မိမိအတွက် အကျိုးစီးပွား ဖြစ်စေသည် မှန်လင့်ကစား၊ သူတစ်ပါးအကျိုးစီးပွား ပျက်စီးစေခြင်း၊ သူတစ်ပါးကို ဒုက္ခရောက်စေခြင်း၊ ဂုဏ်သိက္ခာကျစေခြင်း တို့သည် မပြုသင့် မပြုထိုက်သော အကုသိုလ်မှုသာ ဖြစ်ပါ၏။

အများအားဖြင့် အလှူအတန်းပြုခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဘုရားရှိခိုးဝတ်ပြုခြင်း၊ တရားအားထုတ်ခြင်း၊ ပုတီးစိပ်ခြင်း စသည်တို့ကိုသာ 'ကုသိုလ်ကောင်းမှုပြုခြင်း' ဟု နားလည်လက်ခံထားတတ်ကြပါသည်။ မှန်ပါ၏။ ထိုအရာများသည် ကုသိုလ်ကောင်းမှုများ ဖြစ်ပါ၏။ သို့တစေ မိမိတို့၏ နေ့စဉ်ပြုနေသော ကြံတွေးမှု၊ ပြောဆိုမှု၊ ပြုမူဆောင်ရွက်မှုဟူသော ကံသုံးပါး၌ ကုသိုလ်စာတ် တည်ကိန်းသည်ဟူသော အချက်ကို လူတော်တော်များများက သဘောမပေါက်ကြပေ။ အမှန်တော့ အကြည့်လေးတစ်ချက်၊ စကားလေးတစ်ခွန်း၊ အပြုအမူလေးတစ်ခုစီမှာ ကုသိုလ်ဓာတ် တည်ကိန်းနိုင်သလို အကုသိုလ်ဓာတ်လည်း တည်ကိန်းပါသည်။

ဥပမာအားဖြင့် လူတစ်ယောက်အပေါ် မေတ္တာလွှမ်းသော အကြည့်ဖြင့် ချစ်ချစ်ခင်ခင် ကြည့်လိုက်မည်။ ကရုဏာလွှမ်းသော အကြည့်ဖြင့် နူးနူးညံ့ညံ့ ညင်ညင်သာသာ ကြည့်လိုက်မည်။ မုဒိတာလွှမ်းသော အကြည့်ဖြင့် ပြုံးပြုံးရွှင်ရွှင် ကြည့်လိုက်မည် ဆိုပါစို့။ ထိုအကြည့် သက်ရောက်ခံရသူအနေဖြင့် "ဩော်... ငါ့ကို မေတ္တာထားပါကလား၊ ကရုဏာထားပါကလား၊ မုဒိတာပွားပါကလား" ဟု ခံစားရကာ နှလုံးစိတ်ဝမ်း ရွှင်လန်းချမ်းမြေ့သွားသည်။ မိမိ၏အကြည့်ကြောင့် ထိုအကြည့် သက်ရောက်ရာအခြားသူတစ်ဦး၏ နှလုံးစိတ်ဝမ်း ချမ်းမြေ့စေသည်ဆိုလျှင် ထိုအကြည့်တွင် ကောင်းမှု ကိန်းဝပ်နေသည်။ ကုသိုလ်ဓာတ် ထွန်းပနေသည်။

အကယ်၍ လူတစ်ယောက်အပေါ် အထင်သေးသော အကြည့်ဖြင့် မတူမတန်သလို ကြည့်မည်။ ဒေါသလွှမ်းသော အကြည့်ဖြင့် ခက်ခက်ထန် ထန် ကြည့်မည်။ ဣဿာမစ္ဆရိယလွှမ်းမိုးသော မနာလိုဝန်တိုအကြည့်ဖြင့် ကြည့်မည် ဆိုပါစို့။ ထိုအကြည့်သက်ရောက်သူအနေဖြင့် "ဩော်... သူဟာ ငါ့ကို အထင်အမြင် သေးနေပါကလား။ သူဟာ ငါ့ကို မုန်းတီးနေပါက လား။ သူဟာ ငါ့အောင်မြင်မှုအပေါ် မနာလိုနေပါကလား" ဟု တွေးထင် ခံစားရကာ နှလုံးစိတ်ဝမ်း ညှိုးနွမ်းပေတော့သည်။ စိတ်ဆင်းရဲပေတော့ သည်။ မိမိ၏ အကြည့်တစ်ချက်ကြောင့် ထိုအကြည့်သက်ရောက်ရာ အခြား သူတစ်ဦး၏ စိတ်နှလုံးကို ဆင်းရဲပင်ပန်းစေသည်ဆိုလျှင် ထိုအကြည့်တွင် မကောင်းမှု ကိန်းဝပ်နေသည်။ အကုသိုလ်ဓာတ် ထွန်းပသည်။

လူတစ်ယောက်အပေါ် မေတ္တာအရင်းခံဖြင့် ချစ်ချစ်ခင်ခင် ပြောဆို မည်။ ကရုဏာအရင်းခံဖြင့် နူးနူးညံ့ညံ့ နွေးနွေးထွေးထွေး ပြောဆိုမည်။ မုဒိတာအရင်းခံဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ပြောဆိုမည် ဆိုပါစို့။ ထိုစကားကို ကြားရသူ တစ်ဖက်လူအနေဖြင့် 'ဩော်... သူ့အပေါ် မေတ္တာ ထားပါကလား၊ ကရုဏာ ထားပါကလား၊ မုဒိတာ ပွားပါကလား' ဟု ကြည်ကြည်နူးနူး ခံစားရပြီး စိတ်နှလုံး ချမ်းမြေ့ပေလိမ့်မည်။ မိမိ၏ ပြောဆိုမှုကြောင့် တစ်ဖက်သူ၏ နှလုံးစိတ်ဝမ်း အေးချမ်းရွှင်လန်းစေသည် ဆိုလျှင် ထိုပြောဆိုမှုဟူသော (ဝစီကံ)တွင် ကောင်းမှု ကိန်းဝပ်နေသည်။ ကုသိုလ်ဓာတ် ထွန်းပနေသည်။

အကယ်၍ လူတစ်ယောက်အပေါ် ဒေါသအရင်းခံလျက် ကြမ်း ကြမ်းတမ်းတမ်း ခက်ခက်ထန်ထန် ပြောဆိုမည်။ အထင်အမြင်သေးခံမှု အရင်းခံလျက် ချိုးချိုးနှိမ်နှိမ် ပြောဆိုမည်။ ဣဿာမစ္ဆရိယ အရင်းခံလျက် မနာလိုဝန်တိုသော စကားကို ပြောဆိုမည် ဆိုပါစို့။ ထိုအပြောအဆို ခံရသူအနေဖြင့် "ဩော်... သူ ငါ့အပေါ် မုန်းတီးနေပါကလား။ ငါ့ကို အထင်အမြင် သေးလွန်းနေပါကလား၊ ငါ့အောင်မြင်မှုအပေါ် မနာလို ဝန်တိုနေပါကလား" ဟု ခံစားရကာ စိတ်နာကျင် ဆင်းရဲလေတော့သည်။ မိမိ၏ ပြောဆိုမှုဟူသော (ဝစီကံ)ကြောင့် တစ်ဖက်သူ စိတ်ဆင်းရဲပင်ပန်း စေသည်ဆိုလျှင် ထိုပြောဆိုမှုဟူသော (ဝစီကံ)တွင် မကောင်းမှု ကိန်းဝပ်

နေသည်။ အကုသိုလ်စာတ် ထွန်းပနေသည်။

လူတစ်ယောက်အပေါ် မေတ္တာအရင်းခံဖြင့် ခင်ခင်မင်မင် ကူညီဆောင်ရွက်ပေးသည်။ ကရုဏာအရင်းခံဖြင့် တစ်ဖက်သူ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ မုဒိတာအရင်းခံဖြင့် အောင်မြင်သူအပေါ် လိုက်လိုက်လှဲလှဲ ချီးမွမ်းပြီး ဆောင်ရွက်ပေးသင့်တာကို ဆောင်ရွက်ပေးသည်။ ထိုသို့ ပြုမူဆောင်ရွက်ပေးလိုက်သောကြောင့် "ဪ... သူ ငါ့ကို မေတ္တာ ထားပါကလား၊ ကရုဏာ ထားပါကလား၊ မုဒိတာ ပွားပါကလား" ဟု ခံစားရပြီး စိတ်ရွှင်လန်း ချမ်းသာပေလိမ့်မည်။ မိမိ၏ ပြုမူဆောင်ရွက်မှုကြောင့် တခြားသူအနေဖြင့် စိတ်ချမ်းသာသွားသည်။ အကျိုးစီးပွား တစ်စုံတစ်ရာ ဖြစ်ထွန်းသွားသည်ဆိုလျှင် ထိုပြုမူဆောင်ရွက်မှုဟူသော (ကာယကံမှု)တွင် ကောင်းမှုတွေ ကိန်းဝပ်နေသည်။ ကုသိုလ်စာတ်တွေ လင်းလက်နေသည်။

အကယ်တန္တု သူတစ်ပါး၏ အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်း၊ သူတစ်ပါး၏ ဂုဏ်သိက္ခာ ကျဆင်းရာ ကျဆင်းကြောင်း ပြုမူဆောင်ရွက်သည် ဆိုပါစို့။ ထိုသို့ပြုမူဆောင်ရွက်မှုကြောင့် သူတစ်ပါးမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်လျှင် ထိုပြုမူဆောင်ရွက်မှုဟူသော (ကာယကံမှု)တွင် မကောင်းမှုတွေ ကိန်းဝပ်နေသည်။ အကုသိုလ်စာတ်တွေ ထွန်းပနေသည်။

အကြည့်ကလေးတစ်ချက်၊ စကားလေးတစ်ခွန်း၊ အပြုအမူလေးတစ်ခုစီ၌ စွမ်းအင်ကိုယ်စီ ရှိပါသည်။ စေတနာကောင်းနှင့်ယှဉ်သော ကံသုံးပါးတွင် အပြုစွမ်းရည် တည်ကိန်းနေသည်။ ကုသိုလ်စာတ်တွေ ဖြာဖြာဝေနေပေလိမ့်မည်။ ကုသိုလ်စာတ်တွေ ဝေဆာနေသောကြောင့် ကုသိုလ်၏ သဘာဝ ကောင်းကျိုးကိုသာ ပေးပါလိမ့်မည်။ စေတနာဆိုးနှင့် ယှဉ်သော ကံသုံးပါးတွင် အဖျက်စွမ်းရည် တည်ကိန်းနေသည်။ အကုသိုလ်စာတ်တွေ လင်းလက်နေပေလိမ့်မည်။ အကုသိုလ်စာတ်တွေ ဝေဆာနေသောကြောင့် အကုသိုလ်၏ သဘာဝ မကောင်းကျိုး ပေးပါလိမ့်မည်။ ကုသိုလ်ကောင်းမှုကလည်း ထာဝရမပြောင်းမလဲ သူ့သဘောသူ ဆောင်နေမည် ဖြစ်သလို အကုသိုလ် မကောင်းမှုကလည်း ထာဝရမပြောင်းမလဲ သူ့သဘောသူ

ဆောင်နေမည်သာ ဖြစ်ပါသည်။

မကောင်းမှုကို မပြုခြင်းသည် အကောင်းဆုံးနှင့် စိတ်အချရဆုံး 'ဘဝ၏ ကာကွယ်ရေး ဥပဒေသကြီး' ဖြစ်ပါ၏။ ကောင်းမှုကို ပြုပြင်ခြင်းသည် အကောင်းဆုံးနှင့် စိတ်အချရဆုံး 'ဘဝ၏ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေသကြီး' ဖြစ်ပါ၏။ မြတ်စွာဘုရားက ကုသိုလ်ကောင်းမှုနှင့် ပတ်သက်၍ လိုက်နာရန် အချက်နှစ်ချက် သမ္မဒါတရားအဖြစ် ဤသို့ပြည့်နှင့်တော်မူခဲ့ပါ၏။

၁။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း၊

၂။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ကြီးပွားစည်ပင်စိမ့်သောငှာ လွန်စွာ လုံ့လပြုခြင်း။

အကုသိုလ် မကောင်းမှုနှင့် ပတ်သက်၍လည်း–

၁။ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် အားထုတ်ခြင်း၊

၂။ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ဖျက်ခြင်းငှာ အားထုတ်ခြင်းဟူသော အချက်နှစ်ချက်ကို သမ္မဒါတရားအဖြစ် ဟောတော်မူခဲ့ပါသည်။

လောက၏ ဧည့်သည်အဖြစ် လူ့ဘဝခဏတာ ကာလတိုတိုကလေးကို ကျင်လည်ရစဉ်အခိုက် ကောင်းမှုကို ပြုနိုင်သမျှ ပြုသွားမှသာ လူ့ဘဝရကျိုးနပ်ပါလိမ့်မည်။ ကောင်းမှုကုသိုလ်တွေ ပြုဖန်များလေ၊ အကုသိုလ် မကောင်းမှုတွေ နည်းပါးလေ ဖြစ်ပါသည်။ ကုသိုလ်ကောင်းမှုများဖြင့် ထုံမွမ်းနေသော ဘဝကောင်း ဘဝမွန်တစ်ခုကို ပုံဖော်ထုဆစ်နိုင်ပါလိမ့်မည်။

❑

# မိမိကိုယ်ကို တူးဖြိုဖျက်ဆီးသူ

ဤလောက၌ တစ်စုံတစ်ယောက်သော သူသည် သူတစ်ပါး၏ အသက်ကို သတ်၏။ မဟုတ်မမှန်သော စကားကို ပြောဆို၏။ ပိုင်ရှင်မပေးသော သူတစ်ပါး၏ ဥစ္စာကို ခိုးယူ၏။ သူတစ်ပါး၏ မယားကို ပြစ်မှားလွန်ကျူး၏။

သေရည်အရက်ကိုလည်း သောက်လေ့ရှိ၏။ ထိုသူသည် ယခုဘဝ၌ပင်လျှင် မိမိ၏ပင်ရင်း အခြေအမြစ်ကို တူးဖြိုဖျက်ဆီးသည်မည်၏။

(ဓမ္မပဒ၊ ၂၄၆၊ ၂၄၇)

လူသည် မွေးဖွားလာကတည်းက လူ့အဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည်။ လူ့အဖွဲ့အစည်းဝင်တစ်ဦး ဖြစ်လာသည်။ လူ့အဖွဲ့အစည်းဝင်တစ်ဦး ဖြစ်သည့်အားလျော်စွာ အခြားသူတို့နှင့် လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး စသော နယ်ပယ်အသီးသီးတွင် ထိတွေ့ဆက်ဆံကြရသည်။ ဤသို့ လူ့အဖွဲ့အစည်းဝင်အချင်းချင်း ထိတွေ့ဆက်ဆံရာ၌ 'လူ့ကျင့်ဝတ်' ဟူသည် ဖြစ်တည်လာရ၏။ လူ့ကျင့်ဝတ်ဟူသည် မိမိကို အကြောင်းပြု၍ လျက် မည်သူတစ်ဦးတစ်ယောက်နှင့် မည်သည့် သက်ရှိသတ္တဝါကိုမျှ မထိခိုက် မနစ်နာစေသော ကျင့်ဝတ်ကို ဆိုလိုခြင်း ဖြစ်ပါ၏။

အမှန်တော့ လူ့အဖွဲ့အစည်းကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်သည့် တရားစုရှိသလို လူ့အဖွဲ့အစည်းကို မတည်ငြိမ် မအေးချမ်းအောင် ဆောင်ရွက်သည့် တရားစုတို့လည်း ရှိပါသည်။ လူ့အဖွဲ့အစည်းကို သာယာငြိမ်းချမ်းအောင်လုပ်သည့် တရားစုမှာ 'ဓမ္မ' ဖြစ်ပြီး လူ့အဖွဲ့အစည်းကို မတည်ငြိမ် မသာယာအောင် လုပ်သည့် တရားစုမှာ 'အဓမ္မ' ဖြစ်ပါ၏။

အကြင်လူ့အဖွဲ့အစည်း၌ လူ့အဖွဲ့အစည်းဝင်များက ဓမ္မနှင့်အညီ ကျင့်သုံးနေထိုင်မည်ဆိုလျှင် ထိုလူ့အဖွဲ့အစည်းတွင် အဆိုးတရားများ၊ အယုတ်တရားများ၊ ရာဇဝတ်မှုများ၊ ဒုစရိုက်မှုများ ကင်းစင်နေပေလိမ့်မည်။

လူ့အဖွဲ့အစည်းဝင်ဖြစ်သော လူတစ်ဦးတစ်ယောက်အနေဖြင့် အခြားသူတို့၏ အသက်အိုးအိမ်၊ ပစ္စည်းဥစ္စာ၊ ဇနီးမယားတို့အပေါ် မကျူးကျော် မစော်ကား မထိပါးဘဲ နေခြင်းသည် ဓမ္မနှင့်အညီနေခြင်းဟု ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် ငါးပါးသီလ စောင့်ထိန်းခြင်းသည်ပင်လျှင် ဓမ္မနှင့်အညီ နေထိုင်ခြင်းပင် ဖြစ်ပါ၏။ လူတိုင်းကိုယ်စီသာ ငါးပါးသီလကို အစဉ်အမြဲ စောင့်ထိန်းနိုင်ကြမည်ဆိုလျှင် ထိုလူ့အဖွဲ့အစည်းသည် သာယာနေပျော်ဖွယ် ငြိမ်းချမ်းသာယာပေလိမ့်မည်။

စင်စစ် ငါးပါးသီလသည် လူ့အဖွဲ့အစည်းဝင်အချင်းချင်း ထိတွေ့ဆက်ဆံရာတွင် ကျင့်သုံးရန် ပြဋ္ဌာန်းထားသော ကျင့်ဝတ်သီလ ဖြစ်ပါ၏။ လူ့အဖွဲ့အစည်းဝင်အချင်းချင်း ဆက်ဆံရေး ပြေပြစ်ချောမွေ့မှသာ ထိုလူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာပေလိမ့်မည်။ လူ့အဖွဲ့အစည်းတစ်ခုတည်ငြိမ်ရေး၊ အေးချမ်းသာယာရေးမှာ ထိုလူ့အဖွဲ့အစည်းဝင် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားအပေါ် တည်မှီပါသည်။ ထိုကိုယ်ကျင့်တရားမှာ 'ငါးပါးသီလ' ဖြစ်ပါ၏။ လူတိုင်းကိုယ်စီ ငါးပါးသီလ မြဲမြံနေသမျှ လူမှုဆက်ဆံရေး အနေအထား သာယာချောမွေ့နေမည်သာ ဖြစ်ပါ၏။

ဆရာကြီး ဦးရွှေအောင်က ငါးပါးသီလနှင့် စပ်လျဉ်း၍ ရေးခဲ့သည်မှာ မှတ်သားဖွယ်ကောင်းပါ၏။ ဆရာကြီး ရေးသားခဲ့သည်မှာ ဤသို့ပါ။

"မိမိတို့၏ဘဝကို ငြိမ်းချမ်းစေလိုပါလျှင် ဓမ္မအင်အားစုတွင် အခြေခံအကျဆုံးဖြစ်သော ငါးပါးသီလကို စောင့်ထိန်းအပ်၏။ သီလကို လုံခြုံအောင် စောင့်ထိန်းနိုင်သဖြင့် သီလရှိလာသည်နှင့်အမျှ သီလရှိသူ၏ တောင့်တမှု ဟူသမျှသည် ပြည့်စုံ၏ဟူ၍ ကျမ်းဂန်တို့၌ လာရှိပါ၏။ ထို့ကြောင့် မိမိတို့၏ တောင့်တမှုများကို တကယ်တမ်း ပြည့်စုံစေလျှင် သီလရှိအောင် အားထုတ်ရ၏။"

လူသည် ပတ်ဝန်းကျင် အသိုင်းအဝိုင်း၌ နေစဉ် စိတ်ချမ်းသာ၊ ကိုယ် ချမ်းသာနှင့် နေလိုပါက စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနှင့် နေရအောင်

အားထုတ်ဖို့ လို၏။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေရအောင် အားထုတ်နည်းကို ငါးပါးသီလဟူ၍ ကျမ်းဂန်များ၌ ဆို၏။

သိင်္ဂါလောဝါဒသုတ်၌ မြတ်စွာဘုရားက သိင်္ဂါလလုလင်အား ကရုဏာတော်ဖြင့် ရှောင်ကြဉ်ရမည့် 'ကမ္မကိလေသတရား' လေးပါးကို ဟောဖော် ညွှန်ပြတော်မူခဲ့ပါသည်။ ထိုကမ္မကိလေသတရား လေးပါးမှာ (၁) သူ့အသက်ကို သတ်ခြင်း၊ (၂) သူ့ဥစ္စာကို ခိုးယူခြင်း၊ (၃) သူတစ်ပါးသားမယားကို ပြစ်မှား ကျူးလွန်ခြင်း၊ (၄) မဟုတ်မမှန်သော စကားကို ဆိုခြင်းတို့ပင် ဖြစ်ပါ၏။ ဤကမ္မကိလေသတရား လေးပါးသည် အပြစ်မကင်း၊ မှားယွင်းဖောက်ပြန် မမှန်ကန်သည့်အပြင် ယုတ်မာညစ်ညမ်းပါသည်။ အတွင်းအစျွတ္တ မသန့်ရှင်း မစင်ကြယ်သူ၊ ခက်ထန်ကြမ်းကြုတ်သူများသာလျှင် ဤကမ္မကိလေသတရား လေးပါးကို ကျူးလွန်တတ်ပါသည်။

ဤညစ်ထည်းသော ယုတ်ညံ့သော ကမ္မကိလေသတရား လေးပါးကို မရှောင်ရှားနိုင်သေးသမျှ မည်သူမျှ ကမ္မဝိသုဒ္ဓိ မဖြစ်ပါ။ ကံစင်ကြယ်မှု မရှိပါ။ ကံမစင်ကြယ်လျှင် ဘဝလည်း မစင်ကြယ်ပါ။ ကံမသန့်ရှင်းလျှင် ဘဝလည်း မသန့်ရှင်းပါ။ ထို့ကြောင့်လည်း ဘုရားရှင်က သိင်္ဂါလလုလင်ကို–

"သိင်္ဂါလ၊ သင်သည် ကမ္မကိလေသတရားတွေကို ကင်းအောင် ရှောင်ပါမှ လူ့လောကမှာ စားရေးနေရေး သန့်ရှင်းသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်မည်" ဟု ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါ၏။

အမှန်စင်စစ် ငါးပါးသီလဟူသည် လူတို့ အမြဲ စောင့်ထိန်းကျင့်သုံးအပ်သော နိစ္စသီလ ဖြစ်ပါသည်။ ဆရာတော် အရှင်သူမြတ်များထံတွင် သီလခံယူဆောက်တည်ပြီးမှသာ ဆောက်တည်ရသော သီလ မဟုတ်ပါလေ။ အချိန်နှင့်အမျှ၊ နေ့စဉ်နှင့်အမျှ ခံယူဆောက်တည်ရသော သီလ ဖြစ်ပါသည်။ ငါးပါးသီလကို အမြဲစောင့်ထိန်းဖို့ လိုအပ်သောကြောင့် ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံပါစေဟု ဥပမာပေး၍ ပြောဆိုတတ်ကြပါသည်။ သို့တစေ အများအားဖြင့် ဖြစ်တတ်ကြသည်မှာ လူပုံအလယ်တွင် ခါးဝတ်ပုဆိုး ကျွတ်ကျသွားပါက 'ရှက်' တတ်ကြသော်လည်း ငါးပါးသီလထဲမှ တစ်ပါး

ပါး ဖောက်ဖျက်ကျူးလွန်ခြင်းကိုမူ 'ရှက်ရမည့်အရာ' ဟု မှတ်ယူမှုမရှိခြင်း ပင် ဖြစ်ပါ၏။ အမှန်စင်စစ် ငါးပါးသီလ မမြဲမြံခြင်းက လူ့ပုံအလယ်တွင် ခါးဝတ်ပုဆိုး ကျွတ်ကျခြင်းထက် မနိုင်းသာ မယှဉ်သာအောင် အဆများစွာ ပိုပြီး 'ရှက်' ရမည့်အရာ ဖြစ်ပါသည်။

ဤကမ္ဘာလောက၌ ဖြစ်သော အဆိုးတရားများ၊ အယုတ်တရား များ၊ ရာဇဝတ်မှုများ၊ ဒုစရိုက်မှုများကို မွေးဖွားဖန်တီးပေးသော တရားခံများမှာ 'ငါးပါးသီလ မစောင့်ထိန်းသူများ' သာ ဖြစ်ပါ၏။ လူ့အဖွဲ့အစည်းကို မတည်ငြိမ်စေသူ၊ ဆူပွက်စေသူ၊ အကျည်းတန်စေသူများ မှာ 'ငါးပါးသီလ မလုံခြုံသူများ' သာ ဖြစ်ပါ၏။

လူအပါအဝင် သက်ရှိသတ္တဝါတို့၏ အခြေခံအကျဆုံးနှင့် အကြီး မားဆုံး လိုအင်ဆန္ဒမှာ 'သက်ရှင် တည်မြဲလိုရေး' ပင် ဖြစ်ပါသည်။ ဤ လိုအင်ဆန္ဒမှာ ဘဝတဏှာဟူသမျှတွင် အကြီးအမှူး အဦးအဆောင် ဖြစ်ပါ သည်။ လူနှင့် သက်ရှိသတ္တဝါတိုင်း၏ အတွယ်တာဆုံး၊ အတပ်မက်ဆုံး၊ အမြတ်နိုးဆုံးအရာမှာ သူတို့၏အသက်နှင့် ခန္ဓာ ဖြစ်ပါ၏။ မိမိသည်လည်း မိမိ၏ အသက်နှင့် ခန္ဓာကိုယ် မြဲမြံစေလိုသည်။ အခြားသူနှင့် သက်ရှိ သတ္တဝါတို့လည်း မိမိကဲ့သို့ပင် အသက်နှင့် ခန္ဓာကိုယ် တည်မြဲလိုပေလိမ့် မည်။ ထိုအချက်အပေါ် ကိုယ်ချင်းစာလျက် လူနှင့် အခြားသက်ရှိ သတ္တဝါ တို့၏ အသက်ရှင်တည်မြဲမှုကို မထိပါးစေဖို့ လိုပါသည်။ မိမိ၏ လှုံ့လ ပယောဂကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ၊ မည်သည့် သက်ရှိသတ္တဝါ တစ်ကောင်တလေမျှ အသက်နှင့်ခန္ဓာ မကြေပျက်စေသင့်ပါ။ သူတစ်ပါး ၏ အသက်ကို မသတ်ခြင်းမှာ သူတစ်ပါး၏ အသက်ခန္ဓာကို စောင့်ရှောက် ရသကဲ့သို့ မိမိကိုယ်ကိုယ်လည်း စောင့်ရှောက်ရာ ရောက်ပါသည်။ ပါဏာတိပါတကံကို မကျူးလွန်ခြင်းသည် မိမိ၏ဘဝ ကာကွယ်ရေး ဥပဒေသဟု ဆိုနိုင်ပါသည်။ အကယ်၍ ပါဏာတိပါတကံကို ကျူးလွန်မိပြီ ဆိုလျှင် ထိုအကုသိုလ်မှ ထွက်ပေါ်လာမည့် ဆိုးကျိုးပေးမှုကို မလွဲဧကန် အမှန်ခံစားရပေလိမ့်မည်။

မိမိနှင့်ဆက်ဆံရသူများအပေါ် မိမိက မေတ္တာ ကရုဏာ ထားမည် ဆိုလျှင် မိမိအနေဖြင့် ပါဏာတိပါတကံကို မည်သည့်အခါမျှ ကျူးလွန်

မည် မဟုတ်ပါ။ အမှန်စင်စစ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာမည်သော ဗြဟ္မစိုရ်တရားသာ ရင်တွင်း၊ နှလုံးတွင်း၌ အစဉ်ကိန်းအောင်းနေသူအဖို့ ငါးပါးသီလ စောင့်ထိန်းဖို့မှာ ခက်ခဲသောအရာ မဟုတ်ပါချေ။

လူတိုင်းသည် မိမိ မိသားစု၏ ဘဝရပ်တည်ရေးအတွက် လိုအပ်သော ငွေကြေးဥစ္စာများကို ကာယအား၊ ဉာဏအားတို့ကို အရင်းအနှီးပြုလျက် ရှာဖွေကြရသည်။ ပင်ပန်းကြီးစွာ ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာများကို သုံးသင့်တာသုံးပြီး နောင်ရေးနောင်တာအတွက် စုဆောင်းသင့်တာစုဆောင်းထားကြရပေသည်။ ထိုသို့ စုဆောင်းထားသော ပစ္စည်းဥစ္စာငွေကြေးများ ပျောက်ဆုံးသွားမည်ကို မည်သူမျှ မလိုလားပါ။ မိမိသည် မိမိ၏ပစ္စည်းဥစ္စာများ မသုံးစွဲရမှုလျက် မပျောက်ဆုံးစေလိုပါ။ ထို့အတူ အခြားသူတို့လည်း သူတို့ ပင်ပန်းတကြီး နှစ်ရှည်လများ ရှာဖွေစုဆောင်းထားသော ငွေကြေးဥစ္စာများကို ပျောက်ဆုံးစေလိုခြင်း ရှိမည်မဟုတ်ပါ။ မိမိ၏ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုအပေါ် မိမိ တန်ဖိုးထားသလို အခြားသူတို့လည်း သူတို့ ပိုင်ဆိုင်သော ငွေကြေးဥစ္စာတို့အပေါ် တန်ဖိုးထားပေလိမ့်မည်။ နှမြောစုံမက်ပေလိမ့်မည်။ ဤသို့ ကိုယ်ချင်းစာလျက် အခြားသူတို့ပိုင်ပစ္စည်းဥစ္စာများကို ကိုယ်ချင်းစာစိတ်ကင်းမဲ့ကာ ခိုးယူခြင်း မပြုထိုက်ပါပေ။

အခြားသူတို့၏ ပစ္စည်းပိုင်ဆိုင်မှုအပေါ် အသိအမှတ်ပြုဖို့ လိုပါသည်။ သူတစ်ပါးပိုင်ပစ္စည်းကို မခိုးယူခြင်းသည် သူတစ်ပါးပိုင် ပစ္စည်းဥစ္စာကို စောင့်ရှောက်ရာရောက်သလို မိမိပိုင်ပစ္စည်းကိုလည်း စောင့်ရှောက်ရာရောက်ပါ၏။ အဘယ်ကြောင့်ဆိုသော် ကံမှန်သမျှ တူသောအကျိုးပေးတတ်ရာ အဒိန္နာဒါနကံကို မကျူးလွန်သူအနေဖြင့် သူ၏ပစ္စည်းဥစ္စာလည်းလုံခြုံပေလိမ့်မည်။

ခင်ပွန်းယောကျ်ားမှန်သမျှ မိမိတို့၏ဇနီးမယားကို ချစ်ခင်မြတ်နိုးကြသည်ချည်း ဖြစ်ပါ၏။ တွယ်တာမက်မောကြသည်ချည်း ဖြစ်ပါ၏။ မိမိ၏ ဇနီးမယားကို အခြားတစ်ပါးသော ယောကျ်ားနှင့် လွန်လွန်ကဲကဲရင်းရင်းနှီးနှီး ဆက်ဆံသည်ကိုပင် သည်းမခံချင်တတ်ကြပါ။ ဖောက်လှဲဖောက်ပြန် လွန်လွန်ကျူးကျူး ဆက်ဆံမည်ဆိုလျှင် ထိန်းမရသော ဒေါသသည် ဗုံးတစ်လုံးနယ် ပြင်းပြင်းထန်ထန် ပေါက်ကွဲပေတော့သည်။ မိမိ

သည်လည်း မိမိ၏ ဇနီးမယားအပေါ် ဤသို့သဘောထားသလို အခြား လင်ယောကျ်ားတိုင်းလည်း ဤသို့သာ သဘောထားပေလိမ့်မည်။ ဤ ခံစားမှုကို ကိုယ်ချင်းစာနာလျက် သူတစ်ပါး သားမယားနှင့် လွန်လွန် ကျူးကျူး ဖောက်လှဲဖောက်ပြန် မဆက်ဆံအပ်ပါပေ။

ဖောက္ခဗ္ဗအာရုံ၌ ယုတ်မာသောင်းကျန်းသော ကာမေသုမိစ္ဆာစာရကံ ၏ ပြစ်ဒဏ်ခတ်ခြင်း ခံရသောအခါ အရနှင့်အပေး မမျှတော့ပေ။ တဒင်္ဂမျှ သော ဖောဋ္ဌဗ္ဗအာရုံ ခံစားမှုအတွက် မိမိ၏ဂုဏ်သိက္ခာတစ်ခုလုံး လဲပြီးကျ ဆင်းကာ လူမှုဝန်းကျင်တွင် လူရာမဝင်တော့ပေ။ ကံမကောင်း အကြောင်း မလှပါက အသက်ကိုပင် လျော်ကြေးအနေဖြင့် ပေးဆပ်ရတတ်ကြောင်း မှုခင်းသတင်းအချို့က သက်သေခံလျက်ရှိပါသည်။ သူတစ်ပါး၏ ဇနီး မယားနှင့် ကာမအရာ၌ မှားယွင်းကျူးလွန်ခြင်းသည် လောကပါလအကျင့် များအနက် များစွာအပြစ်ကြီးသော အကျင့်ယုတ်ဟု ဆိုနိုင်ပါ၏။

ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ ကံသုံးပါးရှိရာတွင် လူတော်တော် များများက ဝစီကံကို ပေါ့ပေါ့ဆဆ သဘောထားတတ်ကြပါသည်။ အရေးကြီးသော 'ကံ' ဟု အသိအမှတ်ပြုထားဟန်မတူ။ အမှန်စင်စစ် လူမှု ဆက်ဆံရေးတွင် ဝစီကံကို အသုံးပြု၍ ဆက်ဆံကြချေရာ 'ဝစီကံ' မှန်ကန် ဖို့ အရေးကြီးပါ၏။ မှန်သောစကားကို ပြောဆိုမှသာ တစ်ဖက်သူက မှန်တာကို သိမည်။ မှန်တာကို သိမှ ထိုအမှန်သိအပေါ် မူတည်ပြီး ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်တို့ကို မှန်မှန်ကန်ကန် အကျိုးရှိရှိ ဆောင်ရွက်နိုင်ပါလိမ့်မည်။ အမှားကို ပြောလိုက်လျှင် ကြားရသူက အမှား သိအပေါ် အခြေခံပြီး အမှားတွေကို လုပ်မိပေတော့မည်။ မိမိ၏ မုသာဝါဒ ကြောင့် တစ်ဖက်သူအနေဖြင့် အကျိုးစီးပွားမဲ့သွားလျှင် မုသားပြောသူ ကိုယ်တိုင်လည်း အပြစ်မကင်းတော့ပေ။

ငါးပါးသီလ ပျက်ယွင်းခြင်းသည် လူ၏တန်ဖိုးအရှိဆုံး ကိုယ်ကျင့် တရား ပျက်ယွင်းခြင်းပင် ဖြစ်သည်။ အမှန်စင်စစ် ကိုယ်ကျင့်တရား ဟူ သည် သံသရာတစ်လျှောက်လုံး မြဲလျက်ရှိသော ကျောက်ပြားကြီး အပေါ် တွင် ရေးထိုးထားသောတရား ဖြစ်ပါသည်။ တစ်ခဏမျှသာ မဟုတ်ပါ။ တစ်ဘဝတာမျှကိစ္စ မဟုတ်ပါ။ သံသရာနှင့်ဆိုင်သောကိစ္စ ဖြစ်ပါသည်။

အထက်ဖော်ပြပါ 'ဓမ္မပဒ' လာ ဘုရားရှင်၏ ငါးပါးသီလ ပျက်ယွင်းသူသည် မိမိ၏ ပင်ရင်းအခြေအမြစ်ကို တူးဖြိုဖျက်ဆီးသူမည်၏ ဟူသော အဆုံးအမတော်ကို အလေးအနက် ဦးထိပ်ပန်ဆင်လျက် ငါးပါး သီလကို လုံခြုံအောင် စောင့်ထိန်းအပ်ပါသည်။

❐

## မြတ်စွာဘုရား ဟောကြားသော အကြောက်ပြေနည်း

'အချင်းတို့၊ စစ်မြေပြင်သို့ သွားသော သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းများ ဖြစ်ခဲ့သော် ငါ၏ တံခွန်များကို ကြည့်ကြကုန်လော့။ ယင်းသို့ကြံစည်ခဲ့သော် သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း စသည် ပျောက်ကင်းလိမ့်မည်။ အကယ်၍ သင်တို့သည် ငါ၏ တံခွန်များကို မကြည့်မိသော် ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာန နတ်မင်းတို့တွင် တစ်ပါးပါးသော နတ်မင်း၏တံခွန်များကို ကြည့်ကြကုန်လော့။ ယင်းသို့ ကြည့်ခဲ့သော် သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း စသည် ကင်းပျောက်လိမ့်မည်။

'ရဟန်းတို့၊ သိကြားမင်း၏ တံခွန်များကိုသော်လည်းကောင်း၊ ပဇာပတိနတ်မင်း စသောနတ်မင်းတို့၏ တံခွန်များကိုသော်လည်းကောင်း ကြည့်ကုန်သော နတ်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်းစသည် ပျောက်ကင်းသည်လည်း ရှိရာ၏။ မပျောက်ကင်းသည်လည်း ရှိရာ၏။ အဘယ်ကြောင့်ဆိုသော် သိကြားမင်းနှင့် နတ်မင်းတို့သည် ရာဂ၊ ဒေါသ၊ မောဟ မကင်းသေး၍ ကြောက်ရွံ့ထိတ်လန့်တတ်သူ ဖြစ်သောကြောင့်ပေတည်း။

'ရဟန်းတို့၊ ငါသည်လည်း ဤသို့ဆို၏။ တောတောင်၊ သစ်ပင်ရင်း ဆိတ်ငြိမ်ရာ အရပ်တစ်ခုခုသို့ ကပ်ရောက်၍ နေကုန်သော သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း ဖြစ်ပေါ်ခဲ့သော် သင်တို့သည် ငါ့ကိုသာလျှင် အောက်မေ့ကြကုန်လော့။

'အကယ်၍ ငါ့ကို မအောက်မေ့မိကုန်သော် တရားတော်ကို အောက်

မေ့ကြကုန်လော့။ အကယ်၍ တရားတော်ကို မအောက်မေ့မိကုန်သော် သံဃာတော်ကို အောက်မေ့ကြကုန်လော့။

'ယင်းသို့ အောက်မေ့ခဲ့သော် သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း စသည် ကင်းပျောက်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရား သည် ရာဂ၊ ဒေါသ၊ မောဟကင်း၍ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိသူ ဖြစ်သောကြောင့်တည်း။'

ဗုဒ္ဓသည် ယင်းသို့မိန့်ကြားတော်မူပြီး အောက်ပါဂါထာကို မြွက်ဆို တော်မူလေသည်။

"ရဟန်းတို့၊ တော၌ဖြစ်စေ၊ သစ်ပင်ရင်း၌ဖြစ်စေ၊ ဆိတ်ငြိမ်ရာ အရပ်၌ ဖြစ်စေ၊ သင်တို့သည် မြတ်စွာဘုရားကို အောက်မေ့ကြကုန်လော့။ ယင်းသို့ အောက်မေ့ခဲ့သော် သင်တို့သည် ကြောက်ခြင်းမဖြစ်ရာ။

မြတ်စွာဘုရားကို အကယ်၍ မအောက်မေ့မိကုန်သော် ဆင်းရဲမှ လွတ်မြောက်ကြောင်း ဖြစ်သည့် ကောင်းစွာ ဟောကြားအပ်သော တရား တော်ကို အောက်မေ့ကြကုန်လော့။ အကယ်၍ တရားတော်ကို မအောက် မေ့မိကုန်သော် ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးရာ အမြတ်ဆုံး လယ်မြေဖြစ် သော သံဃာတော်ကို အောက်မေ့ကြကုန်လော့။

ရဟန်းတို့၊ ဤသို့ ဘုရား၊ တရား၊ သံဃာကို အောက်မေ့သော သင်တို့အား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းသည် ဖြစ်တော့မည်မဟုတ်"။

**[သံယုတ္တနိကာယ်၊ သဂ္ဂါသံယုတ်၊ ဓဇဂ္ဂသုတ်၊ ပိဋကတ် အနှစ်ချုပ် သံယုတ္တနိကာယ် (ဒဂုန်ဦးစန်းငွေ)၊ စာ-၁၆၆]**

လွန်ခဲ့သော နှစ် ၂၀ ခန့်က ဖြစ်ပါသည်။ နာရေးအိမ်က ပြန်လာ တော့ ည ၁၀ နာရီကျော်ပြီ။ အပြန်လမ်းတွင် ကွက်သစ်နှင့် မြို့မရပ်ကွက် ကို ဆက်သွယ်ထားသော လမ်းကျဉ်းတစ်ခုကို ဖြတ်သန်းရသည်။ ထိုလမ်း ကျဉ်းတွင် ဓာတ်မီးတိုင် ရှိသော်လည်း ထိုညက မီးပွင့်တို့ မလင်း၊ လမိုက် ညလည်း ဖြစ်တော့ မှောင်နှင့်မည်းမည်း လမ်းကျဉ်းကလေးထဲ ဖြတ်သန်း စဉ် 'ဖြန်းခနဲ၊ ဖြန်းခနဲ' ကြက်သီးမွေးညင်း ထမိသည်။ စိတ်က ဟိုသည် မစွဲလမ်းဘဲ ကြက်သီးထခြင်း ဖြစ်လေရာ သည်ဝန်းကျင်က မသန့်လို့ပဲဟု

စိတ်ထဲမှာ မှတ်ထင်ရင်း အထက်ပါ ဓဇဂ္ဂသုတ်လာ ဘုရားရှင်၏ အဆုံး အမတော်ကို သတိရလိုက်မိသည်။ ထိုသို့ သတိရလိုက်သည်နှင့် ဘုရားရှင် ၏ ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်သည်။ ထိုသို့နှလုံးသွင်း ရွတ်ဆိုလိုက်သည်နှင့် မကြာမီမှာပင် ကြက်သီးမွေးညင်းထခြင်းတို့ ပြေပျောက်လွင့်စဉ်သွားသည်။ စိတ်သည်လည်း တည်ငြိမ်ခိုင်ခံ့လာသည်။

ဝန်ထမ်းဘဝတုန်းက ကျေးလက်တောရွာအနှံ့ ခရီးသွားလာခဲ့ရဖူး သည်။ တစ်ခါက ဖြစ်ပါသည်။ လုပ်ငန်းလက်စသတ်တော့ ည ၉ နာရီ ကျော်ပြီ။ အိမ်ရှင်က မနက်ကျမှပြန်ပါဟု ပြောသော်လည်း ညတွင်းချင်းပင် ခရီးနှင်ခဲ့သည်။ အိမ်ရှင်၏ ပဲ့ထောင်ရေယာဉ်ပေါ်မှာ မောင်းသူနှင့် ကျွန်တော် နှစ်ယောက်တည်း၊ အဆင်မပြေချင်တော့ စက်က မကြာခဏ ချွတ်ယွင်းသဖြင့် ခဏခဏ ပြင်နေရသည်။ ခရီးမတွင်၊ တစ်နေရာအရောက် တွင်မူ စက်က ရုတ်တရက် ထိုးရပ်သွားသည်။ မည်သို့မျှ ပြင်၍ မရတော့။ လမိုက်ညဖြစ်ရာ ရေစုန်ဖြင့် မျှော၍ နီးစပ်ရာ ကမ်းတစ်ခုတွင် ပဲ့ထောင်ကို ထိုးစိုက်ထားရလေတော့သည်။ အိပ်စက်ရုံမှအပ အခြားမရှိပြီ။ ပဲ့ထောင်ထဲ တွင် အိပ်မပျော်မီ ဘုရားရှင်၏ ဂုဏ်တော်တွေကို မြန်မာပြန်အဓိပ္ပာယ်နှင့် ယှဉ်တွဲလျက် အကြိမ်ကြိမ်ရွတ်ဆို နှလုံးသွင်းရင်း မေးခနဲအိပ်ပျော်သွားခဲ့ သည်။

"အစ်ကို ထတော့၊ မြို့သွားမယ့် ပဲ့ထောင်ကြုံ ရောက်နေပြီ"

ပဲ့ထောင်မောင်းသူလူငယ်က နှိုးတော့ အိပ်စက်ရာမှ နိုးလာသည်။ ကံကောင်းချင်တော့ ပဲ့ထောင်ကြုံပေါ်က လူကလည်း ကျွန်တော်နှင့် ရင်းနှီး သိကျွမ်းသူ ဖြစ်နေသည်။ သို့ဖြင့် ပဲ့ထောင်ကြုံပေါ် ပြောင်းတက်နေဆဲမှာပင် ပဲ့ထောင်ကြုံပေါ်က ၅သူက သူ့လက်နှိပ်ဓာတ်မီးဖြင့် ကမ်းစပ်ကို ထိုးပြရင်း

"ခင်ဗျားတို့ ပဲ့ထောင်ကလည်း သုသာန်မှာမှ လာစိုက်ထားရတယ် လို့. ဟိုမှာ ကြည့်စမ်း၊ ရေစပ်မှာ ခေါင်းတစ်လုံးက တစ်ပိုင်းပေါ်နေတယ်"

ဟု ပြောပါသည်။ ဩော်... သုသာန်အနီးမှာ အိပ်စက်နေခဲ့မိသော် လည်း ဘုရားရှင်၏ ဂုဏ်တော်တန်ခိုးကြောင့် မည်သည့်စိုးထိတ်မှု၊ မသိုး မသန့်ဖြစ်မှုမှ မခံစားခဲ့ရပါ။

ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်က အနာထပိဏ်သူဌေး

ကြီးသည် ကုန်ရောင်းကုန်ဝယ်သွားရင်း ရာဇဗြိုဟ်သူဌေးကြီးထံတွင် တည်းခိုနေထိုင်ပါသည်။ ထိုသို့ တည်းခိုနေထိုင်စဉ် 'ဘုရား' ဟူသော အသံကို ကြားရုံမျှဖြင့် ပီတိဖြာလျက် ဖူးမြော်လိုသော စိတ်စောနေသဖြင့် အိပ်၍ မပျော်။ ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြု နှလုံးသွင်းနေသော ကြောင့် သူဌေးကြီး၏ ခန္ဓာကိုယ်မှ အလင်းရောင်ထွက်လာရာ ထိုအလင်း ရောင်ကြောင့် မိုးလင်းပြီဟုထင်ပြီး မြို့ပြင်သို့ တစ်ယောက်တည်း ထွက်လာ ခဲ့သည်။ မြို့ပြင်မှထွက်ပြီး သုသာန်ကို ကျော်ဖြတ်သွားမှသာလျှင် မြတ်စွာ ဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိမည်ဖြစ် ပါသည်။ သုသာန်ထဲအရောက် ပုပ်ဆွေးနံဟောင်နေသော လူသေ အလောင်းများ ခွေးတစီစီ ယင်တရုန်းရုန်း ဖြစ်သောကြောင့် သူဌေးကြီးမှာ ကြက်သီးမွေးညင်းများထကာ ကျောချမ်းသွားတော့သည်။ သူဌေးကြီး၏ အတွင်းသန္တာန်တွင် ကြောက်စိတ်၊ အပူစိတ်များ ဝင်လာသည်နှင့် ဗုဒ္ဓပီတိ အအေးဓာတ်များ ကင်းပသွားပြီး ခန္ဓာကိုယ်မှထွက်သော အလင်းရောင် လည်း ပျောက်လေတော့သည်။ ထိုအခါ တောစောင့်နတ်များက–

"သူဌေးကြီး ရှေ့ကိုသာ ဆက်သွားပါ။ ဘုရားအာရုံဖြင့် သွားရ သော ခြေတစ်လှမ်း၏ တန်ဖိုးသည် လောကီစည်းစိမ်နှင့် မနှိုင်းယှဉ်အပ် ပါ"

ဟု ပြောသောကြောင့် သူဌေးကြီးသည် နောက်မှာ အဖော်တွေပါ သားပဲဟု အားတက်ကာ တစ်ဖန် ဘုရားဂုဏ်တော်များကို ပြန်၍ နှလုံးသွင်း လေရာ အရောင်အဝါများ ပြန်ထွက်လာတော့သည်။ မိုးမလင်းမီတွင်ပင် ဘုရားရှင်ထံ အဖူးအမြော် ရောက်သွားသည်။

မြတ်စွာဘုရားသည် ကိလေသာဟူသမျှ မြူမျှမကျန်အောင် ကင်း စင်သော အရဟံဂုဏ်ရှင် ဖြစ်တော်မူပါသည်။ မြတ်စွာဘုရားရှင်၏ ဂုဏ် တော်များ၌ အနှိုင်းမဲ့ အအေးဓာတ်၊ အငြိမ်းဓာတ်များ ကိန်းဝပ်နေပါသည်။ တုနှိုင်းမဲ့ သန့်ရှင်းကြည်လင်သော ဂုဏ်တော်များကို ကြည်ညိုစွာ နှလုံး သွင်း ဆင်ခြင်သူ၊ ရွတ်ဖတ်သရဇ္ဈာယ်သူ၏ အတွင်းသန္တာန်တွင် အအေး ဓာတ်များ ကူးစက်လွှမ်းတင်လာသည်။ ဂုဏ်တော်များကို ထုံမွမ်းကြည်ညို နေစဉ်အခိုက် စိတ်နှလုံးသည် ဟိုသည် ယောက်ယက်မခတ်၊ ယိမ်းယိုင်

လှုပ်ရှားမှု မရှိ။ ပကတိ တည်ကြည်ငြိမ်သက်လာသည်။ ရင့်ကျက်ခိုင်မာလာသည်။

ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က 'ရတနာသုံးပါးကျေးဇူး' စာအုပ် (စာ-၂၀၇၊ ၂၀၈)တွင် အင်္ဂုတ္တရ ၂၊ ဆက္က၊ မဟာနာမသုတ်-၂၅ ကို မှီငြမ်းလျက် ဂုဏ်တော်ပွားများခြင်း၏ အကျိုးကျေးဇူးများကို အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

"မဟာနာမ်၊ အရိယာဖြစ်သော သာဝက (တပည့်တော်)သည် မြတ်စွာဘုရားရှင်၏ ကျေးဇူးဂုဏ်ကို အောက်မေ့ဆင်ခြင်နေသောအခိုက် ဆင်ခြင်နေသမျှ-

၁။ ရာဂဖိစီးနှိပ်စက်သော စိတ်မဖြစ်ရတော့ပြီ။

၂။ ဒေါသဖိစီးနှိပ်စက်သော စိတ်မဖြစ်ရတော့ပြီ။

၃။ မောဟဖိစီးနှိပ်စက်သော စိတ်မဖြစ်ရတော့ပြီ။

၄။ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့ကိုသာ နှလုံးသွင်းလျက် (တစ်သမတ်တည်း) ဖြောင့်မတ်သော စိတ်အစဉ် ဖြစ်လျက်ရှိနေ၏။

၅။ ဖြောင့်မှန်သော စိတ်အစဉ်ရှိသော အရိယာသာဝက (ယောဂီ) သည် အကြောင်းအမျိုးမျိုး၊ အနက်အဓိပ္ပာယ်ကို ဆင်ခြင်၍ ဖြစ်သော နှစ်သက်ဝမ်းမြောက်မှုကို ရ၏။

၆။ အကြောင်းခြင်းရာနှင့် ဒေသနာပါဠိကို ဆင်ခြင်၍ ဖြစ်သော နှစ်သက်ဝမ်းမြောက်မှုကို ရ၏။

၇။ ကြောင်းကျိုးနှစ်ဖြာ သဒ္ဒါအနက်ကို ဆင်ခြင်၍ တရားနှင့်စပ်သော နှစ်သက်ဝမ်းမြောက်မှုကို ရ၏။

၈။ နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည့် ယောဂီသည် ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းကို ရ၏။

၉။ နှစ်သက်ဝမ်းမြောက်မှုရှိသော ယောဂီအား အလွန်နှစ်သက်ဝမ်းမြောက်မှု ပီတိငါးမျိုးသည် ဖြစ်၏။

၁၀။ ကိုယ်စိတ်ငြိမ်းအေးသော ယောဂီသည် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းကို ခံစားရ၏။

၁၁။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသော ယောဂီ၏ စိတ်သည်

ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာ စူးစိုက်ရပ်တည်၍ နေ၏။ တည်ကြည်၏။ (သမာဓိဖြစ်လျှင် အသိဉာဏ်ပညာများ တိုးပွားတော့သည်သာ။)

ဘုရားရှင်၏ ဂုဏ်တော်များကို နှလုံးသွင်း ဆင်ခြင်ပွားများခြင်းသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဖြစ်ပါ၏။ ဗုဒ္ဓါနုဿတိဂုဏ်တော်ပွားခြင်း၏ အကျိုးအာနိသင်ကို (ဝိသုဒ္ဓိမဂ် ၁၊ ၂၀၁၆)တွင် ဤသို့ဖော်ပြထားပါသည်။

၁။ မြတ်စွာဘုရားအပေါ်၌ ရိုသေလေးစားမှု၊ တုပ်ဝပ်ကျိုးနွံမှု ရှိလာခြင်း၊

၂။ ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးကို သက်ဝင်ယုံကြည်စိတ်ရှိခြင်း၊ အမှန်သတိကောင်းခြင်း၊

၃။ နှစ်သက်ဝမ်းမြောက်မှု များပြားလာခြင်း၊

၄။ ကြီးကြီးငယ်ငယ် အသွယ်သွယ်သော ဘေးရန်နှင့် ဆင်းရဲဒုက္ခမှန်သမျှ ခံနိုင်ရည်ရှိလာခြင်း၊

၅။ မြတ်စွာဘုရားနှင့် အတူတကွ နေရသည်ဟု မှတ်ထင်ရခြင်း (အားကိုးရမည့်သူ၊ အကာအကွယ်ပေးမည့်သူ ရှိနေသည်၊ ကိုးကွယ်ရာရထားသည်။)၊

၆။ မိမိတစ်ကိုယ်လုံး ဂုဏ်တော်များ မွှမ်းထုံစိမ့်ဝင်နေပြီဖြစ်၍ ဂန္ဓကုဋီစေတီတော်ကဲ့သို့ အပူဇော်ခံထိုက်သူ ဖြစ်လာခြင်း၊

၇။ ဂုဏ်တော်ပွားများဖန်များလျှင် ဘုရားဖြစ်ခြင်း၏ ကျေးဇူးဂုဏ်မြင့်မြတ်သည်ကို အားကျ၍ ဘုရားဖြစ်ရန် စိတ်ညွတ်လာခြင်း၊

၈။ မိမိရှေ့တွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အမြဲကြွရောက် သီတင်းသုံးနေသကဲ့သို့ရှိ၍ တစ်စုံတစ်ခု မကောင်းမှုပြုလုပ်ရန် ရှက်ရွံ့ကြောက်လန့်နေခြင်း၊

၉။ အကြောင်းမပြည့်စုံသေး၍ အထက်ဘက်ဖြစ်သော ဈာန်မဂ်ဖိုလ်ကို မရ၊ မရောက်နိုင်သေးစေကာမူ သုဂတိဘဝ (လူကောင်း၊ နတ်ကောင်းဖြစ်ရန်) သေချာခြင်း။

ဘုရားရှင်၏ ဂုဏ်တော်များကို ကြည်ညိုနှလုံးသွင်းရာ၌ ပထမဦးစွာ ဂုဏ်တော်တစ်ပါးချင်းစီ၏ အဓိပ္ပာယ်ကို သိရှိနားလည်အောင် အားထုတ်လေ့လာသင့်ပါသည်။ အဓိပ္ပာယ်ကို သိမှသာ သိမြင်နားလည်မှုနှင့်

ယှဉ်သော သဒ္ဒါတရား နှလုံးသားထဲ တစိမ့်စိမ့် ဝင်ရောက်လာပါလိမ့်မည်။

အကယ်တန္တု ကံမကောင်း အကြောင်းမလှစွာ ထိတ်လန့်ဖွယ် ကြောက်ဖွယ် အခြေအနေ တစ်စုံတစ်ရာနှင့် ကြုံဆုံရသည့်အခါတိုင်း အထက်ပါ ဓဇဂ္ဂသုတ်တော်လာ မြတ်စွာဘုရား၏ မိန့်တော်မူချက်ကို သတိရပြီး ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို နှလုံးသွင်း ရွတ်ဖတ်ပွားများအပ်ပါသည်။ မြတ်စွာဘုရား ဟောကြားသော 'အကြောက်ပြေနည်း' မှာ အကောင်းဆုံးနှင့် စိတ်အချရဆုံး အကြောက်ပြေနည်းဖြစ်ကြောင်း လက်တွေ့ကျင့်သုံးလျှင် သိမြင်လာပါလိမ့်မည်။

▢

# မြတ်သောအမျိုး၌ ဖြစ်စေတတ်သော အကြောင်း

လုလင်၊ ဤလောက၌ အချို့သောသူသည် ခက်ထန်၏။ အလွန်မာနကြီး၏။ ရှိခိုးထိုက်သူကို ရှိမခိုး၊ ခရီးဦးကြို ပြုထိုက်သူကို ခရီးဦးကြို မပြု၊ နေရာပေးထိုက်သူကို နေရာမပေး၊ လမ်းရှောင်ပေးထိုက်သူကို လမ်းရှောင် မပေး၊ ရိုသေထိုက်သူကို မရိုသေ၊ လေးစားထိုက်သူကို မလေးစား၊ မြတ်နိုးထိုက်သူကို မမြတ်နိုး၊ ပူဇော်ထိုက်သူကို မပူဇော်။ ထိုသူသည် ထိုမကောင်းမှုအတွက် သေသောအခါ အပယ်ငရဲကျ၏။ အကယ်၍ အပယ်ငရဲမကျဘဲ လူဖြစ်ရလျှင် ယုတ်ညံ့သော အမျိုး၌ ဖြစ်ရ၏။

လုလင်၊ ခက်ထန်ခြင်း၊ မာနကြီးခြင်း၊ ရှိခိုးထိုက်သူကို ရှိမခိုးခြင်း၊ ခရီးဦးကြို ပြုထိုက်သူကို ခရီးဦးကြို မပြုခြင်း၊ နေရာပေးထိုက်သူကို နေရာမပေးခြင်း၊ လမ်းရှောင်ပေးထိုက်သူကို လမ်းရှောင်မပေးခြင်း၊ ရိုသေထိုက်၊ လေးစားထိုက်၊ မြတ်နိုးထိုက်၊ ပူဇော်ထိုက်သူကို မမြတ်နိုးခြင်း၊ မရိုသေခြင်း၊ မလေးစားခြင်း၊ မပူဇော်ခြင်းသည် ယုတ်ညံ့သော အမျိုး၌ ဖြစ်စေတတ်သော အကြောင်းဖြစ်၏။

အချို့သောသူသည် စိတ်နှလုံး နူးညံ့ပျော့ပျောင်း၏။ မာနမကြီးတတ်၊ ရှိခိုးထိုက်သူကို ရှိခိုး၏။ ခရီးဦးကြို ပြုထိုက်သူကို ခရီးဦးကြိုပြု၏။ နေရာပေးထိုက်သူကို နေရာပေး၏။ လမ်းရှောင်ပေးထိုက်သူကို လမ်းရှောင်ပေး၏။ ရိုသေထိုက်သူကို ရိုသေ၏။ လေးစားထိုက်သူကို လေးစား၏။ မြတ်နိုးထိုက်သူကို မြတ်နိုး၏။ ပူဇော်ထိုက်သူကို ပူဇော်၏။ ထိုသူသည် ထိုကောင်းမှုအတွက် သေသောအခါ နတ်ရွာသုဂတိသို့ ရောက်ရ၏။

နတ်ရွာသုဂတိသို့ မရောက်ဘဲ လူဖြစ်ရလျှင် မြင့်မြတ်သော အမျိုး၌ ဖြစ်ရ၏။

လုလင်၊ စိတ်နှလုံး ပျော့ပျောင်းခြင်း၊ မာနမကြီးခြင်း၊ ရှိခိုးထိုက်သူကို ရှိခိုးခြင်း၊ ခရီးဦးကြို ပြုထိုက်သူကို ခရီးဦးကြိုပြုခြင်း၊ နေရာပေးထိုက်သူကို နေရာပေးခြင်း၊ လမ်းရှောင်ပေးထိုက်သူကို လမ်းရှောင်ပေးခြင်း၊ ရိုသေထိုက်သူ၊ လေးစားထိုက်သူ၊ မြတ်နိုးထိုက်သူ၊ ပူဇော်ထိုက်သူကို ရိုသေခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်းသည် မြင့်မြတ်သော အမျိုး၌ ဖြစ်စေတတ်သော အကျင့်ဖြစ်၏။

(ဥပရိပဏ္ဏာသ၊၄-ဝိဘင်္ဂဝဂ်၊ ၅-စူဠကမ္မဝိဘင်္ဂသုတ်)

[ဗုဒ္ဓ၏ ဩဝါဒ အမြုတေ(၂)၊ ဒဂုန်ဦးထွန်းမြင့်၊ စာ-၂၂-၂၃]

လူ့ဘဝသို့ ရောက်လာစမှာပင် လူတစ်ဦးနှင့်တစ်ဦး မိဘတို့၏ အခြေအနေချင်းမတူ၊ တချို့က ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော အမိ အဖတို့မှ မွေးဖွားသည်။ တချို့က ပညာတတ်သော အမိ အဖတို့မှ မွေးဖွားသည်။ တချို့က ရာထူးဂုဏ်ရှိန် မြင့်မားသော အမိ အဖတို့မှ မွေးဖွားသည်။ တချို့က ဆင်းရဲနွမ်းပါးသော အမိ အဖတို့မှ မွေးဖွားသည်။ တချို့က ပညာမတတ်သော အမိ အဖတို့မှ မွေးဖွားသည်။ တချို့က ရာထူးဂုဏ်ရှိန် ကင်းမဲ့သော အမိ အဖတို့မှ မွေးဖွားသည်။ တချို့က ကိုယ်ကျင့်သိက္ခာ ကောင်းမွန်သော အမိ အဖတို့မှ မွေးဖွားသည်။ တချို့က ကိုယ့်ကျင့်သိက္ခာ ကင်းမဲ့သော အမိ အဖတို့မှ မွေးဖွားသည်။ လောကီနယ်ပယ်တွင် ပညာတတ်သူ၊ ချမ်းသာကြွယ်ဝသူ၊ ရာထူးဂုဏ်ရှိန် မြင့်မားသူတို့မှ မွေးဖွားလာသူတို့ကို 'အမျိုးမြတ်သူ' အဖြစ် အများအားဖြင့် ယူဆထားကြပါသည်။

အမှန်တော့ ပညာတတ်ခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ရာထူးဂုဏ်ရှိန် မြင့်မားခြင်းတို့သည် ဘဝဝယ် အခြေမြင့် အနေတင့်စေသော အကြောင်းတရားများ ဖြစ်သည်မှာ မှန်ပါ၏။ သို့တစေ ပညာတတ်သူတစ်ဦးသည် ကိုယ်ကျင့်သိက္ခာ ကောင်းမွန်မှသာ 'လူကောင်း'ဖြစ်နိုင်ပါသည်။ ထို့အတူ ချမ်းသာကြွယ်ဝသူ၊ ရာထူးဂုဏ်ရှိန် မြင့်မားသူတို့သည်လည်း ကိုယ်ကျင့်သိက္ခာ ကောင်းမွန်မှသာ 'လူကောင်း' ဖြစ်နိုင်ပါသည်။

စင်စစ် ဗုဒ္ဓဓမ္မအရမူ အမျိုးမြတ်ခြင်း၊ မမြတ်ခြင်း ဟူသည်မှာ သူ၏ ကိုယ်ကျင့်တရားဖြင့်သာ ဆုံးဖြတ်ရသော အရာဖြစ်ပါ၏။ မည်မျှပင် ဓနဥစ္စာ ကြွယ်ဝနေစေ၊ ကိုယ်ကျင့်တရား မကောင်းလျှင်၊ စိတ်နေစိတ်ထား ယုတ်ညံ့ သေးသိမ်နေလျှင် ထိုသူကို 'မြတ်သောသူ' ဟု မခေါ်ဆိုနိုင်ပါ။ ထို့အတူ မည်မျှပင် တက္ကသိုလ်သင် ပညာတတ်နေစေ၊ ကိုယ်ကျင့်တရား မကောင်း လျှင်၊ စိတ်နေစိတ်ထား ယုတ်ညံ့သေးသိမ်နေလျှင် ထိုသူကို မြတ်သောသူ ဟု မခေါ်ဆိုနိုင်။ ထိုနည်းအတူ မည်မျှပင် ရာထူးဂုဏ်ရှိန် မြင့်မားနေစေ၊ ကိုယ်ကျင့်တရား ပျက်ယွင်းနေလျှင်၊ စိတ်နေစိတ်ထား ယုတ်ညံ့သေးသိမ် နေလျှင် မြတ်သောသူဟု မခေါ်ဆိုနိုင်ပေ။

ပစ္စည်းဥစ္စာ ချမ်းသာပါလျက် ကိုယ်ကျင့်တရား ပျက်ယွင်းသူ၊ တက္ကသိုလ်သင် ပညာတတ်ပါလျက် ကိုယ်ကျင့်တရား ပျက်ယွင်းသူ၊ ရာထူးဂုဏ်ရှိန် မြင့်မားပါလျက် ကိုယ်ကျင့်တရား ပျက်ယွင်းသူတို့ကို 'မြတ်သောသူ' ဟု မခေါ်ဆိုနိုင်သကဲ့သို့ ထိုသူတို့မှ မွေးဖွားလာသူများ သည်လည်း မြတ်သောအမျိုးမှ မွေးဖွားလာသူဟု မခေါ်ဆိုနိုင်ပါပေ။ အမျိုးမြတ်ခြင်း၊ မမြတ်ခြင်းဟူသည်မှာ ဓနဥစ္စာ၊ ကျောင်းသင်ပညာ၊ ရာထူး ရာခံတို့အပေါ် မတည်မှီဘဲ ကိုယ်ကျင့်တရားနှင့် စိတ်နေစိတ်ထားအပေါ် တည်မှီပါ၏။

ပစ္စည်းဥစ္စာလည်း ချမ်းသာကြွယ်ဝသကဲ့သို့ ကိုယ်ကျင့်တရား လည်း ကောင်းမွန်သူ၊ ပညာတတ်ပြီး ကိုယ်ကျင့်တရားကောင်းသူ၊ ရာထူး ဂုဏ်ရှိန်မြင့်မားပြီး ကိုယ်ကျင့်တရားကောင်းသူတို့ကို 'မြတ်သောသူ' ဟု ခေါ်ဆိုနိုင်သကဲ့သို့ ထိုသူတို့မှ မွေးဖွားလာသူများသည်လည်း မြတ်သော အမျိုးမှ မွေးဖွားလာသူဟု ခေါ်ဆိုနိုင်ပါလိမ့်မည်။

ပစ္စည်းဥစ္စာ နွမ်းပါးသော်လည်း ကိုယ်ကျင့်တရား ကောင်းမွန်သူ၊ တက္ကသိုလ်သင်ပညာ မတတ်သော်လည်း ကိုယ်ကျင့်တရား ကောင်းမွန်သူ၊ ရာထူးရာခံ မရှိသော်လည်း ကိုယ်ကျင့်တရား ကောင်းမွန်သူတို့ကို 'မြတ်သောသူ' ဟု ခေါ်ဆိုနိုင်သကဲ့သို့ ထိုသူတို့မှ မွေးဖွားလာသော သူများ ကိုလည်း မြတ်သောအမျိုးမှ မွေးဖွားလာသူဟု ခေါ်ဆိုနိုင်ပါလိမ့်မည်။

"သားသမီးမကောင်း မိဘခေါင်း" ဟူသော ဆိုရိုးစကားတစ်ခု ရှိပါ

၏။ ထိုအခါ မိဘတို့က ကိုယ်ကျင့်တရား ပျက်ယွင်းလျှင် သားသမီးတို့က အနည်းနှင့်အများ မိဘတို့၏ ဆိုးမွေကို ခံစားကြရသည်သာ ဖြစ်ပါ၏။ 'ဟာ... သူက အရက်သမား၊ ဖဲသမားရဲ့ သားလေ'၊ 'သူက သူများမယား ကြာခိုသူရဲ့ သားလေ'၊ 'သူကတော့ ဌာနပိုင်ငွေကြေးကို အလွဲသုံးစားမှုနဲ့ အလုပ်ပြုတ်သွားသူရဲ့ သားလေ'၊ 'သူ့အဖေက ဖိုးတွမ်တီးလေ' စသည် ဖြင့် မိဘတို့၏ ကိုယ်ကျင့်တရား ပျက်ယွင်းသော အရိပ်မည်းကြီးက သား သမီးတို့အပေါ် လွှမ်းမိုးလေတော့သည်။

ကိုယ်ကျင့်တရား ကောင်းမွန်သော မိဘတို့၏ အရိပ်အာဝါသ အောက်တွင် သားသမီးတို့၏ဘဝသည် လုံခြုံအေးချမ်းပါ၏။ မိဘတို့၏ နာမည်ဂုဏ်သတင်း မွှေးထုံသင်းမှုက သားသမီးတို့အပေါ် လွှမ်းခြုံတတ် ပါ၏။

အထက်ဖော်ပြပါ ဥပရိပဏ္ဏာသ၊ စူဠကမ္မဝိဘင်္ဂသုတ်တွင် မြတ်စွာ ဘုရားသည် မြတ်သောအမျိုး၌ ဖြစ်စေတတ်သော အကျင့်နှင့် မြတ်သော အမျိုး၌ မဖြစ်စေတတ်သော အကျင့်တို့ကို ခွဲခြားဝေဖန် ဟောတော်မူခဲ့ပါ သည်။

ဤလောက၌ အချို့သူတို့သည် ရိုင်းပျ၏။ ကဲသုံးပါး အမူအရာတို့ ခက်ထန်ကြမ်းတမ်း၏၊ မောက်မာ၏။ သူတို့၏စိတ်ထဲ၌ ငါနှင့်ငါသာ နိုင်းစရာတည့်ဟူ၍ ထင်မှတ်ထားလေ့ရှိ၏။ စိတ်နှလုံး နူးညံ့သိမ်မွေ့မှု အလျှင်းမရှိ၊ မိမိကိုယ်မိမိ အလွန်အကျွံ အထင်ကြီးတတ်ကာ 'ငါမှငါ' ဟု အော်မပြောရုံသာ ရှိတော့သည်။ သူတစ်ပါးအပေါ် လေးစားမှု မရှိ။ သူတစ် ဖက်သား၏ ခံစားမှုအပေါ် စာနာရကောင်းမှန်း မသိ။ မိမိထက် အသက် အားဖြင့် ကြီးမြင့်သူအပေါ်လည်း ရိုသေမှု မရှိ။ မိမိထက် ဂုဏ်အားဖြင့် ကြီးမြင့်သူအပေါ်လည်း ဂါရဝတရား ထားရကောင်းမှန်း မသိ။ မိမိနှင့် တန်းတူအပေါ်တွင်လည်း လေးစားမှု ကင်းမဲ့သည်။ မိမိအောက် အသက်၊ ပညာ၊ ပစ္စည်းဥစ္စာ အဘက်ဘက်က ချို့တဲ့နိမ့်ပါးသူတို့ အပေါ်တွင်မူ အထင်သေးဟန်နှင့် အပေါ်စီးမှ နှိမ့်နှိမ့်လှဲလှဲ ဆက်ဆံတတ်၏။ ထိုသို့ ဂါရဝ၊ နိဝါတတရား ကင်းမဲ့ပြီး စိတ်နေမောက်သူတို့သည် ကျေးဇူးရှင် ဒီပဲယင်းဆရာတော်ကြီး၏ အဆုံးအမတော်ကို ကြားဖူးဟန် မတူ။

အကယ်၍ ကြားဖူးလျှင်ပင် နားဝင်ချင်မှ နားဝင်ပေလိမ့်မည်။ ဒီပဲယင်းဆရာတော်ကြီးက စိတ်နေမောက်သူတို့ကို ဤသို့ သတိပေး ဆုံးမတော်မူခဲ့ပါ၏။

"ဟိုတစ်နေ့တွင် သေ၍ လူ့ပြည်သို့ ခေတ္တရောက်၊ စိတ်နေမမောက်စေနှင့်။ စိတ်နေမောက်က အရင်းပျောက်လိမ့်မည်။ ခေတ္တနားနေသည့် ခရီးသွား၊ အိမ်သားအသွင် အထင်မလွဲစေနှင့်။ စိတ်နေမောက်က အရင်းပျောက်လိမ့်မည်။

စိတ်နေမောက်လျက် ဂါရဝတရား ခေါင်းပါးသူအပေါ် အကြီးအကဲ၊ ဆရာသမား၊ ဆွေမျိုးတို့က မေတ္တာလျော့ပါးတတ်သည်။ ပတ်ဝန်းကျင်မှ လူများကလည်း ခင်မင်မှု လျော့ပါးတတ်သည်။ ထိုသူမျိုးနှင့် မည်သူမျှ လိုလိုချင်ချင် မဆက်ဆံချင်ကြပေ။ မလွဲရှောင်သာမှသာ မနှစ်မြို့ဘဲ ဆက်ဆံတတ်ကြသည်။ ထိုသူတို့သည် တမလွန်ဘဝတွင် ယုတ်ညံ့သော အမျိုးတို့၌သာ ဖြစ်တတ်ပါ၏။"

အချို့သူတို့ကမူ စိတ်နှလုံး နူးညံ့ပျော့ပျောင်း၏။ မိမိကိုယ် မိမိ အထင်မကြီး။ ငါနှင့်ငါသာ နှိုင်းစရာဟူသော မာနအလျှင်းမရှိ။ သူတို့၏ ကံသုံးပါးတွင် ခက်ထန်ခြင်း၊ ရိုင်းပျခြင်းများ မစိုးမိုး။ သူတို့သည် အမိ၊ အဖ၊ ဆရာသမား၊ ဆွေမျိုးအကြီးအကဲ၊ လုပ်ငန်းခွင် အကြီးအကဲတို့ကို ရှိခိုးကန်တော့၏။ အစဉ် ရိုရိုသေသေ လေးလေးမြတ်မြတ် ဆက်ဆံ၏။ မိမိထက် အသက်အားဖြင့် ကြီးသောသူ၊ ဂုဏ်အားဖြင့် ကြီးသောသူတို့ အပေါ် ဂါရဝမှုဖြင့် ရိုကျိုးစွာ ဆက်ဆံ၏။ သူတို့၏ နှလုံးသားတွင် သိမ်မွေ့နူးညံ့ခြင်းနှင့်ယှဉ်သော ဂါရဝတရား ထွန်းပသည့်အလျောက် ရှိခိုးထိုက်သူ မှန်သမျှကို ရှိခိုးသည်။ ခရီးဦးကြိုဆိုထိုက်သူကို လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေး ခရီးဦးကြိုဆိုသည်။ ရဟန်းသံဃာ၊ သက်ကြီးရွယ်အို၊ အလေးအပင် ထမ်းပိုးလာသူ အစရှိသည့် လမ်းဖယ်ပေးထိုက်သူတို့ကို ဦးစားပေး၍ လမ်းဖယ်ပေးသည်။ ကောင်းစွာ ပြုစုထိုက်သူကို ကောင်းစွာပြုစုသည်။ မြတ်နိုးထိုက်သူ မှန်သမျှကို မြတ်နိုးတတ်သည်။ ပူဇော်ထိုက်သူ မှန်သမျှကို ပူဇော်သည်။

အမှန်တော့ သူတို့သည် မိမိထက် အသက်အားဖြင့် ဂုဏ်အားဖြင့်

ကြီးမြင့်သူများအပေါ် ဂါရဝမှုအပြည့်ဖြင့် ရိုသေလေးမြတ်သကဲ့သို့ မိမိနှင့် အသက်ဂုဏ်အားဖြင့် တန်းတူရည်တူတို့အပေါ် လေးလေးစားစား ဆက်ဆံတတ်သည်။ မိမိအောက် အသက်၊ ဂုဏ်သိက္ခာ၊ ဥစ္စာငွေကြေး အဘက်ဘက်က ချို့တဲ့နိမ့်ပါးသူတို့အပေါ် ကရုဏာဖြင့် ကြင်ကြင်နာနာ ဆက်ဆံသည်။

ထိုသို့ စိတ်နှလုံး နူးညံ့ပျော့ပျောင်းပြီး ဂါရဝ၊ နိဝါတ တရားနှစ်ပါး ပြည့်စုံသူအပေါ် မိဘဆရာသမား၊ အကြီးအကဲတို့က မေတ္တာသက်ဝင်ကြသည်။ ယခင်ရှိရင်းစွဲ မေတ္တာအပြင် သူတို့၏ ဂါရဝတရားကို ခံစားထိတွေ့ရသောကြောင့် ထပ်ဆောင်း၍ မေတ္တာထားလာကြသည်။ ပတ်ဝန်းကျင်မှ မိတ်ဆွေအပေါင်းအသင်းတို့ကလည်း သူတို့၏နူးညံ့သော ကိုယ်နှုတ်နှလုံး သုံးပါးတို့ကြောင့် ပိုမို၍ ခင်မင်လာကြသည်။ မေတ္တာထားလာကြသည်။ လေးစားလာကြသည်။

ဒေါက်တာ ဂျေကော့ပ်ဘရိုနောင်စကီးက "လူသားများကို ရိုသေလေးမြတ်ခြင်းက ထောက်ပင့်အားပေးထားသည်။ ကျွန်ုပ်တို့သည် အချင်းချင်း ရိုသေလေးမြတ်ရန် တာဝန်ရှိပါသည်" ဟု ရေးသားခဲ့ဖူးပါသည်။

လူသားတိုင်းက အခြားသူများနှင့် ဆက်ဆံရာတွင် မိမိထက် ကြီးမြင့်သူအပေါ် ဖြစ်စေ၊ တန်းတူရည်တူအပေါ် ဖြစ်စေ၊ ချို့တဲ့သူအပေါ် ဖြစ်စေ၊ လူလူချင်း တန်ဖိုးထားလျက် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံကြမည်ဆိုလျှင် လူ့အဖွဲ့အစည်းသည် ယခုထက်ပို၍ သာယာလှပလာပါလိမ့်မည်။

☐

# အဆုံးအမကို ခံယူတတ်ပါစေ

အပြစ်ကို အပြစ်နှင့် လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဉ္စ မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသော သူကဲ့သို့ သဘောထား၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမျှ အကျိုးမဆုတ်ယုတ်လေ။

(ဓမ္မပဒ၊ ၇၆)

အမှုရောက်သောအခါ အပြစ်ကို ပြ၍ အပြစ်နှင့် လျော်စွာ ဆုံးမရာ၏။ အမှုမရောက်မီကလည်း မကောင်းမှု မပြုလေအောင် ကြိုတင်ဆုံးမ၍ မကောင်းသော အပြုအမူတို့မှ တားမြစ်ရာ၏။ ထိုသို့ ဆုံးမတားမြစ်သောသူကို သူတော်ကောင်းတို့ ချစ်မြတ်နိုးကုန်၏။ သူယုတ်မာတို့သာ မချစ် မမြတ်နိုးကုန်။

(ဓမ္မပဒ၊ ၇၇)

လူသည် သင်ကြားလေ့လာ ဆည်းပူးခြင်းဖြင့်သာ တဖြည်းဖြည်း တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာရခြင်း ဖြစ်ပါသည်။ သင်ကြားလေ့လာမှု၊ လမ်းညွှန်ဆုံးမမှု၊ အကြံပေးမှုတို့ကို ခံယူခြင်း မရှိမူလျက် မည်သူမျှ သိနေ၊ တတ်နေ၊ တော်နေနိုင်ခြင်း မရှိပါ။ ငယ်နုစဉ် ကလေးအရွယ်မှာ အမိ အဖတို့၏ သွန်သင်ဆုံးမမှုအောက်တွင် တဖြည်းဖြည်း အသိဉာဏ် ဖွံ့ဖြိုးလာခြင်း ဖြစ်ပါ၏။ ကျောင်းနေသော အရွယ်တွင် ဆရာ၊ ဆရာမတို့၏ မေတ္တာနှင့်ယှဉ်သော လမ်းညွှန်မှုအောက်တွင် အသိအလိမ္မာတရားတို့ တိုးပွားလာခြင်း ဖြစ်ပါ၏။

ငယ်နုသူတို့ သဘာဝ ဘဝဝယ် အတွေ့အကြုံ နည်းပါးသေးသည်။

'အတွေ့အကြုံအသိ' သာ နည်းပါးခြင်း မဟုတ်၊ 'စာသိ' လည်း နည်းပါးသေးသည်။ ထိုအခါ မိမိထက် အသက်၊ ပညာ၊ အတွေ့အကြုံ အဘက်ဘက်က ပြည့်စုံရင့်ကျက်နေသော အမိ အဖ၊ ဆရာသမားတို့၏ ဆုံးမဩဝါဒကို နာခံမှတ်သားရပါသည်။ မိဘ ဆရာသမားတို့သည် မိမိတို့ထက် ပိုမို၍ နှစ်ကာလများစွာ ဘဝခရီးကို ဖြတ်သန်းခဲ့ရသူများ ဖြစ်ပါ၏။ မိမိတို့ထက် ဘဝအတွေ့အကြုံ စုံလင်များပြားသလို အသိပညာလည်း များပြားသူများ ဖြစ်ပါသည်။

သူတို့သည် ဘဝဝယ် ရေစုန်လေစုန်ခရီး နှင်ခဲ့ဖူးသလို ရေဆန်လေထန်ခရီးကိုလည်း နှင်ခဲ့ဖူးပေလိမ့်မည်။ ဆင်းရဲ ချမ်းသာ လောကဓံ၏ အရိုက်အပုတ်၊ အထုအထောင်းကိုလည်း ခံခဲ့ရဖူးပေလိမ့်မည်။ အကောင်းလောကဓံတို့ကို ကြုံရသလို အဆိုးလောကဓံတို့လည်း ဆုံခဲ့ရပေလိမ့်မည်။ လောကဓံတရားတွေက 'အတွေ့အကြုံအသိ' တွေကို မွေးဖွားပေးသည်။ မိဘဆရာသမား၊ အကြီးအကဲတွေက သူတို့၏ ကြွယ်ဝသော အတွေ့အကြုံ၊ အသိအပေါ် အရင်းခံလျက် ဘဝအတွေ့အကြုံ နုနယ်မပြည့်စုံသေးသော လူငယ်လူရွယ်တို့ကို '၌အရာကား လုပ်သင့်သော အရာ'၊ '၌အရာကား မလုပ်သင့်သော အရာ' ဟူ၍ ဆစ်ဆစ်ပိုင်းပိုင်း နှိုင်းနှိုင်းဆဆ ခွဲခြားလမ်းညွှန်နိုင်ပေသည်။ 'ဆောင်သင့်သောအရာ' နှင့် 'ရှောင်သင့်သောအရာ' တို့ကို ပီပီပြင်ပြင် ပြတ်ပြတ်သားသား မီးမောင်းထိုးပြနိုင်ပေသည်။

နှစ်ကာလများစွာ ဖြတ်သန်းခဲ့သော မိဘ ဆရာသမား၊ အကြီးအကဲတို့၏ ဘဝအတွေ့အကြုံများက သူတို့ကို ကောင်းစွာ ပညာပေးခဲ့ကြသည်။ ပုထုဇဉ်တို့သဘာဝ သူတို့လည်း အနည်းနဲ့အများ မှားတာတွေ ရှိခဲ့ပေလိမ့်မည်။ ထိုအမှားတွေမှ ပေးခဲ့သော သင်ခန်းစာတွေကို သူတို့ ထုပ်ထုပ်ပိုက်ပိုက် ရှိခဲ့ကြပေမည်။ သူတို့၏ အမှားမျိုးကို သူတို့၏ သား သမီး၊ တပည့်တွေကို မမှားစေလိုသော မေတ္တာဖြင့် 'မကောင်းမြစ်တာ' ကြပေမည်။

ပုထုဇဉ်သဘာဝ 'အမှား' တွေ လုပ်ခဲ့မိသလို 'အမှန်' တွေလည်း လုပ်ခဲ့မိပေလိမ့်မည်။ 'အမှား' တွေ က သင်ခန်းစာ ရယူခဲ့သလို အမှန်တွေကလည်း သင်ခန်းစာ ရယူခဲ့ပေလိမ့်မည်။ မကောင်းတာ လုပ်ခဲ့မိသော

ကြောင့် မကောင်းကျိုးတွေ ရခဲ့သလို ကောင်းတာ လုပ်ခဲ့သောကြောင့် ကောင်းကျိုးတွေ ရခဲ့ပေလိမ့်မည်။ ထိုကောင်းကျိုးတွေကို မိမိတို့၏ သားသမီး၊ တပည့်တို့ ခံစားရရှိစေလိုသော စေတနာ မေတ္တာ အရင်းခံလျက် 'ကောင်းရာညွှန်လတ်' ပေလိမ့်မည်။

မိကောင်းဖကောင်း၊ ဆရာကောင်းမှန်သမျှ တပည့်၊ သားသမီးတို့ အပေါ် မကောင်းမြစ်တာ ကောင်းရာညွှန်ပြကြပေသည်။ ဤသို့ မိဘ၊ ဆရာသမားတို့၏ ဆုံးမဩဝါဒပေးမှုအပေါ် တပည့်၊ သားသမီးတို့က "ဩော်... ငါတို့ကောင်းကျိုးအတွက် ဆုံးမရှာကြတာပဲ" ဟူ၍ နှလုံးသွင်းကာ လိုက်နာဆောင်ရွက်သင့်ပေသည်။

အမှန်တော့ မိဘ ဆရာသမား၊ အကြီးအကဲတို့၏ မေတ္တာဖြင့် ယှဉ်သော အဆုံးအမ ဩဝါဒသည် တပည့်၊ သားသမီး မျိုးဆက်သစ် လူငယ်လူရွယ်တို့အတွက် တန်ဖိုးမဖြတ်နိုင်သော 'ဘဝလမ်းညွှန် လက်ဆောင်မွန်' များ ဖြစ်ပါ၏။ လောက၌ 'ဆရာ မပြ ငါးပိဖုတ်မှ နည်းမကျ' ဟူသော ဆိုရိုးစကား ရှိပါသည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး စသော အရေးအရာ အဖြာဖြာတွင် မိမိထက် အသက်၊ ပညာ၊ အတွေ့အကြုံ ရင့်ကျက် ကြီးပြင်းသူများ၏ လမ်းညွှန်နည်းပြမှုကို ရရှိမှသာ အစစ အဆင်ပြေ အောင်မြင်ချောမွေ့နိုင်ပါလိမ့်မည်။ မည်သူတစ်ဦး တစ်ယောက်၏ လမ်းညွှန်နည်းပြမှုကိုမျှ မခံယူဘဲ မိမိတစ်ဦးတည်း စိတ်ထင်ရာ ဆောင်ရွက်သော် အတွေ့အကြုံ နုနယ်သေးသူ ဖြစ်သည့်အလျောက် တစ်စုံတစ်ရာ အဆင်မပြေမှုများ၊ ချို့ယွင်းမှုများကို အနည်းနှင့်အများ ကြုံဆုံရနိုင်ပေသည်။

အချို့ လူငယ်လူရွယ်တို့က မိဘ၊ ဆရာသမားတွေကို "ဒီလူကြီးတွေက ခေတ်မမီတော့ပါဘူး။ ဒိတ်အောက်နေပါပြီ" ဟုဆိုကာ လူကြီးသူမတို့၏ မေတ္တာပြွမ်းသော ဆုံးမစကားကို အလေးမထား၊ နားမဝင်။ မဆင်မခြင် ပယ်မြစ်ထားတတ်ကြ၏။ ဤအပြုအမူမှာ မိမိအတွက် အကျိုးစီးပွားမဲ့သော အပြုအမူဖြစ်ကြောင်း လူငယ်တို့ သတိထင်ထင် ဆင်ခြင်သိမှတ်အပ်ပါ၏။

အမှန်တော့ မိဘ၊ ဆရာသမား၊ အကြီးအကဲတို့မည်သည် တပည့်

သားမြေးတို့ အပြစ်တစ်စုံတစ်ရာ မပြုမိကတည်းက ထိုအပြစ်မျိုး မပြုမိအောင် ကြိုတင်ပြီး ပြောဆိုဆုံးမလေ့ရှိပါသည်။ အပြစ်တစ်စုံတစ်ရာ ကျူးလွန်မိသောအခါတွင်လည်း နောင်တွင် ထိုအပြစ်မျိုး ထပ်မံမပြုဖြစ်အောင် ပြောဆို ဆုံးမဩဝါဒပေးသည်။ မည်သည့်အရာသည် ကုသိုလ်မှု၊ မည်သည့်အရာသည် အကုသိုလ်မှုဟူ၍ ဆစ်ဆစ်ပိုင်းပိုင်း ခွဲခြားညွှန်ပြပြီး အကုသိုလ်ဖြစ်စေမည့် ကံသုံးပါး မပြုဖြစ်အောင် ကရုဏာဖြင့် ဆုံးမကြသည်။

လူငယ်လူရွယ်တို့အနေဖြင့် မိကောင်းဖကောင်း၊ ဆရာသမားကောင်းတို့၏ အဆုံးအမကို နာခံမှတ်သားမှသာ လူတော်လူကောင်းတွေ ဖြစ်လာနိုင်ကြောင်း ကျေးဇူးရှင် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ကြီးက ဤသို့ မိန့်တော်မူခဲ့ပါ၏။

"တပည့်သားမြေးဆိုတာဟာ လိမ္မာကျွမ်းကျင်တဲ့ ဆရာသမားကောင်း၊ မိဘဘိုးဘွားကောင်းတို့ရဲ့ ဆုံးမဩဝါဒကို နာခံမှတ်သားလိုက်နာကြမှသာ နောင်တစ်ချိန်မှာ လောကရေး၊ ဓမ္မရေးတွေနဲ့စပ်ပြီးတော့ လိမ္မာကျွမ်းကျင်တဲ့ လူတော် လူကောင်းတွေ ဖြစ်လာနိုင်တယ်။ ဒါကြောင့် လူတော် လူကောင်းဖြစ်လိုတဲ့သူများဟာ မိဘ ဘိုးဘွား၊ ဆရာသမားတွေရဲ့ ဩဝါဒကို နာခံရမယ်။ မှတ်သားရမယ်။ လိုက်နာရမယ်။ ပြုပြင်သင့်တာရှိရင် ပြုပြင်ရမယ်။ ရှောင်သင့်တာမျိုးကို ရှောင်ရမယ်။

"ကျောက်သံပတ္တမြားဆိုတာဟာ တွင်းထဲက ထွက်လာတဲ့အတိုင်း အရိုင်းသက်သက်ဆိုရင် သိပ်တန်ဖိုးမရှိလှသေးဘူး။ ကျွမ်းကျင်တတ်မြောက်တဲ့ ကျောက်သွေးသမားတွေရဲ့ ပြုပြင်မှု၊ အကွက်ဖော်ပေးမှု၊ အရောင်တင်ပေးမှုကို ရမှသာ တန်ဖိုးမြင့်တဲ့ ကျောက်ကောင်း ဖြစ်လာနိုင်တယ်။ ပတ္တမြားဆန်ကျိုး အဖိုးပြည်တန် ဆိုသလိုပေါ့"

ကျေးဇူးရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးကလည်း လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့ မိဘ၊ ဆရာသမားတွေ၏ ဆိုဆုံးမမှုကို နားထောင်တတ်ဖို့ လိုအပ်ကြောင်း ဤသို့ မိန့်တော်မူခဲ့ပါ၏။

"လူတော်လူကောင်းတစ်ယောက် ဖြစ်ဖို့အရေးမှာ ကောင်းကောင်းနေတတ်ဖို့၊ ကောင်းကောင်း ပြောဆိုဆက်ဆံတတ်ဖို့၊ မိဘ ဆရာသမား

လူကြီးသူမတွေရဲ့ ဆိုဆုံးမစကားကို ကောင်းကောင်း နားထောင်တတ်ဖို့ အရေးကြီးပါတယ်"

အသိပညာ ပြည့်စုံကြွယ်ဝပြီး အတွေ့အကြုံလည်း များပြားရင့်ကျက်နေပြီဖြစ်သော မိဘ၊ ဆရာသမားတို့က မေတ္တာ၊ စေတနာဖြင့် ဆိုဆုံးမလာလျှင် လူငယ်လူရွယ်တို့အနေဖြင့် ရွှေအိုးကြီး ပေးသည့်ပမာ သဘောထားကာ နှစ်လိုပျူငှာစွာ လက်ခံသင့်ပါသည်။ အဘယ်ကြောင့်ဟူမူ လူကြီးမိဘတို့၏ အဆုံးအမကို တစ်ခွန်းတလေမျှ လိုက်နာကျင့်သုံးလျှင်ပင် မိမိအတွက် အကျိုးရှိစေနိုင်သောကြောင့် ဖြစ်ပါ၏။ နည်းနည်းလိုက်နာကျင့်ကြံလျှင် နည်းနည်းအကျိုးရပြီး များများလိုက်နာကျင့်ကြံလျှင် များများအကျိုးရလေပင် ဖြစ်ပါသည်။ ကျေးဇူးရှင် မာန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ် အပိုဒ် (၃၂၀)တွင်-

"သူတော်သူစင်၊ ပညာရှင်တို့
မိန့်ကျင်စကား၊ တစ်ခွန်းကြားက
ပတ္တမြားဆန်ကျိုး၊ အဖိုးပြည်တန်
ကေန်မုချ၊ တစ်လုံးရသို့
နဠဖိုးမွန်၊ ကျိုးကဲလွန်၏" ဟု စပ်ဆိုရေးသားတော်မူခဲ့ပါ၏။

ကျေးဇူးရှင် ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်ကြီးက မိမိနှင့် သင့်တော်သော အဆုံးအမကို တစ်သက်လုံး၊ တစ်သံသရာလုံးအတွက် ယူတတ်ဖို့လိုကြောင်း ဤသို့ မိန့်တော်မူခဲ့ပါသည်။

"အဆုံးအမ ဩဝါဒဆိုတာ နာခံသူက တကယ်လိုက်နာရင် တစ်သုတ်၊ တစ်ပိုဒ်၊ တစ်ခွန်းကလေး ဖြစ်ပါစေ။ တကယ် အကျိုးရှိတယ်။ တန်ဖိုးလဲ ကြီးတယ်။ ကိုယ်နဲ့သင့်တော်တဲ့၊ ကျင့်လဲ ကျင့်နိုင်တဲ့ အဆုံးအမကို တစ်သက်လုံး၊ တစ်သံသရာလုံးအတွက် ယူတတ်ပါစေ"

လူကြီးမိဘ၊ ဆရာသမားတို့၏ အဆုံးအမကို နာခံလွယ်၊ လိုက်နာလွယ်မှသာ လူငယ်လူရွယ်တို့၏ ဘဝလမ်းကြောင်းသည် ဖြောင့်တန်းသာယာပါသည်။ ဘဝအခြေမြင့် အနေတင့်သည်။ လူကြီးမိဘ၊ ဆရာသမားတို့ ဆုံးမ မနိုင် ဆိုနိုင်ခက်ခဲသော လူငယ်လူရွယ်တို့၏ ဘဝလမ်းကြောင်းသည် ဖြောင့်ဖြူးသာယာမှု မရှိ။ ဘဝတွင် ဆင်းဆင်းရဲရဲ သိမ်သိမ်

ငယ်ငယ် ကျင်လည်ရတတ်သည်။ လူကြီးမိဘ၊ ဆရာသမားတို့သည် မိမိတို့၏ ဆုံးမစကားကို တန်ဖိုးထား၍ ဦးလည်မသုန် လေးစား လိုက်နာသော သားတပည့်တို့အပေါ် ရှိရင်းစွဲမေတ္တာတွင် ထပ်ဆင့်၍ မေတ္တာထားတတ်ပါသည်။ တပည့် သားမြေးတို့အပေါ် တိုး၍ တိုး၍ စောင့်ရှောက်တတ်ပါသည်။ မိဘ၊ ဆရာသမား၊ အကြီးအကဲတို့၏ အဆုံးအမ ဩဝါဒကို ကြားနာပြီး လိုက်နာကျင့်ကြံ ဆောင်ရွက်ခြင်းအားဖြင့်–

(၁) နာကြားရသူများ ဗဟုသုတကြွယ်ဝ၍ 'ဗဟုသစ္စ မင်္ဂလာတရား' ဖြစ်ပွားခြင်း၊

(၂) လိုက်နာသူများအား 'သောဝစဿတ မင်္ဂလာ' 'ပူဇနိယာနံ့ပူဇာ မင်္ဂလာ' ကုသိုလ် ဖြစ်ပွားခြင်း၊

(၃) ဤသို့ မင်္ဂလာကုသိုလ်တရားများဖြစ်ပြီး စီးပွားချမ်းသာ ကျက်သရေတိုး၍ ကောင်းကျိုးစည်ပွင့်တဝေဝေ ဘေးရန်ကင်းကွာ ချစ်သူပေါ၍ ကိုယ်ရော စိတ်ပါ ချမ်းသာခြင်းဟူသော ကောင်းကျိုးများကို ရရှိခြင်း၊

(၄) လိုက်နာသည့် အတိုင်းအတာနှင့်အညီ လောကီစီးပွားချမ်းသာ မှစ၍ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာအထိ ရရှိနိုင်ခြင်း

ဟူသော အကျိုးတရားများကို ရရှိနိုင်ပါသည်။ မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် အမိ အဖ၊ ဆရာသမား၊ အကြီးအကဲတို့၏ အဆုံးအမ ဩဝါဒများကို နာခံလွယ်၊ ကျင့်သုံးလွယ်သူများ ဖြစ်နိုင်ကြပါစေ။

□

# မည်သို့ပင် ပြောစေ မေတ္တာမပျက်စေသင့်

ရဟန်းတို့၊ သင်တို့ကို အခြားသူများက ပြောနိုင်သော စကားပြောပုံ ပြောနည်း ငါးမျိုးရှိ၏။

၁။ အခါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြောမည်။

၂။ ဟုတ်မှန်သောအားဖြင့်ဖြစ်စေ၊ မဟုတ်မှန်သောအားဖြင့် ဖြစ်စေ ပြောမည်။

၃။ သိမ်သိမ်မွေ့မွေ့ဖြစ်စေ၊ ကြမ်းကြမ်းတမ်းတမ်းဖြစ်စေ ပြောမည်။

၄။ အကျိုးသင့် အကြောင်းသင့်ဖြစ်စေ၊ အကျိုးသင့် အကြောင်းသင့် မဟုတ်ဘဲဖြစ်စေ ပြောမည်။

၅။ မေတ္တာစိတ်ဖြင့်ဖြစ်စေ၊ ဒေါသစိတ်ဖြင့်ဖြစ်စေ ပြောမည်။

ရဟန်းတို့၊ သင်တို့ကို ပြောဆိုသော သူတို့သည် အခါဟုတ်သော အားဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။ အခါမဟုတ်ဘဲသော်လည်း ပြောဆိုကုန်ရာ၏။ ဟုတ်မှန်သောအားဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။ မဟုတ်မမှန်ဘဲသော်လည်း ပြောဆိုကုန်ရာ၏။ သိမ်မွေ့စွာဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။ ကြမ်းတမ်းစွာဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။ အကျိုးသင့် အကြောင်းသင့်အားဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။ အကျိုးသင့် အကြောင်းသင့် မဟုတ်ဘဲသော်လည်း ပြောဆိုကုန်ရာ၏။ မေတ္တာစိတ်ဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။ ဒေါသစိတ်ဖြင့်သော်လည်း ပြောဆိုကုန်ရာ၏။

ရဟန်းတို့၊ ထိုသို့ စကားပြောပုံပြောနည်း ငါးမျိုးဖြင့် ပြောဆိုလာရာ

၌လည်း သင်တို့သည် ဤသို့ကျင့်သုံးရမည်။ သူ့ပြောဆိုချက်ကြောင့် ငါတို့သည် တစ်မျိုးတစ်မည် မဖြစ်ကုန်အံ့။ ယုတ်ညံ့သော စကားကို လည်း မမြွက်ဆိုကုန်အံ့။ သူ့အကျိုးစီးပွားကို ငဲ့ညှာလျက် မေတ္တာစိတ်ထား ကာ စိတ်မဆိုးဘဲ နေကြကုန်အံ့။ ထိုပုဂ္ဂိုလ်အပေါ်၌လည်း မေတ္တာစိတ် ပို့လွှတ်၍ နေကုန်အံ့။ ထိုပုဂ္ဂိုလ်ကို 'မှု' ထား၍ တစ်လောကလုံးရှိ သတ္တဝါ အားလုံးကို မေတ္တာစိတ်၏ အာရုံအဖြစ်ထားလျက် အပိုင်းအခြားမရှိ ကျယ်ပြန့်သော ရန်ငြိုးလိုမှု၊ ဒုက္ခဖြစ်စေလိုမှု ကင်းသော မေတ္တာစိတ်ဖြင့် ဖြန့်၍ နေကြကုန်အံ့ဟူ၍ ကျင့်သုံးရမည်။

(မူလပဏ္ဏာသ၊ ၃-ဩပမ္မဝဂ်၊ ၁-ကကစူပမသုတ်)

[ဗုဒ္ဓ၏ ဩဝါဒအမြုတေ (ဒဂုန်ဦးထွန်းမြင့်)-စာ ၁၀၇/၁၀၈]

ဤလောက၌ လူအမျိုးမျိုး ရှိသည်။ စိတ်အထွေထွေ ရှိသည်။ လူတစ်ဦးနှင့်တစ်ဦး မိဘဝန်းကျင် အသိုင်းအဝိုင်းချင်း မတူကြ။ ဘဝပေး အနေအထားချင်း မတူကြ။ ဘဝဖြတ်သန်းပုံချင်း မတူကြ။ ပညာအဆင့် အတန်းချင်း မတူကြ။ ဉာဉ်စရိုက်ချင်း မတူကြ။ ဝါသနာချင်း မတူကြ။ စိတ်နေစိတ်ထားချင်း မတူကြ။ အယူအဆချင်း မတူကြ။

လူသည် လူ့အဖွဲ့အစည်းဝင်တစ်ဦး ဖြစ်လေရာ အခြားသော အဖွဲ့ အစည်းဝင်များနှင့် နေ့စဉ်နှင့်အမျှ ထိတွေ့ဆက်ဆံကြရသည်။ ထိုသို့ ထိတွေ့ဆက်ဆံရာတွင် အများအားဖြင့် ဝစီကံမှုဟူသော စကားပြောဆိုမှု ကို အသုံးပြုကြရပါသည်။

လူမှုဆက်ဆံရေးနယ်ပယ်၌ သိမ်မွေ့သူတွေရှိသလို ခက်ထန် ကြမ်းတမ်းသူတွေလည်း ရှိပါသည်။ ယဉ်ကျေးသူတွေရှိသလို ရိုင်းပျသူ တွေလည်း ရှိပါသည်။ စေတနာကောင်း အရင်းခံဖြင့် ဆက်ဆံပြောဆိုသူ တွေ ရှိသလို စေတနာဆိုး အရင်းခံဖြင့် ဆက်ဆံပြောဆိုသူတွေလည်း ရှိပါသည်။ စိတ္တတ်အေးမြသော မေတ္တာစာတ် အရင်းခံဖြင့် ဆက်ဆံပြောဆို သူတွေရှိသလို ပူလောင်သော ဒေါသအရင်းခံဖြင့် ဆက်ဆံပြောဆိုသူ တွေလည်း ရှိပါသည်။ မုဒိတာအရင်းခံဖြင့် ဆက်ဆံပြောဆိုသူတွေ ရှိသလို ဣဿာ မစ္ဆရိယ အရင်းခံဖြင့် ဆက်ဆံပြောဆိုသူတွေလည်း ရှိပါသည်။ နှလုံးသွင်းကောင်းဖြင့် ဆက်ဆံပြောဆိုသူတွေ ရှိသလို နှလုံးသွင်း

မကောင်းစွာဖြင့် ဆက်ဆံပြောဆိုသူတွေလည်း ရှိပါသည်။

မိမိအပေါ် အခြားသူတို့က စေတနာကောင်း အရင်းခံဖြင့် ပြောဆိုဆက်ဆံမှုကို ခံရသောအခါ နှလုံးစိတ်ဝမ်း ချမ်းမြေ့ရသည်။ အခြားသူတို့၏ စေတနာဆိုးဖြင့် ပြောဆိုဆက်ဆံမှုကို ခံရသောအခါ နှလုံးစိတ်ဝမ်း မချမ်းမြေ့တော့။ အခြားသူတို့၏ မေတ္တာစိတ် အရင်းခံဖြင့် ဆက်ဆံပြောဆိုမှုကို ခံရသောအခါ စိတ်နှလုံး ကြည်နူးရွှင်ပျရသည်။ အခြားသူတို့၏ ဒေါသဖြင့် ပြောဆိုဆက်ဆံမှုကို ခံရသောအခါ မိမိကိုယ်တိုင်သည်ပင် ဒေါသအမျက် ထွက်လာတတ်သည်။ အခြားသူတို့၏ မုဒိတာအရင်းခံဖြင့် ပြောဆိုဆက်ဆံမှုကို ခံရသောအခါ စိတ်ချမ်းသာသွားသည်။ အခြားသူတို့၏ ဣဿာ မစ္ဆရိယ အရင်းခံဖြင့် ပြောဆိုဆက်ဆံမှုကို ခံရသောအခါ စိတ်ညစ်ညူး နောက်ကျိသွားသည်။ တစ်ဖက်သူ၏ နှလုံးသွင်းကောင်းဖြင့် ဆက်ဆံမှုက မိမိ၏ ရင်နှလုံးကို စမ်းရေပမာ အေးမြစေသော်လည်း နှလုံးသွင်း မကောင်းစွာ ဆက်ဆံမှုက မိမိ၏ ရင်နှလုံးကို မီးပမာ ပူပြင်းလောင်မြိုက်စေသည်။

တစ်ခါက ဆရာတော်တစ်ပါးထံသို့ ဒကာမကြီးတစ်ဦးက "တပည့်တော်မ ဘဝဆက်တိုင်း လူဆိုးလူမိုက်တို့နှင့် မတွေ့ကြုံရပါစေနဲ့ ဟု ဆုတောင်းပါသည် ဘုရား" ဟု လျှောက်ထားပါသည်။ ဆရာတော်က "ဒကာမကြီး ဘဝသံသရာမှာ လူဆိုးလူမိုက်နှင့် မကြုံဆုံရပါစေနှင့် ဟူသော ဆုတောင်းမှာ မပြည့်ဝနိုင်ပါကြောင်း၊ ထိုသို့ လူဆိုးလူမိုက်တို့နှင့် ကြုံဆုံသောအခါ သင့်တင့်လျောက်ပတ်သော နှလုံးသွင်း ထားတတ်ဖို့ မိမိစိတ်ကို ပြင်ဆင်ရမည်ဖြစ်ကြောင်း" ပြန်လည်၍ မိန့်တော်မူပါသည်။

အမှန်တော့ ဤပစ္စုပ္ပန်ဘဝမှာပင် မိမိနှင့် ပြောဆိုဆက်ဆံရသူတိုင်း 'စိတ်ကောင်း နှလုံးကောင်း' ရှိသူတွေချည်း ဖြစ်ရမည်ဟု ဆုတောင်း၍ မရ နိုင်ပါ။ မျှော်လင့်၍ မရနိုင်ပါ။ မိမိနှင့် ထိတွေ့ဆက်ဆံရသူတွေထဲမှာ စိတ်ကောင်း နှလုံးကောင်း ရှိသူတွေလည်း ပါမည်။ စိတ်ကောင်း နှလုံးကောင်း မရှိသူတွေလည်း ပါမည်။ မိမိအပေါ် နားလည်နိုင်သူတွေလည်း ပါမည်။ နားမလည်နိုင်သူတွေလည်း ပါမည်။ မိမိအပေါ် မေတ္တာထားသူတွေလည်း ပါမည်။ မေတ္တာပျက်ယွင်းနေသူတွေလည်း ပါမည်။ မိမိ၏

အောင်မြင်မှုအပေါ် မုဒိတာပွားသူတွေပါသလို ဣဿာ မစ္ဆရိယ ပွားနေသူ တွေလည်း ပါမည်။

တချို့က စကားပြောရာတွင် ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းပျပျ ပြောဆိုတတ်သည်။ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းပျပျ ပြောခြင်း၌ အကုသိုလ်ဓာတ် ကိန်းအောင်းနေသည်။ ထို့အတူ ဒေါသဖြင့် ပြောခြင်း၊ ဣဿာ မစ္ဆရိယ အရင်းခံဖြင့် ပြောဆိုခြင်းတို့၌လည်း အကုသိုလ်ဓာတ်တွေ တည်ကိန်းနေပါသည်။ ထိုအကုသိုလ် လွှမ်းတင်သော ပြောဆိုဆက်ဆံမှု ကို ခံရသောကြောင့် ရုတ်ခြည်းမှု ပုထုဇဉ်သဘာဝ မိမိကိုယ်တိုင်ပင် ဒေါသ ထွက်လာတတ်သည်။ ရိုင်းစိုင်းမှုကို ရိုင်းစိုင်းမှုဖြင့်လည်းကောင်း၊ ကြမ်းတမ်းမှုကို ကြမ်းတမ်းမှုဖြင့်လည်းကောင်း၊ ဒေါသကို ဒေါသဖြင့် လည်းကောင်း တုံ့ပြန်ဆက်ဆံ ပြောဆိုမည်ဆိုသော် သူတစ်ပါးထံမှ အကုသိုလ်မီး မိမိထံသို့ ကူးစက်လောင်ကျွမ်းလာခြင်းသာ ဖြစ်ပါ၏။ စိတ် ထားမကောင်းသူ၊ နှလုံးသွင်းမကောင်းသူတို့နှင့် ကံမကောင်း အကြောင်း မလှစွာ ပြောဆိုဆက်ဆံရသည့်တိုင် ထိုသူတို့ထံမှ မကောင်းသော အပြု အမူ၊ အပြောအဆိုများ၊ အကုသိုလ်ဓာတ်များ မိမိထံ ပျံ့နှံ့ကူးစက်မလာစေ ရန် ယောနိသောမနသိကာရ နှလုံးသွင်းဖြင့် တားဆီးဟန့်တားရပေလိမ့် မည်။

ဤလောက၌ အချို့သူတို့သည် အသိဉာဏ်ပညာ ချို့တဲ့၏။ အသိ ဉာဏ်ပညာ နည်းပါးသည့်အလျောက် ဆင်ခြင်တုံတရား ခေါင်းပါး၏။ စကားတစ်ခွန်းကို ပြောသင့်သော အချိန်အခါ ဟုတ်၏၊ မဟုတ်၏ ဟူ၍ ဝေခွဲပိုင်းဖြတ်နိုင်စွမ်း မရှိ။ ပြောသင့်သော အချိန်အခါ မရောက်သေး မီမှာပင် ပြောဆိုတတ်၏။ ပြောသင့်သော အချိန်အခါ မဟုတ်သေးဘဲ ပြောသောစကားတို့မည်သည် အကျိုးစီးပွားမဲ့စေတတ်ပါသည်။

အချို့သူတို့ကမူ သူတို့၏နှုတ်၌ သစ္စာမတည်ကိန်း။ ဟုတ်မှန်သော စကားကို မပြောဆို။ မဟုတ်မမှန်သော စကားမျိုးကို ပြောဆိုတတ်သည်။ မုသားလိမ်းကျံသော စကားကို ကြားရသူအဖို့ မုသားစကားမှန်းသိလျှင် နှလုံးစိတ်ဝမ်း မရွှင်လန်းတော့။ မမှန်ကန်သော စကားတို့မည်သည် ပြောဆိုသူနှင့် ကြားနာရသူ နှစ်ဦးစလုံး၏ အကျိုးစီးပွားမဲ့မှုကိုသာ ဖော်

ဆောင်ပေးတတ်ပါသည်။

အချို့သူတို့ကမူ စကားပြောရာ၌ အတ္တစွဲဖြင့် ကိုယ်လိုရာ ကိုယ်ဆွဲ၍ ပြောတတ်၏။ အဂတိတရားလေးပါးနှင့် ယှဉ်၍လည်း ပြောတတ်၏။ ထိုအခါ ထိုသူပြောသော စကားသည် သဘာဝမကျ၊ ယုတ္တိမတန်၊ အကျိုးသင့် အကြောင်းသင့် မဖြစ်တော့။ အကြောင်းအကျိုး မညီညွတ်သော စကားတို့သည်လည်း အကျိုးစီးပွားမဲ့စေသော စကားမျိုးသာ ဖြစ်ပါ၏။

အချို့သူတို့က စကားပြောရာ၌ ဒေါသစိတ်ဖြင့် ပြောသည်။ ကြမ်းကြမ်းတမ်းတမ်း ပြောသည်။ ထိုပြောဆိုချက်မျိုးကို ကြားရသူတိုင်း စိတ်မချမ်းသာ။ ဒေါသဖြင့် ပြောဆိုသူကိုလည်း အကျိုးစီးပွားမဲ့စေပါသည်။

အထက်ပါ မူလပဏ္ဏာသ၊ ၃-ဩပမ္မဝဂ်၊ ၁-ကကစူပမသုတ်တော်တွင် မြတ်စွာဘုရားက တစ်ဖက်သူအနေဖြင့် အခါမဟုတ်ဘဲ ပြောသည်ဖြစ်စေ၊ မဟုတ်မမှန် ပြောသည်ဖြစ်စေ၊ ကြမ်းကြမ်းတမ်းတမ်း ပြောသည်ဖြစ်စေ၊ အကျိုးသင့် အကြောင်းသင့် မဟုတ်ဘဲ ပြောသည်ဖြစ်စေ၊ ဒေါသစိတ်ဖြင့် ပြောသည်ဖြစ်စေ မေတ္တာစိတ်ထားကာ စိတ်မဆိုးဘဲ နေသင့်ကြောင်း၊ ပြန်လှန်၍ ယုတ်ညံ့သော စကားကို မဆိုသင့်ကြောင်း၊ ရန်ပြုလိုမှု၊ ဒုက္ခဖြစ်စေလိုမှုကင်းသော မေတ္တာစိတ်ဖြင့် ဖြန့်၍ နေသင့်ကြောင်း ဆုံးမတော်မူခဲ့ပါ၏။

သူတစ်ပါးက အချိန်အခါ မသင့်သော စကားကို ဆိုလာလျှင် "ဩော်... သူ့ခမျာ ပညာဉာဏ် နည်းပါးသောကြောင့်သာ ဤသို့သော စကားမျိုးကို ပြောဆိုရှာတာ" ဟု နှလုံးသွင်းသင့်ပါသည်။ အကျိုးသင့် အကြောင်းသင့် မဖြစ်သောစကားကို ဆိုလာလျှင်လည်း "ဩော်... သူ့ခမျာ ဆင်ခြင်တုံတရား နည်းပါးသောကြောင့်သာ ဤသို့သော စကားမျိုးကို ပြောဆိုရှာတာပါ" ဟု ဆင်ခြင်သင့်ပါသည်။ ဤသို့ နှလုံးသွင်း ဆင်ခြင်လိုက်နိုင်လျှင် တစ်ဖက်သားအပေါ် အထင်အမြင်သေးခြင်း၊ အမြင်ကတ်ခြင်းတို့ မိမိ၏ အတွင်းသန္တာန်အတွင်း ဝင်ရောက်လာတော့မည် မဟုတ်ပါ။

သူတစ်ပါးက မမှန်ကန်သော စကားကို ဆိုလာလျှင်၊ ကြမ်းတမ်းသော စကားကို ဆိုလာလျှင်၊ ဒေါသဖြင့် စကားဆိုလာလျှင် ဤအခြင်း

အရာမှာ သူ၏ အကုသိုလ်မှုသာဖြစ်၍ မိမိထံသို့ ထိုအကုသိုလ်မှု မကူး စက်နိုင်ရန် သည်းခံနေလိုက်မည်ဟု နှလုံးသွင်းသင့်ပါသည်။ အမူအရာ ကြမ်းတမ်းရိုင်းပျသူနှင့် နောင်တွင် မည်သို့မျှ မပတ်သက် မဆက်ဆံတော့ ဟု ဆုံးဖြတ်လိုက်ပြီး ပစ္စုပ္ပန်တွင်မူ ထိုသူကဲ့သို့ ဒေါသဖြင့် ရိုင်းရိုင်းပျပျ တုံ့ပြန်ပြောဆိုမှု မပြုခြင်းသည် မိမိ၏အကျိုးစီးပွားကို မိမိ ကောင်းစွာ ကာကွယ်စောင့်ရှောက်နိုင်လိုက်ခြင်းပင် ဖြစ်ပါ၏။

သူတစ်ပါး၏ ညံ့ဖျင်းသော ပြောဆိုဆက်ဆံမှုနှင့် ကြုံဆုံရလျှင် ထိုသူအပေါ် ဒေါသဖြင့် တုံ့ပြန်ခြင်းထက် သူ့အမှားအပေါ် သင်ခန်းစာ ယူလိုက်ဖို့ လိုပါသည်။ သူ့အမှားမျိုး မိမိအနေဖြင့် မည်သည့်အခါမျှ မမှား စေရဟု ဆုံးဖြတ်သင့်ပါသည်။ ဤသည်နှင့် စပ်လျဉ်း၍ ကျေးဇူးရှင် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ အောက်ပါ ဩဝါဒတော်ကို နှလုံးအိမ်တွင် ထာဝစဉ် စွဲထုံနေသင့်ပါသည်။

"သူတစ်ပါး၏ အဆင်မပြေပုံ၊ ဘုကျပုံ၊ စိတ်ပျက်ဖွယ်ရာ ဆက်ဆံ ပုံ၊ အမူအရာရိုင်းပုံ၊ အပြောအဆို ကြမ်းတမ်းပုံ၊ စိတ်ထားနှလုံး မဖြောင့်ပုံ မျိုးကို မြင်ရ ကြုံရ တွေ့ရလေတိုင်း ထိုသူအပေါ် အမြင်ကတ်ခြင်း၊ ဒေါသ ထားမိခြင်းထက် 'ငါတော့ ယနေ့ကစ၍ ထိုလူစားမျိုးလို မနေမိအောင် ကြိုးစားသွားမယ်' ဟူ၍ အတွင်းကျိတ် ဆုံးဖြတ်ထားခြင်းသည် အကောင်း ဆုံး ဖြစ်သည်။ "

□

# ဘ၀ဆက်တိုင်း ပေါင်းဆုံချင်သော

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း၊ သုသုမာရဂိရိမြို့တွင် သီတင်းသုံးနေတော်မူစဉ် နကုလပိတာ၊ နကုလမာတာ အမည်ရှိသော သူကြွယ်ဇနီးမောင်နှံအိမ်သို့ ကြွတော်မူသည်။ သူကြွယ်ဇနီးမောင်နှံတို့သည် မြတ်စွာဘုရားအား ရိုသေစွာရှိခိုးလျက် သင့်လျော်သောနေရာ၌ ထိုင်နေကြပြီးလျှင် နကုလပိတာ သူကြွယ်က ဤသို့ လျှောက်ထားလေသည်။

"မြတ်စွာဘုရား၊ တပည့်တော်သည် အသက်ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူဖြစ်သော နကုလမာတာနှင့် လက်ထပ်ခဲ့ပါသည်။ လက်ထပ်သည့် အချိန်မှစ၍ ယနေ့အထိ နကုလမာတာကို ကျော်လွန်ပြီး အခြားသော မိန်းမျာထံ စိတ်ရောက်ဖူးသည်ဟု တစ်ခါမျှ မရှိခဲ့ဖူးပါ။ ကိုယ်ထိလက်ရောက် ကျူးလွန်မှုကား ဆိုဖွယ်ရာပင် မရှိတော့ပါ။ မြတ်စွာဘုရား၊ တပည့်တော်တို့သည် ယခုဘ၀၌လည်း အချင်းချင်း တွေ့ဆုံပြီး နောင်ဘ၀ သံသရာ၌လည်း အချင်းချင်း တွေ့ဆုံရန် အလိုရှိကြပါသည် ဘုရား"

နကုလမာတာကလည်း လျှောက်ပြန်သည်။

"မြတ်စွာဘုရား၊ တပည့်တော်မ ငယ်ငယ်ကပင် နကုလပိတာနှင့် လက်ထပ်ခဲ့ပါသည်။ ထိုအခါမှစ၍ တပည့်တော်မသည် နကုလပိတာကို ကျော်လွန်ပြီး ယောကျ်ားတစ်ပါးထံ စိတ်ရောက်ဖူးသည်ဟု မရှိခဲ့ဖူးပါ။ ကိုယ်ထိလက်ရောက် ကျူးလွန်မှုကား ဆိုဖွယ်ရာပင် မရှိတော့ပါ။ မြတ်စွာဘုရား၊ တပည့်တော်တို့သည် ယခုဘ၀၌လည်း အချင်းချင်းတွေ့ဆုံပြီး နောင်ဘ၀သံသရာ၌လည်း အချင်းချင်းတွေ့ဆုံရန် အလိုရှိကြပါသည်

ဘုရား"

ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူလေသည်။

"သူကြွယ်တို့ ဇနီးမောင်နှံ နှစ်ယောက်တို့သည် အကယ်၍ ယခုဘဝ၌ အချင်းချင်း တွေ့ဆုံပြီး နောင်ဘဝသံသရာမှာလည်း အချင်းချင်း တွေ့ဆုံချင်ကြလျှင် နှစ်ယောက်လုံးသည် တူမျှသော သဒ္ဓါ ရှိကြရမည်။ တူမျှသော အကျင့်သီလ ရှိကြရမည်။ တူမျှသော စွန့်ကြဲမှုစာဂ ရှိကြရမည်။ ယင်းသို့ တူမျှသော သဒ္ဓါ၊ တူမျှသော သီလ၊ တူမျှသော စာဂ၊ တူမျှသော ပညာရှိကြလျှင် ထိုဇနီးမောင်နှံ နှစ်ယောက်တို့သည် ယခုဘဝ၌လည်း အချင်းချင်း တွေ့ဆုံပြီး နောင်ဘဝသံသရာမှာလည်း အချင်းချင်း တွေ့ဆုံကြရကုန်၏"

ဇနီးမောင်နှံ နှစ်ယောက်တို့သည် သဒ္ဓါတရား ရှိကြ၏။ အလှူခံ ပုဂ္ဂိုလ်အလိုကို သိကြ၏။ ကိုယ်နှုတ်ကို စောင့်စည်းကြ၏။ ထိုဇနီးမောင်နှံ တို့သည် အချင်းချင်း ချစ်ဖွယ်စကားကို ပြောဆိုကြကုန်လျက် တရားသဖြင့် အသက်မွေး၏။

အကျင့်သီလ တူမျှကြကုန်သော ဇနီးမောင်နှံနှစ်ယောက်တို့အား စီးပွားဥစ္စာ တိုးပွားလျက် ချမ်းသာစွာ နေထိုင်ရ၏။ ရန်သူများ မကောင်း မကြံနိုင်ပေ။

တူမျှသော သီလအကျင့်ရှိသော ဇနီးမောင်နှံ နှစ်ဦးတို့သည် ယခုဘဝတွင် တရားကို ကျင့်၍ နောင်အခါ နတ်ပြည်လောက၌ နှစ်သက်မွေ့ လျော်ကာ မတောင့်မတ လိုရာရလျက် ဝမ်းမြောက်ကြရကုန်၏။

(စတုက္ကအင်္ဂုတ္တိုရ်၊ ဒုပဏ္ဏာသက၊ ၅-ပဌမသမဇီဝိသုတ်)

[ဗုဒ္ဓ၏ ဩဝါဒအမြုတေ (၂)၊ ဒဂုန်ဦးထွန်းမြင့်၊ စာ-၈၃၊ ၈၄]

လူသားမှန်သမျှ အရွယ်နှင့်ယှဉ်လျက် ပြောင်းလဲဖွံ့ဖြိုးလာသော ဖြစ်စဉ်များအတွင်း ကျင်လည်သက်ရှင်နေကြခြင်း ဖြစ်ပါသည်။ ဘဝ တစ်လျှောက်လုံးတွင် အရွယ်အလျောက် အပြောင်းအလဲ၊ အဆစ်အချိုး အကွေ့များ ကြုံတွေ့ရင်ဆိုင်ရပါသည်။ ငယ်ရွယ်စဉ် မိဘ၏ အရိပ်အာ ဝါသတွင် ခိုလှုံရင်း ပညာသင်ကြားကြသည်။ လူပျိုပေါက်၊ အပျိုပေါက် အရွယ် ရောက်လာသောအခါ အရွယ်၏ သဘာဝ ဆန့်ကျင်ဘက်လိင်

အပေါ် စိတ်ညွတ်တိမ်းမူးလာသည်။ ချစ်ခင်တွယ်တာလာသည်။ ချစ်သူ ရည်းစားအဖြစ် ရွေးချယ်လာသည်။ အချိန်တန်သောအခါ အကြင် လင်မယားအဖြစ် ပေါင်းဖက်ပြီး တစ်အိုးတစ်အိမ် ထူထောင်ကြ၏။ ချစ်ခင် စုံမက်သူနှစ်ဦး ရွှေလက်တွဲ၍ အိမ်ရာတည်ထောင်မှု ပြုသောကြောင့် လူသားမျိုးနွယ်ကြီး ရှင်သန်တည်တံ့နေခြင်း ဖြစ်ပါ၏။ အင်္ဂလိပ် စာရေး ဆရာကြီး 'ရောဘတ်အင်္ဂါဆောလ်' က–

"လူသားတို့တွင် အိမ်ထောင်ရေးသည် အမြင့်မြတ်ဆုံး အစဉ်အလာ ဟု မှတ်ယူပါသည်။ မီးဖိုမရှိလျှင် လူသားတို့၏ တိုးတက်ရေး မရှိနိုင်။ မိသားစုအဆက်အသွယ်များ (သံယောဇဉ်)မရှိလျှင် ဘဝသည် နေစရာ မကောင်းတော့ပေ" ဟု ရေးသားခဲ့ပါသည်။

ချစ်သူသမီးရည်းစားဘဝမှ အကြင်လင်မယား ဖြစ်လာကြသော အိမ်ထောင်သည်တို့တွင် လင်နှင့်မယား တစ်ဦးနှင့်တစ်ဦး အကျင့်စရိုက် တူညီကြသူတွေ ရှိသလို မတူညီကြသူတွေလည်း ရှိပါသည်။ အကြိုက်ညီ ကြသူတို့ ရှိကြသလို အကြိုက်မညီကြသူတွေလည်း ရှိပါ၏။ 'ချစ်သူ သမီးရည်းစား' ဘဝတုန်းက တစ်ဦး၏အကျင့်စရိုက်နှင့် စိတ်နေစိတ်ထား ကို ကျန်တစ်ဦးက ခရေစေ့တွင်းကျ ခြေခြေမြစ်မြစ် ဂဃနဏ မသိနိုင်ခဲ့ ကြပေ။

အထူးသဖြင့် 'ခုမြင်၊ ခုကြိုက်၊ ခုယူလိုက်' ဆိုသကဲ့သို့ သမီးရည်း စား သက်တမ်း လပိုင်းအတွင်းမှာပင် အကြင်လင်မယားအဖြစ် အကြောင်း ဆက် ပေါင်းဖက်ကြသူ လူငယ်တွေ အများအပြား ရှိပါသည်။ ထိုသူတို့ အနေဖြင့် အပေါ်ယံရုပ်ရည် အလှအပတစ်ခုတည်းအပေါ်သာ ယစ်မူးတိမ်း ညွတ်ပြီး အိမ်ထောင်ပြုခဲ့ကြသည်။ အိမ်ထောင်ဖက်၏ အမူအကျင့်၊ စိတ်နေ သဘောထားတို့ကို ဂဃနဏ ရေရေရာရာ မသိရှိခဲ့ကြ။ အကြင်လင်မယား အဖြစ် ပေါင်းသင်းမိသောအခါတွင်မှ မိမိနှင့် အမူအကျင့် ဓလေ့စရိုက်၊ စိတ်နေသဘောထားချင်း မတိုက်ဆိုင်သောအခါ စလယ်ဝင် ဖင်မမည်းခင် ကတည်းက ကွဲကြ ကွာကြလေတော့သည်။

အချို့ကတော့ မတူညီသော အမူအကျင့်တို့ကို တစ်ဦးနှင့်တစ်ဦး ညှိယူ၍ ပြေလျှော့ပေးခြင်းအားဖြင့် 'အိမ်ထောင်' ကို မပြိုကွဲအောင် ထိန်း

သိမ်းကြပါသည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထားလျက် အပြန်အလှန် လိုက်လျောတန်သည်ကို လိုက်လျောသည်။ အပြန်အလှန်ပင် တစ်ဦးနှင့် တစ်ဦး နားလည်မှုရအောင် အားထုတ်ကြသည်။ မတူညီသော အချက်တို့ အပေါ် စွမ်းနိုင်သမျှ 'ညှိနှိုင်း' ယူကြသည်။ ဤသို့ဖြင့် အကြိုက်၊ စရိုက်တို့ မတူ ခြားနားကွဲပြားစေကာမူ သစ္စာ၊ မေတ္တာ အရင်းခံလျက် အပြန်ပြန် နားလည်မှုရှိရှိ ညှိယူခြင်းအားဖြင့် တည်မြဲနေသော အိမ်ထောင်ဖက်တို့ လည်း ရှိပါ၏။

ကိုဝင်းဦး သီဆိုခဲ့သော သီချင်းတစ်ပုဒ်မှ စာသားတစ်ခုကို အမှတ် ရနေမိပါသည်။ 'အုံ့ပုန်းချစ် တစ်ရက်လောက် ချစ်ရတာရယ်၊ လင်မယား အချစ် တစ်သက်လိုက်လို့ မမီပါတယ်' ဆိုသော စာသား ဖြစ်ပါ၏။ ထိုစာသားကို မှတ်မိနေခြင်းမှာ ထိုစာသားကို နှစ်သက်သဘောကျသော ကြောင့် မဟုတ်ပါ။

လင်မယားနှစ်ဦး အကြိုက်ချင်းလည်း တူတာတွေ များမည်။ စရိုက် ချင်းလည်း တူတာတွေ များမည်။ မတူညီသော အကြိုက်စရိုက်တွေကို လည်း တတ်နိုင်သမျှ ညှိယူကြမည်။ တစ်ဦးနှင့်တစ်ဦး သစ္စာမြဲမည်ဆိုလျှင် လင်နှင့်မယားတို့သည် နှစ်ကာလတွေ ကြာရှည်လာလေ သံယောဇဉ်ကြိုး တွေ တိုး၍ ခိုင်မြဲလာလေပင် ဖြစ်ပါသည်။ လင်နှင့်မယားဟူသည် လောက ခံကို ရင်ဆိုင်ဖော် ရင်ဆိုင်ဖက်၊ ဘဝတွင် လက်တွဲဖော် လက်တွဲဖက်လည်း ဖြစ်၏။ နှစ်ကာလ အရှည်ကြာဆုံး အတူနေ လူသားနှစ်ဦးလည်း ဖြစ်ပါ၏။ အမိ အဖတို့နှင့် နှစ် ၂၀ ခန့်သာ အတူနေခဲ့ရမည်။ မိမိ၏ သားသမီးတို့က လည်း နှစ် ၂၀ ခန့်သာ မိမိတို့နှင့် အတူနေမည်။ လင်နှင့်မယားမှာမူ အိမ် ထောင်ကျပြီးသည်မှ နောက်ဆုံးထွက်သက်ကို ရှူထုတ်သည့်တိုင် နှစ်ပေါင်းများစွာ အတူနေကြသည်။ လောကဝယ် အရင်းနှီးဆုံး အတူနေ လူသားနှစ်ဦးမှာ အေးလည်း အတူ၊ ပူလည်း အမျှ၊ ဆိုးတူကောင်းဖက် သစ္စာ မြဲကြမည်။ အသက်ရှည်၍ ရွှေလက်မြဲ တွဲနိုင်ကြပေမည်။

လင်နှင့်မယား နှစ်ကာလရှည်ကြာစွာ အတူနေလာလေ မေတ္တာ အထုအထည် ပိုမို၍ သိပ်သည်းထူထဲလာလေ သံယောဇဉ်ကြိုးက တိုး၍ တိုး၍ ခိုင်မြဲလာလေပင် ဖြစ်ပါသည်။ အသက်အရွယ် ကြီးရင့်လာသော

အခါ သူတို့နှစ်ဦး ပေါင်းဖက်နေခြင်းက 'ကိုယ်ကာယအချစ်' (Physical Love) အပေါ် မူမတည်တော့ပါ။

အချို့သော ဇနီးမောင်နှံတို့သည် နေနဲ့လ၊ ရွှေနဲ့မြပမာ လိုက်ဖက်ညီသည်။ တစ်ဦးနှင့်တစ်ဦး စိတ်နေစိတ်ထားချင်း တူညီကြသည်။ အကျင့်စရိုက်ချင်းလည်း တူညီကြသည်။ ရတနာသုံးတန်နှင့် ကံ၊ ကံ၏အကျိုးအပေါ် ယုံကြည်ခြင်း သဒ္ဓါရှိမှုချင်းလည်း တူညီကြသည်။ ဘုရားသွားလည်း အတူ၊ ကျောင်းသွားလည်း မခွဲမခွာ၊ ရေ့သွားနောက်လိုက် ညီညွတ်လိုက်ဖက်ကြသည်။ နှလုံးသား၌ သဒ္ဓါစာတ် ကိန်းအောင်းသော ဇနီးမောင်နှံတို့အဖို့ ရတနာသုံးပါးနှင့် စပ်လျဉ်းသော ကုသိုလ်ကောင်းမှုတို့၌လည်း စိတ်တူ သဘောတူ တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်း ဆောင်ရွက်တတ်ကြပါသည်။

ထိုဇနီးမောင်နှံတို့မှာ ကိုယ်ကျင့်သီလအရာတွင်လည်း တူညီကြပါသည်။ လူ၏ အခြေခံကျင့်ဝတ်ဖြစ်သော 'ငါးပါးသီလ' ကို မြဲမြဲအောင်စောင့်ထိန်းလေ့ ရှိပါသည်။ ဒုစရိုက်ဆယ်ပါးကို လွန်ကျူးပြုလုပ်လေ့ မရှိ။ လူနှင့် အခြားသက်ရှိသတ္တဝါတို့ကို ထိခိုက်နစ်နာစေသော မိစ္ဆာအာဇီဝမှုဖြင့် စီးပွားဥစ္စာ မရှာဖွေ။ တရားမျှတ အပြစ်ကင်းသော သမ္မာအာဇီဝမှုဖြင့်သာ စီးပွားရှာဖွေမှုပြုသည်။

မိမိတို့ စွမ်းနိုင်သမျှ အလှူဒါနပြုကြရာတွင်လည်း လင်နှင့်မယားတစ်စိတ်တည်း တစ်ဝမ်းတည်း ညီညွတ်ကြသည်။ ခင်ပွန်းက လှူချင်သောဒါနကို ဇနီးဖြစ်သူက မည်သည့်အခါမျှ မကန့်ကွက်။ ဝိုင်းဝန်းအားပေးကူညီသည်။ ဇနီးဖြစ်သူ လှူချင်သော ဒါနကို ခင်ပွန်းဖြစ်သူက မည်သည့်အခါမျှ မကန့်ကွက်။ ဝိုင်းဝန်းကူညီ အားပေးသည်။ အလှူကောင်းမှုပြုရာတွင် လင်နှင့်မယား တက်ညီလက်ညီ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွဆောင်ရွက်ကြသည်မှာ ဘေးမှရှုမြင်ရသူတို့အဖို့ ကြည်နူးဖွယ်ရာပင် ဖြစ်ပါ၏။

အထက်ပါ စတုတ္ထအင်္ဂုတ္တိုရ်၊ ဒု-ပဏ္ဏာသကတွင် ဘုရားရှင်က နကုလပိတာနှင့် နကုလမာတာ ဇနီးမောင်နှံတို့အား ဟောတော်မူခဲ့သည့်အတိုင်း သဒ္ဓါ၊ သီလ၊ စွန့်ကြဲမှုစာဂ၊ အသိဉာဏ်ပညာ တူမျှသော ဇနီး

မောင်နှံနှစ်ဦးတို့သည် ဤပစ္စုပ္ပန်ဘဝတွင် သာမက တမလွန်ဘဝတို့တွင်လည်း ရေစက်ဆုံကာ အကြောင်းဆက် ပေါင်းဖက်ကြရပေလိမ့်မည်။

□

# ငြိမ်းချမ်းမှု နည်းလမ်းများကိုသာ ကြားသိပါစေ

တစ်ကမ္ဘာလုံးကို မေတ္တာဖြင့် လွှမ်းထားပါ။ သိမ်မွေ့သော၊ ကြမ်းတမ်းသော မည်သည့်သတ္တဝါမဆို သူတို့အား အန္တရာယ်ဖြစ်စေမည့် မည်သည့်အမုတ်လက္ခဏာမျိုးမှ မမြင်မတွေ့ကြရပါစေနှင့်။ ငြိမ်းချမ်းမှု နည်းလမ်းများကိုသာ ကြားသိပါစေ။

(ရှူဥတ္တ)

(ပါဠိဂူ၏ "နိမ္မာန်" စာအုပ်၊ စာ-၈၅)

လွန်ခဲ့သော ၂၅ နှစ်ခန့်ကတည်းက ဖြစ်ပါသည်။ ကျွန်တော်၏ အိမ်ခန်းနံရံတစ်နေရာတွင် မြတ်ဗုဒ္ဓ၏ အဆုံးအမတော်နှစ်ခုကို ဆေးရောင်စုံ စာလုံးများဖြင့် ရေးသားချိတ်ဆွဲ ကပ်ထားခဲ့ပါသည်။ ထိုအဆုံးအမတော် နှစ်ခုအနက် တစ်ခုမှာ 'ဘုရားရှင်တိုင်း၏ အဆုံးအမတော်' ဖြစ်ပြီး ကျန်တစ်ခုမှာမူ အထက်တွင် ဖော်ပြထားသော အဆုံးအမတော် ဖြစ်ပါ၏။ ဖတ်ကြည့်စဉ်တိုင်း ရင်တွင်း၌ ချမ်းမြေ့သွားစေသော ထိုအဆုံးအမတော်ကို 'ငြိမ်းချမ်းပါစေ' ဟူသော ခေါင်းစဉ်တပ်လျက် ချိတ်ဆွဲခဲ့ခြင်း ဖြစ်ပါသည်။

အမှန်တော့ 'ငြိမ်းချမ်းရေး' ဟူသည် လူ့အဖွဲ့အစည်းတိုင်းတွင် တန်ဖိုးအထားအပ်ဆုံး အရာတစ်ခု ဖြစ်ပါ၏။ နိုင်ငံသူ၊ နိုင်ငံသားများ၏ ဘဝတည်ငြိမ် လုံခြုံရေးအတွက် ပဓာနအကျဆုံး၊ အလိုအပ်ဆုံးအရာမှာ 'ငြိမ်းချမ်းရေး' ပင် ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတစ်ခုတွင် ငြိမ်းချမ်းမှု ပြည့်ပြည့်ဝဝ ထွန်းပမှသာလျှင် ထိုလူ့အဖွဲ့အစည်း၏ စည်ပင်သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စအဖြာဖြာကို အနှောင့်အယှက် အခက်အခဲမရှိ

ဆောင်ရွက်နိုင်ပါလိမ့်မည်။ တိုင်းပြည်နိုင်ငံတစ်ခု တည်ငြိမ်အေးချမ်းရေးမှာ ဦးဆောင်ဦးရွက်ပြုနေသော နိုင်ငံတော်အစိုးရ တစ်ခုတည်းအပေါ်မှာသာ လျှင် မူတည်ခြင်း မရှိမူလျက် နိုင်ငံသူ၊ နိုင်ငံသားတွေမှာပါ တာဝန်ရှိပါသည်။

လူ့အဖွဲ့အစည်းတစ်ခု တည်ငြိမ်အေးချမ်းဖို့မှာ လူ့အဖွဲ့အစည်းဝင် အသီးသီး၏ အတွင်းသန္တာန် ငြိမ်းချမ်းဖို့လည်း လိုပါသည်။ လူတစ်ဦးချင်းစီ၏ အတွင်းသန္တာန်ကို ငြိမ်းချမ်းစေသော အရင်းခံ အကြောင်းတရားများ ရှိသကဲ့သို့ မငြိမ်းချမ်းစေသော အရင်းခံ အကြောင်းတရားများလည်း ရှိပါသည်။ တည်ငြိမ်အေးချမ်းစေသော အရင်းခံ အကြောင်းတရားများမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ အပြန်အလှန် နားလည်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းတတ်ခြင်း၊ ကိုယ်ချင်းစာ တရားထားရှိခြင်း စသည်တို့ ဖြစ်ပါ၏။ ရင်တွင်း၌ ကိုယ်ချင်းစာတရား ထွန်းပနေသူသည် သူတစ်ပါး၏ အသက်အိုးအိမ်၊ စည်းစိမ် ပျက်စီးရာ ပျက်စီးကြောင်း မကြံဆောင်၊ အားမထုတ်၊ ကိုယ်ချင်းစာတရား ဟူသည် လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းရေးအတွက် ကောင်းစွာ ဆောင်ကြဉ်းပေးနိုင်သော နှလုံးသားအလှတရား ဖြစ်ပါသည်။ ပြင်သစ် အတွေးအခေါ်ရှင် 'အဲလ်ဘတ်ရှဝစ်ဇာ' က "လူတိုင်းဟာ မိမိ ရရှိထားတဲ့ ဘဝအခြေအနေထဲက မိမိရဲ့ ဘဝတူလူသားများအပေါ် ကြင်နာစိတ်ကို ကြိုးစားပြီး ကျင့်သုံးရပါမယ်။ ဒီအချက်ဟာ လူသားအားလုံးရဲ့ အနာဂတ် သာယာရေးအတွက် အဓိကပါပဲ" ဟု ပြောခဲ့ပါသည်။

လူ့အဖွဲ့အစည်းဝင်တိုင်း၏ နှလုံးသားတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါး တည်ကိန်းရှင်သန်နေမည်ဆိုသော် ထိုလူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းရေးလရောင် ပြည့်ပြည့်ဝဝ ထွန်းလင်းဖြာဝေနေပေလိမ့်မည်။

လူ့အဖွဲ့အစည်းဝင်ဖြစ်သော လူသည် အခြားလူ့အဖွဲ့အစည်းဝင် ဖြစ်သော လူသားများအပေါ် မေတ္တာထားရပေလိမ့်မည်။ လူမျိုးခြား၊ ဘာသာခြားများသည်လည်း လူသားများချည်းဖြစ်ရာ လူမျိုး၊ ဘာသာ မခွဲခြား မေတ္တာထားကြမည်ဆိုလျှင် ဤကမ္ဘာမြေတွင် ငြိမ်းချမ်းရေးပန်းပွင့်

များ လန်းစွင့်မွေးပျံ့နေပေလိမ့်မည်။ မေတ္တာတွင် အကြည်ဓာတ်ရှိသည်။ အအေးဓာတ် ကိန်းဝပ်နေသည်။ မေတ္တာလွှမ်းခြုံထားသော လူမှုဝန်းကျင်တွင် အကြည်ဓာတ်၊ အအေးဓာတ်များ လွှမ်းခြုံထားသော လူမှုဝန်းကျင်တွင် အကြည်ဓာတ်၊ အအေးဓာတ်များ လွှမ်းထင်ကာ ငြိမ်းချမ်းသာယာနေပေလိမ့်မည်။ ငြိမ်းချမ်းမှု ပျက်ပြားခြင်းသည် တစ်ဦးနှင့်တစ်ဦး မေတ္တာကင်းမဲ့ပြီး အမုန်းတရားတို့ ခေါင်းထောင်ထလာသောကြောင့် ဖြစ်ပါ၏။

အမေရိကန် စာရေးဆရာ ကက်သရင်းအန်ပေါ်တာက "မေတ္တာတရားကို လေ့လာလေ့ကျင့်၍ အကြိမ်ကြိမ် သင်ယူရပေမည်။ အဆုံးမရှိသင်ယူရမည် ဖြစ်ပါသည်။ အမုန်းတရားကိုမူ သင်ယူရန်မလို။ နှိုးဆွလျှင်ထကြွရန် အသင့်စောင့်နေချေသည်" ဟု ရေးခဲ့ပါသည်။ မေတ္တာတရားဟူသည် စိတ်ကောင်း နှလုံးကောင်း အရင်းခံလျက် ပွားများယူရသောအရာဖြစ်ပါသည်။ အမုန်းတရားဟူသည်မှာမူ ဓာတ်ဆီအလောင်းကို စောင့်နေသော မီးပွားလေးပမာ သွေးထိုးမှု၊ လှုံ့ဆော်မှု၊ ရန်တိုက်ပေးမှု တစ်စုံတစ်ရာပြုလုပ်လျှင်ပင် ရုတ်ခြည်းထကြွသောင်းကျန်းတတ်ပါသည်။ အမုန်းတရားဟူသည် ပူလောင်စေတတ်သော မီးတစ်မျိုး ဖြစ်ပါ၏။ အမုန်းမီးလျှံသည် တည်ငြိမ်အေးချမ်းနေသော အနေအထားကို လောင်ကျွမ်းပျက်စီးစေတတ်ပါသည်။ လူတိုင်းသည် အခြားသူတို့အပေါ် မုန်းစိတ်ကင်းအောင် နေထိုင်ဖို့လိုကြောင်း ကျေးဇူးရှင် တောင်တန်းသာသနာပြု ဆရာတော်ကြီး အရှင်ဦးဥတ္တမသာရက ဤသို့ ဆုံးမတော်မူခဲ့ပါ၏။

"မနုဿလူသားအပေါင်း သူတော်ကောင်းတို့၊ အသင်တို့သည် လူ့လောကမှာ ချမ်းမြေ့ကြည်လင်စွာ နေလိုကြလျှင် မုန်းစိတ်ကင်းသူ ဖြစ်အောင် နေကြကုန်လော့။ သူတစ်ပါးက သင့်ကို မုန်းစိတ်ထားသူ ရှိချင်ရှိပါစေ။ သင်တို့၊ ငါတို့က သူတစ်ပါးအပေါ်၌ မုန်းစိတ်ကင်းခြင်းသည်သာ မှုမှန်ဖြစ်၍ မြတ်ပါသည်။ ထိုသို့နေသောအခါ သင်တို့၊ ငါတို့အဖို့ ပထမဆုံး ရောက်လာမည့် ကောင်းကျိုးတရားကား စိတ်ချမ်းသာမှု၊ ကြည်လင်ပျော်မွေ့မှုကို လက်ငင်းခံစားရခြင်းပေတည်း"

လူတစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး အထင်အမြင် လွဲမှားခြင်း၊ နားလည်မှု လွဲမှားခြင်း၊ မုန်းတီးခြင်း၊ တစ်ဖက်စွန်းရောက် အယူသီး

ခြင်း စသော အကြောင်းအရာများအပေါ် အခြေပြုလျက် လူ့အဖွဲ့အစည်းတွင် အကြမ်းဖက်မှု၊ ညှဉ်းဆဲသတ်ဖြတ်မှု၊ ဖျက်ဆီးမှုတို့ ဖြစ်ပေါ်လာနိုင်ပါသည်။ အလိုဆိုးရှိသူ၊ ယုတ်မာသူတို့၏ အခြေအမြစ်မဲ့သော ကောလာဟလသတင်းများ၊ သွေးထိုးလှုံ့ဆော်မှုများက လူ့အဖွဲ့အစည်းတစ်ခုအတွင်း နေထိုင်သူအချင်းချင်းကြားတွင် အထင်အမြင်လွဲမှားမှုများ၊ သံသယများကို ဖန်တီးစေနိုင်ခဲ့ပြီး မုန်းတီးမှုများ၊ ဒေါသများကို ပေါက်ကွဲဖြစ်ပေါ်စေနိုင်ပါသည်။ ငြိမ်းချမ်းရေးကို လိုလားသူ နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် အဖျက်အမှောင့်သမားတို့၏ သွေးထိုးလှုံ့ဆော်မှုနှင့် ကောလာဟလဖြန့်ချိမှုများ၏ သားကောင်မဖြစ်အောင် ကာကွယ်နိုင်စွမ်း ရှိကြရမည် ဖြစ်ပါသည်။

ကြေးမုံသတင်းစာတွင် သံတွဲခရိုင်၌ အုပ်ချုပ်ရေးမှူး၏ စီစဉ်မှုဖြင့် ကောလာဟလ တိုက်ဖျက်ရေးနှင့် သတင်းမှန် ဖြန့်ချိရေးအဖွဲ့ကို နိုင်ငံရေးပါတီများ၊ မြို့မိဖြို့ဖများနှင့် ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ကြောင်း ဖတ်လိုက်ရပါသည်။ အကြံပက်စက်သူတို့ ထုတ်လွှင့်နေသော ကောလာဟလသတင်းများ ခြေဆန့်ရောက်ရှိရာ ဒေသတိုင်းတွင် ကောလာဟလသတင်းနှင့် သွေးထိုးလှုံ့ဆော်မှုများ၏ အန္တရာယ်ကို ငြိမ်းချမ်းရေး မြတ်နိုးသူတိုင်းက ဝိုင်းဝန်းကာကွယ်ကြရပေမည်။

မမျှော်လင့်ဘဲ ပဋိပက္ခတစ်ခု၊ ပြဿနာတစ်ရပ် ဖြစ်ပေါ်လာပြီးလျှင် တရားမျှတသော နည်းလမ်းဖြင့်လည်းကောင်း၊ တည်ဆဲတရားဥပဒေအရလည်းကောင်း၊ နှလုံးသား ရင့်ကျက်မြင့်မြတ်မှုဖြင့်လည်းကောင်း ဖြေရှင်းခြင်းသည် အကောင်းဆုံး ဖြေရှင်းနည်း ဖြစ်ပါ၏။ သို့မဟုတ်ဘဲ ပဋိပက္ခများ၊ ပြဿနာများကို အကြမ်းဖက်မှု၊ ဖျက်ဆီးမှုတို့ဖြင့် တုံ့ပြန်မည်ဆိုလျှင် ပဋိပက္ခသည် ပို၍ ကြီးမားလာပေလိမ့်မည်။ ပြဿနာမီးတောက်သည် ပို၍ တောက်လောင်လာပေလိမ့်မည်။ မင်းမဲ့စရိုက်ဆန်ခြင်း၊ အကြမ်းဖက်ခြင်းသည် ပြဿနာတစ်ရပ်ကို အကြွင်းမဲ့ချုပ်ငြိမ်းစေသော နည်းလမ်း မဟုတ်ပါ။

မင်းမဲ့စရိုက်ဆန်ခြင်း၊ အကြမ်းဖက် ဖျက်ဆီးခြင်းသည် တည်ငြိမ်အေးချမ်းမှုကို ယိမ်းယိုင်စေသော လုပ်ရပ်များသာ ဖြစ်ပါ၏။ အိန္ဒိယ

သူတော်စင်ကြီး မဟတ္တမဂန္ဒီက "အကြမ်းဖက်မှုများကြားတွင် အကြမ်းမဖက်ရေး သဘောကို တွေ့ရှိသော ပညာရှိသည် နယူတန်လို ပုဂ္ဂိုလ်ထက်ပို၍ ပညာဉာဏ်ကြီးသည်" ဟု မိန့်ဆိုခဲ့ဖူးပါသည်။

နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ရောထွေး စုစည်းနေထိုင်လျက်ရှိရာ အသွေးအရောင်မတူ၊ လူမျိုးမတူ၊ ကိုးကွယ်ရာ ဘာသာ မတူစေကာမူ လူသားအားလုံး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် နေထိုင်သွားရမည်သာ ဖြစ်ပါသည်။ လူသား၏ မွေးရာပါ အခွင့်အရေးအရ မိမိယုံကြည်ရာ ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်နိုင်ကြပါသည်။ မိမိ၏ အမျိုးဘာသာ သာသနာကို ဦးထိပ်တင်လျက် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းကြရပါသည်။ သို့တစေ သူတစ်ပါး၏ အမျိုးဘာသာ သာသနာကိုမူ စဉ်းငယ်မျှပင် ထိပါးစရာ မလိုပါချေ။

မိမိက မည်သည့် ဘာသာတရားကို ကိုးကွယ်သည်ဖြစ်စေ မိမိကိုးကွယ်ရာ ဘာသာတရားနှင့်မတူသော အခြား အခြားသော ဘာသာတရားများအပေါ် လေးစားဖို့လိုသကဲ့သို့ အခြားဘာသာဝင်များနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်ဖို့ လိုပါသည်။ သို့မှသာ လူမျိုးပေါင်းစုံ၊ ဘာသာတရားပေါင်းစုံ ယှဉ်တွဲစုစည်းနေထိုင်ရာ လူ့အဖွဲ့အစည်းကြီး တည်ငြိမ်အေးချမ်းပါလိမ့်မည်။

ကျေးဇူးရှင် အရှင်ဉာဏိဿရ သီတဂူဆရာတော်ကြီး၏ သဝဏ်လွှာတစ်စောင်တွင် "မြန်မာနိုင်ငံတွင် ဘုရားသားတော် သံဃာတော်ဦးရေ ငါးသိန်းနီးပါးရှိရာ မြန်မာ့တပ်မတော်၏ အင်အားနှင့် အညီအမျှလောက်ရှိကြောင်း၊ ဘုရားသားတော် အစည်းအရုံးကြီးကလည်း အကြမ်းမဖက်ဘဲ ဆူပူသောင်းကျန်းခြင်းမှန်သမျှကို မေတ္တာလက်နက်ကိုင်စွဲ၍ ဝိုင်းဝန်းနှိမ်နင်းစေလိုကြောင်း၊ နိုင်ငံတော် တည်ငြိမ်ရေးကိုလည်း အင်တိုက်အားတိုက် ဝိုင်းဝန်းတည်ထောင်ပေးစေလိုကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ညီညွတ်ရေးကို တည်ထောင်လိုသော မည်သည့် ဘာသာရေးခေါင်းဆောင်များနှင့်မဆို လက်တွဲဆောင်ရွက်ကြပါ" ဟု တိုက်တွန်းနှိုးဆော်ထားပါသည်။

ကျေးဇူးရှင် ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး၏ ငြိမ်းချမ်း

ရေး ဩဝါဒဖြင့် ဤဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။

"ဆရာကြီး ဦးရာဇာတ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ငဲ့ပါ။ သူတို့နှစ်ယောက်ရဲ့ ဝါဒအတူတူ၊ သဘောထားချင်း တူတာတွေ ပြောပြမယ်"

၁။ ငါတို့ဟာ မြန်မာပြည်မှာ မွေးဖွားတယ်။

၂။ ငါတို့ဟာ မြန်မာထမင်း အာဟာရ စားသုံးတယ်။

၃။ ငါတို့ဟာ မြန်မာပြည်မှာ ကျောင်းနေတယ်။

၄။ ငါတို့ဟာ မြန်မာပြည်မှာ ပညာသင်တယ်။

၅။ ငါတို့ဟာ မြန်မာပြည် လွတ်လပ်ရေးရဖို့က တို့တာဝန်ဆိုပြီး သဘောတူပြီး လုပ်လာခဲ့ကြတယ်။

ဆရာကြီး ဦးရာဇတ်က မိတ္ထီလာမှာ မွေးတယ်။

ဗိုလ်ချုပ်အောင်ဆန်းက နတ်မောက်မှာ မွေးတယ်။

မင်းက ဘယ်ဘာသာ၊ ငါက ဘယ်ဘာသာဆိုပြီး နီးနှောပြောဆိုတာ မရှိဘူး။ မြန်မာပြည် ချမ်းသာဖို့၊ လွတ်လပ်ရေးရဖို့ သူတို့ လုပ်ခဲ့ကြတယ်။ ဒါကြောင့် လွတ်လပ်ရေးရတာ။ သူတို့နှစ်ယောက်မှာ ဦးရာဇတ်က မွတ်စလင်၊ ဗိုလ်ချုပ်အောင်ဆန်းက ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး ပြောရိုးထုံးစံ မရှိဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်ကြတယ်။ ခုလည်း လွတ်လပ်ရေးရကြပြီ။ ဒီအတိုင်းသာ တစ်ယောက်နဲ့တစ်ယောက် မခန့်လေးစား ဖြစ်ပြီးတော့ သတ်ဖြတ်ပုတ်ခတ်နေကြရင် လွတ်လပ်ရေးက ပြန်ဆုံးရှုံးသွားလိမ့်မယ်။ ဆရာတော်အနေနဲ့ စိုးရိမ်တယ်။

လွတ်လပ်ရေး မဆုံးရှုံးအောင်၊ လွတ်လပ်ရေး တည်တံ့ခိုင်မြဲအောင် နေကြ ထိုင်ကြပါ။ လွတ်လပ်ရေးဗိသုကာ မွတ်စလင်ဆရာကြီး ဦးရာဇတ်နဲ့ လွတ်လပ်ရေးဗိသုကာ ဗုဒ္ဓဘာသာ ဗိုလ်ချုပ်အောင်ဆန်းကိုငဲ့ပြီး ရပ်တန်းက ရပ်ကြပါ။ ဒေါသတွေ ဖြေကြပါ။ ရှေ့ရေးအတွက်၊ တိုင်းပြည်အတွက် စိုးရိမ်ပြီး ပြောတာပါ"

□

# တပည့်ကျင့်ရာ ဝတ်ငါးဖြာ

ချစ်သား သိင်္ဂါလ၊ ငါဘုရား သာသနာ၌ ဆရာသမားတို့သည် တပည့်တို့ ပြုစုသော ကျင့်ဝတ်ကို အလှူခံထိုက်ပေသောကြောင့် ဒက္ခိဏာ ဒိသာ တောင်အရပ် မည်ကုန်၏။ တောင်အရပ်နှင့် တူသည်ဟု ငါ ဟောတော်မူ၏။ ထိုတောင်အရပ်နှင့်တူသော ဆရာသမားတို့အား တပည့်ဖြစ်သူတို့က ပြုရသော ကျင့်ဝတ်သည်လည်း မချွတ်လျှင် ငါးပါးပင်တည်း။ ငါးပါးဟူသော်ကား-

(၁) ဆရာသမားလာသည်ကို မြင်လျှင် ခရီးဦးကြိုဆိုခြင်း၊ နေရာဖယ်ပေးခြင်း၊ အရိုအသေပေးခြင်း၊ ညောင်းညာသောအခါ နင်းနှိပ်၍ ခြေဆုပ်လက်နယ်ပြုခြင်း တစ်ပါး။

(၂) ဆရာ့ထံပါး တစ်နေ့သုံးကြိမ် ဆည်းကပ်ခြင်း တစ်ပါး။

(၃) ဆရာ့စကားကို အလေးအနက်ပြု၍ မှတ်သားနာယူခြင်း တစ်ပါး။

(၄) ဤမှကြွင်းသော ချိုးရေ၊ မျက်နှာသစ်ရေ တည်ထားခြင်း၊ ညစ်နွမ်းသော အဝတ်တို့ကို လျှော်ဖွပ်ပေးခြင်း၊ အစားအစာကို ရိုသေစွာ လုပ်ကျွေးပြုစုခြင်း တစ်ပါး။

(၅) ဆရာ သင်ကြားပေးသည်ကို မှတ်သားမိနေအောင် အထပ်ထပ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း တစ်ပါး။

ချစ်သား သိင်္ဂါလ၊ ဆရာသမားတို့သည် တပည့်တို့ ပြုစုသော ကျင့်ဝတ်ငါးမျိုးကို အလှူခံထိုက်သောကြောင့် ဒက္ခိဏာသာခါ=တောင်

အရပ် မည်ပေကုန်၏။ ဆိုခဲ့ပြီးသော ကျင့်ဝတ်တို့ဖြင့် ဆည်းကပ်ခြင်းသည် တောင်အရပ်နှင့်တူသော ဆရာသမားတို့အား ရှိခိုးသည်လည်း မည်၏။ ပူဇော်သည်လည်း မည်၏။ ထိုသို့ပြုခြင်းအားဖြင့် 'ဤသူကား ဆရာမှန်း သမားမှန်း မသိတတ်' ဟူ၍ တစ်ပါးသူတို့ ကဲ့ရဲ့ခြင်းကင်း၏။ ဘေးရန် ဥသုံ လုံခြုံ၍ ငြိမ်း၏။

(သိင်္ဂါလောဝါဒသုတ်)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ၊ (ဒဂုန်ဦးစန်းငွေ)၊ စာ-၁၂၃]

လူသည် မွေးဖွားချိန်မှ စတင်၍ နောက်ဆုံးထွက်သက်ကို ရှူထုတ်ချိန်အထိ အဆစ်၊ အချိုး၊ အကွေ့၊ အပြောင်းအလဲများစွာကို ဘဝတစ်လျှောက်လုံး ဖြတ်သန်းခဲ့ရသည်။ သားသမီးဘဝ၊ ကျောင်းသားဘဝ၊ အိမ်ထောင်သည်ဘဝ စသည့် ဘဝ၏မှတ်တိုင် အသီးသီးကို ကြုံဆုံ ကျော်လွှားခဲ့ရသည်။ အမေရိကန် ကဗျာဆရာကြီး 'ရောဘတ်ဖရော့စ်' က "ဘဝဟူသည် များစွာသော တန် (အလေးချိန်) ပမာဏကြီးမားသော တာဝန်နှင့် ဝတ္တရားတို့ပင်တည်း" ဟု ရေးသားခဲ့ပါသည်။ မှန်ပါ၏။ လူသည် သားသမီး ဖြစ်နေချိန်တွင် မိဘတို့အပေါ် သားသမီးတို့၏ ဝတ္တရားကို ကျေပွန်ရမည်။ မိဘဖြစ်နေချိန်တွင် သားသမီးတို့အပေါ် မိဘဝတ္တရား ကျေပွန်ရမည်။ အိမ်ထောင်သည်ဘဝ ရောက်ချိန်တွင် လင်ဖြစ်လျှင် ဇနီးမယားအပေါ် လင်ယောကျ်ား၏ ဝတ္တရား ကျေပွန်ရမည်။ ဇနီးမယားဖြစ်လျှင် ခင်ပွန်းယောကျ်ားအပေါ် ဇနီး၏ ဝတ္တရား ကျေပွန်ရမည်။ တပည့်ဖြစ်နေချိန်တွင် ဆရာတို့အပေါ် တပည့်ဝတ္တရား ကျေပွန်ရမည်။ ဆရာဖြစ်နေချိန်တွင် တပည့်တို့အပေါ် ဆရာ့ဝတ္တရား ကျေပွန်ရမည်။ မိမိရောက်ရှိနေဆဲ ဘဝ၏ တာဝန်ဝတ္တရားများကို ကျေပွန်မှသာ သားသမီးကောင်း၊ မိဘကောင်း၊ တပည့်ကောင်း၊ ဆရာကောင်း၊ ခင်ပွန်းကောင်း ဖြစ်ပါလိမ့်မည်။

လူတို့သည် အချိန်တန် အရွယ်ရောက်သောအခါ ကိုယ့်ဝမ်းကိုယ် ကျောင်းနိုင်စေရန် တစ်ခုပညာ ကိုယ်စီရှာကြရသည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့မှ သင်ကြားပို့ချသော ကျောင်းသင်ပညာရပ်များကို သင်ယူသူတွေ ရှိသည်။ ပန်းထိမ်၊ ပန်းပု၊ ပန်းရန်၊ ပန်းပဲ၊ စက်ချုပ်၊ လျှပ်စစ်

ပစ္စည်းပြုပြင်ခြင်း စသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို သင်ယူလေ့လာနေသူတွေလည်း ရှိပါ၏။

လူဟူသည် မည်သူမျှ မွေးကတည်းက သိလာ တတ်လာခြင်း မရှိပါ။ ပျိုးထောင်သင်ယူရသော သတ္တဝါအမျိုးအစားသာ ဖြစ်ပါ၏။ အသိပညာတို့ သိလာအောင်၊ အတတ်ပညာတို့ တတ်လာအောင် သင်ယူခြင်း၊ ဆည်းပူးခြင်း၊ မှတ်သားခြင်း၊ လေ့လာခြင်း စသော ပညာသင်ကြားမှုကို ပြုကြရသည်။ ဤတွင် မိမိတို့ကို အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားပို့ချပေးသော 'ဆရာများ' နှင့် ထိတွေ့ဆက်ဆံလာရတော့သည်။

မြန်မာမှုနယ်ပယ်တွင် 'ဆရာမပြ ငါးပိဖုတ်မှ နည်းမကျ' ဟူသော ဆိုရိုးစကားတစ်ခု ရှိပါ၏။ ဆရာ၏ သင်ကြားပြသမှုကင်းလျက် မည်သည့် ပညာကိုမျှ မိမိအလိုအလျောက် တတ်ပွန်ခြင်း မရှိနိုင်ပါ။ ဤအမှန်တရားကို နက်နက်ရှိုင်းရှိုင်း နှလုံးသွင်း ဆင်ခြင်မိသည်နှင့်အမျှ ဆရာဟူသည် မိမိ၏ဘဝတွင် အဘယ်မျှ အရေးပါသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကြည်ကြည်လင်လင် သိမြင်နိုင်ပါလိမ့်မည်။

အသိပညာ၊ အတတ်ပညာ ကင်းမဲ့လျှင် ဘဝတွင် ပင်ပန်းဆင်းရဲစွာ အသက်မွေးရတတ်ပါသည်။ "ငယ်ငယ်က ကိုယ့်ကိုယ်ကိုယ် မနိုင်းလျှင် ကြီးလာလျှင် သူများခိုင်းတာ လုပ်ရတတ်တယ်" ဟူသော ဆရာဦးအောင်သင်း၏ စကားအတိုင်းပင်။ အသိပညာ၊ အတတ်ပညာ ချို့တဲ့သူသည် ဘဝတစ်လျှောက်လုံး သူတစ်ပါး စေခိုင်းရာ လုပ်ဆောင်ရချေတော့သည်။ ပညာတစ်ရပ်ရပ်ကို မတတ်မြောက်သော် လုပ်အားသက်သက်ဖြင့်မူ ဘဝဝယ် လူချင်းတူတူ သူချင်းမျှမျှ နေထိုင်နိုင်ဖို့ မလွယ်ကူပါချေ။ သို့ဖြစ်၍ ဆရာတို့၏ သင်ကြားပို့ချပေးမှုသည် တပည့်တို့အတွက် 'တစ်ခဏတာ' သာ အသုံးဝင်သည် မဟုတ်ပါ။ တစ်ဘဝလုံး အသုံးဝင်ပါ၏။ ထို့ကြောင့် ဘဝဝယ် လူတစ်လုံး သူတစ်လုံး ဖြစ်စိမ့်သောငှာ အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားပေးသော ဆရာများသည် ကျေးဇူးရှင်များ ဖြစ်ပါ၏။

မိမိတို့၏ဘဝ အနေလှ အခြေကျစေသော ကျေးဇူးရှင် ဆရာသမားတို့အပေါ် ကျေးဇူးတုံ့ဆပ်ရမည်မှာ တပည့်တိုင်း၏ ဝတ္တရားဖြစ်ပါ၏။ ဆရာသမားတို့၏ ကျေးဇူးတုံ့ဆပ်နည်းများကို ဘုရားရှင်သည် (ဒီဃ

နိကာယ်၊ ပါထိကဝဂ္ဂ၊ သိင်္ဂါလောဝါဒသုတ်)တွင် အထက်ပါအတိုင်း လမ်းညွှန်ဟောကြားတော်မူခဲ့ပါ၏။ ဆရာသမားတို့အပေါ် တပည့်တို့ ပြုကျင့်ရမည့် ဝတ်ငါးဖြာကို ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က ဤသို့ စပ်ဆို ရေးသားခဲ့ပါသည်။

**ညီညာထကြွ၊ ဆုံးမနာယူ**
**လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး**
**သင်တွေးအံ့ရှုတ်၊ တပည့်ဝတ်**
**မချွတ်ငါးခုသာ။**

မိမိတို့ထက် အသက်၊ ပညာ၊ သမ္မာ အဘက်ဘက်က ကြီးမားသည့်အပြင် မိမိတို့ကို ပညာသင်ကြားပို့ချနေသော ဆရာတို့အပေါ် တပည့်တို့က အစဉ်ထာဝရ ဂါရဝတရား ထားရှိသင့်ပါသည်။ ဆရာဖြစ်သူ စာသင်ခန်းထဲ ဝင်လာသည်ဖြစ်စေ၊ မိမိ၏အိမ်သို့ ရောက်လာသည်ဖြစ်စေ၊ ဆရာကို မတ်တတ်ရပ်လျက် ရိုသေစွာ ခရီးဦးကြိုဆိုရမည်။ အခန်းတစ်ခန်းတွင် အတူယှဉ်တွဲနေထိုင်ရလျှင် ဆရာဖြစ်သူကို မြင့်သောနေရာ၊ မြတ်သောနေရာတွင် နေရာပေးပြီး တပည့်ဖြစ်သူက နိမ့်သောနေရာ၊ ညံ့သောနေရာတွင် နေသင့်ပါသည်။ ကြမ်းပြင်တစ်ခုတည်းတွင် ဆရာနှင့်အတူ ထိုင်နေရစဉ် ဆရာက တင်ပျဉ်ခွေထိုင်လျှင် တပည့်ဖြစ်သူက ဆရာနှင့်တန်းတူ တင်ပျဉ်ခွေ မထိုင်သင့်ပါ။ ဆရာ့ရှေ့တွင် ကျုံ့ကျုံ့ယို့ယို့ ထိုင်နေသင့်ပါသည်။

ဂါရဝမှုဟူသည် ဆရာက တပည့်အပေါ် ထားရှိသော ရှိရင်းစွဲမေတ္တာကို ပိုမို လန်းဆန်းဖြာဝေစေပါသည်။ အဂါရဝမှုဟူသည် ရှိရင်းစွဲမေတ္တာကို ညှိုးနွမ်းစေပါသည်။ မိမိအပေါ် ဂါရဝမှုဖြင့် အစဉ်ရိုသေလေးစားသော တပည့်တို့အပေါ် ဆရာတို့က ပိုမို၍ မေတ္တာသက်ဝင် ခင်မင်ပေလိမ့်မည်။ မိမိအပေါ် မရိုမသေ မလေးစားသော တပည့်တို့အပေါ်တွင်မူ ဆရာတို့၏ ရှိရင်းစွဲမေတ္တာသည် အေးစက်တုံ့ဆိုင်းသွားနိုင်ပါသည်။ ဆရာတို့သည်လည်း ပုထုဇဉ်ပင်ဖြစ်လေရာ သူ့ဂုဏ်၊ သူ့သိက္ခာကို ထိပါးစေမည့် တပည့်ဖြစ်သူ၏ အဂါရဝမှုအပေါ် လိုလားနှစ်သက်မည် မဟုတ်ပါ။ ထိုအခါ ဆရာနှင့်တပည့် ဆက်ဆံရေးမှာ နွေးထွေးသင့်သလောက် မနွေး

ထွေးတော့။ စိုပြည်သင့်သလောက် မစိုပြည်တော့။ ဤသို့ ဖြစ်မည်ဆိုလျှင် အကျိုးစီးပွား ထိခိုက်သူမှာ တပည့်တို့သာ ဖြစ်ပါ၏။

တပည့်သည် မိမိကို ပညာသင်ပေးသော ဆရာနှင့် စာသင်ကျောင်းတွင် တွေ့ရုံမျှဖြင့် မလုံလောက်ပါ။ ရံဖန်ရံခါဆိုသလို ဆရာ၏ နေအိမ်သို့ သွားပြီး ဆရာကို ရိုသေကျိုးနွံစွာ တွေ့ဆုံချဉ်းကပ်သင့်ပါသည်။ ထိုသို့ ချဉ်းကပ်ပြီး ဆရာ၏ ကိုယ်ရေးကိုယ်တာ ကိစ္စအဖြာဖြာတွင် မိမိတတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးသင့်သည်။ မိမိ နားမလည် သဘောမပေါက်သေးသော သင်ခန်းစာများကိုလည်း မေးမြန်းမှတ်သားသင့်သည်။ ဆရာ့ထံ ကြိမ်ဖန်များစွာ တွေ့ဆုံချဉ်းကပ်ခြင်းအားဖြင့် ဆရာနှင့် တပည့် ထားရှိသော သံယောဇဉ်သည် ပိုမို ခိုင်မြဲလာပေလိမ့်မည်။ ဆရာ၏ မေတ္တာထားမှုနှင့် စောင့်ရှောက်မှုကိုလည်း ပိုမို ရရှိလာပေလိမ့်မည်။

ဆရာတို့သည် တပည့်တို့ထက် ပညာနှင့် ဘဝအတွေ့အကြုံ ရင့်ကျက်ပြည့်စုံသူများ ဖြစ်သည့်အလျောက် တပည့်တို့၏ အားနည်းချက်၊ ချို့ယွင်းချက်တို့ကို တွေ့မြင်သည့်အခါ ဆိုဆုံးမလေ့ ရှိပါသည်။ ထိုသို့ ဆုံးမခြင်းမှာ မေတ္တာ၊ ကရုဏာဖြင့် ဆိုဆုံးမခြင်း ဖြစ်ပါ၏။ ဤသို့ ဆရာဖြစ်သူက အကျိုးသင့် အကြောင်းသင့် ပြောဆိုဆုံးမလာသည့်အခါ တပည့်ဖြစ်သူက ဆရာကို မြေဝယ်မြှုပ်ထားသော ရွှေအိုးကြီးကို ညွှန်ကြားထုတ်ဖော်ပေးသူအလား ရှုမြင်ထင်မှတ်ရပေမည်။ ဆရာက မိမိအကျိုးအတွက် ပြောဆိုဆုံးမနေစဉ်အခိုက် ခွန်းတုံ့မပြန်ဘဲ ရိုသေကျိုးနွံစွာ နားထောင်အပ်ပါသည်။ အဘယ်ကြောင့်ဟူမူ ဆရာ၏ မေတ္တာဖြင့် ဆုံးမမှုဟူသမျှသည် တပည့်တို့၏ ဘဝခရီးလမ်း ဖြောင့်ဖြူးသာယာရေးအတွက် အဖိုးတန်ရတနာ ဖြစ်သောကြောင့်ပင်။ ဆရာ၏ အဆုံးအမကို မျက်မှောက်တွင်သာမက မျက်ကွယ်တွင်ပါ လိုက်နာသော တပည့်သည် လေကားထစ်တက်သူပမာ ဘဝအဆင့် မြင့်သည်ထက် မြင့်လာပေမည်။

ရှေးခေတ်အခါက ဆရာ့ထံပါးတွင် ဆရာနှင့် အတူနေသော အန္တေဝါသိက တပည့်တို့ ရှိပါသည်။ ထိုအန္တေဝါသိက တပည့်တို့သည် မျက်နှာသစ်ရေ အသင့်ပြုပေးခြင်းမှ အစပြုလျက် ဆရာ၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဆောင်ရွက်ပေးကြရသည်။ အမှန်စင်စစ် အန္တေဝါသိ

က တပည့်တို့သာလျှင် ဤသို့ ဆောင်ရွက်ပေးသင့်သည် မဟုတ်ပါ။ ဆရာနှင့် အတူမနေသော တပည့်တို့သည်လည်း ရံဖန်ရံခါ ဆရာ့ထံ သွားရောက်ပြီး ဆရာ၏ ဝေယျာဝစ္စနှင့် ကိုယ်ရေးကိုယ်တာ လိုအပ်ချက်များကို စွမ်းနိုင်သမျှ ဆောင်ရွက်ပေးသင့်ပါသည်။ ဆရာ့အပေါ် ချစ်ခင်လေးမြတ်စွာ တပည့်က ဆရာ၏ ဝတ်ကြီးဝတ်ငယ်ကို ပြုစုဆောင်ရွက်ပေးခြင်းကို ခံရသော ဆရာ့အနေဖြင့် နှလုံးစိတ်ဝမ်း ရွှင်ပျပေလိမ့်မည်။ တပည့်အပေါ်တွင်လည်း မေတ္တာဓာတ်များ ပိုမို၍ ဖြာဝေလွှမ်းခြုံလာပေလိမ့်မည်။

တပည့်တို့သည် ဆရာ၏ သင်ကြားပို့ချချက်ကို စိတ်ဝင်တစားနားစိုက် မှတ်သားရမည်။ မရှင်းလင်းသည်တို့ကို မေးမြန်းမှတ်သားရမည်။ အိမ်တွင်လည်း ဆရာ၏ သင်ကြားပို့ချချက်များကို အချိန်ဇယား ရေးဆွဲပြီး စနစ်တကျ နှစ်စမှအစပြုလျက် မှန်မှန်လေ့လာကျက်မှတ်ရမည်။ ပညာရပ်ကို ရိုရိုသေသေ လေးလေးစားစား အားထုတ်သင်ယူရပေမည်။

ယနေ့ မျက်မှောက်ခေတ်တွင် ဆရာဟူရာ၌ နိုင်ငံ့ဝန်ထမ်းဆရာနှင့် ကျူရှင်ဆရာဟူ၍ နှစ်မျိုးရှိရာ ထိုဆရာနှစ်မျိုးစလုံးအပေါ် သင့်တင့်လျောက်ပတ်သော နှလုံးသွင်းကောင်းဖြင့် စွမ်းနိုင်သမျှ တပည့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ဖြည့်ဆည်းသင့်ပါသည်။ ဤသို့ တပည့်ဝတ္တရားကျေပွန်ခြင်းသည်ပင် မိမိ၏ ကျောင်းသားဘဝကို အဓိပ္ပာယ်ရှိရှိ၊ တန်ဖိုးရှိရှိ ဖြတ်သန်းကျင်လည်ခြင်းဟု ဆိုနိုင်ပါလိမ့်မည်။

❑

# ဆရာကျင့်ဖွယ် ဝတ်ငါးသွယ်

ချစ်သား သိင်္ဂါလ နာဦးလော့၊ တပည့်ဝတ်ငါးပါး ရှိလေသည့်နည်းတူ တပည့်အပေါ်၌ ဆရာသမားတို့က ထားရှိသော ဝတ်သည်လည်း ငါးပါးပင်တည်း။ ယင်းငါးပါးဟူသော်ကား–

(၁) သင်သည် ဤသို့ထိုင်၊ ဤသို့ရပ်၊ ဤသို့စား၊ ဤသို့သွား၊ ဤသူနှင့် ပေါင်း၊ ဤသူနှင့် မပေါင်းဟူ၍ ကောင်းရာရှေးရှုလျက် ဆိုဆုံးမခြင်း တစ်ပါး။

(၂) တပည့်တို့အား ရှင်းလင်းပြတ်သားအောင် သင်ကြားပေးခြင်း တစ်ပါး၊

(၃) သင်ကြားရာ၌ ချိုသာသောစကားဖြင့် သင်ကြားပေးခြင်း တစ်ပါး၊

(၄) ပညာအခြေခံရသည်အထိ စိတ်ရှည်ရှည်ထား၍ သင်ကြားပေးခြင်း တစ်ပါး၊

(၅) အရပ်ထက်ဝန်းကျင်၌ အပိတ်အပင် အတားအဆီးမရှိ၊ မည်သည့် အရပ်၌မဆို ဘဝရပ်တည်မှုရအောင် ပြုလုပ်ပေးခြင်း တစ်ပါး။

(ပညာတတ်မြောက်ထားလျှင် မည်သည့်အရပ်၌မဆို တည်နိုင်ခြင်းကို ဆိုခြင်းဖြစ်၏။) ဤငါးပါးပင်တည်း။

ချစ်သား သိင်္ဂါလ၊ ဆိုခဲ့ပြီးသော ကျင့်ဝတ်တို့နှင့် ပြည့်စုံလျှင် ဆရာအား လည်းကောင်း၊ တပည့်အားလည်းကောင်း တောင်အရပ်မျက်နှာမှ အေးငြိမ်း၏။ တစ်ပါးသူတို့ ဆိုပြောရှုတ်ချ ကဲ့ရဲ့စရာမရှိ ဖြစ်၏။ ဤသည်ကို ရည်၍ သင့်ဖခင် က သင့်အား "တောင်အရပ်ကို မမေ့လင့်၊ အမြဲတစေ ရှိခိုးရစ်ပါလေ" ဟု မှာကြားခဲ့ခြင်း ဖြစ်၏။

**(ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ သိင်္ဂါလသုတ္တန်)**
**[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ၊**
**(ဒဂုန်ဦးစန်းငွေ)၊ စာ-၁၂၃/၁၂၄]**

လူတို့သည် အသက်မွေးဝမ်းကျောင်းမှု ပြုရာတွင် ဝန်ဆောင်မှု လုပ်ငန်းဖြင့် အသက်မွေးသူတွေလည်း ရှိ၏။ ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြင့် အသက်မွေးသူတွေလည်း ရှိ၏။ ကုန်သွယ်မှုလုပ်ငန်းဖြင့် အသက်မွေးသူ တွေလည်း ရှိ၏။ စေတနာကောင်းနှင့်ယှဉ်၍ ဆောင်ရွက်သော် ဤလုပ်ငန်း အမျိုးအစား သုံးမျိုးစလုံးသည် သမ္မာအာဇီဝလုပ်ငန်းချည်း ဖြစ်ပါ၏။ လူသားအကျိုးပြု လုပ်ငန်းများချည်း ဖြစ်ပါ၏။

ဤတွင် "ဝန်ဆောင်မှုလုပ်ငန်း" ဆိုသည်မှာ လူအများ၏ ကျန်းမာ ရေး၊ ပညာရေး၊ နေထိုင်ရေး၊ လူမှုရေး စသော လူ့လိုအပ်ချက်များ၌ ဝန်ဆောင်မှုပေးခြင်းကို ဆိုလိုပါသည်။ ဆရာဝန်က ဆေးကုသပေးခြင်း အားဖြင့် လူအများအား ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုကို ပေးသည်။ အင်ဂျင်နီယာက အဆောက်အအုံ ဆောက်လုပ်ပေးခြင်းအားဖြင့် လူအများ အား နေထိုင်ရေးဆိုင်ရာ ဝန်ဆောင်မှုကို ပေးသည်။ ဆရာက ပညာသင် ကြားပေးခြင်းအားဖြင့် တပည့်တို့အပေါ် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုပေး သည်။

ဝန်ဆောင်မှုလုပ်ငန်းတွေထဲမှာ တချို့ဝန်ဆောင်မှုလုပ်ငန်းတွေက ယုံကြည်ချက်၊ ခံယူချက်၊ စေတနာတို့ကို အရင်းအနှီး ပြုလုပ်ဆောင်ရွက် ရသည်။ ယုံကြည်ချက်၊ ခံယူချက်၊ စေတနာတို့ကို လေးလေးနက်နက် မထားရှိဘဲ ဆောင်ရွက်၍ရသော ဝန်ဆောင်မှုလုပ်ငန်းတွေလည်း ရှိပါ သည်။

တပည့်တို့အား အသိပညာ၊ အတတ်ပညာများကို သင်ကြားပြသ ပေးသော ဆရာတို့၏ "ပညာရေး ဝန်ဆောင်မှုလုပ်ငန်း" သည် ယုံကြည် ချက်နှင့် စေတနာကို ပြည့်ပြည့်ဝဝ ရင်းနှီးမြှုပ်နှံလျက် ဆောင်ရွက်ရသော လုပ်ငန်း ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှု တကာတို့တွင် ပဓာနကျသော "လူသားအရင်းအမြစ်" ကို ထုတ်လုပ်သော လုပ်ငန်းဖြစ်သောကြောင့်ပင်။ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်မည့်

မျိုးဆက်သစ်များကို နှလုံးရည်ပါလှသော အသိပညာရှင်၊ အတတ်ပညာရှင်တို့ကို ဆရာတို့က မွေးထုတ်ပေးနေခြင်း ဖြစ်ပါ၏။

ဆရာဟူသည် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အရင်းခံမူလဖြစ်သော ပညာရှင်အမျိုးအစား ဖြစ်ပါ၏။ ဝါသနာ၊ အနစ်နာ၊ စေတနာဟူသော နာ သုံးနာကို နှလုံးသားဝယ် ဖွဲ့မြဲစေလျက် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သောကြောင့် အင်မတန် သိမ်မွေ့ပါ၏။ အင်မတန် မြင့်မြတ်ပါ၏။ အမှန်တော့ ဆရာတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည် သမ္မာအာဇီဝစစ်စစ်ဖြစ်ပြီး လူသာခုခေါ်၊ နတ်သာခုခေါ် အလုပ်မျိုးလည်း ဖြစ်ပါသည်။

မျိုးဆက်သစ် လူငယ်လူရွယ်များအား အသိပညာ၊ ဉာဏ်ပညာ အလင်းရောင်ကို လက်ဆင့်ကမ်း ဖြန့်ဝေပို့ချခြင်းမှ ထွက်ပေါ်လာသော အကျိုးရလဒ်ကို အလွယ်တကူ တိုင်းတာသတ်မှတ်၍ မရနိုင်ပါပေ။ ဆရာတို့၏ အသိပညာ၊ အတတ်ပညာ ဖြန့်ဝေခြင်းဟူသော ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းသာ မရှိခဲ့သော် ဤကမ္ဘာလောကသည် သမိုင်းဦး ဘုံမြေအဖြစ်မှပင် တက်လှမ်းနိုင်ဖွယ် ရှိလိမ့်မည် မထင်ပါ။

စင်စစ် ဆရာ၏ ဂုဏ်ရည်သည် မြင့်မြတ်ပါ၏။ ဆရာ၏ တန်ဖိုးသည် ကြီးမားပါ၏။ ဆရာ၏ အခန်းကဏ္ဍသည် လူ့အဖွဲ့အစည်းတွင် ထည်ဝါခံ့ညားပါ၏။ ဆရာဟူသည် အိမ်ဦးခန်းတွင် နေရာပေး အလေးထားခြင်းခံရသော ပုဂ္ဂိုလ်များ ဖြစ်ပါ၏။ 'ဆရာ' ဟူသော အဖြစ်ကို ရရှိထားသူတို့အနေဖြင့် မိမိတို့၏ ဆရာဘဝကို မြတ်နိုးဖို့ လိုပါသည်။ တန်ဖိုးထားဖို့ လိုပါသည်။ ထိုက်ထိုက်တန်တန် အသုံးချဖို့ လိုပါသည်။ ဂုဏ်ရောင်တောက်ပြောင်သော ဆရာကောင်း၊ ဆရာမွန်အဖြစ် ကျင့်ကြံအားထုတ်ဖို့ လိုပါသည်။

ဤသို့ အားထုတ်ရာတွင် အားထုတ်ရမည့် နည်းလမ်းများကို ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသည် ဒီဃနိကာယ်၊ ပါထိကဝဂ်၊ သိင်္ဂါလောဝါဒသုတ်တွင် အထက်ပါအတိုင်း ဖော်ညွှန်းပြတော်မူခဲ့ပါ၏။ မြတ်စွာဘုရား ညွှန်ပြတော်မူသော ဆရာကျင့်ရာ ဝတ်ငါးဖြာကို ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က ဤသို့ ရေးဖွဲ့စပ်ဆိုတော်မူပါသည်။

**အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ**
**သိပ္ပမချန်၊ ဘေးရန်ဆီးကာ**
**သင့်ရာအပ်ဖို့၊ ဆရာတို့**
**ကျင့်ဖို့ဝတ်ငါးဖြာ။**

ဆရာတို့မည်သည် ဥယျာဉ်မှူးနှင့် ပမာတူပါသည်။ ဥယျာဉ်မှူးများသည် မိမိတို့ ပြုစုပျိုးထောင်သော အပင်များ ရှင်သန်ဖွံ့ဖြိုးရန် ပြုစုပျိုးထောင်ခြင်းနှင့် အပင်ဖျက်ပိုးမွှားများရန်မှ ကာကွယ်ခြင်းလုပ်ငန်းဆောင်တာ နှစ်ရပ်ကို ထမ်းဆောင်ရပါသည်။ ရေလောင်း ပေါင်းသင်ရုံမျှသာပြုပြီး ပိုးမွှားကာကွယ်ဆေး ပက်ဖျန်းခြင်းမပြုသော် သန်စွမ်းကြွံခိုင်သော အပင်ဖြစ်မလာနိုင်ပါ။ ပင်ဖျက်ပိုးမွှားများဒဏ်ကြောင့် ကြုံလှီပိန်ဖျင်းခြင်း၊ ညှိုးရော်သွေ့ခြောက် ဆုံးရှုံးမှုများ ဖြစ်လာပါလိမ့်မည်။

ဆရာတို့အနေဖြင့် တပည့်တို့ကို ပညာရပ်များ သင်ကြားပို့ချပေးရုံနှင့် ဆရာတာဝန် မကျေပွန်ပါ။ တပည့်တို့၏ ကိုယ်ကျင့်တရား ကောင်းမွန်စေရန် ဆုံးမသွန်သင် ပဲ့ပြင်မှုကို ပြုမှသာ ဆရာ့တာဝန် ကျေပွန်ပါလိမ့်မည်။ တပည့်တို့ ပညာသင်ယူနေဆဲကာလ မူးယစ်ဆေးဝါး၊ လောင်းကစား၊ သေရည်အရက်၊ မိန်းမပျက် စသည် ဘေးအန္တရာယ် အသွယ်သွယ် မကျရောက်စိမ့်သောငှာ ဆရာတို့က "ဆုံးမခြင်းဟူသော ဒိုင်းလွှား" ဖြင့် ကာကွယ်တားဆီးပေးရပေလိမ့်မည်။ ဆရာတို့အနေဖြင့် တပည့်တို့ကို ကိုယ်ကျင့်တရား ကောင်းမွန်သော၊ လိမ္မာယဉ်ကျေးသော လူကောင်းဖြစ်လာစေရန် အမြဲတစေ ဆုံးမပဲ့ပြင်နေသင့်ပါသည်။ တပည့်တို့ကို ယဉ်ကျေးလိမ္မာသော လူကောင်းများဖြစ်အောင် ဆုံးမသွန်သင်ခြင်းသည် ထိုတပည့်၏ ဘဝတစ်ခုတည်းကိုသာ စောင့်ရှောက်ခြင်း မဟုတ်ပါ။ ထိုတပည့်မိသားစုကိုပါ သွယ်ဝိုက်သောအားဖြင့် စောင့်ရှောက်ရာ ရောက်ပါ၏။ ဆရာတို့၏ ဆုံးမပဲ့ပြင်မှုကောင်းလျှင် ကောင်းသလောက် တပည့်ဖြစ်သူတို့ လူကောင်းသူကောင်းများ ဖြစ်လာပါလိမ့်မည်။

ပညာဟူသည် လူ့အဖွဲ့အစည်း၏ အသက်သွေးကြော ဖြစ်ပါသည်။ လူ့အဖွဲ့အစည်း၏ စည်ပင်တိုးတက်မှုသည် ထိုလူ့အဖွဲ့အစည်းဝင် လူသားတို့၏ အသိပညာ၊ အတတ်ပညာအပေါ် တည်မှီပါသည်။ သို့ဖြစ်

သောကြောင့် ဆရာတို့အနေဖြင့် မိမိ၏ သင်ကြားပို့ချမှုလုပ်ငန်းအပေါ် အလေးအနက်ထား ဆောင်ရွက်သင့်ပါသည်။ မိမိကိုယ်တိုင်လည်း ဝမ်းစာပြည့်အောင် အမြဲဖြည့်ဆည်းနေအပ်ပါသည်။ ဆရာဖြစ်သူကိုယ်တိုင်က ဝမ်းစာပြည့်မှသာ တပည့်တို့ နားလည်သဘောပေါက်အောင် သင်ကြားပို့ချနိုင်ပါလိမ့်မည်။ ဝမ်းစာပြည့်စိမ့်သောငှာ သင်ကြားနည်းစနစ်အပြင် ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု မှီငြမ်းစာများကိုပါ လေ့လာအပ်ပါသည်။ တပည့်များကို စာမေးပွဲအောင်အောင် သင်ခြင်းထက် တကယ်တမ်း တတ်ပွန်အောင် သင်ကြားပေးသင့်ပါသည်။ တပည့်တို့ အနေဖြင့် တကယ်တမ်း တတ်ပွန်လျှင် စာမေးပွဲလည်း ကျိန်းသေအောင်မြင်ပါလိမ့်မည်။

တပည့်တို့မည်သည် စာသင်တန်းတစ်တန်းတည်းတွင်သာ ပညာသင်ကြားနေသည် မဟုတ်ပါ။ စာမေးပွဲအောင်သောအခါ တစ်တန်းပြီးတစ်တန်း တက်သွားပါသည်။ ဆရာတို့မည်သည် မိမိ၏တပည့်အား မိမိထံ ပညာသင်ကြားနေစဉ်တွင်သာ စောင့်ရှောက်ရသည် မဟုတ်ပါ။ မိမိ၏ တပည့် အတန်းတက်သွားသောအခါ မိမိ၏တပည့်ဖြစ်သူ ပညာဆက်လက် သင်ကြားရမည့် အတန်းရှိ ဆရာများထံ မိမိ၏ တပည့်ကို အပ်နှံပေးသင့်ပါသည်။ အကယ်၍ တပည့်ဖြစ်သူက အခြားမြို့ရွာများသို့ ပြောင်းရွှေ့ပညာသင်ကြားသောအခါတွင်လည်း ထိုပြောင်းရွှေ့ရာအရပ်တွင် မိမိနှင့် ခင်မင်ရင်းနှီးသော ဆရာများရှိပါက ဖုန်းဖြင့်ပြောဆို၍လည်းကောင်း၊ စာဖြင့်ရေးသား၍လည်းကောင်း ထိုဆရာတို့ထံ အပ်နှံပေးသင့်ပါသည်။ ဤသည်မှာ စေတနာနှင့် အမြော်အမြင် ပေါင်းစပ်ထားသော ဆရာကျင့်ဝတ် ဖြစ်ပါ၏။

ဆရာမည်သည် အိမ်ဦးခန်းတွင် တရိုတသေ နေရာပေး လေးစားခြင်းခံရသော ကန်တော့ခံပုဂ္ဂိုလ် ဖြစ်ပါသည်။ ကန်တော့ခံဖြစ်သော ဆရာအနေဖြင့် ဉာဏ်ပညာသာ ကြီးမြင့်ရသည် မဟုတ်ပါ။ နှလုံးသားလည်း မြင့်မြတ်ဖို့ လိုပါသည်။ ဆိုရသော် ဦးနှောက်ရော နှလုံးသားပါ မြင့်မြတ်မှသာ ကန်တော့ခံဂုဏ်ရည်နှင့် ပြည့်စုံပါလိမ့်မည်။

တချို့ဆရာတို့က တပည့်တို့အပေါ် တန်းတူညီမျှ ပညာမပေးချင်။

မိမိနှစ်သက်သူ တပည့်အပေါ် ပညာကုန်ပေးသော်လည်း မိမိမနှစ်သက်သူ တပည့်အပေါ် ပညာအကုန်သင်ကြား မပေးပေ။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာ သင်ပေးသူများထဲမှ တချို့ဆရာတို့ကလည်း တပည့်ဖြစ်သူ မိမိထက် တော်သွား၊ တတ်သွားမည်ကို မလိုလားသောကြောင့် ပညာကုန် သင်မပေးပေ။ ထိုဆရာမျိုး ရှိသောကြောင့်လည်း ဆရာစားချန်သည်ဟူသော စကားတစ်ရပ် ရှိခဲ့ခြင်းဖြစ်ပါ၏။ ဤသည်မှာ ဆရာတို့၏ ဂုဏ်သိက္ခာကို ပွန်းပဲ့ထိခိုက်စေသော စကားဖြစ်ပါသည်။ ဆရာကောင်းတို့၏ စိတ်ထားကမူ ဤမျှ မသေးသိမ်ပါ။ မိမိသိထား၊ တတ်ထားသည်တို့ကို အကုန်အစင် မကြွင်းမကျန် သင်ပေးကြသည်ချည်းသာ ဖြစ်ပါသည်။

ဆရာမည်သည် တပည့်အပေါ် ကျရောက်လာမည့် ဘေးရန်အန္တရာယ်တို့ကို ကြိုတင်ကာကွယ်ပေးကြရသည်။ စားဝတ်နေရေးများ ကျပ်တည်းပြီး ဆင်းဆင်းရဲရဲ နေရခြင်းဟူသော "အတွင်းဘေး" မကျရောက်စိမ့်သောငှာ၊ တပည့်ဖြစ်သူတို့ကို အစွမ်းကုန် ပညာသင်ပေးခြင်း၊ ထိုက်သင့်သည့် အလုပ်အကိုင် ရရှိစေရန် ကူညီပေးခြင်းတို့ကို ပြုရပေမည်။ တခြားသူတို့၏ နှောင့်ယှက်မှု၊ ရန်ပြုမှုကို ခံရခြင်းဟူသော "အပြင်ဘေး" မှ ကာကွယ်စိမ့်သောငှာ၊ တပည့်ဖြစ်သူအား ဘဝရေးရာ အဖြာဖြာတွင် မှန်ကန်စွာ တွေးခေါ်ဆင်ခြင်နိုင်အောင် အသိပညာ ပေးရမည်။ မိမိ၏ တပည့် မည်သည့်ဘဝ ရောက်နေစေ၊ မိမိ၏ အရှိန်အဝါဖြင့် တပည့်ဖြစ်သူ ထောက်ရာတည်ရာရောက်အောင် လက်အားဖြင့် လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း စောင့်ရှောက်ခြင်းသည်လည်း တပည့်တို့၏ ဘေးရန်ကို ဆီးကာပေးခြင်းဟု ဆိုနိုင်ပါသည်။ မြတ်စွာဘုရား ဟောကြားသော ဆရာကျင့်ဖွယ် ဝတ်ငါးသွယ်နှင့်အညီ ကျင့်သုံးဆောင်ရွက်သော ဆရာတို့သည် အပူဇော်ခံ ဂုဏ်ရည်လျှမ်းပသော ဆရာကောင်း၊ ဆရာမြတ်များ ဖြစ်ပါ၏။

□

# ဘဝဟူသည် စိတ်၏ ရောင်ပြန်ဟပ်မှု

စိတ်နှင့်စပ်ဆိုင်သမျှ သဘောတရားတို့သည် (ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်း ဟူသမျှတို့သည်) စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူး ရှိကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ တစ်စုံတစ်ယောက်သောသူသည် ပြစ်မှားလိုသော (မကောင်းသော)စိတ်ဖြင့် ပြောမူလည်း ပြောအံ့။ ပြုမူလည်း ပြုအံ့။ ကြံမူလည်း ကြံစည်အံ့။ ထိုသို့ ပြစ်မှားလိုသော စိတ်ဖြင့် ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊ ကြံစည်ခြင်းကြောင့် ထိုသူ့နောက်သို့ လှည်းဘီးစက်သည် ဝန်ကိုဆောင်သော နွား၏ခြေရာကို အစဉ်လိုက်သကဲ့သို့ ဆင်းရဲသည် အစဉ်လိုက်လေ၏။

(ဓမ္မပဒ၊ ၁)

စိတ်နှင့်စပ်ဆိုင်သမျှ သဘောတရားတို့သည် (ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်း ဟူသမျှတို့သည်) စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူး ရှိကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ တစ်စုံတစ်ယောက်သောသူသည် ကြည်လင်သောစိတ်ဖြင့် ပြောမူလည်း ပြောအံ့။ ပြုမူလည်း ပြုအံ့။ ကြံမူလည်း ကြံစည်အံ့။ ထိုသို့ ကြည်လင်သောစိတ်ဖြင့် ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊ ကြံစည်ခြင်းကြောင့် ထိုသူ့နောက်သို့ အရိပ်သည် အစဉ်လိုက်သကဲ့သို့ ချမ်းသာသည် အစဉ်လိုက်လေ၏။

(ဓမ္မပဒ၊ ၂)

လူသားတစ်ဦးချင်းစီ၏ 'ဘဝရုပ်တု' ကို ဖန်တီးထုဆစ်သော ပန်းပုဆရာ သုံးဦး ရှိပါသည်။ ထိုပန်းပုဆရာသုံးဦးမှာ လူသားတစ်ဦးချင်းစီ၏

ကြံစည်တွေးတောမှုဟူသော မနောကံ၊ ပြောဆိုမှုဟူသော ဝစီကံ၊ ပြုမှု လုပ်ကိုင်ဆောင်ရွက်မှုဟူသော ကာယကံတို့ ဖြစ်ပါ၏။ ထိုပန်းပုဆရာ သုံးဦးမှာ မိမိတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရင်း ဘဝရုပ်ပုံလွှာကို တဖြည်းဖြည်းချင်း ပုံဖော်သွားနေခြင်း ဖြစ်ပါသည်။ ထိုပန်းပုဆရာ သုံးဦးတွင် ဦးဆောင်သူမှာ ကြံစည်တွေးခေါ်ခြင်းဟူသော မနောကံပင် ဖြစ်ပါ၏။ မနောကံဟူသော ပန်းပုဆရာ၏ ဦးဆောင်စေခိုင်းရာအတိုင်း ကာယကံနှင့် ဝစီကံဟူသော ပန်းပုဆရာနှစ်ဦးက နာခံဆောင်ရွက်နေခြင်း ဖြစ်ပါ၏။ ထို့ကြောင့် လူသားတစ်ဦးချင်းစီ၏ ဘဝကို အဓိက ပုံဖော်ဖန်တီးနေသည်မှာ သူ၏ 'စိတ်နှလုံး' သာ ဖြစ်ပါသည်။

စိတ်ဟူရာတွင် 'စိတ်ကောင်း' ရှိသလို 'စိတ်ဆိုး' လည်း ရှိပါသည်။ 'ကုသိုလ်စိတ်' ရှိသလို 'အကုသိုလ်စိတ်' လည်း ရှိပါသည်။ စိတ်တွင် စင်ကြယ်မှုအင်္ဂါများရှိသလို မစင်ကြယ်မှုအင်္ဂါများလည်း ရှိပါသည်။ စိတ်ဓာတ်၏ စင်ကြယ်မှုအင်္ဂါများမှာ ယုံကြည်မှု၊ သတိရှိမှု၊ မကောင်းမှုကို ရှက်ခြင်း၊ မကောင်းမှုကို ကြောက်ခြင်း၊ တပ်မက်မှုကင်းခြင်း၊ မေတ္တာစိတ်ရှိခြင်း၊ တည်ကြည်ခြင်း၊ စိတ်တည်ငြိမ်ခြင်း၊ စိတ်ဓာတ်ပေါ့ပါးခြင်း၊ စိတ်ဓာတ်နူးညံ့ခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ စိတ်ဓာတ်စွမ်းအင်ရှိခြင်း၊ စိတ်၏ဖြောင့်မတ်ခြင်းတို့ ဖြစ်ပါ၏။ ဤစိတ်ဓာတ်၏ စင်ကြယ်မှု အင်္ဂါရပ်များက စိတ်နှလုံးကို သန့်စင်စေပါသည်။ တည်ကြည်ငြိမ်သက်စေပါသည်။ အေးချမ်းရွှင်လန်းစေပါသည်။

စိတ်ဓာတ်၏ စင်ကြယ်မှုအင်္ဂါများ ထွန်းပလင်းလက်နေသော စိတ်ကောင်းက ကာယကံကောင်းနှင့် ဝစီကံကောင်းကို မွေးဖွားဖြစ်ထွန်းစေပါသည်။ ဥပမာအားဖြင့် မကောင်းမှုကို ရှက်ခြင်း၊ မကောင်းမှုကို ကြောက်ခြင်းဟူသော စိတ်ဓာတ်၏ စင်ကြယ်မှုအင်္ဂါနှစ်ရပ် တည်ကိန်းနေသော စိတ်နှလုံးက ကာယဒုစရိုက်မှုကို ပြုစေမည် မဟုတ်သလို ဝစီဒုစရိုက်မှုကိုလည်း ပြုစေမည် မဟုတ်ပါ။ တည်ကြည်ခြင်းဟူသော စိတ်၏ စင်ကြယ်မှုအင်္ဂါ ထွန်းပနေသော စိတ်နှလုံးပိုင်ရှင်၏ ကာယကံမှုနှင့် ဝစီကံမှုတို့လည်း တည်ကြည်ပေလိမ့်မည်။ နူးညံ့ခြင်းဟူသော စိတ်ဓာတ်၏ စင်ကြယ်မှုအင်္ဂါ လင်းလက်နေသော စိတ်နှလုံးပိုင်ရှင်၏ ကာယကံမှုသည်

နူးညံ့မည်။ ဝစီကံမှုသည်လည်း နူးညံ့မည်။ ဖြောင့်မတ်ခြင်းဟူသော စိတ်၏ စင်ကြယ်မှုအင်္ဂါ ကိန်းအောင်းနေသော စိတ်ပိုင်ရှင်၏ ကာယကံမှုသည် ဖြောင့်မတ်မည်။ ဝစီကံမှုသည်လည်း ဖြောင့်မတ်မည်။ သတိရှိမှုဟူသော စိတ်၏ စင်ကြယ်မှုအင်္ဂါ ထွန်းလင်းနေသော စိတ်နှလုံးပိုင်ရှင်၏ ကာယကံမှုသည် သတိနှင့် ယှဉ်ပေလိမ့်မည်။ ဝစီကံမှုသည်လည်း သတိနှင့် ယှဉ်ပေလိမ့်မည်။ မေတ္တာလွှမ်းခြုံနေသော စိတ်နှလုံးပိုင်ရှင်၏ ကာယကံမှု၌လည်းကောင်း၊ ဝစီကံမှု၌လည်းကောင်း မေတ္တာဓာတ်ဖြင့် စွတ်စိုအေးမြနေပေလိမ့်မည်။

ကောင်းသောစိတ်က ကောင်းသော ကာယကံမှု၊ ကောင်းသော ဝစီကံမှုကို မွေးဖွားပေးပါသည်။ တည်ငြိမ်အေးချမ်းသောစိတ်က တည်ငြိမ်အေးချမ်းသော ကာယကံမှု၊ တည်ငြိမ်အေးချမ်းသော ဝစီကံမှုကို ဖြစ်ထွန်းစေပါသည်။ ကောင်းသောစိတ်ဖြင့် ပြုသမျှသော ကာယကံမှုနှင့် ဝစီကံမှုတို့သည် ဓမ္မနှင့်ယှဉ်၏။ ကုသိုလ်ဓာတ် ထွန်းပ၏။ စိတ်ကောင်းမွေးသူ၏ ကံသုံးပါးသည် တည်ကြည်၏။ ငြိမ်းချမ်း၏။ နူးညံ့သိမ်မွေ့၏။ တည်ကြည်ငြိမ်းချမ်းသော ကံသုံးပါးက အေးမြငြိမ်းချမ်းသော ဘဝကို ပွင့်ဖူးစေပါသည်။ ဤသည်မှာ ကုသိုလ်၏ စွမ်းအင်သတ္တိ ဖြစ်ပါသည်။ ဓမ္မ၏ တန်ခိုးတေဇော်လည်း ဖြစ်ပါသည်။ စိတ်နေစိတ်ထား မြင့်မြတ်ဖို့လိုကြောင်း ကျေးဇူးရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက ဤသို့ ဆုံးမတော်မူခဲ့ပါ၏။

"လူတစ်ယောက် အထက်တန်းရောက်ပြီး လူရာဝင်တယ်ဆိုတာ စိတ်နေစိတ်ထား မြင့်မြတ်မှု၊ ထက်သန်မှုအပေါ်မှာ မူတည်တယ်။ စိတ်ထားမြင့်မှ ကံပင့်သည်။ ကံပင့်မှ စိတ်ထားမြင့်နိုင်သည်။"

စိတ်ထားဖြူစင်သော် ကာယကံလည်း ဖြူစင်သည်။ ဝစီကံလည်း ဖြူစင်သည်။ ဖြူစင်ကောင်းမွန်သော စိတ်နေစိတ်ထားက ဖြူစင်ကောင်းမွန်သော ဝစီကံမှု၊ ကာယကံမှုများကို ဖြစ်ထွန်းစေပြီး ဖြူစင်ကောင်းမွန်သော ဘဝကောင်း ဘဝမွန်တစ်ခုကို ဖန်တီးဖြစ်ပေါ်သွားပေလိမ့်မည်။ သို့ဖြစ်၍ အရာရာတွင် ဖြူစင်သော စိတ်ထားဖြင့် ဆောင်ရွက်သင့်ကြောင်း တိပိဋကဓရ အရှင်သုမင်္ဂလာ လင်္ကာရ ဆရာတော်ကြီးက ဤသို့ မိန့်တော်

မူခဲ့ပါ၏။

"ဖြူစင်သော စိတ်ထားဖြင့် ဆောင်ရွက်သမျှ အေးမြသော အကျိုးကို ရရှိမည်။ မဖြူစင်သော စိတ်ထားဖြင့် ဆောင်ရွက်လျှင် နောင်တစ်ချိန်တွင် အပူအပင်များ ဝင်လာမည်မှာ သေချာပါသည်။ သို့အတွက် အရာရာမှာ ဖြူစင်သော စိတ်ထားဖြင့်သာ ဆောင်ရွက်ကြစေချင်ပါသည်"

စိတ်ကောင်းထားရှိသော် အကျိုးပေးကောင်းနှင့် တွေ့မည်ဖြစ်ပြီး စိတ်ထားဆိုးသော် အကျိုးပေးဆိုးနှင့် တွေ့မည်ဖြစ်ကြောင်း ကျေးဇူးရှင် မာန်လည်ဆရာတော်ကြီးက ဤသို့မိန့်တော်မူခဲ့ပါ၏။

"စိတ်ကောင်း ကောင်းကောင်းနှင့်တွေ့၊ ကောင်းကောင်းခံစားရ။ စိတ်ဆိုး ဆိုးဆိုးနှင့်တွေ့၊ ဆိုးဆိုးခံစားရ။"

စိတ်ဓာတ်၏ မစင်ကြယ်မှု အင်္ဂါများမှာ မသိခြင်း၊ မကောင်းမှုကို အရှက်မရှိခြင်း၊ မကောင်းမှုကို မကြောက်ခြင်း၊ ပျံ့လွင့်ခြင်း၊ တပ်မက်ခြင်း၊ အမြင်မှားခြင်း၊ ထောင်လွှားခြင်း၊ မုန်းတီးခြင်း၊ မနာလိုခြင်း၊ ဝန်တိုခြင်း၊ နောင်တဖြစ်ခြင်း၊ စိတ်မအီမသာဖြစ်ခြင်း၊ ဆုံးဖြတ်နိုင်မှု မရှိခြင်းတို့ ဖြစ်ပါသည်။ ဤစိတ်ဓာတ်၏ မစင်ကြယ်မှု အင်္ဂါများက စိတ်နှလုံးကို ညစ်နွမ်းစေ၊ ဆူပွက်စေ၊ ပူလောင်စေ၊ ကြမ်းတမ်းခက်ထန်စေပါသည်။

ဥပမာအားဖြင့် မကောင်းမှုပြုရမည်ကို အရှက်မရှိခြင်း၊ မကောင်းမှုပြုရမည်ကို မကြောက်ခြင်းဟူသော စိတ်ဓာတ်၏ မစင်ကြယ်မှု အင်္ဂါနှစ်ရပ် ထွန်းပနေသော စိတ်နှလုံးပိုင်ရှင်အနေဖြင့် ကာယဒုစရိုက်မှုကို မရှောင်ကြဉ်တော့၊ ဝစီဒုစရိုက်မှုကို မရှောင်ကြဉ်တော့။ မကောင်းမှုပြုရမည်ကို မရှက်တတ် မကြောက်တတ်သော သူ၏စိတ်က သူ၏ကာယကံမှုနှင့် ဝစီကံမှုကို ဒုစရိုက်နွံဗွက်ထဲသို့ ဆွဲခေါ်သွားပေလိမ့်မည်။ မုန်းတီးခြင်းဟူသော စိတ်ဓာတ်၏ မစင်ကြယ်မှုအင်္ဂါ တည်ကိန်းနေသော စိတ်နှလုံးက ယုတ်မာညစ်ထည်းသော ကာယကံမှု၊ ဝစီကံမှုကို မွေးဖွားစေပါလိမ့်မည်။ စိတ်ပျံ့လွင့်ပြီး မတည်မငြိမ် ဖြစ်နေလျှင် ကာယကံမှု၊ ဝစီကံမှုတို့လည်း တည်တည်ငြိမ်ငြိမ် ကုန္ဒြေရရ မရှိနိုင်တော့။ မနာလိုဝန်တိုသော ဣဿာ မစ္ဆရိယ အထုအထည် ကြီးမားသော စိတ်နှလုံးပိုင်ရှင်၏ ကာယကံမှု၊ ဝစီကံမှုသည် သေးသိမ်ပြီး အောက်တန်းကျပေလိမ့်မည်။ အကြင်သူတစ်ဦး၏ စိတ်နှလုံး

ထဲတွင် စိတ်ဓာတ်၏ မစင်ကြွယ်မှုအင်္ဂါများ ဖုံးလွှမ်းပြည့်နှက်နေလျှင် ထိုသူ၏ ဘဝသည်လည်း မည်သည့်နည်းနှင့်မျှ တည်ငြိမ်လိမ့်မည် မဟုတ်။ ငြိမ်းချမ်းလိမ့်မည် မဟုတ်။ အောင်မြင်ပျော်ရွှင်သော ဘဝကောင်း ဘဝမွန်လည်း ဖြစ်လာမည် မဟုတ်ပါ။

စိတ်နှလုံး သေးသိမ်လျှင် ဘဝလည်း သေးသိမ်ပေလိမ့်မည်။

စိတ်နှလုံး ညစ်ထည်းလျှင် ဘဝလည်း ညစ်ထည်းပေလိမ့်မည်။

စိတ်နှလုံး ကြမ်းတမ်းလျှင် ဘဝလည်း ကြမ်းတမ်းပေလိမ့်မည်။

စိတ်နှလုံး အကျည်းတန်လျှင် ဘဝလည်း အကျည်းတန်ပေလိမ့်မည်။

လူတစ်ဦး၏စိတ်သည် ထိုသူ၏ဘဝကံကြမ္မာကို လွှမ်းမိုးပါသည်။ စိတ်ဓာတ်ကို မြှင့်တင်ထားဖို့လိုကြောင်း မန္တလေး အနောက်မြို့နယ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂိယ ဆရာတော်ကြီးက ဤသို့ မိန့်တော်မူခဲ့ပါ၏။

"ဖျင်းညံ့သသော စိတ်ဓာတ်ဟော၏။ စိတ်ဓာတ်မြှင့်တင် ဖျင်းညံ့စင်၏။ ဖျင်းညံ့သသော စိတ်ဓာတ်ဟော၏။ စိတ်ဓာတ်လွင့်စဉ် ဖျင်းညံ့ဝင်၏။ လောကရေး သူဌေးဖြစ်လိုသူတိုင်းနှင့် ဓမ္မရေး အရိယာဖြစ်လိုသူတိုင်း စိတ်ဓာတ်မကျပါလေနှင့်။ မိမိစိတ်ဓာတ်ကို မြှင့်တင်ထားပါဟု သတိပေးစကား ရေးသားအပ်ပါသည်။"

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်တွင် မြတ်စွာဘုရားက စိတ်၏စွမ်းအင်နှင့် ပတ်သက်၍-

"လောကကို စိတ်သည် ဖြစ်အောင် ဆောင်တတ်၏။ ဖျက်လည်း ဖျက်ဆီးတတ်၏။ လောကကို စိတ်သည် ပြုပြင်၏။ စိတ်ဟုဆိုအပ်သော တစ်ခုတည်းသော အရာ၏အလိုသို့ အလုံးစုံသော တရားတို့သည်ပင်လျှင် အစဉ်လိုက်ကြရကုန်၏" ဟု ဟောတော်မူခဲ့ပါသည်။

လူတစ်ဦးတစ်ယောက်၏ ဘဝသည် သူ့စိတ်နှင့်တန်သလို ဖြစ်တည်လာရခြင်း ဖြစ်ပါသည်။ ထိုသူ၏ စိတ်ကသာလျှင် သူ့ဘဝကို တိုးတက်မြင့်မားအောင် ဖန်တီးနိုင်စွမ်းရှိသလို ဆုတ်ယုတ်နိမ့်ကျအောင်လည်း ဖန်တီးနိုင်စွမ်းရှိပါ၏။ သူ၏စိတ်သည်သာ သူ့ဘဝ ကံကြမ္မာကို ဦးဆောင်ဖန်တီးနေခြင်း ဖြစ်ပါ၏။ သူ့စိတ်သည်သာ သူ့၏အရှင်သခင် ဖြစ်ပါ၏။

ဘဝဟူသည် စိတ်၏ရောင်ပြန်ဟပ်မှုဖြစ်ကြောင်း ဆရာတော် ဦးဇောတိကက ဤသို့မိန့်တော်မူခဲ့ပါ၏။

"ဘဝကို ရှင်းရှင်းလင်းလင်း နေသွားချင်တယ်ဆိုရင် သတိလေးနဲ့ နေလိုက်ပါ။ ဘဝဟာ ရှင်းလာပါလိမ့်မယ်။ စိတ်ရှင်းရင် ဘဝရှင်းတယ်။ စိတ်ရိုးရင် ဘဝရိုးတယ်။ စိတ်တွေရှုပ်ရင် ဘဝလည်း ရှုပ်လာမယ်။ စိတ်တွေ ဆန်းပြားရင် ဘဝလည်း ဆန်းပြားလာမယ်။ စိတ်ရဲ့အရည်အသွေး (Quality) မြင့်လာလို့ရှိရင် ဘဝရဲ့အရည်အသွေး မြင့်လာတယ်။ ဘဝဆိုတာ စိတ်ရဲ့ရောင်ပြန်ဟပ်မှုပဲ"

အထက်ပါဖော်ပြပါ ဓမ္မပဒလာ ဘုရားရှင်၏ အဆုံးအမတော်တွင် ပါရှိသော မကောင်းသော စိတ်ဖြင့် ပြုလုပ်ခြင်း၊ ကြံစည်ခြင်းကြောင့် ဆင်းရဲရောက်မည်ဖြစ်ပြီး ကောင်းသောစိတ်ဖြင့် ပြုလုပ်ခြင်း၊ ကြံစည်ခြင်းကြောင့် ချမ်းသာရောက်မည်ဖြစ်သည် ဟူသော အချက်ကို နှလုံးအိမ်တွင် ထာဝစဉ် သတိထင်ထင် ဆင်ခြင်နှလုံးသွင်းအပ်ပါသည်။ ထိုသို့နှလုံးသွင်း ဆင်ခြင်လျက်၊ မိမိ၏စိတ်ကို သတိဖြင့် စောင့်ကြည့်လျက် ပညာဖြင့် ဆင်ခြင်သင့်ပါသည်။ မိမိ၏စိတ်ကို သတိနှင့် စောင့်ကြည့်မှသာ မိမိ၏အတွင်းသန္တာန်သည် ငြိမ်းအေးပြေလွင်နေသလား၊ ပူလောင်ဆူပွက်နေသလားဟူသည်ကို ဝေဖန်စိစစ်နိုင်မည်။ မကောင်းသော အတွေးအကြံများ ဖြစ်နေလျှင် ပညာနှင့် ဆင်ခြင်လျက် ထိန်းချုပ်မှု ပြုလိုက်သော် မကောင်းသော ကာယကံမှု၊ ဝစီကံမှုများ ဖြစ်ခွင့်မသာတော့ပါ။ ဤသည် ဘဝတွင် မကောင်းကျိုးများ ဖြစ်ထွန်းပေါ်ပေါက် မလာစိမ့်သောငှာ ကာကွယ်တားဆီးလိုက်နိုင်ခြင်း ဖြစ်ပါ၏။

ဘဝကောင်း ဘဝမွန်တစ်ခုကို တန်ဖိုးရှိရှိ တည်ဆောက်လိုသူတိုင်း မိမိ၏စိတ်ကို ငြိမ်းချမ်းနေအောင်၊ သိမ်မွေ့နေအောင်၊ နူးညံ့နေအောင် အစဉ်အားထုတ်သွားရပေလိမ့်မည်။

❒

# အသက်မွေး မှုတသူ ဖြစ်ပါစေ

ဤလောက၌ အသက်မွေးမှုတခြင်း ရှိသူသည် ချမ်းသာ၏။ ဆင်းရဲငြိုငြင်ခြင်းမှ ကင်း၏။ အသက်မွေးမှု မမှုတသူကား ဆင်းရဲငြိုငြင်စွာ နေရ၏။

ငါ၌ စီးပွားဥစ္စာတိုးပွားမှု (ဝင်ငွေ)သည် ဤမျှရှိ၏။ ဤမျှလောက် သုံးစွဲလျှင်ကား မကျန်ရှိနိုင်။ ထို့ထက်ပို၍ သုံးစွဲလျှင်မူ ကြွေးတင်လိမ့်မည်။ ဤသို့ဆင်ခြင်၍ သိတတ်သူသည် အသက်မွေးမှု မှုတသူမည်၏။

ရာဇူကိုင် ချိန်ခွင်သမားသည် ချိန်ခွက်နှစ်ခွက်၌ ကုန်ပစ္စည်းကို ထည့်၍ ချိန်ရာတွင် ချိန်ခွင်လျှာ မည်သည့်ဘက်သို့ ထွက်လာမည်ကို သိမြင်သကဲ့သို့တည်း။

ရေကန်ကြီးတစ်ကန်ကို ကြည့်ပါ။ ရေဝင်ပေါက်လည်း ရှိ၏။ ရေထွက်ပေါက်လည်း ရှိ၏။ ရေဝင်ပေါက်ကို ဖွင့်ထားလျက် ရေထွက်ပေါက်ကို ပိတ်ဆို့ထားသော်၊ မိုးလည်း ရွာသွန်းသော် ထိုရေကန်၌ ရေသည် တိုးပွားပြည့်ဖြိုးလာမည်သာ ဖြစ်၏။

အကယ်၍ ရေဝင်ပေါက်ကို ပိတ်ကာ ရေထွက်ပေါက်ကို ဖွင့်ထားပါမူ၊ မိုးလည်း မရွာသွန်းပါမူ ထိုရေကန်၌ ရေသည် လျော့နည်း ကုန်ခန်းမည်သာ ဖြစ်၏။

(အင်္ဂုတ္တရနိကာယ်၊ ဂေါတမီဝဂ်၊ ဒီဃဇာဏုသုတ်)

[ဗုဒ္ဓ၏ ဥပမာတစ်ထောင်၊ (လေးမြိုင်)၊ စာ-၂၄၆]

လူသားမှန်သမျှ အသွေးအသား ခန္ဓာရုပ်ဒြပ်ကြီး ရှင်သန်တည်မြဲစိမ့်

သောင်ဒ္ဓ စားရေး၊ ဝတ်ရေး၊ နေရေးဟူသော အရေးသုံးပါးကို ဘဝတစ်လျှောက်လုံး ထမ်းဆောင်သယ်ပိုးရပါသည်။ လူသား၏ ပဓာနအကျဆုံး အခြေခံအရေးသုံးပါးစလုံးသည် စီးပွားရေးပင်စည်ကြီးအပေါ် အမှီပြုလျက် ရှိပါသည်။ စီးပွားရေးပင်စည်ကြီး ကြံ့ခိုင်ဖွံ့ဖြိုးလျှင် စားဝတ်နေရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ကို ပြည့်ပြည့်စုံစုံ ဖူဖူလုံလုံဖြစ်အောင် ဆောင်ရွက်နိုင်မည်။ စီးပွားရေးပင်စည် သေးငယ်ကြုံလှီလျှင် စားဝတ်နေရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ ချို့ချို့ငဲ့ငဲ့ ဖြစ်မည်။

အမှန်တော့ စီးပွားရေးဟူသည်မှာ ဝင်ငွေနှင့်ထွက်ငွေ အချိုးအစားပေါ် တည်မှီလျက်ရှိပါသည်။ ဝင်ငွေက ထွက်ငွေထက် ပိုလျှံများပြားသော် စီးပွားရေးကောင်းသည်ဟု ဆိုနိုင်ပါမည်။ အကယ်တန္တု ဝင်ငွေနှင့်ထွက်ငွေ မျှတသော် စီးပွားရေး သင့်တင့်သည်ဟု ဆိုနိုင်ပါမည်။ အကယ်၍ ထွက်ငွေ အသုံးစရိတ်က ဝင်ငွေထက် များပြားသော် စီးပွားရေး ကျဆင်းသည်ဟု ဆိုနိုင်ပါမည်။

ဝင်ငွေက ထွက်ငွေထက် ပိုလျှံများပြားသောကြောင့် စီးပွားရေးကောင်းသူတွေထဲမှာ "စီးပွားရေးကောင်းမှု ပမာဏချင်း" တစ်ဦးနှင့်တစ်ဦး မတူညီကြပေ။ လစဉ်ပင် ဝင်ငွေက ထွက်ငွေထက် သိန်းရာချီ၍ ပိုလျှံသူတွေ ရှိမည်။ သိန်းဆယ်ချီ၍ ပိုလျှံသူတွေ ရှိမည်။ သိန်းရာချီ၍ ပိုလျှံသူတွေထဲမှာလည်း သိန်းတစ်ရာ၊ နှစ်ရာ ပိုလျှံသူတွေရှိသလို သိန်းတစ်ထောင်ခန့် ပိုလျှံသူတွေလည်း ရှိနေနိုင်သည်။ သိန်းဆယ်ချီ ပိုလျှံသူတွေထဲမှာလည်း သိန်းတစ်ဆယ်၊ နှစ်ဆယ် ပိုလျှံသူတွေရှိသလို သိန်းတစ်ရာနီးပါးခန့် ပိုလျှံသူတွေလည်း ရှိနေနိုင်သည်။

**ဝင်ငွေအသင့်အတင့်သာ ရှိသူအဖို့ အသုံးစရိတ်ကို ခြိုးခြံချွေတာရုံမျှဖြင့် ချမ်းသာကြွယ်ဝဖို့မှာ မလွယ်ကူလှပေ။ သို့တစေ မိမိ၏ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် စီမံထိန်းချုပ်နိုင်လျှင် "ကြွေးကင်း" သည်။ စင်စစ် ကြွေးကင်းခြင်းသည်ပင် လောကီချမ်းသာလေးပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပါ၏။**

စီးပွားရေးလုပ်ငန်း ပမာဏကြီးမားသော လုပ်ငန်းရှင်ကြီးတစ်ဦးအဖို့ ဝင်ငွေအလွန်အမင်း ကောင်းမွန်သောကြောင့် ခြိုးခြံသုံးစွဲခြင်း မရှိစေကာမူ အမြဲတစေ ဝင်ငွေက ထွက်ငွေထက် သာလွန်နေပေမည်။ ဥပမာ

အားဖြင့် အမြတ်အစွန်းဝင်ငွေ တစ်လလျှင် သိန်း ၅၀ ရရှိနေသူအနေဖြင့် တစ်လလျှင် ဆယ်သိန်းခန့် သုံးစွဲနေသည့်တိုင် ဝင်ငွေက ထွက်ငွေထက် ပိုလျှံနေမည်သာ ဖြစ်ပါသည်။ ဒီလိုဝင်ငွေအင်အား ကြီးမားသော လုပ်ငန်းရှင်များအဖို့ အသုံးစရိတ် (ထွက်ငွေ) ပမာဏသည် တခြားသူများထက် အဆများစွာ ပိုမိုသော်လည်း ထိုထွက်ငွေသည် သူတို့အတွက် အသေးအဖွဲမျှသာ ဖြစ်ပါ၏။ ဝင်ငွေအဆမတန် ကောင်းလွန်းသူတို့အတွက် အသုံးစရိတ် (ထွက်ငွေ) များပြားခြင်းမှာ စီးပွားရေးအရ ပြဿနာမရှိပါ။

အချို့သူတွေက လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင်ကြီး မဟုတ်။ သို့တစေ အောင်မြင်သော လုပ်ငန်းရှင်၊ အောင်မြင်သော ပညာရှင် ဖြစ်သောကြောင့် ဝင်ငွေကောင်းသည်။ ထိုလူမျိုးသည်လည်း အခြားလူလတ်တန်းစားများထက် အသုံးစရိတ် မြင့်မားသည့်တိုင် သူတို့စီးပွားရေး လျှောကျဆုတ်ယုတ်စရာ အကြောင်းမရှိပါ။ ဆိုရသော် အသုံးစရိတ် ထွက်ငွေပမာဏ မြင့်မားနေသည့်တိုင် ထွက်ငွေပမာဏထက် အဆများစွာပို၍ ဝင်ငွေရအောင် ရှာဖွေနိုင်သူအဖို့ စီးပွားရေးဂရပ်ဖ်မျဉ်းသည် အပေါ်သို့ချည်း တက်ပြီးရင်း တက်နေမည်သာ ဖြစ်ပါသည်။

အချို့သူတွေ၏ ဝင်ငွေက မများ၊ ဝင်ငွေမများသောကြောင့် အသုံးစရိတ်ကို ဝင်ငွေနှင့် လိုက်လျောညီထွေစွာ စိစိစစ်စစ် ခြိုးခြိုးခြံခြံ သုံးစွဲသည်။ ဝင်ငွေရလမ်းကို မတိုးချဲ့နိုင်သေးသောကြောင့် သုံးစွဲရာတွင် မလိုအပ်သော အသုံးနှင့် အဖြုန်းကို တတ်နိုင်သမျှ ရှောင်ကြဉ်သည်။ ဒီလို ဝင်ငွေနှင့် ထွက်ငွေ မျှတသူတွေက ငွေပိုပိုလျှံလျှံ စုဆောင်းမိခြင်းမျိုး မရှိ။ သို့သော် မလောက်ငသောကြောင့် သူတစ်ပါးထံမှ အတိုးနှင့် ငွေချေးယူရခြင်းမျိုးတော့ မရှိ။ ကြွေးကင်းသောကြောင့် ကြွေးနှင့်စပ်လျဉ်းသော ပူပင်သောကတို့ကို မခံစားရ။ သူတစ်ပါးထံ မျက်နှာငယ်ငယ်ဖြင့် ငွေကြေး ချေးယူရသော ဒုက္ခမျိုးလည်း မရှိ။ အချိန်တန်၍ ကြွေးတောင်းခံရသော ဒုက္ခမျိုးမှလည်း လွတ်ကင်း၏။ ဤသည်မှာ ဝင်ငွေက မများပြားစေကာမူ ထွက်ငွေ (အသုံးစရိတ်) ကို စနစ်တကျ စိစိစစ်စစ် ခြိုးခြိုးခြံခြံ သုံးစွဲခြင်း၏ အကျိုးရလဒ် ဖြစ်ပါသည်။

တစ်ဌာနတည်းမှာ ရာထူးအတူတူ၊ လစာဝင်ငွေ အတူတူရသောသူ

နှစ်ဦး ရှိပါသည်။ နှစ်ဦးစလုံး အိမ်ထောင်မရှိ။ မိဘတွေကို ထောက်ပံ့ရခြင်း မျိုးလည်း မရှိ။ တစ်ဦးက ငွေကြေးနှင့်စပ်လျဉ်း၍ ပူပင်သောကမရှိ။ လူရည်လူသွေးလည်း သပ်သပ်ရပ်ရပ်။ နောက်တစ်ဦးကမူ ငွေကြေးနှင့် စပ်လျဉ်း၍ အမြဲတမ်း ပူပင်သောက ရှိသည်။ လူရည်လူသွေးလည်း ညစ်ညစ်နွမ်းနွမ်း။ ဒီလူနှစ်ဦး ဘာကြောင့် ဤသို့ကွာခြားရသနည်း။ ပထမတစ်ဦးက လက်ဖက်ရည်ဆိုင်မထိုင်။ လက်ဖက်ရည်တစ်ခွက် ကျပ် ၂၅၀ ပေးသောက်ရသည်ကို 'တန်' သည်ဟု သူ မထင်။ နမြောသည်။ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်ဆိုသည်မှာ သူနှင့် မည်သို့မျှ မပတ်သက်။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံး လောင်းကစားလည်း လုံးဝမလုပ်။

သူက စာဖတ်ဝါသနာပါသည်။ ရုပ်ရှင်ကြည့်တာ ဝါသနာပါသည်။ စာအုပ်ငှားဖတ်ခ ကုန်ကျတာတော့ ရှိသည်။ ဤသည်ပင် မဂ္ဂဇင်း တစ်အုပ်ကို သူနှစ်သက်ရာရွေး၍ 'နေ့တစ်ဝက်' နှင့် အပြီးဖတ်သည်။ တစ်ရက်ဖတ်ကြေး မပေးလိုသောကြောင့်ပါ။ ရုပ်ရှင်ကတော့ သူတို့ ရပ်ကွက်က ဗီဒီယိုရုံငယ်လေးတွေမှာ မြန်မာဗီဒီယိုဇာတ်ကားတစ်ကားကို 'တစ်ရာကျပ်' သာ ပေးကြည့်ရတော့ ငွေကြေးများများစားစား မကုန်။ ရက်သတ္တတစ်ပတ်မှ နှစ်ကြိမ်လောက်သာ သူကြည့်ဖြစ်သည်။

ဒုတိယတစ်ဦးကတော့ နေ့စဉ်ပင် လက်ဖက်ရည်ဆိုင် သုံးကြိမ်ထိုင် သည်။ စီးကရက်က တစ်နေ့တစ်ဘူး သောက်သည်။ ရံဖန်ရံခါ မူးယစ် ယမကာလည်း မှီဝဲတတ်သေးသည်။ အလျဉ်းသင့်သလို နှစ်လုံး၊ သုံးလုံး လည်း ထိုးတတ်သေးသည်။ ဒီတော့ သူ့မှာက အမြဲတမ်းဆိုသလိုပင် ငွေကြေး အခက်အခဲ ရှိနေတတ်သည်။ ရန်ကုန်တွင် နေသော ညီနှင့်ညီမထံ လှမ်း၍ ငွေကြေးအကူအညီ တောင်းခံတတ်သည်။ သူ၏အသုံးစရိတ်ကို ပြန်လည်စိစစ်ဖို့ကိုမူ သတိမရ။ ဝင်ငွေချင်း တူသော်လည်း သုံးစွဲမှုချင်း (ထွက်ငွေချင်း) မတူခြားနား ကွဲပြားသောကြောင့် တစ်ဦးက ငွေကြေး ကျပ်တည်းမှုမရှိဘဲ အခြားတစ်ဦးက ငွေကြေးကျပ်တည်းခြင်း ဖြစ်ပါသည်။

ဝင်ငွေပမာဏ များပြားလွန်းသူအဖို့ အသုံးစရိတ်ကြီးမားစေကာမူ စီးပွားရေးကို ထိခိုက်ဖွယ်ရာ မရှိပါ။ သို့တစေ ဝင်ငွေပမာဏ မများသူတွေ အဖို့ အသုံးစရိတ်ကို စိစစ်ဖို့လိုပါသည်။ မသုံးလျှင် မဖြစ်မှသာ သုံးသင့်ပါ

သည်။ မဖြစ်မနေ လိုအပ်ချက်ရှိမှသာ သုံးသင့်ပါသည်။ ချွေတာဖို့ လိုပါသည်။ ခြိုးခြံဖို့ လိုပါသည်။ ဝင်ငွေအသင့်အတင့်သာ ရှိသူအဖို့ အသုံးစရိတ်ကို ခြိုးခြံချွေတာရုံမျှဖြင့် ချမ်းသာကြွယ်ဝဖို့မှာ မလွယ်ကူလှပေ။ သို့တစေ မိမိ၏ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် စီမံထိန်းချုပ်နိုင်လျှင် 'ကြွေးကင်း' သည်။ စင်စစ် ကြွေးကင်းခြင်းသည်ပင် လောကီချမ်းသာလေးပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပါ၏။ သူတစ်ပါးထံမှ ငွေကြေးချေးယူရာမှ ကင်းရှင်းလျှင် လူ့အောက် မကျတော့။ ကြွေးမြီတို့မည်သည် အတိုးမကင်း လေရာ အတိုးပေးနေရသည့်အတွက် မိမိ၏ လုပ်စာကို မိမိ ပြည့်ပြည့်ဝဝ မစားရတော့ပေ။ အတိုးငွေ ဟူသည်မှာ မိမိမသုံးရဘဲ ကုန်ကျသော 'ထွက်ငွေ' ဟု ဆိုနိုင်ပါသည်။ မိမိ သုံးစွဲလိုက်၍ ကုန်ကျရသော 'ထွက်ငွေ' အပြင် မိမိ မသုံးစွဲရဘဲ သူတစ်ပါးကို အတိုးအဖြစ်ပေးရသော ထွက်ငွေပါ ပေါင်းသောအခါ ထွက်ငွေပမာဏ မြင့်မားသွားလေတော့သည်။ အကြွေးနွံနစ်ပြီ ဆိုသောအခါ ထိုအခြေအနေမှ အလျင်အမြန် ရုန်းထွက်နိုင်အောင် ကြိုးစားသင့်သည်။

ဂရိပညာရှင်ကြီး 'ပလူတပ်' က 'ဆင်းရဲနွမ်းပါးခြင်းသည် ပင်ကိုအနေဖြင့် ဂုဏ်မဲ့ဖွယ်မဟုတ်၊ ပျင်းရိခြင်း၊ လောင်းကစားခြင်း၊ အသုံးဖွာခြင်း၊ မိုက်မဲခြင်းတို့ ပေါ်ထွက်လာလျှင်သာ ဂုဏ်မဲ့ဖွယ်ဖြစ်၏' ဟူ၍ ပြောခဲ့ဖူးပါသည်။ ငွေကြေးကို အဆင်ခြင်မဲ့ မနှမြောဘဲ အသုံးလွယ်ခြင်းသည် ကြီးမားသော ငွေယိုပေါက်တစ်ခု ဖြစ်ပါ၏။ ဒီငွေယိုပေါက်ကို မပိတ်ဆို့နိုင်သမျှ ဘဝဝယ် လူတစ်လုံး သူတစ်လုံး မဖြစ်နိုင်ပါ။ အသုံးဖွာသောကြောင့် ဝင်ငွေနှင့် ထွက်ငွေ မမျှတ။ ထိုအခါ ငွေကြေးချေးယူရသောကြောင့် အတိုးပေးရလေရာ 'ငွေယိုပေါက်' တစ်ခု ထပ်တိုးလေတော့သည်။

ဒီခေတ်မှာ လူသုံးကုန်ပစ္စည်း အသစ်အဆန်းတွေက တစ်မျိုးပြီး တစ်မျိုး မရိုးရအောင် အလျှံပယ် ပေါ်ထွက်နေသည်။ ပုထုဇဉ်တို့၏ သည်းခြေအကြိုက် ပစ္စည်းတွေ ပေါ်များလာတိုင်းသာ ဝယ်ယူသုံးစွဲနေလျှင် ဘယ်တော့မှ အသုံးစရိတ်ကို ထိန်းချုပ်နိုင်တော့မှာ မဟုတ်တော့။ ဒီတော့ မိမိ၏ ဘဝအခြေအနေ၊ မိမိ၏ ဝင်ငွေပမာဏအပေါ် ပကတိ အရှိအတိုင်း နားလည်သိရှိပြီး ပစ္စည်းအသစ်အဆန်းပေါ်တိုင်း ဝယ်ယူသုံးစွဲချင်စိတ်ကို

မျိုသိပ်ထားရမည်သာ ဖြစ်ပါသည်။ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ အသုံးအဖြုန်း လက်ဖွာလျှင် နွမ်းပါးချို့ငဲ့မှုကို ဘဝတွင် ကျောက်ချထားသည့်နှယ် ရှိပေလိမ့်မည်။ ယာယီ လတ်တလော အာသာချင်ခြင်းကို အလိုလိုက်နေသမျှ ဝင်ငွေနှင့် ထွက်ငွေ မမျှမတဖြစ်ပြီး ဘဝအညွန့်တုံးသွားတတ်ပါသည်။ မည်သည့်အခါမှလည်း ဆင်းရဲတွင်းနွံဗွက်မှ ရုန်းထွက်နိုင်မည် မဟုတ်ပါ။

အမေရိကန် သတင်းစာတစ်စောင်တွင် "ဒီနေ့ ပျော်ပါးခံစားမှုကိုသာ ကြည့်ပြီး နက်ဖြန် ချို့တဲ့မှုတွေကို မကြည့်တဲ့ အဖြုန်းသမား လူမိုက် မဖြစ်ပါစေနဲ့" ဟု ဖော်ပြခဲ့ဖူးပါသည်။ အဖြုန်းသမားသည် မိမိကိုယ်ကိုယ် သစ္စာဖောက်သူသာ ဖြစ်ပါ၏။ မိမိဘဝကို မိမိကိုယ်တိုင် ဉာဏ်အမြော်အမြင် ကင်းမဲ့စွာ တူးဖြိုဖျက်ဆီးနေသူသာ ဖြစ်ပါ၏။

သိစရာမှန်သမျှကို ကြွင်းမဲ့ဥဿုံ အလုံးစုံသိတော်မူသော မြတ်စွာဘုရားသည် အထက်ပါ အင်္ဂုတ္တိုရ်ပါဠိ၊ ဂေါတမီဝဂ်၊ ဒီဃဇာဏုသုတ်တွင် လောကီဘောင်အတွင်းမှ လူဝတ်ကြောင်တို့အဖို့ အသက်မွေးမှု မျှတဖို့လိုအပ်ပုံကို ဟောတော်မူခဲ့ပါသည်။ ကြီးပွားချမ်းသာရေးကို လိုသူတိုင်း လိုက်နာဆောင်ရွက်ရမည့် 'သမ္ပဒါတရားလေးပါး' ကိုလည်း လမ်းညွှန်ဟောကြားတော်မူခဲ့ပါ၏။ ထိုသမ္ပဒါတရားလေးပါးတွင် 'သမာဇီဝိတာ သမ္ပဒါ' လည်း တစ်ပါးအပါအဝင် ဖြစ်ပါသည်။ 'သမာဇီဝိတာသမ္ပဒါ' ဟူသည်မှာ အဝင်နှင့် အထွက် မျှတအောင် သုံးစွဲအသက်မွေးပြုရခြင်းကို ဆိုလိုပါ၏။

မိမိ၏ဝင်ငွေ တိုးပွားလာအောင် သန့်ရှင်းစင်ကြယ်သော သမ္မာအာဇီဝဘောင်အတွင်းမှ ဖွဲလုံ့လကြီးကြီးဖြင့် ကြိုးကြိုးစားစား ရှာဖွေသင့်သည်။ ရှာဖွေရရှိလာသော ငွေကြေးတို့ကို အပိုသုံး၊ အပိုဖြုန်းခြင်းမှ ရှောင်ကြဉ်လျက် လိုအပ်မှသာ သုံးစွဲမည်ဆိုလျှင် အဝင်နှင့် အထွက် မျှခြေရှိရုံမျှမက အထိုက်အလျောက် စုဆောင်းနိုင်ပေလိမ့်မည်။ အသက်မွေးမျှတလျှင် စိတ်ပေါ့ပါးချမ်းသာကာ ကောင်းမှုကုသိုလ်လည်း ပြုနိုင်ပြီး တန်ဖိုးရှိသော ဘဝကောင်း ဘဝမွန်ကို ပုံဖော်ထုဆစ်နိုင်ပါလိမ့်မည်။

□

## ဆောက်တည်ခြင်း လေးမျိုး

မျက်မှောက်ကာလ၌လည်း ဆင်းရဲ၍ နောင်အခါ၌လည်း ဆင်းရဲကျိုးရှိသော ဆောက်တည်ခြင်းသည် ပထမဆောက်တည်ခြင်း မည်၏။

မျက်မှောက်ကာလ၌ ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲကျိုးရှိသော ဆောက်တည်ခြင်းသည် ဒုတိယဆောက်တည်ခြင်း မည်၏။

မျက်မှောက်ကာလ၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာခြင်းရှိသော ဆောက်တည်ခြင်းသည် တတိယဆောက်တည်ခြင်း မည်၏။

မျက်မှောက်ကာလ၌လည်း ချမ်းသာ၍ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသော ဆောက်တည်ခြင်းသည် စတုတ္ထဆောက်တည်ခြင်း မည်၏။ ထိုဆောက်တည်ခြင်း လေးမျိုးကို ဥပမာဖြင့် ပြပေဦးအံ့။

သူတစ်ပါးကို နှိပ်စက်ဖျက်ဆီးခြင်း၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူလုယက်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်ဖြင့် ဖောက်ပြန်ခြင်း၊ မဟုတ်မမှန် လိမ်လည်ဖြားယောင်းလေ့ရှိခြင်း၊ မော်ကြွားထောင်လွှားခြင်း၊ မနာလိုဝန်တိုခြင်း စသော မကောင်းမှုဒုစရိုက်များသည် ဤလောက၌ ဖြစ်ပေါ်တည်ရှိနေပေ၏။

တချို့သောသူသည် မကောင်းမှုဒုစရိုက်ကို ပြုမူကျူးလွန်ရာ၌ ကိုယ်ရောစိတ်ပါ ဆင်းရဲပင်ပန်းခြင်းကြီးစွာဖြင့် ပြုမူကျူးလွန်ရလေသည်။

ထိုသူသည် ထိုမကောင်းမှုဒုစရိုက်ဟူသော အကြောင်းကြောင့် နောင်အခါ၌ ဆင်းရဲပင်ပန်းခြင်း ကြီးစွာသော ဆိုးကျိုးကို ခံစားရ၏။ အဆိပ်ဘူးခါးရည်ကို သောက်သုံးသော ပထမဆောက်တည်ခြင်းတည်း။

တချို့သောသူသည် မကောင်းမှုဒုစရိုက်ကို ကိုယ်ရောစိတ်ပါ ပျော်ရွှင်စွာဖြင့် ပြုမူကျူးလွန်လေ့ရှိလေသည်။ ထိုသူသည်လည်း ဒုစရိုက်ဟူသော အကြောင်းကြောင့် နောင်အခါ၌ ဆင်းရဲပင်ပန်းခြင်း ကြီးစွာသော ဆိုးကျိုးကို ခံစားရပေ၏။ အဆိပ်ဖျော်ရည်ကို သောက်သော ဒုတိယ ဆောက်တည်ခြင်းတည်း။

တချို့သောသူသည် မကောင်းမှုဒုစရိုက်ကို မပြုမူ မကျူးလွန်ပေ။ ကိုယ်ရောစိတ်ပါ အဆင်းရဲအပင်ပန်းခံ၍ ရှောင်ကြဉ်လေသည်။ ထိုသူသည် မကောင်းမှုဒုစရိုက်ကို ရှောင်ကြဉ်၍ ကောင်းမှု သုစရိုက်ကို ကျင့်သုံးခြင်းဟူသော အကြောင်းကြောင့် နောင်အခါ၌ ချမ်းသာသုခတည်းဟူသော ကောင်းကျိုးကို ခံစားရပေ၏။ နွားကျင်ငယ်ရေကို သောက်သော တတိယ ဆောက်တည်ခြင်းတည်း။

တချို့သောသူသည် မကောင်းမှုဒုစရိုက်ကို မပြုမူ၊ မကျူးလွန်ပေ။ ဝမ်းမြောက်ပျော်ရွှင်စွာဖြင့်ပင် ရှောင်ကြဉ်နိုင်လေသည်။ ထိုသူသည် မကောင်းမှုဒုစရိုက်ကို ရှောင်ကြဉ်၍ ကောင်းမှုသုစရိုက်ကို ကျင့်သုံးခြင်းဟူသော အကြောင်းကြောင့် နောင်အခါ၌ ချမ်းသာသုခတည်းဟူသော ကောင်းကျိုးကို ခံစားရသည်သာ ဖြစ်၏။ စတုမဓုကို သောက်သော စတုတ္ထ ဆောက်တည်ခြင်းတည်း။

**(မူလပဏ္ဏာသပါဠိတော်၊ စူဠယမကဝဂ်၊ မဟာဓမ္မသမာဒါနသုတ်)**

**[ဗုဒ္ဓ၏ ဥပမာတစ်ထောင်၊ (လေးမြိုင်)၊ စာ-၇၇၊ ၇၈]**

ဤလောက၌ လူအမျိုးမျိုး ရှိသည်။ စိတ်အထွေထွေ ရှိသည်။ လူတစ်ဦးနှင့်တစ်ဦး ဘဝသံသရာ၌ လျှောက်လှမ်းခဲ့ရပုံချင်း မတူ။ အတိတ်ကံချင်း မတူ။ သံသရာတစ်လျှောက် သယ်ဆောင်လာခဲ့သော ဗီဇ၊ ဉာဉ်၊ အထုံဝါသနာ စရိုက်ချင်း မတူ။ ပစ္စုပ္ပန်ဘဝ၌လည်း မွေးဖွားကြီးပြင်းရာ မိဘအသိုင်းအဝိုင်းချင်း မတူ။ ရှင်သန်ကြီးပြင်းရာ နေရာဒေသချင်း မတူ။ ပညာအဆင့်အတန်းချင်း မတူ။ လူရည်လူသွေးချင်း မတူ။ အတွေးအခေါ်ချင်း မတူ။ စိတ်နေစိတ်ထားချင်း မတူ။

ဤလောက၌ လူအမျိုးမျိုး ရှိသကဲ့သို့ ကုသိုလ်လည်း အမျိုးမျိုး ရှိသည်။ အကုသိုလ်လည်း အမျိုးမျိုး ရှိပါသည်။ ကုသိုလ်အမျိုးမျိုးကို

လူတွေက ကြံစည်ပြောဆို ဆောင်ရွက်သကဲ့သို့ အကုသိုလ်အမျိုးမျိုးကို လည်း လူတွေကပင် ကြံစည်ပြောဆို ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ကုသိုလ်ကောင်းမှုဟူသည် ပြုသူကို ကောင်းကျိုးတွေ ဖြစ်ထွန်းစေ ပါသည်။ မကောင်းကျိုးတွေ မဖြစ်ပေါ်အောင် တားဆီးဟန့်တားနိုင်စွမ်း ရှိပါသည်။ အကုသိုလ် မကောင်းမှုဟူသည် ပြုသူကို မကောင်းကျိုးတွေ ဖြစ်ထွန်းစေပါသည်။ ကောင်းကျိုးတွေ မဖြစ်ပေါ်အောင် ဟန့်တားပိတ်ဆို့ နိုင်စွမ်း ရှိပါသည်။ ကုသိုလ်ကောင်းမှုကိုယ်တိုင်က အပြစ်ကင်း သန့်ရှင်း သကဲ့သို့ ကုသိုလ်ကောင်းမှုပြုသူလည်း စင်ကြယ်သန့်ရှင်း အပြစ်ကင်းပါ ၏။ မကောင်းမှုမှာမူ ကိုယ်တိုင်က အပြစ်မကင်း၊ မကောင်းမှုပြုသူလည်း မစင်ကြယ် မသန့်ရှင်း၊ အပြစ်မကင်းပါ။

ကောင်းကျိုးပေးသော ကုသိုလ်ကောင်းမှုကို မဖြစ်မနေ လုပ်သင့်ပြီး မကောင်းကျိုးပေးသော အကုသိုလ် မကောင်းမှုကို မဖြစ်မနေ ရှောင်ကြဉ် သင့်ပါသည်။ ဤသည်နှင့် စပ်လျဉ်း၍ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ကြီးက–

"ကုသိုလ်အလုပ်ဆိုတာ ဘယ်သူမဆို လုပ်ရမှာ ပျင်းကြတယ်။ မလုပ်ချင်ပေမယ့် ပေပြီး လုပ်ရတယ်။ အကုသိုလ်ကျတော့ ဘယ်သူမဆို မတိုက်တွန်းရဘူး။ လုပ်ချင်နေကြတယ်။ အကုသိုလ်အလုပ်ဆိုတာ လုပ်ချင်ပေမယ့် ပေပြီး မလုပ်ဘဲ ရှောင်နေရမယ်" ဟု ဆုံးမတော်မူခဲ့ပါ၏။

ဆရာတော်ကြီး မိန့်တော်မူသကဲ့သို့ ဤလောက၌ အကုသိုလ် မကောင်းမှုကို ကျူးလွန်ပြုလုပ်နေသူများ အနမတဂ္ဂ ရှိပါသည်။ ဓမ္မအသိ နည်းပါးလွန်းသူများ၊ မောဟအားကြီးသူများ၊ ဝိသမလောဘ ထူထဲသူများ၊ အတ္တလွန်ကဲသူများသည် မည်သည့်မကောင်းမှု ဒုစရိုက်ကိုမဆို ပြုခွင့်ရ သော် အရှက်မဲ့စွာ ပြုတတ်ပါသည်။ မကောင်းမှု ဒုစရိုက်ကို အကြောက် အလန့်မရှိဘဲ ပြုတတ်ပါသည်။ မိမိ၏ အကျိုးစီးပွားအတွက်လည်းကောင်း၊ ဒေါသလွန်ကဲခြင်းကြောင့်လည်းကောင်း သတ္တဝါတို့၏အသက်ကို သတ် ဖြတ်ဖို့ ဝန်မလေး၊ မုသာဝါဒဖြင့် သူတစ်ပါးကို လိမ်လည်လှည့်ဖြားဖို့ ဝန်မလေး၊ သူတစ်ပါး၏ ဥစ္စာပစ္စည်းကို ခိုးယူဖို့ ဝန်မလေး၊ ဖောဋ္ဌဗ္ဗအာရုံ အတွက် သူတစ်ပါး သားမယားကို ကျူးလွန်ဖို့ ဝန်မလေး၊ သူတစ်ပါး

အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်း ကြံဆောင်ပြုလုပ်ဖို့ ဝန်မလေး၊ မိမိ၏ မနေအင်အားဖြင့် ပစ္စည်းဥစ္စာ နွမ်းပါးချို့ငဲ့သူအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ဖို့ ဝန်မလေး၊ မိမိ၏ရာထူးအရှိန်အဝါဖြင့် မိမိထက်နိမ့်သူ အပေါ် အနိုင်ယူစိုးမိုးဖို့ ဝန်မလေး၊ ချစ်ခင်သူနှစ်ဦးအကြား မေတ္တာ ပျက်ယွင်းစေဖို့ ကုန်းချောပြောဆိုရန် ဝန်မလေး၊ ကြားနာရသူ စိတ်ပင်ပန်း မချမ်းသာစေသည့် ကြမ်းတမ်းသော စကားကို ပြောဆိုဖို့ ဝန်မလေး၊ အနှစ် မပါ အကာမဲ့သည့် ပြိန်ဖျင်းသော စကားကိုပြောဖို့ ဝန်မလေး၊ သူတစ်ပါး ၏ ပစ္စည်းဥစ္စာကို မတရားရယူလိုမှုဖြင့် ရှေးရှုကြံစည်ဖို့ ဝန်မလေး၊ သူတစ်ပါးဂုဏ်သိက္ခာ ညှိုးမှိန်ကျဆင်းစေလိုသော ရည်ရွယ်ချက်ဖြင့် မမှန်သတင်း ထုတ်လွှင့်ဖို့ ဝန်မလေး။

မိမိ၏စီးပွားဥစ္စာ ဖြစ်ထွန်းလိုမှုကြောင့် သူတစ်ပါး၏ အကျိုးစီးပွား ကို ထိခိုက်စေသော အသက်မွေးမှုဟူသမျှသည်လည်း မကောင်းမှုအကု သိုလ်ချည်း ဖြစ်ပါ၏။ သောက်သုံးသူ၏ အသက်ခန္ဓာနှင့် စီးပွားဥစ္စာကို ပျက်စီးစေမှန်းသိလျက်နှင့် သေရည်အရက်နှင့် မူးယစ်ဆေးဝါး ရောင်းဝယ် နေသူသည် မိစ္ဆာအာဇီဝမှုဖြင့် မကောင်းမှုဒုစရိုက်မှု ကျူးလွန်နေသူများ ဖြစ်ပါ၏။ လူနှင့် သတ္တဝါတို့၏ အသက်နှင့် ခန္ဓာကို သေကျေပျက်စီးစေ သော အဆိပ်နှင့် လက်နက် ရောင်းဝယ်နေသူများသည်လည်း မိစ္ဆာအာဇီဝမှု ဖြင့် မကောင်းမှုဒုစရိုက်မှု ကျူးလွန်နေသူများ ဖြစ်ပါ၏။ အမျိုးသမီးတို့၏ ဘဝကို အညွန့်တုံးစေသော လူကုန်ကူးမှုဖြင့် ငွေရှာနေသူများသည်လည်း မိစ္ဆာအာဇီဝမှုဖြင့် မကောင်းမှု ဒုစရိုက်မှု ကျူးလွန်နေသူများ ဖြစ်ပါ၏။

ဤမကောင်းမှုဒုစရိုက်နှင့် မစင်ကြယ် မသန့်ရှင်းသော မိစ္ဆာအာဇီဝ မှုကို ကျူးလွန်သူများတွင် တချို့က ထိုမကောင်းမှု ဒုစရိုက်မှုများကို ကိုယ် ရောစိတ်ပါ ဆင်းရဲပင်ပန်းခြင်းကြီးစွာဖြင့် ပြုမူကျူးလွန်ကြပါသည်။ အချို့ ကမူ မောဟပိုမိုထူထဲစွာဖြင့် ထိုမကောင်းမှု ဒုစရိုက်မှုများကို ကိုယ်ရောစိတ် ပါ ပျော်ပျော်ရွှင်ရွှင်ဖြင့် ပြုမူဆောင်ရွက်ကြပါသည်။ အကုသိုလ်မကောင်း မှုကို ကိုယ်ရောစိတ်ပါ ဆင်းရဲပင်ပန်းကြီးစွာဖြင့် လုပ်ကိုင်ဆောင်ရွက်သည် ဖြစ်စေ၊ ကိုယ်ရောစိတ်ပါ ပျော်ပျော်ရွှင်ရွှင်ဖြင့် ပြုမူဆောင်ရွက်သည်ဖြစ်စေ၊ မကောင်းမှု၏ သဘာဝအရ ပြုသူကို ကြီးစွာသော ဆိုးကျိုးကို ပေးစေ

မည်သာ ဖြစ်ပါသည်။ မကောင်းမှုပြုသူအဖို့ မိမိသည်ပင် မိမိ၏ရန်သူ ဖြစ်ကြောင်း ကျေးဇူးရှင် မြောက်ဉက္ကလာပ ရွှေဥမင်ဆရာတော်ကြီးက ဤသို့ မိန့်တော်မူခဲ့ပါ၏။

"မကောင်းမှုလုပ်တဲ့ သူအဖို့တော့ ကိုယ်ဟာ ကိုယ့်ရန်သူပဲ။ ရန်သူက ဒုက္ခပေးတယ်"

ဤလောကတွင် မကောင်းမှုဒုစရိုက်ပြုသူများ အနမတဂ္ဂ ရှိသကဲ့သို့ မကောင်းမှုကို ရှောင်ကြဉ်လျက် ကောင်းမှုသုစရိုက် ပြုသူတွေလည်း အများအပြား ရှိပါသည်။ ဓမ္မာအသိ တည်ကိန်းသူများ၊ နှလုံးသား၌ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ် အလှတရား တည်ကိန်းသူများ၊ ကိုယ်ချင်းစာတရား ရှိသူများသည် သူတစ်ပါးတို့၏ အသက်နှင့် ခန္ဓာ ထိခိုက်စေမည့် အလုပ်မျိုးကို လုံးဝ မပြုလုပ်။ စွမ်းနိုင်သမျှ သူတစ်ပါးနှင့် သက်ရှိသတ္တဝါတို့၏ အသက်နှင့် ခန္ဓာ မထိပါးစေရန် စောင့်ရှောက်လေ့ရှိသည်။ သူတစ်ပါး၏ ပစ္စည်းဥစ္စာများကို ခိုးယူရန် မကြံစည်။ သူတစ်ပါး သားမယားကို လွန်ကျူးသော ညစ်ညမ်းယုတ်မာသည့် အကျင့်ကိုလည်း ရှောင်ကြဉ်သည်။ သူတစ်ပါး အကျိုးစီးပွား ပျက်စီးရာ ပျက်စီးကြောင်း ကြံဆောင်မှု မပြုသည့်အပြင် သူတစ်ပါး အကျိုးရှိရာရှိကြောင်း စွမ်းနိုင်သမျှ ကူညီသည်။ မိမိထက် ပစ္စည်းဥစ္စာ၊ ရာထူး အရှိန်အဝါ နိမ့်ပါးသူတို့အပေါ် အနိုင်ယူ စိုးမိုးမှုမျိုးကို မပြု။ မိမိအောက် အားနည်းသူအပေါ် ကရုဏာဖြင့် အစဉ်ထောက်ထား ညှာတာစွာ ဆက်ဆံလေ့ရှိသည်။ စကားပြောလျှင်လည်း သူတစ်ပါး နှလုံးစိတ်ဝမ်း ချမ်းမြေ့စေမည့် ယဉ်ကျေးချိုသာသော စကားကိုသာ ပြောလေ့ရှိသည်။ သူတစ်ပါး၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် စကားမျိုးကို မဆိုဘဲ သူတစ်ပါး၏ အမည်ဂုဏ်သတင်း မွှေးထုံသင်းစေမည့် သတင်းစကားကိုသာ နှုတ်ဆင့်ကမ်းလေ့ရှိပါသည်။

ထိုသူတို့သည် လူအပါအဝင် သက်ရှိသတ္တဝါတို့၏ အသက်ခန္ဓာနှင့် အကျိုးစီးပွားကို ထိခိုက်ကျေပျက်စေမည့် 'သားငါး၊ အဆိပ်၊ မူးယစ်သေရည်၊ လက်နက်၊ လူ' တို့ကို ရောင်းဝယ်ခြင်းဟူသော မိစ္ဆာအာဇီဝမှုဖြင့် စီးပွားရှာဖွေမှုကို လုံးဝမပြုလုပ်။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော သမ္မာ

အာဇီဝမှုဖြင့်သာ ရိုးရိုးသားသား ကြိုးကြိုးစားစား စီးပွားရှာပါသည်။ ထိုသူတို့ထဲမှ တချို့သူများသည် မကောင်းမှုဒုစရိုက်ကို ကိုယ်ရောစိတ်ပါ ဆင်းရဲအပင်ပန်းခံ၍ ရှောင်ကြဉ်ပါသည်။ တချို့သူများမှာမူ မကောင်းမှုဒုစရိုက်ကို ဝမ်းမြောက်ပျော်ရွှင်စွာပင် ရှောင်ကြဉ်ပါသည်။ အဆင်းရဲအပင်ပန်းခံ၍ ဒုစရိုက်မှုကို ရှောင်ကြဉ်ပြီး သုစရိုက်မှု ပြုသည်ဖြစ်စေ၊ ဝမ်းမြောက်ပျော်ရွှင်စွာ ဒုစရိုက်မှု ရှောင်ကြဉ်ပြီး သုစရိုက်မှု ပြုသည်ဖြစ်စေ၊ ကုသိုလ်ကောင်းမှု၏ သဘာဝ ချမ်းသာသုခ ကောင်းကျိုးကို ကျိန်းသေမုချ ခံစားရမည်သာ ဖြစ်ပါ၏။

အထက်ပါ မူလပဏ္ဏာသပါဠိတော်၊ စူဠယမကဝဂ်၊ မဟာဓမ္မသမာဒါနသုတ်တော်လာ ဆောက်တည်ခြင်း လေးမျိုးအနက် မျက်မှောက်ကာလ၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာခြင်းရှိသော ဆောက်တည်ခြင်းနှင့် မျက်မှောက်ကာလ၌လည်း ချမ်းသာ၍ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသော ဆောက်တည်ခြင်း နှစ်မျိုးကိုသာ ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ဘဝကောင်း ဘဝမွန်ကို ဖန်တီးတည်ဆောက်သင့်ပါသည်။

❑

# ရဟန်းသံဃာကျင့်ရာ ဝတ်ခြောက်ဖြာ

ချစ်သား သိင်္ဂါလ၊ အထက်အရပ် မည်ပေသော ရဟန်းတို့က အလှူဒါယကာတို့အား ပြုရသော ကျင့်ဝတ်တို့ကား ခြောက်ပါး ရှိပေ၏။ ခြောက်ပါးဟူသည်ကား–

(၁) မကောင်းမှုကို တားမြစ်ခြင်း၊

(၂) ကောင်းမှုကို တိုက်တွန်းခြင်း၊

(၃) မေတ္တာဖြင့် ကောင်းကျိုးကို ရှေးရှု၍ ချီးမြှောက်ခြင်း၊

(၄) မကြားဖူးသော တရားစကားကို ဟောကြားခြင်း၊

(၅) ကြားပြီး နာပြီး တရားတို့ကို လိုက်နာကျင့်ကြံ အားထုတ်စေခြင်း၊

(၆) ဒါန၊ သီလစသော သုဂတိသို့ လားရောက်ကြောင်း ကောင်းသောခရီးကို ညွှန်ကြားခြင်း။

ဤသို့အားဖြင့် ခြောက်ပါးပေတည်း။ ဤကျင့်ဝတ်နှင့် မချွတ်ပြည့်စုံသော် အထက်အရပ်ကို မပိတ်ဆို့သည် မည်၏။ အထက်အရပ်မှာ ဘေးမရှိ၊ ငြိမ်း၏။ ချစ်သား သိင်္ဂါလ၊ ဤသည်ကို ရည်၍ သင့်ဖခင်က သင့်အား 'အထက်အရပ်ကို မမေ့လေနှင့်။ အမြဲတစေ ငါ့သား ရှိခိုးရစ်ပါလေ' ဟူ၍ မှာကြားသွားခြင်း ဖြစ်ပေသည်။

**(သိင်္ဂါလောဝါဒသုတ်)**

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရား၊ တရား၊ သံဃာဟူသော ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်သူများ ဖြစ်ပါသည်။ ရဟန်းသံဃာဟူ

သည် အကိုးကွယ်ခံ ရတနာတစ်ပါး ဖြစ်ပါ၏။ အကိုးကွယ်ခံ ပုဂ္ဂိုလ်ဖြစ်သည့်အလျောက် အကိုးကွယ်ခံဂုဏ်ရည်နှင့် ပြည့်စုံကြရသူများလည်း ဖြစ်ပါသည်။

လှူဒါယကာ၊ ဒါယိကာမများသည် သံဃာတော် အရှင်သူမြတ်များ ဥတုသပ္ပာယမျှတစွာ မကြောင့်မကြ နေထိုင်တော်မူရေးအတွက် ဘုန်းတော်ကြီးကျောင်းများကို ဆောက်လုပ်လှူဒါန်းကြပါသည်။ အာဟာရမျှတစွာ ဘုဉ်းပေးသုံးဆောင်နိုင်ရေးအတွက် ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ကပ်လှူကြပါသည်။ မကျန်းမာသောအခါ သုံးစွဲမှီဝဲရမည့် ဆေးဝါးများကိုလည်း လှူဒါန်းကြပါသည်။ သံဃာတော် အရှင်မြတ်များအတွက် လိုအပ်သောပရိက္ခရာရှစ်ပါး အစရှိသည့် သံဃာအသုံးအဆောင် ပစ္စည်းများကိုလည်း သဒ္ဓါကြည်ဖြူစွာ ဆက်ကပ်လှူဒါန်းကြပါသည်။

မျိုးဆက်သစ် သာသနာ့ဝန်ထမ်းတို့ကို စာပေများ သင်ကြားပို့ချပေးသော ပရိယတ္တိစာသင်တိုက်ကြီးများ အဓွန့်ရှည် တည်တံ့ဖွံ့ဖြိုးနိုင်ရန် အတွက် ဒါယကာ၊ ဒါယိကာမများက သူတို့ ကြိုးစားရှာဖွေရရှိထားသော ပစ္စည်းများကို သဒ္ဓါနှလုံးသားဖြင့် စွန့်လွှတ်လှူဒါန်း ထောက်ပံ့ကြပါသည်။ ထိုနည်းအတူ ဝိပဿနာဘာဝနာနည်းများကို ညွှန်ကြားပြသနေသော ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများ၊ ဝိပဿနာရှုရဟူသော သာသနာ့ဝန်ကို အဆင်ပြေ ချောမွေ့စွာ ထမ်းဆောင်နိုင်ရန် ဒါယကာ၊ ဒါယိကာမများက တတ်စွမ်းသမျှ လှူဒါန်းကြပါသည်။ ဆိုရသော် ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမတို့က ကြည်ညိုသဒ္ဓါ အရင်းခံလျက် ပစ္စည်းလေးပါးမျှသာမက သာသနာတော်အတွက် လိုအပ်ရာ အဖြာဖြာကို ထောက်ပံ့လှူဒါန်း ဆောင်ရွက်ပေးနေသော ကြောင့်လည်း သံဃာတော် အရှင်မြတ်များအနေဖြင့် သာသနာ့တာဝန်ကို မကြောင့်မကြ ထမ်းဆောင်တော်မူနိုင်ကြခြင်း ဖြစ်ပါ၏။

မိမိတို့အပေါ် သဒ္ဓါကြည်ဖြူစွာ မြတ်နိုးကော်ရော်ပူဇော်ပြီး ပစ္စည်းလေးပါး အစရှိသည်တို့ကို လှူဒါန်းသော ဒါယကာ၊ ဒါယိကာမတို့အပေါ် သံဃာတော်အရှင်မြတ်များကလည်း ပြန်လည်စောင့်ရှောက်ကြရမည် ဖြစ်ကြောင်း အထက်ပါ ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ သိင်္ဂါလောဝါဒသုတ်

တွင် မြတ်စွာဘုရားက ဟော်ဖော်ညွှန်ကြားတော်မူခဲ့ပါသည်။ မြတ်စွာဘုရား ဟောဖော်ညွှန်ကြားခဲ့သော ရဟန်းကျင့်ရာ ဝတ်ခြောက်ဖြာကို ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က ဤသို့ရေးဖွဲ့စပ်ဆိုတော်မူခဲ့ပါသည်။

**မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်**

**အသစ်ဟောကျူး၊ နာဖူးထပ်မံ**

**နတ်ထံတင်ရာ၊ မေတ္တာလည်းပြု**

**ရဟန်းမှု၊ ခြောက်ခုလွန်သေချာ။**

ဘုရားရှင်တိုင်း၏ အဆုံးအမတော်သည် 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား' ဟူ၍ ဖြစ်ပါ၏။ ဘုရားရှင်တိုင်းက မကောင်းမှုဟူသမျှ လုံးဝမပြုလုပ်ရန် ပထမဦးစားပေးအဖြစ် ညွှန်ကြားဆုံးမတော်မူခဲ့ပါသည်။ သတ္တဝါတို့သည် ကံသာလျှင် အမိ၊ ကံသာလျှင် အဖ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ဖြစ်ပါသည်။ မိမိတို့၏ဘဝကို ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုဟူသော ကံသုံးပါးဖြင့် တည်ဆောက်နေခြင်း ဖြစ်ပါ၏။ ကောင်းတာလုပ်လျှင် ကောင်းတာ ဖြစ်မည်။ မကောင်းတာလုပ်လျှင် မကောင်းတာ ဖြစ်မည်။ မကောင်းတာတွေ မဖြစ်စေလိုသော် မကောင်းမှု ဒုစရိုက်များကို လုံးဝမပြုလုပ်ဘဲ နေကြရမည် ဖြစ်ပါသည်။ သံဃာတော် အရှင်မြတ်များသည် ဒါယကာ၊ ဒါယိကာမများအား–

(၁) မကောင်းမှုဟူသည် ဤအရာ ဖြစ်သည်။ (၂) မကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့မှာ ဤအရာများ ဖြစ်သည်။ (၃) ဤ မကောင်းမှုကို ပြုသော် ဤသို့သော ဆိုးကျိုးများ ပေါ်ပေါက်လာမည်ဟူ၍ အသေးစိတ် ဟောဖော်ဆုံးမ ဩဝါဒပေးကြရပါမည်။ ဥပမာအားဖြင့် ကာမေသုမိစ္ဆာစာရကံကို မကျူးလွန်စိမ့်သောငှာ ကာမေသုမိစ္ဆာစာရကံ မြောက်ခြင်း၏ အကြောင်းအရင်းများ၊ ကာမေသုမိစ္ဆာစာရကံ၏ အကျိုးပေးပုံများကို ဒါယကာ၊ ဒါယိကာမတို့ သဘောပေါက် နားလည်စေရန် ဟောကြားရပေမည်။ ထို့အတူ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးတို့ကို ဒါယကာ၊ ဒါယိကာမတို့ မကျူးလွန်မိစေရန် တားမြစ်ဆုံးမရပေမည်။ ဒါယကာ၊ ဒါယိကာမတို့ အနေဖြင့် အကုသိုလ်ဟူသည် ဤသို့ပါတကား၊ အကုသိုလ်၏ အကျိုးပေးမှုကား ကြောက်စရာ

ပါလားဟူ၍ နက်နက်နဲနဲ စွဲစွဲထင်ထင် သိမြင်လာအောင် ပညာပေး ဆုံးမခြင်းသည် သံဃာတော် အရှင်သူမြတ်တို့က ဒါယကာ၊ ဒါယိကာမတို့ အပေါ် ပြုကျင့်ရမည့် ပထမကျင့်ဝတ် ဖြစ်ပါ၏။

ဓမ္မ၏သဘာဝမှာ ဓမ္မကို ကျင့်သုံးသူအား ကောင်းရာမွန်ရာသို့ ပို့ ဆောင်ပေးတတ်ပါ၏။ တရားကို စောင့်သူအား တရားက ပြန်လည်စောင့် ရှောက်တတ်ပါ၏။ ကုသိုလ်ကောင်းမှုကို ပြုသော် ကောင်းကျိုးတွေ ရလာ မည်။ ကောင်းတာတွေ ဖြစ်လာမည်။ ဘုရားရှင်တို့၏ ဒုတိယမြောက် အဆုံး အမတော်မှာ 'ကောင်းမှုဟူသမျှ ပြည့်စုံစေခြင်း' ပင် ဖြစ်ပါသည်။ သံဃာ တော် အရှင်မြတ်များသည် ဒါယကာ၊ ဒါယိကာမတို့အား ကုသိုလ်ကောင်း မှုဟူသည် ဤအရာ၊ ဤကုသိုလ်ကောင်းမှုကို ပြုလျှင် ဤသို့အကျိုးပေး မည်ဟု ခြေခြေမြစ်မြစ် ဟောကြားတော်မူရပါမည်။ ကုသိုလ်ကောင်းမှုများ ပြုချင်လာအောင် နှိုးဆော်တိုက်တွန်းမှု ပြုရပါမည်။ သံဃာတော် အရှင်မြတ် များက ဒါယကာ၊ ဒါယိကာမများအား–

၁။ ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်များကို စောင့်ထိန်းကျင့်သုံး စေရန်၊ (၂) သုစရိုက်တရား ဆယ်ပါးကို ပြုကျင့်စေရန်၊ (၃) ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ပုညကြိယာဝတ္ထုဆယ်ပါးကို ပြုလုပ်စေရန်၊ (၄) ဒါန၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟူသော သူတော်ကောင်း တရားများကို ပွားများကျင့်ဆောင်စိမ့်သောငှာ တိုက်တွန်းဆုံးမ ဩဝါဒပေး ရမည်မှာ သံဃာတော်အရှင်မြတ်တို့၏ ဒုတိယမြောက်ကျင့်ဝတ် ဖြစ်ပါ သည်။

မြတ်စွာဘုရားသည် အနှိုင်းမဲ့ကရုဏာရှင် ဖြစ်တော်မူပါ၏။ ကရုဏာတရား၏ ကိုယ်ပွားရုပ်သွင် ဖြစ်တော်မူပါ၏။ မြတ်စွာဘုရား၏ တပည့်သား သာဝကဖြစ်တော်မူသော သံဃာတော် အရှင်မြတ်များသည် လည်း သတ္တဝါဝေနေယျတို့အပေါ် ကရုဏာထားကြရပါသည်။ အထူး သဖြင့် မိမိတို့အား ပစ္စည်းလေးပါး အစရှိသည်တို့ဖြင့် လှူဒါန်းထောက်ပံ့ နေကြသော ဒါယကာ၊ ဒါယိကာမများအပေါ် ကရုဏာတရား ပွားကြရပါ မည်။ ဒါယကာ၊ ဒါယိကာမများ မကျန်းမမာ ဖြစ်သည့်အခါ၊ လောကဓံ ဆိုးနှင့် ကြုံသည့်အခါ ကရုဏာရှေးရှုလျက် ပရိတ်မေတ္တာ ဘာဝနာ

ပွားများ ပေးကြရပါမည်။ ရဟန်းသံဃာတော်တို့ကျင့်ရာ တတိယမြောက် ကျင့်ဝတ်မှာ ဒါယကာ၊ ဒါယိကာမတို့အပေါ် သနားကရုဏာထားခြင်းပင် ဖြစ်ပါ၏။

အနှိုင်းမဲ့ ကျေးဇူးတော်ရှင် မြတ်စွာဘုရားသည် သတ္တဝါဝေနေယျ တို့၏ အကျိုးအလို့ငှာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော တရားဓမ္မများကို ဟောကြားတော်မူခဲ့ပါ၏။ မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို နည်းနည်းသိသော် ကောင်းကျိုးနည်းနည်းရ၏။ များများသိသော် ကောင်းကျိုးများများရ၏။ မြတ်ဗုဒ္ဓ၏ ဓမ္မဟူသည် သိရှိနိုင်သမျှ သိရှိလေ ကောင်းကျိုးရလေ ဖြစ်ပါ သည်။

သံဃာတော် အရှင်မြတ်များသည် ဗုဒ္ဓဓမ္မဟူသော ပရိယတ္တိစာပေ တို့ကို စနစ်တကျ နှစ်ရှည်ကြာစွာ သင်ကြားဆည်းပူးထားသူများ ဖြစ်ပါ သည်။ နှုတ်ငုံဆောင်ခြင်း၊ ရွတ်အံခြင်း၊ ကျက်မှတ်ခြင်းတို့ဖြင့် ဗုဒ္ဓဓမ္မများ ကို သိရှိအောင် အားထုတ်ထားသူများ ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတို့ လေ့လာသိရှိထားသော တရားဓမ္မများကို ဒါယကာ၊ ဒါယိကာမများလည်း သိနိုင်သမျှ များများသိရှိစေရန် တရားအသစ်များကို စဉ်ဆက်မပြတ် ဟောကြားပေးကြရပါသည်။ မိမိသိသလို သိပါစေဟူသော စေတနာ ကောင်းဖြင့် ဒါယကာ၊ ဒါယိကာမများအား အသစ်အသစ်သော တရားဓမ္မ များကို ဟောကြားခြင်းသည် သံဃာတော် အရှင်မြတ်များ၏ စတုတ္ထ မြောက် ဝတ္တရား ဖြစ်ပါသည်။

သံဃာတော် အရှင်မြတ်များအနေဖြင့် ဒါယကာ၊ ဒါယိကာမတို့ အား မြတ်စွာဘုရား၏ ဓမ္မများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် တရားတော် အသစ်အသစ်များကို ဟောကြားတော်မူသကဲ့သို့ ဟောကြား ခဲ့ပြီးသော တရားအဟောင်းထဲမှ တရားတချို့ကိုလည်း ထပ်မံဟောကြား တော်မူရပါသည်။ ဟောကြားတော်မူခဲ့ပြီးသော တရားတော်များကို မမေ့ လျော့စေရန် လည်းကောင်း၊ အမြဲတစေ ကျင့်သုံးရမည့် ဓမ္မတို့ကို သတိမူ နှလုံးသွင်း နိုင်စေရန်လည်းကောင်း၊ ထပ်၍ထပ်၍ ဟောကြားပေးရပါ သည်။

တချို့တချို့သော တရားတော်များမှာ ကြိမ်ဖန်များစွာ အထပ်ထပ်

ဟောကြားမှသာလျှင် ဒါယကာ၊ ဒါယိကာမတို့အနေဖြင့် တဖြည်းဖြည်း နားလည်သဘောပေါက်လာပေလိမ့်မည်။ အဓိပ္ပာယ်ကို ပီပီပြင်ပြင် သိမြင်လာပါလိမ့်မည်။ ဒါယကာ၊ ဒါယိကာမတို့အား တစ်ကြိမ် နှစ်ကြိမ် ဟောကြားရုံမျှဖြင့် နားမလည်နိုင်သော တရားတို့ကို ထပ်မံဟောကြားခြင်းသည် သံဃာတော်အရှင်မြတ်တို့၏ ပဉ္စမမြောက်ဝတ္တရား ဖြစ်ပါ၏။

လူ့ဘုံဟူသည် သံသရာခရီး၏ လမ်းဆုံဟု ဆိုနိုင်ပါသည်။ လူ့ဘုံမှသည် အထက်ဘုံများဖြစ်သော နတ်ဘုံ၊ ဗြဟ္မာ့ဘုံသို့ တက်လှမ်းနိုင်သည်။ နိဗ္ဗာန်သို့လည်း ရောက်ရှိနိုင်သည်။ အောက်ဘုံဖြစ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဘုံများသို့လည်း သက်လျှောနိုင်သည်။ လူတစ်ယောက် ကွယ်လွန်သော် မည်သည့်ဘုံသို့ ရောက်မည်ဆိုသည်မှာ သူ၏ ကိုယ်ကျင့်တရားက အဆုံးအဖြတ်ပေးပါသည်။

ဆိုရသော် နတ်ပြည်၊ ဗြဟ္မာ့ပြည်ရောက်ကြောင်း အကျင့်ကို ကျင့်သော် နတ်ပြည်၊ ဗြဟ္မာ့ပြည် ရောက်မည်။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်သော် နိဗ္ဗာန်ရောက်မည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံရောက်ကြောင်း မကောင်းသောအကျင့်ကို ကျင့်သော် ဒုဂ္ဂတိဘုံများသို့ သက်လျှောကျဆင်းမည်။

သံဃာတော် အရှင်မြတ်များအနေဖြင့် ဒါယကာ၊ ဒါယိကာမတို့အား နတ်ရွာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း၊ အကျင့်မြတ်များကို ဟောဖော်ညွှန်ပြရပေမည်။ ဒါယကာ၊ ဒါယိကာမတို့ အနေဖြင့် နတ်ရွာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းများကို ကျင့်ကြံအားထုတ်စေရန် နှိုးဆော်တိုက်တွန်း ဩဝါဒပေးရမည်မှာ သံဃာတော် အရှင်မြတ်များ၏ ဆဋ္ဌမမြောက် ဝတ္တရား ဖြစ်ပါ၏။

□

## စိတ်ထားမြင့်မြတ်ခြင်းသာ ပမာနပါ

ဤလောက၌ နွားတို့တွင် နွားဖြူ၊ နွားနီ၊ နွားနက်၊ နွားညို၊ နွားပြာ၊ နွားကျား စသည်ဖြင့် အရောင်အမျိုးမျိုး ရှိကြ၏။

ထိုနွားတို့တွင် ယဉ်ကျေးလိမ္မာသော၊ လျင်မြန်စွာ ဖြောင့်တန်းစွာ သွားတတ်သော၊ ခွန်အားနှင့် ပြည့်စုံ၍ ဝန်ကို ဆောင်နိုင်သော နွားသည် နွားကောင်း ဖြစ်လေ၏။ လူတို့သည် ထိုနွားကိုသာလျှင် စုံမက်နှစ်သက်ကြ၏။ တန်ဖိုးထား လေးစားကြ၏။ ထိုနွား၏ အရောင်ကိုမူ နီသည်၊ ဖြူသည်၊ ပြာသည်ဟူ၍ စူးစမ်းမှုဖြင့် ပမာန မပြုကြလေကုန်။ ထိုနွား၏ အဆင်းအရောင်ကို တန်ဖိုးထားကြခြင်း မဟုတ်သောကြောင့်တည်း။

ထိုနည်းတူပင် လူတို့တွင်လည်း မင်းမျိုး၊ သူဌေးမျိုး၊ ဆင်းရဲသားမျိုး၊ ဒွန်းစဏ္ဍားမျိုးဟူ၍ ပမာနပြုဖွယ် မရှိပေ။ ထိုသူ၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ ယဉ်ကျေးသိမ်မွေ့၍ စိတ်ထားစင်ကြယ် မြင့်မြတ်ခြင်းသည်သာ ပမာနဖြစ်ပေ၏။ ထိုသို့ယဉ်ကျေးသိမ်မွေ့၍ မြင့်မြတ်စင်ကြယ်ခြင်းသည်သာလျှင် သူတစ်ပါးအား ကောင်းကျိုးပြုနိုင်သောကြောင့်ပေတည်း။

**(ပဉ္စကနိပါတ်၊ ဥပါသကဝဂ်၊ ဂိဟိသုတ်)**

**[ဗုဒ္ဓ၏ ဥပမာတစ်ထောင်၊ (လေးမြိုင်)၊ စာ-၂၁၉]**

လူတို့သည် ကံသာလျှင် အမိ၊ ကံသာလျှင်အဖ ဖြစ်ပါသည်။ ကံ၏ အမွေကို ခံယူကြရသည်။ ကံသာလျှင် အမွေအနှစ် ရှိပါသည်။ ကံဟူသည် အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလတို့၌ ပြုခဲ့၊ ပြုဆဲဖြစ်သော ကာယကံမှု၊

ဝဋ်ကံမှု၊ မနောကံမှုတို့ ဖြစ်ပါ၏။ လူတို့သည် သံသရာတစ်လျှောက် ဘဝပေါင်းများစွာကို ဖြတ်သန်းကျင်လည်ခဲ့ကြပါသည်။ ထိုကျင်လည်ခဲ့ရသော အတိတ်ဘဝပေါင်းများစွာ ပြုခဲ့သော ကံတို့၌ ကောင်းမှုကံတွေလည်း ရှိခဲ့မည်။ မကောင်းမှုကံတွေလည်း ရှိခဲ့မည်။ ထိုကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးပေးအရ ပစ္စုပ္ပန်ဘဝတွင် တချို့သူများက ရာထူးဂုဏ်ရှိန် မြင့်မားသော အာဏာရှိ ပုဂ္ဂိုလ်မျိုးရိုးတွင် မွေးဖွားလာရသည်။ တချို့သူများက ချမ်းသာကြွယ်ဝသော သူဌေး သူကြွယ်မျိုးရိုးတွင် မွေးဖွားလာရသည်။ တချို့သူများကမူ သာမန် လူလတ်တန်းစားမျိုးရိုးတွင် မွေးဖွားလာရသည်။ တချို့ကမူ ဆင်းရဲနွမ်းပါးသူမျိုးရိုးတွင် မွေးဖွားလာရသည်။ ဤသို့အားဖြင့် အတိတ်ကံအကျိုးပေးမှုအရ တစ်ဦးနှင့်တစ်ဦး မိဘမျိုးရိုး အဆင့်အတန်းချင်း ဆူကြဲနိမ့်မြင့် ကွဲပြားခြားနား မွေးဖွားလာခဲ့ရခြင်း ဖြစ်ပါ၏။

ဤတွင် အာဏာရ မင်းစိုးရာဇာ အမိ အဖမျိုးရိုး၌ ဝင်စားလာသူတို့မှာ လောကီရှုထောင့်မှ သုံးသပ်လျှင် အတိတ်ကံအကောင်းဆုံးဟု ဆိုနိုင်ပါသည်။ အာဏာရှိ မိဘတို့၏ အရှိန်အဝါကြောင့် အဘက်ဘက်တွင် ပြည့်ပြည့်စုံစုံဖြင့် ရွှေပေါ်မြတင် ကြီးပြင်းလာရသူများ ဖြစ်ပါ၏။ မိဘမျက်နှာကြောင့် လူအများ၏ အစစအရာရာ အရေးပေး အကြိုက်ဆောင်မှုကို ခံယူရရှိသူများလည်း ဖြစ်ပါ၏။ သူဌေးသူကြွယ်မျိုးရိုးတွင် ဝင်စားလာသူတွေလည်း ကံကောင်းသူများပင် ဖြစ်ပါသည်။ အစစ လိုလေသေးမရှိ ပြည့်စုံနေရုံမျှမက အခြွေအရံ အသိုင်းအဝိုင်းလည်း ပေါများသူများ ဖြစ်ပါသည်။ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် ကြီးပြင်းလာသူများ ဖြစ်ပါ၏။ လူလတ်တန်းစား မိဖမျိုးရိုး၌ ဝင်စားလာသူတို့မှာမူ အသင့်အတင့် အတိတ်ကံ ကောင်းခဲ့သူများဟု ဆိုရလိမ့်မည် ထင်ပါသည်။ မိဘများအနေဖြင့် ခနဉစွာ မချမ်းသာစေကာမူ စားဝတ်နေရေးအတွက် ချို့ငဲ့သူများ မဟုတ်သောကြောင့် သားသမီးတို့မှာလည်း လူတန်းစေ့ နေနိုင်ကြပေသည်။ ဆင်းရဲသော မိဘမျိုးရိုးတွင် ဝင်စားလာသူများမှာမူ အတိတ်ကံညံ့သူများဟု ဆိုနိုင်ပါသည်။ မိဘတို့ ဘဝရပ်တည်ရေးအတွက် ဆင်းရဲပင်ပန်းကြီးစွာ ရုန်းကန်နေရသောကြောင့် သားသမီးတွေခမျာလည်း

နွမ်းပါးကြပေသည်။

ယေဘုယျအားဖြင့် လူအများစုအနေဖြင့်မှု လောကီအကျိုးစီးပွားရှုထောင့်မှဖြစ်စေ၊ လူတန်းစားရှုထောင့်မှဖြစ်စေ မိဘမျိုးရိုးအပေါ် အဆင့်အတန်း ခွဲခြားတတ်ကြပါသည်။ မိဘမျိုးရိုး၊ ဆွေမျိုးအသိုင်းအဝိုင်းတို့အပေါ် ပဓာန ထားတတ်ကြသည်။ မိမိတို့၏ သားသမီးကို ရာထူးဂုဏ်ရှိန်မြင့်မားသူတို့၏ သားသမီးနှင့်သာ ပေါင်းသင်းစေချင်ပါသည်။ ချမ်းသာကြွယ်ဝသော သူဌေးသူကြွယ်သားသမီးတို့နှင့်သာ ပေါင်းသင်းစေချင်ကြပါသည်။ ဆင်းရဲနွမ်းပါးသူ၏ သားသမီးတို့နှင့် မပေါင်းသင်းစေချင်ကြပေ။ အများအားဖြင့်လည်း ရာထူးဂုဏ်ရှိန်မြင့်မားသူ မျိုးရိုးချင်း၊ သူဌေးသူကြွယ်မျိုးရိုးချင်း၊ လူလတ်တန်းစား မျိုးရိုးချင်းသာ အပေါင်းအသင်း ဖြစ်ကြပါသည်။

အနှိုင်းမဲ့ သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားကမူ မျိုးရိုးကို ပဓာန ပြုတော်မမူဘဲ ယဉ်ကျေးသိမ်မွေ့၍ စိတ်ထားမြင့်မြတ်ခြင်းကိုသာ ပဓာန ထားတော်မူကြောင်း အထက်ပါ ပဋ္ဌကနိပါတ်၊ ဥပါသကဝဂ်၊ ဂိဟိသုတ်အရ ထင်ရှားပါသည်။

အတိတ်ကံအကျိုးပေးအရ မိဘမျိုးရိုး အဆင့်အတန်းချင်း ကွာခြားစွာ မွေးဖွားကြီးပြင်းလာသော်လည်း သဘာဝတရားကြီးက လူသားတိုင်းအား ညီတူညီမျှ ပေးအပ်ထားသော အရာတစ်ခု ရှိပါ၏။ ထိုအရာမှာ "စိတ်" ပင် ဖြစ်ပါ၏။ မိဘမျိုးရိုး အဆင့်အတန်း မမြင့်မားသောကြောင့် အားငယ်ဖွယ်ရာ မရှိပါ။ မိမိပိုင်ဆိုင်ထားသော "စိတ်" ကို အားကိုးပြီး ဘဝတစ်ခုကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် တည်ဆောက်၍ ရပါသည်။ ကျေးရွာဇနပုဒ် ရွာသိမ်ရွာငယ်တွင် ဆင်းဆင်းရဲရဲ နွမ်းနွမ်းပါးပါး မွေးဖွားပြီး ကြီးပြင်းလာခဲ့သူများတွင် နိုင်ငံကျော်အဖြစ်သို့ ရောက်ရှိသူ၊ ကမ္ဘာကျော်အဖြစ်သို့ ရောက်ရှိသူများလည်း ရှိပါသည်။ ဆင်းရဲနွမ်းပါးသော မိဘမျိုးရိုးတွင် ဝင်စားလာခဲ့သူများအထဲမှ နောင်တစ်ချိန် ချမ်းသာကြွယ်ဝသွားသူတွေလည်း ရှိပါသည်။ ကျောင်းပညာ ချို့တဲ့ရှာသူ မိဘမျိုးရိုးတွင် ဝင်စားလာခဲ့သူများအထဲမှာ နောင်တစ်ချိန်တွင် ပညာရှင် ဖြစ်လာသူတွေလည်း ရှိပါသည်။ အတိတ်ကံက မည်သို့သော မျိုးရိုးထဲတွင်

ပို့ဆောင်ထားစေကာမူ မိမိ၏စိတ်ကို သန့်စင်အောင်၊ မြင့်မြတ်အောင် မွေးမြူပျိုးထောင်ထားနိုင်ဖို့သာ ပဓာနကျပါသည်။

ဤလောက၌ မင်းစိုးရာဇာမျိုးရိုး၊ သူဌေးသူကြွယ်မျိုးရိုးတွင် ဝင်စားသူ ဦးရေက အလွန်ပင် နည်းပါးလှပေသည်။ လူလတ်တန်းစားမျိုးရိုးတွင် ဝင်စားသူဦးရေနှင့် ဆင်းရဲနွမ်းပါးသူမျိုးရိုးတွင် ဝင်စားသူဦးရေက များပြားလှပါသည်။ အဘယ်ကြောင့်ဟူမူ မင်းစိုးရာဇာ၊ သူဌေးသူကြွယ်ထက် လူလတ်တန်းစားနှင့် ဆင်းရဲနွမ်းပါးသူတို့က အရေအတွက်အားဖြင့် လွန်စွာ များပြားသောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့် အရေအတွက်အားဖြင့် များပြားသော လူလတ်တန်းစားနှင့် ဆင်းရဲနွမ်းပါးသူတို့၏ သားသမီး ဖြစ်တိုင်း စိတ်ဓာတ်ကျစရာ မလိုပေ။ အားငယ်စရာ မလိုပါပေ။ လောက ရှုထောင့်မှ မျိုးရိုးအနေဖြင့် မမြင့်မားသည့်တိုင် မိမိတွင် တကယ်အမှန် အားကိုးရမည့် ကိုယ်ကျင့်စရဏနှင့် ကြိုးစားအားထုတ်မှု ရှိဖို့သာ လိုပါသည်။ မြတ်ဗုဒ္ဓအလိုတော်အရ ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့ပြီး စိတ်ထားကောင်းမွန်လျက် အများအကျိုးကို တစ်နိုင်တစ်ပိုင် ဆွမ်းဆောင်နိုင်သူဖြစ်ဖို့ လိုပါသည်။

အမှန်စင်စစ် လူတစ်ဦးတစ်ယောက်ကို မြင့်မြတ်အောင် ပြုလုပ်နိုင်သော အရာမှာ သူ၏ ပြင်ပဗဟိဒ္ဓအခြေအနေ မဟုတ်ပါ။ သူ၏ စိတ်ဓာတ် သန့်ရှင်း စင်ကြယ်မှုနှင့် ကိုယ်ကျင့်သိက္ခာ ကောင်းမွန်မှုသာ ဖြစ်ပါ၏။ မျိုးရိုးဇာတိ၊ ဓနဥစ္စာတို့က လူတစ်ယောက်ကို ကြီးကျယ်မြင့်မြတ်အောင် မပြုလုပ်ပေးနိုင်ပါ။ ဖြူစင်ကောင်းမွန်သော ကိုယ်ကျင့်သိက္ခာကသာ ကြီးကျယ် မြင့်မြတ်သူအဖြစ်သို့ ပို့ဆောင်ပေးနိုင်ပါသည်။ ဒေါက်တာ သီရိ ဓမ္မနန္ဒ ဆရာတော်ကြီးက–

"သင်၏ ဓနဥစ္စာသည် သင်၏အိမ်ကို တန်ဆာဆင်ပေးနိုင်ပါ၏။ သို့သော် သင်၏ စင်ကြယ်သော အကျင့်သီလကသာ သင့်ကို တန်ဆာဆင်ပေးနိုင်ပါ၏။ သင်၏ ဝတ်စုံသည် သင်၏ ခန္ဓာကိုယ်ကို အလှဆင်ပေးနိုင်ပါ၏။ သို့သော် သင်၏ စင်ကြယ်သော အပြုအမူကသာလျှင် သင့်ကို အလှဆင်ပေးနိုင်ပါ၏" ဟူ၍ မိန့်တော်မူခဲ့ပါ၏။

နိုင်ငံ့ဝန်ထမ်းဘဝတွင် ကျင်လည်ခဲ့စဉ်က ကျေးရွာအတော်များများ

သို့ ရောက်ရှိခဲ့ဖူးပါသည်။ ထိုသို့ရောက်ခဲ့ရာတွင် ခနဂုဏ်၊ ပညာဂုဏ် ချို့တဲ့စေကာမူ စိတ်နေစိတ်ထား ရိုးဖြောင့်ကောင်းမွန်သော "နှလုံးလှ အညတြ" များကို တွေ့မြင်ဖူးပါသည်။ သူတို့သည် ခနဥစ္စာ မကြွယ်ဝစေကာမူ သူတို့ဘဝကို ရောင့်ရဲနေပျော်သည်။ ရိုးရိုးသားသား လုပ်ကိုင်စားသောက်သည်။ အခြားသူတို့နှင့် ခင်ခင်မင်မင် ပျော်ပျော်ရွှင်ရွှင် ဆက်ဆံသည်။ ကူညီနိုင်စရာရှိလျှင် စိတ်ပါလက်ပါ လိုက်လိုက်လှဲလှဲ ကူညီသည်။ ရပ်ရေးရွာရေးတွင် တက်တက်ကြွကြွ ဆောင်ရွက်သည်။ ရပ်ဝတ္ထု ရှုထောင့်မှကြည့်သော် အထင်ကြီးစရာ မရှိသော သည်လူတွေကို ကျွန်တော် ခင်မင်လေးစားသည်။ သူတို့၏ စိတ်ထားကောင်းမှု၊ စိတ်ကောင်းမွေးမှုကို ကျွန်တော် တန်ဖိုးထား အသိအမှတ် ပြုမိသည်။

ရုပ်ဝတ္ထုပစ္စည်း အသစ်အဆန်းများ အလျှံပယ် ပေါကြွယ်နေသော မျက်မှောက်အချိန်အခါတွင် ယင်းပစ္စည်းတို့ကို သုံးဆောင်ခံစားနိုင်ရေးအတွက် "ခနဥစ္စာ" ရှာဖွေရေးကို ဦးစားပေးနေကြသည်။ အချိန်နှင့်အမျှ ငွေနောက်သို့ မောပန်းတကြီး လိုက်နေကြသည်။ ရိုးသားမှု၊ ဖြောင့်မတ်မှန်ကန်မှု၊ ကိုယ်ကျင့်သိက္ခာပိုင်း မြင့်မြတ်သော အရည်အချင်းများကို တန်ဖိုးထားမှု မှေးမှိန်လာသည်။ ပြင်ပ ဗဟိဒ္ဓ ရုပ်ဝတ္ထုပစ္စည်းများကို ရှေ့တန်းတင်လွန်းသောအခါ အနှစ်သာရဖြစ်သော ကိုယ်ကျင့်သိက္ခာဆိုင်ရာ လူ့တန်ဖိုးများကို မျက်ခြည်ပြတ်လျက် ရှိပါသည်။ အမှန်တော့ ခနဥစ္စာသာ ကြွယ်ဝပြီး ကိုယ်ကျင့်သိက္ခာ ကင်းမဲ့လျှင်မူ ထိုသူ၏ဘဝသည် မစင်ကြယ်၊ မသန့်ရှင်းပါ။ မမြင့်မြတ်ပါ။ တန်ဖိုးမကြီးမားလေပါ။ ကိုယ်ကျင့်သိက္ခာတွင် အစွန်းအထင်းရှိသူအဖို့ စစ်မှန်သော ငြိမ်းအေးချမ်းအေး ချမ်းသာမှုကို မခံစားရလေပါ။ ပြင်ပ ဗဟိဒ္ဓအနေဖြင့် အထင်ကြီးဖွယ် ဖြစ်သော်လည်း တကယ့် တန်ဖိုးအစစ် လူ့အနှစ်တွင်မူ "ဟာလာဟင်းလင်း" သာ ဖြစ်နေပေလိမ့်မည်။

အတိတ်က အကျိုးပေးအရ လည်းကောင်း၊ ပစ္စုပ္ပန်ဘဝပေး အခြေအနေအရလည်းကောင်း၊ ခနဥစ္စာ ပညာအသိုင်းအဝိုင်း ချို့တဲ့နေသည့်တိုင် လူတိုင်းလူတိုင်းတွင် "လူသားတန်ဖိုးများ" ကို ပိုင်ဆိုင်နိုင်ပါသည်။ လူသားတန်ဖိုးဟူသည်မှာ မကောင်းမှုပြုရမည်ကို ရှက်တတ်ကြောက်

တတ်ခြင်း၊ သူတစ်ပါးအပေါ် နားလည်စာနာခြင်း၊ ထောက်ထားညှာတာ ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ သိမ်မွေ့နူးညံ့ခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်း၊ သူတစ်ပါးအကျိုးကို သယ်ပိုးဆောင်ရွက်ခြင်းတို့အပေါ် ဖြစ်တည်ပေါက် ဖွားပါသည်။ ဤအတွင်း အနှစ်အစစ်အမှန် ကိုယ်ကျင့်သိက္ခာ အလှတရား သည် လူ့တန်ဖိုး၊ လူ့ဂုဏ်သိက္ခာအတွက် ပဓာနကျသောအရာ ဖြစ်ပါ၏။

လူတစ်ယောက်အနေဖြင့် ပညာမတတ်၊ မျိုးရိုးဂုဏ် မထည်ဝါ၊ ခန္ဓာ မချမ်းသာစေကာမူ မိမိ၏စိတ်ကို သန့်စင်ကြည်လင်အောင် ဆောင် ရွက်ပြီး ကိုယ်ကျင့်သိက္ခာ တည်ကြည်ဖြောင့်မတ်လျှင် တန်ဖိုးရှိသော ဘဝ ကောင်း ဘဝမွန်တစ်ခုကို ပုံဖော်ဖန်တီးသွားနိုင်ပါသည်။

❒

# ဒါယကာ ကျင့်ရာ ဝတ်ငါးပြာ

မေး - အထက်အရပ်ဟူသည်ကို သိလိုပါ၍ ဆက်လက် ဟောကြားတော်မူပါရန် တောင်းပန်ပါသည် ဘုရား။

ဖြေ - ချစ်သား သိင်္ဂါလ၊ ရသေ့ရဟန်းတို့မည်သည် လူတို့ထက် မြင့်မြတ်သော အကျင့်ရှိပေကုန်သောကြောင့် ဥပရိမဒိသာ-အထက်အရပ်တို့ မည်ကုန်၏။

ထိုအထက်အရပ်ဖြစ်သော ရဟန်းတို့အား လူတို့က ပြုရာသော ကျင့်ဝတ်သည်လည်း ငါးပါးရှိပေ၏။ ငါးပါးဟူသော်ကား-

(၁) မေတ္တာဖြင့် ကာယကံမြောက် ကိုယ်တိုင်သွား၍ ပင့်ခြင်း။ ကိုယ်တိုင် သောက်ရေ၊ သုံးရေ၊ မျက်နှာသစ်ရေများ တည်ထားခြင်း၊ ခြေ၊ ကျောကုန်း စသည်တို့ကို ကိုယ်တိုင် ကြေးတွန်းပေးခြင်း၊ အဝတ်သင်္ကန်းကို ကိုယ်တိုင် လျှော်ဖွပ်ပေးခြင်း။

(၂) မေတ္တာဖြင့် ဝစီကံမြောက် ရဟန်းတော်များအား "လှူကြပါ" ဟူ၍ နှိုးဆော်ခြင်း၊ ကောင်းချီးပေးခြင်း၊ ချိုသာသော စကားဖြင့် ရိုသေစွာ ဆက်ဆံခြင်း။

(၃) မေတ္တာဖြင့် မနောကံမြောက် ကျန်းမာပါစေ၊ ချမ်းသာပါစေဟု မေတ္တာပို့ခြင်း။

(၄) အလှူတံခါးကို အမြဲ ဖွင့်၍ ထားခြင်း။

(၅) ဆွမ်း၊ ခဲဖွယ်ဘောဇဉ်ကို လှူဒါန်းခြင်း။ ဤငါးပါးတည်း။

ဤငါးပါးနှင့် ပြည့်စုံခဲ့သော် အထက်အရပ်လုံသည် မည်ပေ၏။

(သိင်္ဂါလောဝါဒသုတ်)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ၊
(ဒဂုန် ဦးစန်းငွေ)၊ စာ-၁၂၇]

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် နေလအသွင် ထင်ရှားထွန်းကား ပြန့်ပွားလျက်ရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ထေရဝါဒ ပိဋကတ်တော်များသည် မူလအရှိ ပကတိအတိုင်း တည်တံ့လျက်ရှိပါ၏။ မြတ်စွာဘုရား၏ နှုတ်တော်မှ ထုတ်ဖော်မြွက်ကြားတော်မူသော တရားဓမ္မ ဒေသနာတော်များသည် အပိုအလိုမရှိ၊ ကျက်သရေရှိရှိ တင့်တင့်တယ်တယ် တည်ရှိလျက် ရှိပါ၏။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မနှင့် ဝိနယကို သိရှိလေ့လာခွင့် ရနေကြပါသည်။ ထေရဝါဒ ပိဋကတ်တော်များက ညွှန်ပြသော ပဋိပတ်ကျင့်စဉ်များအတိုင်း ကျင့်ကြံအားထုတ်ခွင့်လည်း ရှိနေကြပါသည်။

ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီးသည် ထာဝစဉ် ပန်းခင်းလမ်းပမာ ဖြောင့်ဖြူးသာယာခြင်း မရှိခဲ့ပါ။ ခေါက်ရာငုက် ပျံသကဲ့သို့ နိမ့်ချည် မြင့်ချည်ဖြင့် လောကစံခရီးကြမ်းကို နှင်ခဲ့ရပါသည်။ ဗုဒ္ဓသာသနာတော်မြတ်အပေါ် ရန်သူသဖွယ် သဘောထားသော ဘာသာခြား မင်းဆိုးမင်းညစ်တို့ စိုးစံ အုပ်ချုပ်သော ခေတ်ကာလများတွင် သံဃာတော် အရှင်မြတ်များသည် မြို့ရွာဇနပုဒ် ရွာသိမ်ရွာငယ် နယ်စွန်နယ်ဖျားတို့တွင် ပုန်းခိုခဲ့ကြရပါ၏။ ထိုသို့ ပုန်းအောင်းနေသောကာလ ဆွမ်းအခက်အခဲရှိ၍ သစ်ဥသစ်ဖုမျှသာ ဘုဉ်းပေးသုံးဆောင်နေရစဉ်တွင်ပင် ပိဋကတ်တော်များကို မပျောက်ပျက် စိမ့်သောငှာ နှုတ်တက်ရွရွ အာဂုံဆောင်တော်မူခဲ့ကြပါသည်။ မြတ်ဗုဒ္ဓ၏ ဓမ္မများ သန့်သန့်ရှင်းရှင်း တည်တံ့စေရန် စွန့်ခြင်းကြီးများစွာဖြင့် အားထုတ်ကြိုးပမ်းတော်မူခဲ့ကြပါ၏။ ဗုဒ္ဓသာသနာတော်မြတ်ကို ဆန့်ကျင်တိုက်ခိုက် သော မိစ္ဆာဒိဋ္ဌိများ၏ အန္တရာယ်ကိုလည်းကောင်း၊ သာသနာအတွင်းသို့ ပူးဝင်လာသူများ၏ ဘေးရန်ကိုသော်လည်းကောင်း ကြီးမြတ်သော အမြော်အမြင်၊ ကြီးမားသော ခွဲ လုံ့လတို့ဖြင့် ကြံ့ကြံ့ခိုင်ခိုင် တွန်းလှန်ဖယ်ရှားခဲ့ကြပါသည်။

အထူးသဖြင့် ထေရဝါဒီ ထေရ်အရှင်မြတ်ကြီးများသည် မြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် ဓမ္မဒေသနာတော်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း ပြုလိုသော အဓမ္မဝါဒီ အင်အားစုများ၏ ကြီးမားလှသော ဘေးရန်အန္တရာယ်များမှ ကာကွယ်နိုင်ရန်အတွက် ထေရဝါဒ ပိဋကတ်တော်များကို နှုတ်ငုံဆောင်ခြင်း၊ သင်္ဂါယနာတင်ခြင်း၊ ပေထက် အက္ခရာတင်ခြင်းတို့ကိုလည်း ဆောင်ရွက်တော်မူခဲ့ကြပါသည်။

စင်စစ် ထေရဝါဒ ပိဋကတ်တော်များသည် ဗုဒ္ဓသာသနာတော်၏ အရင်းမူလ ဖြစ်ပါ၏။ ရေသောက်မြစ်လည်း ဖြစ်ပါ၏။ ပရိယတ္တိစာပေများ သန့်သန့်ရှင်းရှင်း ဝင်းဝင်းလက်လက် ရှိနေသမျှ မြတ်စွာဘုရား အလိုတော်ကျ မှန်ကန်သော ပဋိပတ်ကျင့်စဉ်များလည်း ထွန်းကားနေမည် ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် နှစ်ပေါင်း ၂၅၀၀ ကျော်သည့်တိုင် ထေရဝါဒ ပိဋကတ်တော်များကို မူရင်းမပျက် ထိန်းသိမ်းစောင့်ရှောက်တော်မူသော ထေရ်အရှင်မြတ်ကြီးများ၏ ကျေးဇူးတရားများက ဗုဒ္ဓဘာသာဝင်များ အပေါ် ကြီးမားလှပါ၏။

မျက်မှောက်အချိန်အခါတွင်လည်း ပရိယတ္တိဝန်ဆောင် သံဃာတော် အရှင်မြတ်များသည် ပရိယတ္တိစာပေများကို သင်ကြားပို့ချခြင်းအားဖြင့် မျိုးဆက်သစ် သံဃာတော်များထံ မြတ်ဗုဒ္ဓ၏ ဓမ္မများကို လက်ဆင့်ကမ်းလျက် ရှိပါသည်။ စာပေကျမ်းဂန်များ ပြုစုခြင်းအားဖြင့်လည်းကောင်း၊ တရားဓမ္မများ ဟောကြားခြင်းအားဖြင့်လည်းကောင်း ဒါယကာ၊ ဒါယိကာမများအား မြတ်ဗုဒ္ဓ၏ အဆုံးအမတော်များကို သိရှိစေပါသည်။ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာနာစရိယ ဆရာတော်များကလည်း ဒါယကာ၊ ဒါယိကာမတို့အား ပဋိပတ္တိကျင့်စဉ်များကို နည်းပေးညွှန်ပြခြင်းအားဖြင့် ဝိပဿနာ ဘာဝနာများကို လက်တွေ့ကျင့်ကြံ အားထုတ်စေတော်မူပါသည်။

ဂန္ထဓုရကို ဆောင်တော်မူသော သံဃာတော် အရှင်မြတ်များသည်လည်းကောင်း၊ ဝိပဿနာဓုရကို ဆောင်တော်မူသော အရှင်မြတ်များသည်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်များ၏ ကျေးဇူးရှင်များ ဖြစ်တော်မူပါ၏။ ဤသို့ ကျေးဇူးရှင်ဖြစ်သော သံဃာတော် အရှင်သူမြတ်များ၏ ကျေးဇူးတရားတို့ကို တုံ့ပြန်ပေးဆပ်ဖို့ ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမများ

တွင် ဝတ္တရား ရှိပါသည်။ အထက်ပါ သိင်္ဂါလောဝါဒသုတ်တွင် မြတ်စွာဘုရားက ဒါယကာ၊ ဒါယိကာမတို့ ပြုကျင့်ရမည့် ဝတ်ငါးဖြာကို ဟောဖော်ညွှန်ပြတော်မူခဲ့ပါ၏။

ရဟန်းသံဃာတော်တို့အပေါ် ဒါယကာ၊ ဒါယိကာမများ ပြုကျင့်ရမည့် ပထမဦးဆုံးကျင့်ဝတ်မှာ 'မေတ္တာနှင့်ယှဉ်သော ကိုယ်အမှုဖြင့် ပြုစုခြင်း' ဖြစ်ပါသည်။ ရဟန်းသံဃာတော်တို့သည် ဗုဒ္ဓသာသနာတော်မြတ် အဓွန့်ရှည်ကြာ တည်တံ့စိမ့်သောငှာ ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရနှစ်ဖြာကို ထမ်းဆောင်တော်မူသော အကိုးကွယ်ခံပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ဤသို့ အပူဇော်ခံဂုဏ်ရည်နှင့် ပြည့်စုံတော်မူသော သံဃာတော် အရှင်မြတ်တို့၏ ဝေယျာဝစ္စ၊ အမှုကိစ္စများကို စွမ်းနိုင်သမျှ ထမ်းဆောင်ပေးခြင်းသည် ဒါယကာ၊ ဒါယိကာမတို့၏ တာဝန် ဖြစ်ပါ၏။ ဤသို့ သံဃာတော် အရှင်မြတ်များ၏ ဝေယျာဝစ္စကို ရွှင်ရွှင်ပြုံးပြုံး ကြည်ကြည်သာသာ မေတ္တာစေတ် အရင်းခံ၍ ဆောင်ရွက်ခြင်းသည် မြင့်မြတ်သော ကုသိုလ်မှု ဖြစ်ပါ၏။ သို့ဖြစ်၍ ကျေးရှူးရှင် သီတဂူ အရှင်ဉာဏိဿရ ဆရာတော်ကြီးက–

"ဆရာတော် သံဃာတော်များမှာ ခိုင်းစေမယ့်သူ မရှိဘူး။ ငါသွားပြီး ဝေယျာဝစ္စဆောင်ရွက်မှ ကိစ္စအောင်မြင်မယ်ဆိုရင် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ မေတ္တာရှေးရှုရင် မေတ္တာကာယကံ ပါတယ်။ ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်တိုင်း မေတ္တာထားရင် မေတ္တာကာယကံဟု ခေါ်တယ်။ ဒါကြောင့် ဆရာတော် သံဃာတော်များအား မေတ္တာကာယကံဖြင့် ဝတ်ကြီးဝတ်ငယ် ပြုစုပါ" ဟု ဆုံးမတော်မူခဲ့ပါ၏။

ဒုတိယမြောက်ကျင့်ဝတ်မှာ ရဟန်းသံဃာတော်တို့အပေါ် မေတ္တာယှဉ်သော နှုတ်အမှုအရာဖြင့် ပြောဆိုလျှောက်ထားခြင်းပင် ဖြစ်ပါသည်။ ရဟန်းသံဃာတော်များနှင့် စကားပြောဆိုရာတွင် ဒါယကာ၊ ဒါယိကာမများအနေဖြင့် မေတ္တာစိတ်အရင်းခံ၍ ကြည်ညိုရိုသေစွာ ပြောဆိုလျှောက်ထားရပါသည်။ လျှောက်ထားသော ကိုယ်ဟန်အမူအရာ၊ လျှောက်ထားသော အသုံးအနှုန်း၊ လျှောက်ထားသော လေသံများ၌ ဂါရဝတရား အပြည့်အဝ ပြဋ္ဌာန်းအပ်ပါသည်။ လျှောက်ထားသော ဟန်ပန်နှင့် လေသံသည် မေတ္တာစေတ် စိမ့်စိုပြီး နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ဖြစ်နေရမည်။

သံဃာတော် အရှင်မြတ်များအား ဝတ်ပြုရာ၌ ထိခြင်းငါးပါးဖြင့် ရိုရိုသေသေ လေးလေးမြတ်မြတ် ရှိခိုးဝတ်ပြုရမည်။ စကားပြောဆို လျှောက်ထားရာတွင်လည်း ပေါ့ပေါ့တန်တန် လျှောက်ထားခြင်း မဖြစ်စေသင့်ပါ။ သံဃာတော် အရှင်မြတ်တို့အား မေတ္တာစာတ်ဖြင့် နွေးထွေးသော စကားသံ၊ အသုံးအနှုန်းဖြင့် လျှောက်ထားလျှင် သံဃာတော် အရှင်မြတ်တို့၏ စိတ်အစဉ် ကြည်လင်ချမ်းမြေ့သွားပေလိမ့်မည်။

တတိယမြောက်ကျင့်ဝတ်မှာ သံဃာတော် အရှင်မြတ်တို့အပေါ် မေတ္တာစိတ်ကို ထာဝစဉ် ပွားများခြင်းပင် ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သော ကျင့်ဝတ်နှစ်ခုမှာ သံဃာတော် အရှင်မြတ်များ၏ ရှေ့မှောက်တွင် ကျင့်ဆောင်ရမည့် ဝတ္တရားများ ဖြစ်ပါသည်။ ဒါယကာ၊ ဒါယိကာမများသည် နေ့စဉ်နှင့်အမျှ စားဝတ်နေရေးကိစ္စများ၊ လူမှုရေးကိစ္စများဖြင့် ထွေးလုံးရစ်ပတ်နေသောကြောင့် ဘုန်းတော်ကြီးကျောင်းများသို့ အမြဲတစေ သွားရောက်နိုင်ကြသည် မဟုတ်ပါ။ ရံဖန်ရံခါမှသာ သွားရောက်နိုင်ပါလိမ့်မည်။ ထိုသို့ သွားရောက်နိုင်ခြင်း မရှိသေးသော အချိန်ကာလများတွင် မိမိကိုးကွယ်ရာ သံဃာတော် အရှင်သူမြတ်များအား မေတ္တာပွား ပို့သင့်ပါသည်။ မေတ္တာစာတ်ဟူသည် ပွားပို့သူနှင့် အပွားပို့ခံသူနှစ်ဦးထံ အတုံ့အပြန် ကူးစက်တတ်ပါ၏။ မေတ္တာပွား ပို့နေသူ ဒါယကာ၏ အတွင်းသန္တာန်၌ ကြည်လင်ငြိမ်းချမ်းနေသလို မေတ္တာစာတ်ကို လက်ခံရသူ အရှင်မြတ်တို့၏ အတွင်းသန္တာန်၌လည်း အအေးစာတ်၊ အကြည်စာတ်များ ထွန်းပနေပေလိမ့်မည်။

စတုတ္ထမြောက် ဝတ္တရားမှာ 'သံဃာတော် အရှင်မြတ်များအတွက် အမြဲတံခါးဖွင့်ထားခြင်း' ပင် ဖြစ်သည်။ ဒါယကာ၊ ဒါယိကာမများအနေဖြင့် မိမိတို့ ကိုးကွယ်ဆည်းကပ်သော သံဃာတော်များအတွက် ထာဝစဉ် တံခါးဖွင့်ထားရပါသည်။ တံခါးဖွင့်ထားခြင်းဆိုရာတွင် စိတ်တံခါးဖွင့်ခြင်းနှင့် ယာယီတံခါးဖွင့်ခြင်းဟူ၍ နှစ်မျိုးရှိပါသည်။ မိမိကိုးကွယ်ရာ သံဃာရတနာများအပေါ် ကြည်ညိုသဒ္ဓါစိတ် ရှေ့ထားလျက် လှူဒါန်းလိုသော စေတနာပွားများနေခြင်းသည် စိတ်တံခါး ဖွင့်ထားခြင်းပင် ဖြစ်ပါ၏။ ပကတိတံခါးဖွင့်ထားခြင်းမှာ မိမိ၏ နေအိမ်သို့ သံဃာတော်များ ကြွရောက်

သောအခါ အိမ်တံခါး အမြဲဖွင့်ထားခြင်းပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ရဟန်းသံဃာတော်များ မိမိအိမ်သို့ ကြွရောက်လာသည့်အခါ လှိုက်လှိုက်လှဲလှဲ ရှိခိုးဦးတင်လျက် ကြိုဆိုခြင်း၊ မြင့်သောနေရာ၌ နေရာပေးခြင်း၊ ရိုသေစွာ ဆည်းကပ်ခြင်း၊ လှူဖွယ်ပစ္စည်းတို့ဖြင့် လှူဒါန်းခြင်းပင် ဖြစ်ပါသည်။ သီတဂူ အရှင်ဉာဏိဿရ ဆရာတော်ကြီးက–

"အိမ်တံခါးများ အမြဲတမ်း ဖွင့်ထားဆိုတဲ့ နောက်ထပ် အဓိပ္ပာယ်တစ်ခုက ဘာပြောသလဲဆိုတော့ တပည့်တော်များရဲ့အိမ်ကို အစဉ်သဖြင့် ဝင်ပါ ထွက်ပါ၊ ကြွတော်မူပါဘုရားလို့ ဖိတ်ကြားထားတာကို တံခါးဖွင့်တယ်ဟု ခေါ်တယ်။ ကြွလို့ ရောက်လာပြန်ရင် အလိုရှိရာပစ္စည်း အလှူခံတော်မူပါဘုရား ဆိုတာလဲ ပါရမယ်။ အဲဒါ တံခါးဖွင့်ထားတယ်ဆိုတာ ပကတိ တံခါးကြီး ပိတ်ပိတ်၊ မပိတ်ပိတ်၊ ဖွင့်ဖွင့်၊ မဖွင့်ဖွင့် ဤစကားနှစ်ခွန်း မြွက်ဆိုထားရင် အိမ်တံခါး ဖွင့်ထားတာပဲ။ ဝင်းတံခါးတွေ၊ အိမ်တံခါးတွေ ဖွင့်ချင်တိုင်းဖွင့်၊ ဒီစကားနှစ်ခွန်းကို မဆိုထားရင် အိမ်တံခါး ပိတ်ထားတာနဲ့ တူတယ်" ဟူ၍ အမိန့်ရှိတော်မူပါသည်။

ပဉ္စမမြောက် ဝတ္တရားမှာ ရဟန်းသံဃာတော်တို့အား ပစ္စည်းလေးပါး လှူဒါန်းခြင်းပင် ဖြစ်ပါ၏။ သံဃာတော် အရှင်မြတ်များသည် ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ တည်တံ့ပြန့်ပွားရေးအတွက် ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော သာသနာ့တာဝန်ကြီးနှစ်ဖြာကို ထမ်းဆောင်တော်မူကြပါသည်။ ထိုသို့ ထမ်းဆောင်နိုင်ရန်အတွက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဝါးဟူသော ပစ္စည်းလေးပါးတို့ လှူဒါန်းရပေလိမ့်မည်။ ဒါယကာ၊ ဒါယိကာမတို့က ပစ္စည်းလေးပါးတို့ လှူဒါန်းမှု မပြုသော် သံဃာတော် အရှင်သူမြတ်များအနေဖြင့် သာသနာ့တာဝန်ကြီးနှစ်ရပ်ကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ကြမည် မဟုတ်ပါ။ သာသနာ့အမွေထိန်း ဖြစ်တော်မူသော သံဃာတော် အရှင်မြတ်တို့အား လှူဒါန်းခြင်းသည် သာသနာပြုခြင်းပင်ဖြစ်ရာ ထိုသာသနာပြုတာဝန်ကို ဗုဒ္ဓဘာသာဝင်တိုင်း စွမ်းနိုင်သမျှ ထမ်းဆောင်ကြဖို့ လိုပါသည်။

□

## စီးပွားဆုတ်ယုတ် ပျက်စီးကြောင်းတရား ခြောက်ပါး

ပြဟ္မဏ။ အရှင်ဘုရား၊ အရှင်တို့သည် အကျိုးစီးပွား ဖြစ်ထွန်းကြောင်း တရားကိုသာ သိကြကုန်သူများဟု ကျွန်ုပ် ထင်၏။ စီးပွားဆုတ်ယုတ် ပျက်စီး ကြောင်း အကျိုးမဲ့တရားကိုမူ သိမည်မဟုတ်ဟု ကျွန်ုပ် ထင်၏။ အသို့ပါနည်း။

ဗုဒ္ဓ။ အချင်း ပြဟ္မဏ၊ အဘယ်ရည်စူးချက်ဖြင့် သင် မေးဘိသနည်း။ ငါကား အကျိုးရှိကြောင်း တရားကိုလည်း သိ၏။ အကျိုးမဲ့ပျက်စီးကြောင်း အနတ္ထကိုလည်း သိပေ၏။

ပြဟ္မဏ။ အို... ဗုဒ္ဓ။ သို့ဖြစ်ဘိသော် အကျွန်ုပ်အား အကျိုးဆုတ်ယုတ် ပျက်စီးကြောင်းတရားကို ဟောကြားတော်မူပါလော့။

ဗုဒ္ဓ။ အချင်း ပြဟ္မဏ၊ ဤကား ကြိုကြိုးစည်ရာ မေးတတ်သော သင့် အတွက် အဖြေတည်း။ ပျက်စီးဆုတ်ယုတ်ကြောင်း အကျိုးမဲ့တရားကား (၁) အိပ်သောအခါ နေမြင့်မှ အိပ်ရာက ထခြင်း၊ (၂) ပျင်းရိခြင်း၊ (၃) ကြမ်းကြုတ် ခြင်း၊ (၄) သောက်စားမူးယစ်ခြင်း၊ (၅) တစ်ယောက်တည်း ခရီးသွားခြင်း၊ (၆) သူ့မယားအိမ်သို့ သွားလာ ဝင်ထွက်ခြင်း။ အချင်း ပြဟ္မဏ၊ ဤသည်တို့ ကို သင် မှီဝဲလော့။ သင့်အား မချပျက်စီးခြင်းဖြင့် အကျိုးမဲ့သည် ဖြစ်လတ္တံ့။

အဘယ့်ကြောင့်မသိ၊ ပြဟ္မဏသည် ထိုအဖြေကို အလွန် နှစ်ခြိုက် သွားလေသည်။ သာဓုခေါ်၍ မဆုံးနိုင်အောင် ဖြစ်သွား၏။

(ဓမ္မပဒ အဋ္ဌကထာ၊ ဒု-သဟဿဝဂ္ဂ၊ ပြဟ္မဏဝတ္ထု)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ၊

(ဒဂုန် ဦးစန်းငွေ)၊ စာ-၃၂၇]

လောကဋ္ဌ မည်သို့သောအရာမှ အကြောင်းမဲ့ ဖြစ်ပေါ်နေခြင်း မဟုတ်ပါ။ အကြောင်းတရားများစွာအပေါ် အခြေပြုလျက် အကျိုးတရားများ ဖြစ်ထွန်း ပေါ်ပေါက်နေခြင်း ဖြစ်ပါ၏။ အကြောင်းကြောင့် အကျိုးဖြစ်ထွန်းခြင်း ဖြစ်ပါသည်။ အသီးစားချင်သော် အသီး သီးမည့်အပင်ကို စိုက်ရမည်။ အရွက်စားချင်သော် အရွက်ထွက်မည့် အပင်ကို စိုက်ရမည်။ အပွင့်လိုချင်သော် အပွင့် ပွင့်မည့် အပင်ကို စိုက်ရမည်။ အသီး၊ အရွက်၊ အပွင့်ကို လိုချင်ပါလျက် မည်သည့်အပင်မှ မစိုက်သော် ဘာမျှရလိမ့်မည် မဟုတ်။ အကြောင်းကင်းသော် အကျိုးလည်း ကင်းမည်။ မည်သည့်အကျိုးတရားမှ အကြောင်းတရားကင်းလျက် ဖြစ်တည်မလာနိုင်ပေ။

ထိုအကျိုးတရားတို့ကို ဖြစ်ပေါ်လာစေသော အကြောင်းတရားတို့ကို အသိဉာဏ်ဖြင့်လည်းကောင်း၊ ဆင်ခြင်တုံတရားဖြင့်လည်းကောင်း၊ ဝေဖန်ဆန်းစစ်နိုင်စွမ်း မရှိသူတို့က အတိတ်ကံတစ်ခုတည်းအပေါ်တွင်သာ ယိုးမယ်ဖွဲ့တတ်ကြပါသည်။ ဖြစ်ဖြစ်လေသမျှ အတိတ်ကံကြောင့်ချည်းဟု ယိုးစွပ်ခြင်းသည် မှားယွင်းသော အယူဖြစ်ကြောင်း သူတို့ မသိရှာကြပါ။ "ဖြစ်ချိန်တန်လျှင် ဖြစ်"၊ "ပျက်ချိန်တန်လျှင် ပျက်" တာပါပဲဟုလည်း ဆင်ခြေပေးတတ်ကြသည်။ ထိုသူများကို "ဖြစ်ချိန်တန်လျှင်ဆိုတာ ဘာကို ဆိုလိုတာလဲ"၊ "ပျက်ချိန်တန်လျှင်ဆိုတာ ဘာကို ဆိုလိုတာလဲ" ဟု မေးသောအခါတွင်မူ ဂဃနဏ ရေရေရာရာ မရှင်းပြနိုင်ပေ။ အကျိုးသင့် အကြောင်းသင့် ယုတ္တိရှိရှိ သဘာဝကျကျ မဖြေနိုင်ပေ။

အမှန်စင်စစ် ဖြစ်စေမည့် အကြောင်းတရားများစွာ ဖွဲ့စည်းခဲ့သောကြောင့် ဖြစ်ချိန်တန် ဖြစ်လာရခြင်းဖြစ်ပါ၏။ ထို့အတူ ပျက်စီးဆုတ်ယုတ်စေမည့် အကြောင်းတရားများစွာ ဖွဲ့စည်းခဲ့သောကြောင့် ပျက်ချိန်တန်လာရခြင်း ဖြစ်ပါ၏။ အကြောင်းတရားမဲ့ ဖြစ်ချိန်တန်ခဲ့ခြင်း မဟုတ်သကဲ့သို့ အကြောင်းတရားမဲ့ ပျက်ချိန်တန်ခဲ့ခြင်း မဟုတ်ပါလေ။

မြတ်ဗုဒ္ဓသည် လောကီဘောင်အတွင်းမှ လူဝတ်ကြောင်များ အနေဖြင့် စီးပွားဥစ္စာ လိုအပ်ပုံကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ အသိအမှတ် ပြုတော်မူပါသည်။ လူသားတို့၏ အခြေခံလိုအပ်ချက် ဖြစ်သော စားဝတ်နေရေးဟူသော အရေးသုံးပါးစလုံးသည် စီးပွားရေးပင်စည်ကြီး

အပေါ် တည်မှီလျက်ရှိပါသည်။ စီးပွားရေးပင်စည်ကြီး ဖွံ့ဖြိုး စည်ပင်မှသာ ဘဝရပ်တည်ရေး အဆင်ပြေချောမွေ့မည်။ စီးပွားရေး ပင်စည်ကြီး ညှိုးရော် သွေ့ခြောက်သော် ဘဝရပ်တည်ရေးတွင် အခက်အခဲ အကျပ်အတည်း ဖြစ်မည်။ သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် လူတို့၏ သမ္မာအာဇီဝ ဘောင်အတွင်းမှ စီးပွားရှာဖွေမှုကို အသိအမှတ်ပြုတော်မူခြင်း ဖြစ်ပါသည်။

စီးပွားဥစ္စာ တိုးတက်ချမ်းသာခြင်းတွင် အကြောင်းတရားများစွာရှိပါ၏။ ထိုအကြောင်းတရားများတွင် အတိတ်ကံကောင်း အကျိုးပေးမှုလည်း ပါမည်။ ပစ္စုပ္ပန်ဘဝတွင် ဉာဏ်ဝီရိယတို့ကို အစွမ်းကုန် စိုက်ထုတ်ကြိုးစားမှုလည်း ပါမည်။ မိတ်ကောင်းဆွေကောင်း၊ အဆက်အသွယ်ကောင်းရှိခြင်းလည်း ပါမည်။ သင့်တင့်လျောက်ပတ်သော နေရာဒေသတွင် နေထိုင်ကြီးပြင်းရခြင်းလည်း ပါမည်။ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းလည်းပါမည်။ အကြောင်းတရားမဲ့ ကြွယ်ဝချမ်းသာခြင်း မရှိနိုင်ပါ။ ထို့အတူ စီးပွားဥစ္စာ ပျက်စီးဆုတ်ယုတ်ခြင်းတွင်လည်း အရင်းခံအကြောင်းတရားများ ရှိပါသည်။ အထက်ပါ ဓမ္မပဒ အဋ္ဌကထာ၊ ဒု-သဟဿဝဂ္ဂ၊ ဗြဟ္မဏ ဝတ္ထုတွင် မြတ်စွာဘုရားကို ဗြဟ္မဏတစ်ဦးက မေးလျှောက်လာသောကြောင့် စီးပွားဥစ္စာ ပျက်စီးဆုတ်ယုတ်ကြောင်း အကြောင်းတရား ခြောက်ပါးကို ဟောတော်မူခဲ့ခြင်း ဖြစ်ပါ၏။

စီးပွားပျက်စီးကြောင်း အကြောင်းတရားများအနက် ပထမ အကြောင်းတရားမှာ 'နေမြင့်မှ အိပ်ရာက ထခြင်း' ဖြစ်ပါသည်။ အချို့သူသည် အအိပ်ကြီးသည်။ အအိပ်စုံမက်သည်။ စောစောအိပ်ရာမှ ဝင်သည့်တိုင် စောစော မထချင်။ နိုးနေသည့်တိုင် အိပ်ရာထဲမှာပင် နှပ်နေတတ်သည်။ အမှန်တော့ နံနက်စောစော အိပ်ရာထပြီး ကိုယ်လက် သန့်စင်မည်။ ဘုရားကို ဆီမီး၊ ရေချမ်း ကပ်လှူပြီး ဘုရားရှိခိုး ဝတ်ပြုမည်။ မေတ္တာပို့မည်။ ဤသို့ အိပ်ရာမှ စောစောထလျက် အိပ်ရာမှထလျှင်ထချင်း အချိန်ကို ကျက်သရေမင်္ဂလာရှိရှိ အကျိုးရှိရှိ အသုံးချသင့်သည်။ ပြီးလျှင် တစ်နေ့တာ ဆောင်ရွက်ရမည့် လုပ်ငန်းအတွက် ကြိုတင်စီစဉ်စရာ ရှိသည်ကို ဖြည်းဖြည်းဆေးဆေး တွေးတွေးဆဆ စီစဉ်နိုင်သည်။ နေမြင့်မှ အိပ်ရာထခြင်းသည် ကျန်းမာရေးနှင့် မညီညွတ်ပါ။ ကျက်သရေလည်း မရှိပါ။ အိပ်ရာမှ

ထချိန် နောက်ကျသောကြောင့် အချိန်လုပြီး ကတိုက်ကရိုက် အလုပ်ခွင်ဝင် ရတတ်ပါသည်။ မိမိနှင့် လုပ်ငန်းတူ၊ ရာထူးတူ ပြိုင်ဘက်က စောစော အိပ်ရာမှထပြီး လုပ်ငန်းအတွက် ကြိုတင်စဉ်းစားနေချိန်တွင် မိမိက အိပ်ရာ ထဲမှာပင် 'ဖိမ်ကျ' နေဦးမည်ဆိုလျှင် အချိန်တန်သောအခါ မိမိသာလျှင် ရှုံးနိမ့်သွားပေလိမ့်မည်။

ဒုတိယမြောက် စီးပွားဆုတ်ယုတ် ပျက်စီးကြောင်းမှာ 'ပျင်းရိခြင်း' ပင် ဖြစ်ပါသည်။ ဘုရားရှင်က ကြီးပွားချမ်းသာလိုသူတိုင်း လိုက်နာဆောင် ရွက်ရမည့် သမ္ပဒါတရားလေးပါးကို ဟောတော်မူခဲ့ပါ၏။ ထိုတရားလေး ပါးအနက် ပထမဦးဆုံး သမ္ပဒါတရားမှာ 'ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံ ခြင်း (ဥဋ္ဌာနသမ္ပဒါ)' ဖြစ်ပါသည်။ အမှန်တော့ သမ္ပဒါတရား လေးပါး တွင် ဤသမ္ပဒါတရားသည် အကြီးအမှူး ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ထကြွလုံ့လ ဝီရိယ ကင်းမဲ့လျှင် ကျန်သမ္ပဒါတရား သုံးပါးကို ဖြည့်ဆည်းနိုင်စွမ်း မရှိသောကြောင့် ဖြစ်ပါ၏။

စင်စစ် အချိန်ဟူသည် သူ့ချည်းဆိုရင် အဖြူထည်မျှသာ ဖြစ်ပါ သည်။ အချိန်နှင့် လုံ့လဝီရိယပေါင်းမှသာ ကိန်းဂဏန်းတွေ ဖြစ်လာမည်။ အချိန်နှင့် ပျင်းရိခြင်း ပေါင်းလျှင် ရလဒ်မှာ သုညသာ ဖြစ်ပါ၏။ လုံ့လ ဝီရိယ ရှိသူအဖို့ အချိန်ဟူသည် ပညာလည်း မည်၏။ ဥစ္စာလည်း မည်၏။ ကုသိုလ်လည်း မည်၏။ ပျင်းရိနေသူအဖို့ ပညာလည်း မရနိုင်။ ဥစ္စာလည်း မရနိုင်။ ကုသိုလ်လည်း မရနိုင်ပေ။ ထို့ကြောင့် စပိန်စကားပုံတစ်ခုတွင် "အပျင်းစိတ်သည် ဒုက္ခဟူသမျှကို လက်ယပ် ဖိတ်ခေါ်ကြိုဆိုသော အရာ သာ ဖြစ်၏" ဟု ဖော်ပြထားခြင်း ဖြစ်၏။ လောကတွင် အပေးရှိမှ 'အရ' ရှိမည်ဖြစ်ရာ လုံ့လဝီရိယ ကင်းမဲ့နေလျှင်၊ ပျင်းရိနေလျှင် လူ့လောကမှ ထွက်ခွာရမည့် အချိန်ထိ ထိုသူတွင် ဥစ္စာ၊ ပညာ၊ အကျော်အစော စသည် ဖြင့် ဘာတစ်ခုမျှ မည်မည်ရရ ရှိမည် မဟုတ်ပါချေ။

တတိယမြောက် စီးပွားဆုတ်ယုတ်ကြောင်းမှာ "ကြမ်းကြုတ်ခြင်း" ဖြစ်ပါသည်။ လူလူချင်း ဆက်ဆံရေးတွင် ယဉ်ကျေးသိမ်မွေ့ခြင်း၊ နူးညံ့ မွန်ရည်ခြင်းသည် အဓိကကျသော အမူအရာ ဖြစ်သည်။ နူးညံ့သိမ်မွေ့ပြီး အပြောအဆို ချိုသာယဉ်ကျေးသူကို လူတိုင်းကပင် ခင်ခင်မင်မင် ဆက်ဆံ

ပေါင်းသင်းချင်ကြသည်။ အမူအရာက ကြမ်းတမ်း၊ အပြောအဆို ခက်ထန်သူကို မည်သူမျှ ဆက်ဆံပေါင်းသင်းချင်ကြမည် မဟုတ်။ လူမှုဆက်ဆံရေးတွင် အဆင်မပြေသူအဖို့ စီးပွားရေးလုပ်ငန်းတွင် အဆုံးအရှုံးနှင့်သာ ရင်ဆိုင်ရပေလိမ့်မည်။ သိမ်မွေ့နူးညံ့ခြင်း၊ ယဉ်ကျေးဖွယ်ရာခြင်းသည် အပြုသဘောဆောင်သော အပေါင်းလက္ခဏာဖြစ်ပြီး ခက်ထန်ကြမ်းတမ်းခြင်းသည် အပျက်သဘောဆောင်သော အနုတ်လက္ခဏာ ဖြစ်ပါသည်။

စတုတ္ထမြောက် စီးပွားပျက်ကြောင်းမှာ "သောက်စားမူးယစ်ခြင်း" ဖြစ်ပါ၏။ သေရည်အရက်ဟူသည် မူးယစ်ရီဝေစေသော အရာဖြစ်ပါသည်။ မူးယစ်ရီဝေခြင်းနှင့် နစ်မွန်းပျော်ဝင်နေသည့်အခိုက် စိတ်သည် မေ့လျော့လျက်ရှိသဖြင့် စီးပွားရေးကို တိုးတက်အောင် ကြံစည်ဖန်တီးခြင်း မရှိပေ။ အထူးသဖြင့် အရက်တွင် နစ်လျက် အရက်၏ကျေးကျွန် ဖြစ်နေသူအဖို့ အချိန်နှင့်အမျှ အရက်သောက်ဖို့ကိုသာ ကြံစည်စိတ်စောနေရာ ထိုအရာနှင့်ပင် အချိန်ကုန်လျက်ရှိပါ၏။ အလုပ်ကို မကြိုးစားတော့သောကြောင့် ဝင်ငွေတွင် အနုတ်လက္ခဏာ ပြလာချေတော့သည်။ တစ်ဖက်တွင်လည်း နေ့စဉ်နှင့်အမျှ ကုန်သော အရက်ဖိုးငွေကြောင့် အထွက်ငွေ များလာချေတော့သည်။ အဝင်ငွေပမာဏ လျော့ကျပြီး ထွက်ငွေပမာဏ များပြားလာသောကြောင့် ထိုသူ၏ စီးပွားရေးသည် တဖြည်းဖြည်း တစ်စတစ်စ လျော့ပါးကျဆင်းလာမည်သာ ဖြစ်ပါ၏။

ပဉ္စမမြောက် စီးပွားပျက်ကြောင်းမှာ "တစ်ယောက်တည်း ခရီးသွားခြင်း" ပင် ဖြစ်ပါသည်။ ငွေကြေးဥစ္စာများ သယ်ဆောင်ပြီး တစ်ဦးတည်း ခရီးသွားလာသောအခါ မေ့လျော့သည်နှင့် သင်္ဘောပေါ်မှာ၊ ကားပေါ်မှာ ငွေကြေးဥစ္စာများ အခိုးခံရတတ်သည်။ တချို့ လုံခြုံရေး လက်လှမ်းမမီသော ခရီးလမ်းပန်းတို့တွင်မူ တစ်ဦးတည်း ခရီးသွားခြင်းသည် ပစ္စည်းဥစ္စာလည်း မလုံခြုံ၊ အသက်နှင့် ခန္ဓာလည်း မလုံခြုံ၊ အဖော်ပါသောအခါတွင်မူ မိမိနှင့်အတူပါလာသော ပစ္စည်းဥစ္စာတို့ကို စောင့်ရှောက်ထိန်းသိမ်းဖော် ရပေမည်။

ဆဋ္ဌမမြောက် စီးပွားပျက်ကြောင်းမှာ "သူ့မယားအိမ်သို့ သွားလာဝင်ထွက်ခြင်း" ပင် ဖြစ်ပါသည်။ သူတစ်ပါးတို့၏ ဇနီးမယားထံ ပုဂ္ဂိုလ်ရေး

အရ ခင်မင်ရင်းနှီးသောကြောင့် သွားလာဝင်ထွက် ဆက်ဆံကြပါသည်။ သို့တစေ ထိုသို့ ဝင်ထွက်သွားလာခြင်းတွင် 'စည်း' တစ်ခု ရှိသင့်သည်။ လင်ယောကျ်ားမရှိသည့် အချိန်၊ ညအချိန်ကာလများတွင် ကြိမ်ဖန်များစွာ ဝင်ထွက်သွားလာသော် ပတ်ဝန်းကျင်မှ လင်ရှိမယားနှင့် ဖောက်ပြန်နေသည်ဟု ထင်မြင်လာပေလိမ့်မည်။ လင်ယောကျ်ားဖြစ်သူ ကိုယ်တိုင်ကပါ သံသယဝင်လာလျှင်မူ ပြဿနာကြီးမားသွားပေလိမ့်မည်။ ထိုသူ၏ ဂုဏ်သတင်းလည်း ကျဆင်းသွားပေလိမ့်မည်။ အမည်ဂုဏ်သတင်း ကျဆင်းခြင်းက စီးပွားရေးအပေါ် အနည်းနှင့်အများ ထိခိုက်မှု ရှိပေလိမ့်မည်။ ဘဝရပ်တည်ရေး အဆင်ပြေလိုသူတိုင်း စီးပွားဥစ္စာ ဆုတ်ယုတ်ကြောင်း အကြောင်းတရား ခြောက်ပါးကို ရှောင်ကြရမည် ဖြစ်ပါသည်။

❒

# အလုပ်ရှင် ကျင့်ရာ ဝတ်ငါးပြား

မေး ။ ။ အောက်အရပ်ဟူသည်ကို သိလိုပါသေး၏။ ဆက်လက်၍ ဟောတော်မူပါဦး ဘုရား။

ဖြေ ။ ။ ချစ်သား သိင်္ဂါလ၊ အလုပ်သမားတို့သည် မိမိအောက်နိမ့်သူများဖြစ်သော ဟေဋ္ဌိမဒိသာ=အောက်အရပ် မည်ပေကုန်၏။ ယင်းသူတို့အား အကြီးအကဲဖြစ်သူက ပြုရာသော ကျင့်ဝတ်သည်လည်း ငါးပါးပင် ရှိပေ၏။ ငါးပါးဟူသည်ကား (၁) အားအင်နှင့် မျှတရုံ အလုပ်ကို ခိုင်းခြင်း၊ (၂) နာမကျန်းရှိသောအခါ အလုပ်မခိုင်းဘဲ အနာပျောက်ရေး ဆေးဝါးများ ကုသပေးခြင်း၊ (၃) လုပ်၍ ရသမျှကို မိမိချည်း မယူလေဘဲ လုပ်သူနှင့် မျှမျှတတ ခွဲဝေယူခြင်း၊ (၄) ထိုက်သင့်သော ရိက္ခာလုပ်ခများကို ပေးခြင်း၊ (၅) အလုပ်ကို အားလပ်ခွင့်၊ ရပ်နားအပန်းဖြေခွင့်ပေး၍ နားနားနေနေ လုပ်ကိုင်စေခြင်း။ ဤငါးပါးပေတည်း။ ဤကျင့်ဝတ်နှင့် ပြည့်စုံလျှင် အောက်အရပ်ကို ဖုံးလွှမ်းသည် မည်၏။ အောက်အရပ်မှ ဘေးခပ်သိမ်းငြိမ်း၍ အမြဲတစေ ရှိခိုးနေသည် မည်ပေ၏။ ချစ်သား သိင်္ဂါလ၊ သင့်ဖခင်သည် ဤသည်ကို ရည်ရွယ်၍ သင့်အား အောက်အရပ်ကို ရှိခိုးရစ်ပါလေဟူ၍ မှာကြားသွားခြင်း ဖြစ်ပေ၏။

(သိင်္ဂါလောဝါဒသုတ်)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ၊

(ဒဂုန်ဦးစန်းငွေ)၊ စာ-၁၂၆/၁၂၇]

ဤလောက၌ ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖြန့်ဖြူးခြင်းဟူသော လုပ်ငန်းကြီး နှစ်ရပ်သည် လူသားတို့၏ စားဝတ်နေရေး ယန္တရား

ကြီး အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန် မောင်းနှင်လျက်ရှိပါသည်။ ဤလုပ်ငန်းကြီးနှစ်ရပ်စလုံးတွင် ငွေကြေး၊ အတတ်ပညာ၊ နည်းပညာနှင့် လုပ်အားဟူသော အရင်းအမြစ်များ ပါဝင်ပါသည်။ ထိုအရာသုံးမျိုးစလုံးတွင် ပထမဦးဆုံး လိုအပ်ချက်မှာ ငွေကြေးရင်းနှီးမြှုပ်နှံမှုပင် ဖြစ်ပါ၏။ ရင်းနှီးမတည်ငွေ မရှိသော မည်သည့်ကုန်ထုတ်လုပ်ငန်းကိုမျှ မဆောင်ရွက်နိုင်၊ မည်သည့်ကုန်ပစ္စည်း ရောင်းဝယ်ဖြန့်ဖြူးမှုကိုမျှ မပြုနိုင်။ မည်သည့် အလုပ်ရုံ၊ စက်ရုံမျှ တည်ဆောက်၍ မရနိုင်။ မည်သည့်ကုန်တိုက်ကြီးများ၊ စတိုးဆိုင်ကြီးများကိုမျှ ဖွင့်လှစ်၍ မရနိုင်။

လူသားတို့၏ ပဓာနလိုအပ်ချက်ကြီး သုံးရပ်အတွက် အရေးပါသော လုပ်ငန်းကြီးနှစ်ရပ်တွင် ငွေကြေးရင်းနှီးမြှုပ်နှံနိုင်စွမ်းရှိသော စက်ရုံ အလုပ်ရုံပိုင်ရှင်၊ စတိုးဆိုင်နှင့် ကုန်တိုက်ကြီးများ ပိုင်ရှင်တို့သည် "လုပ်ငန်းရှင်ကြီးများ" ဖြစ်လာပါသည်။ ထိုလုပ်ငန်းရှင်ကြီးများက ကျွမ်းကျင်သော အတတ်ပညာ၊ အသိပညာဖြင့် လည်းကောင်း၊ လုပ်အား သက်သက်ဖြင့် လည်းကောင်း၊ အသက်မွေးရရှာသော 'ဝန်ထမ်းနှင့် အလုပ်သမား' တို့ကို ငှားရမ်းအသုံးပြုရသည်။ ဤသို့ဖြင့် 'အလုပ်ရှင်နှင့် အလုပ်သမား' ဟူသော လူတန်းစားနှစ်ရပ် ပေါ်ပေါက်လာခြင်း ဖြစ်ပါ၏။

ဤလူတန်းစားနှစ်ရပ်တွင် အလုပ်ရှင်ဟူသည်မှာ 'ရေသောက်မြစ်' နှင့် ပမာတူပြီး ဝန်ထမ်းအလုပ်သမားများမှာ အမြစ်ကြီး၊ အမြစ်ငယ်အသွယ်သွယ်နှင့် ပမာတူပါသည်။ ရေသောက်မြစ်မရှိလျှင် သစ်ပင်မရှင်သန်နိုင်ပါ။ အမြစ်ကြီး၊ အမြစ်ငယ် အသွယ်သွယ် မရှိလျှင်လည်း မည်သည့်နည်းနှင့်မျှ ရှင်သန်ဖွံ့ဖြိုးခြင်း မရှိနိုင်ပါ။ လုပ်ငန်းကြီးတစ်ခု အောင်အောင်မြင်မြင် ဖွံ့ဖြိုးတိုးတက်ရန် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးစလုံးအပေါ် တည်မှီပါသည်။ နှစ်ဦးစလုံးသည် လုပ်ငန်းကြီးတစ်ရပ်လုံးအတွက် အရေးပါအရာရောက်သူတွေချည်း ဖြစ်ပါ၏။

လုပ်ငန်းသဘောအရ ငွေရှင်ကြေးရှင်ဖြစ်သော လုပ်ငန်းကို တည်ထောင်သူဖြစ်သော 'အလုပ်ရှင်' သည် စီမံခန့်ခွဲသူ ဖြစ်ပါ၏။ ဦးဆောင်သူ ဖြစ်ပါ၏။ ဝန်ထမ်းအလုပ်သမားကမူ နောက်လိုက် ဖြစ်ပါသည်။ စီမံခန့်ခွဲခြင်းခံရသူ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ညွှန်ကြားစေခိုင်းသူနှင့် စေခိုင်း

ခြင်းခံရသူ ဖြစ်ပါသည်။ အလုပ်သဘောအရ အလုပ်ရှင်သည် အပေါ်မှနေ၍ ဦးဆောင်စေခိုင်းသူ ဖြစ်သော်လည်း စည်းမဲ့ကမ်းမဲ့ ကျင့်ဝတ်မဲ့ လက်လွတ်စပယ် ထင်သလိုစေခိုင်း၍ မရပါ။ ဝန်ထမ်းအလုပ်သမားတို့အပေါ် နိုင်ထက်စီးနင်း အထက်စီးဖြင့် ဆက်ဆံ၍ မရပါ။ အလုပ်ရှင်တို့တွင်လည်း အလုပ်ရှင်ကျင့်ဝတ်တို့ ရှိပါ၏။ အထက်ပါ ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ သိင်္ဂါလောဝါဒသုတ်တွင် မြတ်စွာဘုရားသည် အလုပ်ရှင်တို့ ကျင့်ရမည့် ဝတ်ငါးဖြာကို ဟောဖော်ညွှန်ကြားတော်မူခဲ့ပါသည်။

ပထမဦးဆုံး အလုပ်ရှင်ကျင့်ဝတ်မှာ အင်အားနှင့် လျော်ညီစွာ သင့်တော်ရုံ တာဝန်ပေး စေခိုင်းခြင်း ဖြစ်ပါ၏။ လုပ်ငန်းရှင်တို့မည်သည် မိမိ၏ အလုပ်သမားတို့အပေါ် တာဝန်ပေး စေခိုင်းရာတွင်–

၁။ အလုပ်သမားတို့၏ ကျွမ်းကျင်တတ်ပွန်မှုနှင့် လိုက်လျောညီထွေဖြစ်မည့် အလုပ်မျိုး၊

၂။ အလုပ်သမားတို့၏ စွမ်းဆောင်ရည် ခွန်အားနှင့် လိုက်လျောညီထွေဖြစ်သည့် အလုပ်မျိုးကိုသာ ရွေးချယ်တာဝန်ပေး စေခိုင်းရပေမည်။ မည်သည့် ဝန်ထမ်းနှင့် အလုပ်သမားမဆို လုပ်ငန်းဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုနှင့် ခွန်အားဟူသော အကန့်အသတ်နှစ်ခုကို မကျော်လွှားနိုင်ပါ။ မိမိကျွမ်းကျင်ရာကိုသာ လုပ်နိုင်မည်ဖြစ်ပြီး မိမိ၏ခွန်အားနှင့် မျှတသော အင်အားစိုက်ထုတ်မှုကိုသာ ပြုနိုင်ပေမည်။ သူကျွမ်းကျင်မှု မရှိသော အလုပ်နှင့် သူ့အင်အားနှင့် မမျှသော အလုပ်မျိုးကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

အလုပ်သမားတို့အနေဖြင့် သူကျွမ်းကျင်တတ်ပွန်သော လုပ်ငန်းမျိုးကိုသာ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပေမည်။ ဝန်နှင့်အားမျှတသော အလုပ်ကိုသာ မပင်မပန်း ဆောင်ရွက်နိုင်ပေမည်။ သို့ဖြစ်၍ အလုပ်ရှင်တို့အနေဖြင့် အလုပ်သမားတို့၏ လုပ်ရည်ကိုင်ရည်နှင့် လုပ်နိုင်စွမ်းအားတို့အပေါ် တိတိပပ သိရှိပြီးမှသာ လိုက်ဖက်ညီစွာ တာဝန်ပေး စေခိုင်းသင့်ပါသည်။

အလုပ်ရှင်တို့သည် အလုပ်သမားအပေါ် ဝန်နှင့်အား မမျှတသော တာဝန်ပေးမှု၊ ခိုင်းစေမှုမျိုးကို လုံးဝမပြုသင့်ပါ။ အလုပ်သမား၏ လုပ်နိုင်

စွမ်းရည်ထက် ပိုမိုစေခိုင်းလျှင် အလုပ်သမားကို ညှဉ်းဆဲရာရောက်ပါသည်။ အချို့သော အလုပ်ရှင်တို့သည် ဝိသမလောဘ ကြီးသည်။ အတ္တလွန်ကဲသည်။ အလုပ်သမား၏ လုပ်အားကို ဖျစ်ညှစ်စေခိုင်းပြီး အမြတ်ထုတ်သည်။ ထို့ပြင် သတ်မှတ်ထားသော အလုပ်ချိန်ထက် ကျော်လွန်၍ စေခိုင်းတတ်သည်။

မြို့ငယ်ကလေးများရှိ အချို့ဈေးဆိုင်ပိုင်ရှင်များသည် အလုပ်သမားကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ စေခိုင်းတတ်သည်။ အလုပ်သမားတို့၏ တစ်နေ့တာအလုပ်ချိန် သတ်မှတ်ချိန်ထက် ပိုမိုစေခိုင်းသော်လည်း အချိန်ပိုကြေးဟူ၍ လုံးဝမပေး။ အလုပ်သမားတို့၏ စားဝတ်နေရေး အခက်အခဲအပေါ် နိုင်ထက်စီးနင်း အမြတ်ထုတ်အသုံးချခြင်း ဖြစ်ပါသည်။ ဤသည်မှာ လုပ်ငန်းရှင်တို့၏ ကျင့်ဝတ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းပင် ဖြစ်ပါသည်။ ခေတ်ဥစ္စာကိုသာ ကိုးကွယ်ရာအဖြစ်ခံယူပြီး လူသားချင်း စာနာထောက်ထားမှု ကင်းခြင်း၏ ပြယုဂ်ဟု ဆိုနိုင်ပါ၏။

အလုပ်ရှင်တို့၏ ဒုတိယမြောက်ကျင့်ဝတ်မှာ အလုပ်သမား မကျန်းမာသောအခါ လုပ်ငန်းခွင်မှ လုပ်ခလစာအပြည့်ဖြင့် အနားယူခွင့်ပေးခြင်း ဖြစ်ပါသည်။ သွေးနှင့်သားနှင့် ဖွဲ့စည်းတည်ဆောက်ထားသော အလုပ်သမားတို့၏ ခန္ဓာကိုယ်သည် အမြဲတမ်း ကျန်းမာနေသည် မဟုတ်ပါ။ မကျန်းမာသည့်အခါ မလွှဲသာမရှောင်သာ လုပ်ငန်းခွင်မှ အနားယူရပေသည်။ ထိုသို့ အလုပ်ခွင်မှ ပျက်ကွက်သည့်အတွက် အလုပ်ရှင်မှ ခွင့်ပေးရပေလိမ့်မည်။ လုပ်ခလစာကို ဖြတ်တောက်မှု မပြုသင့်ပါ။ နေမကောင်းသော အလုပ်သမားတွင် ဆေးကုသစရိတ်၊ ခတ်စာစရိတ်တို့အတွက် ငွေကြေး ပိုမို၍ လိုအပ်လာပါသည်။ ထို့ကြောင့် အလုပ်ရှင်အနေဖြင့် အလုပ်သမား၏ ဆေးဝါးကုသစရိတ်ကို ထောက်ပံ့ကူညီပေးသင့်ပါသည်။

အလုပ်ရှင်နှင့် အလုပ်သမားဟူသည်မှာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဘောမျိုးဖြစ်လေရာ မိမိ၏အလုပ်သမားတွင် အရေးပေါ် ဆေးကုသစရိတ် လိုအပ်နေချိန်၌ တစ်နည်းနည်းဖြင့် ဖြည့်ဆည်း ကူညီပေးလျှင် အလုပ်သမားအနေဖြင့် အလုပ်ရှင်အပေါ် ကျေးဇူးတင်ပေလိမ့်မည်။ ထိုကျေးဇူးတင်စိတ်ဖြင့် အလုပ်ရှင်အပေါ် သစ္စာရှိစွာဖြင့် ပိုမို၍ အလုပ်ကို

ကြိုးကြိုးစားစား လုပ်ကိုင်လာပေလိမ့်မည်။

အလုပ်ရှင်၏ တတိယမြောက်ကျင့်ဝတ်မှာ အလုပ်ရှင်အနေဖြင့် အကျိုးအမြတ်ရရှိလျှင် မိမိတစ်ဦးတည်း မခံစားဘဲ အလုပ်သမားတို့အား ဆုကြေးငွေ (ဘောနပ်) ပေးကမ်းချီးမြှင့်ခြင်း ဖြစ်ပါသည်။ ထိုသို့ ဆုကြေးငွေကို ရရှိခံစားရလျှင် အလုပ်သမားအနေဖြင့် အလုပ်ကို ဆထက်တိုး၍ ပိုမို ကြိုးစားလုပ်ကိုင်ပေလိမ့်မည်။ အလုပ်ရှင်တို့၏ စတုတ္ထမြောက် ကျင့်ဝတ်မှာ အလုပ်သမားတို့၏ လုပ်ခလစာကို ပြည့်ပြည့်ဝဝ ပေးခြင်းပင် ဖြစ်ပါသည်။ ဝန်ထမ်းနှင့် အလုပ်သမားတို့သည် လစာနှင့် လုပ်အားခအပေါ်၌သာ တည်မှီလျက် ဘဝရပ်တည်မှု ပြုကြရရှာသူများ ဖြစ်ပါ၏။ ဤအချက်အပေါ် အလုပ်ရှင်အနေဖြင့် စာနာစိတ်ဖြင့် နားလည်သဘောပေါက်ထားဖို့ လိုပါသည်။ လုပ်ခလစာ သတ်မှတ်ရာတွင် ပြောင်းလဲလာသော ခေတ်အခြေအနေအရလည်းကောင်း၊ ပြောင်းလဲလာသော ကုန်ဈေးနှုန်းအရလည်းကောင်း၊ လစာနှင့်လုပ်ခကို ပြောင်းလဲတိုးမြှင့်ပေးဖို့ လိုအပ်ပါသည်။ ခေတ်အခြေအနေနှင့် လိုက်လျောညီထွေသော လုပ်ခလစာကို ပေးအပ်မှသာ ဝန်ထမ်း၊ အလုပ်သမားတို့အနေဖြင့် ဝင်ငွေနှင့် ထွက်ငွေ မျှတစွာ သုံးစွဲနိုင်ပါလိမ့်မည်။

မျက်မှောက်အချိန်တွင် နိုင်ငံတော်အစိုးရမှ နိုင်ငံ့ဝန်ထမ်းများကို 'လစာ' တိုးမြှင့်ပေးသော်လည်း ပုဂ္ဂလိကလုပ်ငန်းရှင် အများစုကမူ လုပ်ခလစာကို တိုးမြှင့်ပေးခြင်း မရှိကြပါ။ ထို့ကြောင့်လည်း အချို့စက်ရုံ အလုပ်ရုံများတွင် လုပ်အားခနည်းပါးမှုအပေါ် အကြောင်းပြု၍ အလုပ်သမား ဆန္ဒထုတ်ဖော်ပွဲများ ပေါ်ပေါက်နေခြင်း ဖြစ်ပါ၏။ ခေတ်အလျောက် ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းများနှင့် လျော်ညီသော လုပ်ခလစာကို ရရှိမှသာ ဝန်ထမ်းနှင့် အလုပ်သမားများအနေဖြင့် စားဝတ်နေရေးဆိုင်ရာ ကြောင့်ကြမှု နည်းပါးစွာနှင့် လုပ်ငန်းခွင်တွင် အားကြိုးမာန်တက် ဆောင်ရွက်နိုင်ပါလိမ့်မည်။ လုပ်ခလစာ နည်းပါးလွန်းနေလျှင် အလုပ်အကိုင် အခွင့်အလမ်း မသာချိန်တွင် ကြိတ်မှိတ်မျိုသိပ် လုပ်ကိုင်နေသော်လည်း ထိုထက်ပိုမို၍ လုပ်ခလစာမြင့်သော အလုပ်ကို အခြေအနေပေးလာသည်နှင့် ပြောင်းရွှေ့ လုပ်ကိုင်ပေလိမ့်မည်။ ထိုအခါ အလုပ်ရှင်အနေဖြင့် ကျွမ်းကျင်ဝန်ထမ်း

ဆုံးရှုံးခြင်း၊ ဝန်ထမ်းသစ်များ ခေါ်ယူဖြည့်ဆည်းနေရခြင်း၊ မိမိကုမ္ပဏီမှ လုပ်နည်းလုပ်ဟန်များ ပြင်ပသို့ ပေါက်ကြားခြင်း စသည် မလိုလားအပ်ဖွယ် ဆိုးကျိုးတို့နှင့် ကြုံတွေ့ရနိုင်ပါသည်။

အလုပ်ရှင်တို့၏ ပဉ္စမမြောက်ကျင့်ဝတ်မှာ အလုပ်သမားတို့အား အားလပ်ခွင့်၊ အပန်းဖြေခွင့် ပေးခြင်းပင် ဖြစ်ပါ၏။ အလုပ်ရှင်က အလုပ်သမားတို့အား ခွင့်ပေးရာတွင် နိစ္စသမယနှင့် ကာလသမယဟူ၍ နှစ်မျိုးရှိပါသည်။ နိစ္စသမယဟူသည် ပုံမှန်ခွင့်ပေးရန် ပုံသေပြဋ္ဌာန်းထားသော အားလပ်ရက်ကို ဆိုလိုပါ၏။ ရက်သတ္တပတ် တစ်ပတ်လျှင် ရက်မည်မျှနားမည်ဟု ခွင့်ပေးထားခြင်းအပြင် နိုင်ငံတော်မှ ပြည်သူ့ဝန်ထမ်းများအားခံစားခွင့်ပေးထားသော တရားဝင် ရုံးပိတ်ရက်များအတိုင်း အလုပ်သမားတို့အား အားလပ်ခွင့် ပေးသင့်ပါသည်။

ကာလသမယဟူသည် အခါအားလျော်စွာ ပေးရမည့်ခွင့်များ ဖြစ်ပါ၏။ အလုပ်သမားတစ်ဦးတွင် ကျန်းမာရေး၊ လူမှုရေး၊ မိသားစုအရေးများ အရေးတကြီး ပေါ်ပေါက်လာသောအခါ အလုပ်မှနားခွင့် ပေးသင့်ပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရှောင်တခင်ခွင့်၊ လုပ်သက်ခွင့်၊ မီးဖွားခွင့်၊ ဆေးခွင့်များကို ခံစားခွင့်ပေးထားရာ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းများ ခံစားခွင့်ရရှိထားသော ကာလသမယဆိုင်ရာ ခွင့်များကို အလုပ်သမားအား ပေးအပ်သင့်ပါသည်။

❑

# အာဠာဝကဘီလူး အမေး မြတ်ဗုဒ္ဓ အဖြေ (၁)

မေး ။   ။ အတိုင်းမသိသော သဗ္ဗညုတဉာဏ်တော်သခင် အရှင်ဘုရား၊ ဤလောက၌ စိန်၊ ကျောက်၊ ပုလဲ၊ မျက်ရွဲ၊ သန္တာ အစရှိသော လူသုံးပစ္စည်း ရတနာတွေ များစွာပင် ရှိပါသည်။ မိန်းမ၊ ယောကျ်ားမဟူ တစ်ဦးတစ်ယောက်သော လူသားအတွက် အဘယ်မည်သော ရတနာ၊ အဘယ်မည်သော ဥစ္စာမျိုးသည် အဖိုးတန်၍ အမြတ်ဆုံး ဖြစ်ပါသနည်း။ အဘယ်ဥစ္စာကို အမြတ်ဆုံးဥစ္စာဟူ၍ ဆိုအပ်ပါသနည်း။

ဖြေ ။   ။ ကောင်းစွာ မှတ်သားနာယူလော့ အာဠာဝက၊ ဤလောက၌ ထူးထူးခြားခြား လူသား၏ အမြတ်ဆုံးဥစ္စာ၊ အဖိုးတန်ဆုံးသော ဥစ္စာကား စိန်၊ ကျောက်၊ ပုလဲလည်း မဟုတ်၊ မျက်ရွဲ၊ သန္တာ၊ နီလာ စသည်တို့လည်း မဟုတ်ကုန်။ "သဒ္ဓါသည်သာလျှင်" အမြတ်ဆုံးဥစ္စာ ဖြစ်သတည်း။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုး၊ မြတ်နိုးရတနာ ယုံကြည်ခြင်းသဒ္ဓါကို အမြတ်ဆုံးဥစ္စာ ဟူ၍ ငါ ဆိုပေ၏။

မေး ။   ။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ နေ့မခြား ရက်မခြား၊ အမြဲတစေအားဖြင့် ပွားများအပ်၊ ကျင့်ကြံအပ်၊ ဆည်းပူးအပ်သည်ရှိသော် အဘယ်မည်သော ကျင့်ဆောင်မှုမျိုးသည် ချမ်းသာခြင်းသို့ ရောက်အောင် ပို့ဆောင်ပေးနိုင်ပါသနည်း။

ဖြေ ။   ။ အို... အာဠာဝက၊ သူတော်ကောင်းတရားကို နေ့ရက်မခြား၊ လက်စွဲထား၍ ပွားများခြင်း၊ ကျင့်ကြံခြင်း၊ ဆည်းပူးခြင်းသည် ကောင်းသော ကျင့်ဆောင်မှု မည်၏။ ယင်းသူတော်ကောင်းတရား ပွားများကျင့်ကြံ ဆည်းပူးအပ်

သည်ရှိသော် ချမ်းသာခြင်းသို့ရောက်အောင် ပို့ဆောင်ပေးနိုင်၏။

(သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ၊

(ဒဂုန်ဦးစန်းငွေ)၊ စာ-၇၆/ ၇၇]

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက နတ်သိကြား၊ ဗြဟ္မာ၊ လူဥပါသကာ၊ ဥပါသိကာမများသည် မြတ်စွာဘုရားရှင်ထံတော်မှောက် အဖူးအမြော် ရောက်လာကြပါသည်။ ထိုသို့သော လူပုဂ္ဂိုလ်များတွင် မြတ်စွာဘုရားကို ကြည်ညိုသောကြောင့် အဖူးအမြော် ရောက်လာသူတွေ ရှိပါ၏။ မြတ်စွာဘုရား၏ တရားဓမ္မကို နာကြားလိုသောကြောင့် အဖူးအမြော် ရောက်လာသူတွေလည်း ရှိပါ၏။ မြတ်စွာဘုရားနှင့် အယူဝါဒရေးရာ အချေအတင် ငြင်းခုံဆွေးနွေးလိုသောကြောင့် ရောက်လာသူတွေလည်း ရှိပါ၏။ လောကရေး၊ ဓမ္မရေးရာတို့နှင့် စပ်လျဉ်း၍ မိမိ သိလိုသည်များကို မေးမြန်းလျှောက်ထားလိုသောကြောင့် အဖူးအမြော် ရောက်လာသူတွေလည်း ရှိပါ၏။

မြတ်စွာဘုရားရှင်ထံ အဖူးအမြော်ရောက်လာသူ ဥပါသကာ၊ ဥပါသိကာမများထဲတွင် ဆင်းရဲနွမ်းပါးသူတွေလည်း ပါ၏။ သူဌေးသူကြွယ်တွေလည်း ပါ၏။ ပုဏ္ဏားတွေလည်း ပါ၏။ မင်းစိုးရာဇာတွေလည်း ပါ၏။ မြတ်စွာဘုရားရှင်သည် ဇာတ်ခွဲခြားခြင်း မရှိ။ လူတန်းစားခွဲခြားခြင်း မရှိသည့် အားလျော်စွာ အဖူးအမြော် ရောက်လာသူအားလုံးတို့ကို ဖူးမြော်ခွင့်ပေးထားသကဲ့သို့ မေးမြန်းလာသော အမေးပုစ္ဆာများကိုလည်း (ဖြေကြား၍ အကျိုးမရှိနိုင်သော မေးခွန်းမျိုးမှအပ) အားလုံးကို မေတ္တာရှေ့ရှုလျက် ဖြေကြားတော်မူခဲ့ပါသည်။

အရာအားလုံးကို အနှိုင်းမဲ့ သိတော်မူ၊ မြင်တော်မူသော မြတ်စွာဘုရားထံတော်သို့ လောကရေးရာ၊ ဓမ္မရေးရာ သိလိုသည်များကို မေးမြန်းလျှောက်ထားလာသူများတွင် ဥပါသကာ၊ ဥပါသိကာမများသာ မဟုတ်မူလျက် နတ်သိကြား၊ ဘီလူးတို့ပင် ပါဝင်ပါသည်။

စင်စစ် ဘုရားရှင်ထံ လောကရေး၊ ဓမ္မရေး မေးမြန်းလျှောက်ထားသော ပုဂ္ဂိုလ်အားလုံးသည် ကျေးဇူးတင်ထိုက်သူများချည်း ဖြစ်ပါသည်။

အဘယ်ကြောင့်ဟူမူ သူတို့မေးမြန်းလျှောက်ထားသောကြောင့်သာ မြတ်စွာဘုရား၏ ဖြေကြားတော်မူချက်များကို ဗုဒ္ဓဘာသာဝင်များ သိရှိခွင့်ရခဲ့သောကြောင့် ဖြစ်ပါ၏။ အာဠာဝကသည် နတ်ဘီလူးပင် ဖြစ်သော်လည်း သူ၏မေးခွန်းများသည် သူသာလျှင် မဟုတ်မူလျက် လူနတ်ဗြဟ္မာ အားလုံး သိသင့်သိထိုက်သော အကြောင်းအရာများချည်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မေးသင့်မေးထိုက်သော မေးခွန်းများ ဖြစ်ပါ၏။ လေးနက်ပြီး အဆင့်မြင့်သော မေးခွန်းများဟုလည်း ဆိုနိုင်ပါသည်။

လောက၌ စိန်ရွှေရတနာ၊ ဥစ္စာပစ္စည်းများ ရှိပါသည်။ ပုထုဇဉ်လူသားများသည် ထိုအရာများကို လိုချင်တပ်မက်ကြသည်ချည်း ဖြစ်ပါ၏။ စိန်ရွှေ ရတနာ၊ ဥစ္စာပစ္စည်းများသည် ပုထုဇဉ်တို့၏ သည်းခြေကြိုက်အရာများ ဖြစ်ပါသည်။ ရတနာတို့ကို မြတ်နိုးစုံမက်သည် ဆိုသော်လည်း တစ်ဦးနှင့်တစ်ဦး အကြိုက်ချင်းမူ မတူကြပေ။ အချို့က 'စိန်' ကို နှစ်သက်၏။ အချို့က 'ပတ္တမြား' ကို နှစ်သက်၏။ အချို့က 'ပုလဲ' ကို နှစ်သက်၏။ အချို့က 'နီလာ' ကို နှစ်သက်၏။

ဤလောက၌ ရွှေငွေစသော ဝတ္ထုပစ္စည်းများစွာ ရှိပါ၏။ ထိုဝတ္ထုပစ္စည်းများထက် ရတနာများက ပိုမို၍ တန်ဖိုးကြီးမားပါ၏။ အချို့ရတနာများသည် တန်ဖိုးမဖြတ်နိုင်လောက်အောင်ပင် တန်ဖိုးကြီးမားလှပါ၏။ ထို့ကြောင့်လည်း "ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်" ဟူ၍ပင် တင်စားဆိုခဲ့ကြခြင်း ဖြစ်ပါ၏။

စိန်ရွှေငွေ ရတနာ ဥစ္စာပစ္စည်းတို့အပေါ် လူသားတစ်ဦးနှင့်တစ်ဦး အကြိုက်မတူသောကြောင့် လည်းကောင်း၊ လူ့အသုံးအဆောင် ပစ္စည်းဥစ္စာ ရတနာများစွာ ရှိသောကြောင့် လည်းကောင်း၊ မည်သည့်ရတနာ၊ မည်သည့် ဥစ္စာရွှေငွေသည် အဖိုးတန်ပြီး အမြတ်ဆုံး ဖြစ်ပါသနည်းဟူ၍ အာဠာဝက နတ်ဘီလူးက မြတ်စွာဘုရားထံ မေးမြန်းလျှောက်ထားတော်မူခဲ့ခြင်း ဖြစ်ပါသည်။ အာဠာဝက နတ်ဘီလူး၏ မေးမြန်းလျှောက်ထားမှုအပေါ် မြတ်စွာဘုရား၏ ပြန်လည်ဖြေကြားတော်မူချက်မှာ ဗုဒ္ဓဘာသာဝင်တို့၏ နှလုံးသည်းပွတ်တွင် အမြဲစွဲထဲ မှတ်သားနေသင့်သော အချက်ပင် ဖြစ်ပါ၏။ ဗုဒ္ဓဘာသာဝင်တို့၏ အသက်သွေးကြောဟုပင်

ဆိုနိုင်ပါသည်။

လောက၌ စိန်၊ ပတ္တမြား၊ နီလာ၊ ပုလဲစသော ရတနာများနှင့် ရွှေငွေဥစ္စာများသည် ပုထုဇဉ်လူသားတို့ မက်မောမည်ဆိုက မက်မောလောက်သော အရာများ ဖြစ်ပါသည်။ အဘယ်ကြောင့်ဟူမူ ထိုရွှေငွေရတနာများတွင် "အသုံးချတန်ဖိုး" ရှိသောကြောင့် ဖြစ်ပါ၏။ ထိုရတနာရွှေငွေတို့သည် အမျိုးသမီးတိုင်း၏ စိတ်နှလုံးကို ရွှင်ပြုံးချမ်းမြေ့စေနိုင်စွမ်း အရှိဆုံးသော အရာလည်း ဖြစ်ပါ၏။ ထို့ပြင် ရွှေငွေရတနာ ဥစ္စာပစ္စည်းများသည် လူသား၏ စားရေး၊ နေရေး၊ ဝတ်ရေးဟူသော အရေးကြီးသုံးဖြာကို ပြည့်စုံစေနိုင်စွမ်း ရှိပါသည်။

သို့တစေ ရွှေငွေရတနာ ဥစ္စာပစ္စည်းတို့မည်သည် တစ်ဘဝတာ ရုပ်ပိုင်းစိတ်ဆိုင်ရာ လိုအပ်ချက်ကိုသာ ဖြည့်ဆည်းနိုင်စွမ်း ရှိပါ၏။ စိတ်ဓာတ် အဆင့်အတန်း မြင့်မားရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ အသိဉာဏ် အလင်းရောင် ပွင့်လင်းရေးတို့အတွက်မူ စွမ်းဆောင်နိုင်စွမ်း မရှိပါချေ။ ဆိုရသော် ပစ္စုပ္ပန်ဘဝ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံမှအပ၊ ကိုယ်ကျင့်စရဏနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကိုမူ ဖြည့်ဆည်းပေးနိုင်စွမ်း မရှိပါချေ။ တမလွန်ဘဝတွင် သုဂတိဘုံသို့ ရောက်ရေးအတွက်လည်း စွမ်းဆောင်ပေးနိုင်စွမ်း မရှိပါ။ ထို့ကြောင့်လည်း မြတ်စွာဘုရားက လူသား၏ အမြတ်ဆုံးဥစ္စာမှာ စိန်၊ ကျောက်၊ ပတ္တမြား၊ နီလာ၊ ပုလဲစသော လောကီ ရတနာများ မဟုတ်။ ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းဟူသော သဒ္ဓါတရားသည်သာ 'အမြတ်ဆုံးဥစ္စာ' ဟု ဖြေကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဘုရား၊ တရား၊ သံဃာဟူသော ရတနာမြတ်သုံးပါးအပေါ် ပညာနှင့်ယှဉ်လျက် ယုံကြည်ခြင်းဟူသော သဒ္ဓါတရား နှလုံးသား၌ တည်သူသည် ရတနာသုံးပါးမှအပ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ မကိုးကွယ်တော့ပါ။ ထိုသဒ္ဓါ နှလုံးသားစစ်စစ်ရှိသူတစ်ဦးသည် ကိုးကွယ်ရာ မများတော့ပါ။ ကိုးကွယ်ရာ မမှားတော့ပါ။ ကိုးကွယ်ရာ အမှားမှဖြစ်သော ဘေးအန္တရာယ်လည်း မရှိတော့ပါ။ ဘုရားရှင်၏ တရားဓမ္မကိုသာ ရာခိုင်နှုန်းပြည့် သက်ဝင်ယုံကြည်သည်။ ဗုဒ္ဓဓမ္မနှင့် ဆန့်ကျင်ခြားနားသော အယူဝါဒတို့အပေါ်

ယုံကြည်သက်ဝင်ခြင်း မရှိတော့ပါ။ ထိုသူမျိုးသည် ရတနာသုံးပါးအပေါ် ယုံကြည်ခြင်း သဒ္ဓါတရားကို မည်သည့်နည်းနှင့်မျှ အပျက်အစီး မခံတော့ပေ။ ထိုသို့ ပညာနှင့်ယှဉ်သော သဒ္ဓါစစ် သဒ္ဓါမှန် တည်ကိန်းသူသည် ကိုးကွယ်ရာလည်း သန့်ရှင်းသည်။ အယူအမြင်လည်း မှန်ကန်စင်ကြယ်သည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမတော်အောက်တွင် သဒ္ဓါနှလုံးသားရှိသူ၏ ကံသုံးပါးသည် သန့်ရှင်းစင်ကြယ်လျက် ရှိပါသည်။ ကံသုံးပါး သန့်ရှင်းစင်ကြယ်သောကြောင့် ပစ္စုပ္ပန်အကျိုးစီးပွားအတွက် သာမက တမလွန်အကျိုးစီးပွားအတွက်ပါ စိတ်ချရလေတော့သည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားက ရတနာသုံးပါးအပေါ် ယုံကြည်ခြင်းကို "အမြတ်ဆုံးဥစ္စာ" ဟူ၍ ဟောတော်မူခဲ့ခြင်းပင် ဖြစ်ပါ၏။

အာဠဝက နတ်ဘီလူးက ဒုတိယမြောက်မေးခွန်းအဖြစ် ချမ်းသာခြင်းသို့ ပို့ဆောင်နိုင်သော အမြဲတစေ ပွားများအပ်၊ ကျင့်ဆောင်အပ်သော ကျင့်ဆောင်မှုသည် အဘယ်နည်းဟု မေးတော်မူရာ မြတ်စွာဘုရားက သူတော်ကောင်းတရားကို အမြဲတစေ ပွားများကျင့်ကြံခြင်းသည် ချမ်းသာခြင်းသို့ ပို့ဆောင်ပေးနိုင်သည်ဟူ၍ ဟောတော်မူခဲ့ပါ၏။

သူတော်ကောင်းတရား ခုနစ်ပါး ရှိပါသည်။ ထို ခုနစ်ပါးမှာ (၁) ရတနာသုံးတန်နှင့် ကံ ကံ၏အကျိုးကို ယုံကြည်ခြင်း (သဒ္ဓါ)၊ (၂) ငါးပါးသီလ၊ ရှစ်ပါးသီလနှင့် ပြည့်စုံခြင်း (သီလ)၊ (၃) အကြားအမြင် များခြင်း (သုတ)၊ (၄) ပေးကမ်းစွန့်ကြဲခြင်း (စာဂ)၊ (၅) လောကီ၊ လောကုတ္တရာ ပညာနှစ်ပါးနှင့် ပြည့်စုံခြင်း (ပညာ)၊ (၆) မကောင်းမှုပြုရမည်ကို ရှက်ခြင်း (ဟိရီ)၊ (၇) မကောင်းမှုပြုရသည်ကို လန့်ခြင်း(ဩတ္တပ္ပ)တို့ ဖြစ်ပါသည်။

လူတို့သည် နေ့စဉ်ပင် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ပြုနေလေရာ ထိုကံသုံးပါးတွင် သူတော်ကောင်းတရား တည်ကိန်းဖို့လိုပါသည်။ နေ့စဉ် ပြုသမျှသော ကံသုံးပါးတွင် သူတော်ကောင်းတရား တည်ကိန်းသော် ပစ္စုပ္ပန် သံသရာ နှစ်ဖြာစလုံးတွင် ကောင်းကျိုးတွေ ဝေဖြာစည်ပင်လာမည်။ ကောင်းတာတွေကို ကြံစည် ပြောဆို၊ ကျင့်ကြံ ပြုလုပ်၊ အားထုတ်သောကြောင့် ကောင်းတာတွေ ဖြစ်လာမည်။ နေ့စဉ်ပြုသမျှ ကံသုံးပါးစလုံးတွင် သူတော်ကောင်းတရား ဆိတ်သုဉ်းသော် ပစ္စုပ္ပန်

သံသရာ နှစ်ဖြာစလုံးတွင် အကျိုးစီးပွားမဲ့မှု ဖြစ်ပေါ်လာမည်။ မကောင်းတာတွေကို ကြံစည်ပြောဆို၊ ကျင့်ကြံ ပြုလုပ်၊ အားထုတ်သောကြောင့် မကောင်းတာတွေ ဖြစ်လာမည်။ ဤသည်မှာ တရားမျှတ မှန်ကန်သော ကမ္မနိယာမ ဖြစ်ပါ၏။

❐

# အာဠာဝကဘီလူး အမေး မြတ်ဗုဒ္ဓ အဖြေ (၂)

မေး ။ ။ အို... အရှင်ဂေါတမ၊ ကျော်စောခြင်း၊ ထင်ပေါ်ခြင်း ဟူသည် ရှိပါ၏။ ယင်းသို့ ထင်ပေါ်ကျော်စောခြင်းအဖြစ်သို့ အဘယ်သဘောဖြင့် ရောက်ရှိနိုင်ပါသနည်း။

ဖြေ ။ ။ အို... အာဠာဝက၊ ရှေ့သို့နောက်ပျက်ယွင်းကွက်မရှိ ပကတိ ဟုတ်မှန်သော သစ္စာစကားကို ဆိုခြင်းသည် ကျေးဇူးသတင်း ကျော်စောခြင်း၊ ထင်ပေါ်ခြင်းသို့ ရောက်စေနိုင်ပေ၏။

မေး ။ ။ အို... အရှင်ဂေါတမ၊ လောက၌ မိတ်ဆွေဟူသည် ရှိရပါ၏။ ရှိကြပါ၏။ မိတ်ဆွေကောင်းများ ရရှိအောင် အဘယ်သို့ ပြုအပ်ပါသနည်း။

ဖြေ ။ ။ အို... အာဠာဝက၊ မိမိစီးပွား၊ သူ့စီးပွား၌ လိုလားမှုတာ ဝေငှပေးကမ်းခြင်းသည် မိတ်ကောင်းဆွေကောင်းရခြင်း၏ အကြောင်းဖြစ်ပေသည်။

မေး ။ ။ အို... အရှင်ဂေါတမ၊ အဘယ်အရာမျိုးဖြင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝ၌ သောကကင်းဝေးရာပါသနည်း။

ဖြေ ။ ။ အို... အာဠာဝက၊ အကြင်သူအား မှန်သောစကားဆိုခြင်း၊ မကောင်းမှုမှ ရှောင်ကြဉ်၍ ကောင်းမှုတို့ကို ယှဉ်ခြင်း၊ မဆုတ်မနစ် ကြိုးစားအားထုတ်ခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ ဤတရားလေးပါးကို ပွားစေသည်ဖြစ်အံ့။ ထိုသူသည် အိုးအိမ်တည်၍ သားမယားနှင့်ပင် နေသည်ဖြစ်လင့်ကစား စင်စစ် တမလွန်ဘဝအတွက်လည်း စိုးရိမ်စရာမရှိပြီ။ ယုတ်ညံ့သော ဂတိလွတ်ကွာ၍ လူ့ရွာနတ်ထံ၌ ကေန်ဖြစ်ရလတ္တံ့။

(သုတ္တနိပါတ်၊ အာဠာဝကသုတ်)
[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့သော မေးခွန်းနှင့် ပြဿနာများ၊
(ဒဂုန်ဦးစန်းငွေ)၊ စာ-၅၀]

ဤလောကၥ္ ပုထုဇဉ်တို့၏ သည်းခြေကြိုက်အရာများ ရှိပါ၏။ ပစ္စည်းဥစ္စာ၊ ရာထူးဂုဏ်ရှိန်၊ ထင်ပေါ်ကျော်ကြားမှုတို့ ဖြစ်ပါသည်။ လူတို့သည် ဘဝဝယ် ပစ္စည်းဥစ္စာ ကြွယ်ကြွယ်ဝဝဖြင့် ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ နေလိုသည်။ ရာထူးဂုဏ်ရှိန် မြင့်မားစွာဖြင့် လူအများ၏ ရိုသေလေးစားမှုကိုလည်း ရရှိလိုသည်။ အောင်မြင်ကျော်ကြားခြင်းဖြင့် လူသိများလိုကြသည်။

အတိတ်ကံ၊ ပစ္စုပ္ပန်ကံအားလျော်စွာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူတွေ ရှိသလို ဆင်းရဲနွမ်းပါးသူတွေလည်း ရှိသည်။ ရာထူးဂုဏ်ရှိန် မြင့်မားသူတွေရှိသလို ရာထူးဂုဏ်ရှိန် နိမ့်ပါးသူတွေလည်း ရှိသည်။ ထင်ပေါ်ကျော်ကြား လူသိများသူတွေ ရှိသလို မထင်မရှား အညတြတွေလည်း ရှိသည်။ ဤသို့ ဘဝအခြေအနေ အထွေထွေ ဆူကြဲနိမ့်မြင့် ကွဲပြားခြားနားနေခြင်းမှာ အကြောင်းမဲ့ အကျိုးတရား မဟုတ်ပါလေ။ ကံ-ကံ၏ အကျိုးရလဒ်သာ ဖြစ်ပါ၏။ ကံ၏အကျိုးရလဒ်ဟု ဆိုရာတွင် အတိတ်ကံ၏ အကျိုးရလဒ်လည်း ပါမည်။ ပစ္စုပ္ပန်ကံ၏ အကျိုးရလဒ်လည်း ပါမည်။ လောက၏ ဖြစ်စဉ်များသည် ကြောင်းကျိုးမဲ့ ဖြစ်စဉ်များတော့ မဟုတ်ပါလေ။ ပရမ်းပတာ ဖြစ်ချင်သလို ဖြစ်နေသည်တော့ မဟုတ်ပါလေ။

ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူသည် ချမ်းသာကြွယ်ဝစေသော အကြောင်းတရားများ ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါသည်။ ရာထူးဂုဏ်ရှိန် မြင့်မားသူတို့သည်လည်း ရာထူးဂုဏ်ရှိန် မြင့်မားစေသော အကြောင်းတရားများကို ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါသည်။ ထိုနည်းအတူ ထင်ပေါ် ကျော်ကြားသူတို့သည်လည်း ထင်ပေါ်ကျော်စောစေသော အကြောင်းတရားများကို ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါသည်။

အထက်ပါ သုတ္တနိပါတ် အာဠာဝကသုတ်၌ အာဠာဝကနတ်ဘီလူးသည် မြတ်စွာဘုရားအား ထင်ပေါ်ကျော်ကြားခြင်း၊ မိတ်ဆွေကောင်း ရရှိခြင်း၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောဘဝ၌ သောကကင်းဝေးခြင်းတို့၏

အကြောင်းရင်းများကို မေးမြန်းလျှောက်ထားတော်မူခဲ့ပါသည်။

ထင်ပေါ်ကျော်စောခြင်းဟူရာ၌ အရည်အချင်းပေါ် မူတည်လျက် ထင်ပေါ်ကျော်စောမှုလည်း ရှိ၏။ ဥစ္စာနေ ကြွယ်ဝချမ်းသာမှုအပေါ် မူတည်လျက် ထင်ပေါ်ကျော်စောမှုလည်း ရှိ၏။ ရာထူးဂုဏ်ရှိန်အပေါ် မူတည်လျက် ထင်ပေါ်ကျော်စောမှုလည်း ရှိ၏။ ကိုယ်ကျင့်သိက္ခာအပေါ် မူတည်လျက် ထင်ပေါ်ကျော်စောမှုလည်း ရှိ၏။ ပညာရှင်အဖြစ် ကျော်ကြားသည်ဖြစ်စေ၊ ဥစ္စာရှင်အဖြစ် ကျော်ကြားသည်ဖြစ်စေ၊ ရာထူးဌာနန္တရရှင်အဖြစ် ကျော်ကြားသည်ဖြစ်စေ၊ ထိုကျော်ကြားမှုများ ခိုင်မြဲတည်တံ့ဖို့မှာမူ ထိုသူ၏ ကိုယ်ကျင့်တရားအပေါ် မူတည်ပါသည်။ တစ်နည်းအားဖြင့် ရိုးသားဖြောင့်မတ်စွာ အစဉ်မှန်သော သစ္စာစကားကို ပြောဆိုဖို့ လိုပါသည်။ အပြောနှင့်အလုပ် ညီညွတ်ဖို့ လိုပါသည်။

ဥပမာအားဖြင့် ပညာရှင်တစ်ဦး ဆိုပါစို့၊ သူ ဝန်ဆောင်မှုပေးရမည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဆိုလျှင် သူ၏ နာမည် ဂုဏ်သတင်း ကျဆင်းပေတော့မည်။ ပြောသည့်အတိုင်း မလုပ်သည့်အတွက် အလုပ်အပ်နှံသူက စိတ်မချမ်းမသာ ဖြစ်ပေမည်။ နောင်ဆိုလျှင် သူနှင့် ဆက်ဆံတော့မည် မဟုတ်ပါလေ။ သူ၏ လုပ်ငန်းဆိုင်ရာ နာမည် ဂုဏ်သတင်းလည်း ကျဆင်းညှိုးမှိန်သွားပေလိမ့်မည်။

လူဆိုသည်မှာ ပြောပြီးသား ကတိကို မြဲအောင် ထိန်းသိမ်းရပါသည်။ မိမိ၏နှုတ်ကို မိမိက တာဝန်ခံရပါသည်။ သို့မှသာ ထိုသူ၏လုပ်ငန်းခွင်နှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ နာမည်ဂုဏ်သတင်းသည် မွေးထုံသင်းပေလိမ့်မည်။ ထို့ကြောင့်လည်း ဘုရားရှင်က 'ပကတိဟုတ်မှန်သော သစ္စာစကားကို ဆိုခြင်းသည် ကျေးဇူးသတင်း ကျော်စောခြင်း၊ ထင်ပေါ်ခြင်းသို့ ရောက်စေနိုင်ပေ၏' ဟု ဟောတော်မူခဲ့ခြင်း ဖြစ်ပါ၏။

လူ့အဖွဲ့အစည်းဝင်တစ်ယောက်ဖြစ်သော လူသည် အထီးတည်း ရပ်တည်၍ မရပါ။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသော အရေးအရာ အဖြာဖြာတို့တွင် အခြားအခြားသော မိတ်ဆွေအပေါင်းအသင်းတို့နှင့် ဆက်ဆံပေါင်းသင်းကြရပါသည်။ မိတ်ဆွေအပေါင်းအသင်းအချင်းချင်း ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ပြုကြရပါသည်။ ဘဝတွင် မိတ်ဆွေ

ကောင်းတို့ ရှိဖို့လိုပါသည်။ သို့မှသာ မိမိတွင် အခက်အခဲ ပြဿနာ တစ်စုံတစ်ရာနှင့် ကြုံဆုံလျှင် ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးမည့်သူများ ရှိနေပေလိမ့်မည်။

မိမိတွင် မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းများ ရရှိဖို့မှာ မိမိကိုယ်တိုင်က အခြားသူတို့အပေါ် မိတ်ဆွေကောင်းတို့ ကျင့်ရမည့် ကျင့်ဝတ်များနှင့် ပြည့်စုံဖို့ လိုပါလိမ့်မည်။ မိမိအနေဖြင့် မိတ်ဆွေအပေါင်းအသင်းတို့အပေါ် အေးအတူပူအမျှ၊ ကောင်းတူဆိုးအမျှ ဝေမျှခံစားတတ်ဖို့ လိုပါသည်။ မိတ်ဆွေ အပေါင်းအသင်းတို့တွင် ငွေကြေးတစ်စုံတစ်ရာ အရေးတကြီး လိုအပ်နေချိန်တွင် မိမိ စွမ်းနိုင်သမျှ ပေးကမ်းကူညီဖို့ လိုပါသည်။ အထူးသဖြင့် ကျန်းမာရေးအတွက် အရေးပေါ်ငွေလိုနေသော မိတ်ဆွေအား ဆေးကုသစရိတ်တို့ကို မိမိစွမ်းနိုင်သမျှ ကူညီထောက်ပံ့ပေးသင့်ပါသည်။ မိတ်ဆွေဖြစ်သူခမျာ ဘဝရပ်တည်ရေးတွင် အခက်အခဲ တစ်စုံတစ်ရာ ပေါ်ပေါက်လာသောကြောင့် ငွေကြေး အရေးတကြီး လိုအပ်နေချိန်တွင် ငွေကြေးကို ယတိပြတ် ပေးကမ်းသင့်တာ ပေးကမ်း၊ ချေးငှားသင့်တာ ချေးငှားပေးသင့်ပါသည်။ မိတ်ဆွေဖြစ်သူ၏ လက်ငင်းဘဝ အခက်အခဲကို စိတ်ကောင်း၊ စေတနာကောင်းဖြင့် ထိထိရောက်ရောက် ကူညီဖြေရှင်းပေးသင့်ပါသည်။

မေတ္တာဟူသည် အသွားအပြန် ရှိပါ၏။ မိမိက မိတ်ဆွေဖြစ်သူ၏ အခက်အခဲကို မျှဝေခံစားပြီး ငွေကြေးလိုအပ်ချက်ကို ကူညီဖြည့်ဆည်းပေးသော် မိတ်ဆွေဖြစ်သူက မိမိအပေါ် များစွာ ကျေးဇူးဥပကာရ တင်ရှိပေလိမ့်မည်။ မိမိ၏ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်း ပီသမှုကို လှိုက်လှိုက်လှဲလှဲ အသိအမှတ် ပြုပေလိမ့်မည်။ သက်ရောက်မှုတိုင်းတွင် တန်ပြန်သက်ရောက်မှုရှိသည်ဆိုသော နယူတန်၏ နိယာမကိုပင် အတုံ့အပြန်ပြုကာ မိမိအပေါ်တွင် မိတ်ကောင်းဆွေမွန်အဖြစ် ကျင့်ကြံပေလိမ့်မည်။ မိမိတွင် အကူအညီလိုလျှင် စိတ်ရောကိုယ်ပါ လှိုက်လှိုက်လှဲလှဲ ကူညီပေလိမ့်မည်။ သစ္စာရှိသော မိတ်ဆွေအပေါင်းအသင်းအဖြစ် မိမိဘက်က ထာဝစဉ် ရပ်တည်ပေလိမ့်မည်။ ထို့ကြောင့်လည်း အာဠာဝက နတ်ဘီလူး၏ "မိတ်ဆွေကောင်းများ ရရှိအောင် အဘယ်သို့ ပြုအပ်ပါသနည်း" ဟူသော အမေးကို ဘုရားရှင်က "မိမိစီးပွား၊ သူ့စီးပွား၌ လိုလားမျှတ ဝေမျှပေးကမ်းခြင်းသည်

မိတ်ကောင်းဆွေကောင်း ရရှိခြင်း၏ အကြောင်း” ဟု ဟောတော်မူခဲ့ခြင်း ဖြစ်ပါ၏။

၃၁ ဘုံတွင် လူ့ဘုံသည် “အလယ်ဘုံ” ဖြစ်ပါသည်။ လူ့ဘုံ၏ အထက်တွင် နတ်ဘုံ၊ ဗြဟ္မာ့ဘုံ စသည်တို့ ရှိပါသည်။ လူ့ဘုံ၏ အောက်တွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံ စသည်တို့ ရှိပါ၏။ ဤလူ့ဘုံမှ ကွယ်လွန်သော် အထက်ဘုံများဖြစ်သော နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ တက်လှမ်း ရောက်ရှိနိုင်သည်။ အောက်ဘုံများဖြစ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံများဆီသို့လည်း ရောက်ရှိနိုင် ပါသည်။ သို့ဖြစ်၍ လူတစ်ဦးသည် ပစ္စုပ္ပန်ဘဝတွင် သောကကင်းဝေးကာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖို့ လိုသလို တမလွန် လားရာဂတိလည်း ကောင်းဖို့ လိုပါသည်။

ဘုရားရှင်တိုင်း၏ အဆုံးအမတော်သည် “မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား” ဟူ၍ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏ ကျင့်စဉ်ကြီးများတွင် သီလသည် အခြေခံကျင့်စဉ် ဖြစ်ပါသည်။ ငါးပါးသီလသည် အခြေခံလူ့ကျင့်ဝတ် ဖြစ်ပါသည်။ ငါးပါးသီလဟူသည် ခါးဝတ်ပုဆိုးကဲ့သို့ အစဉ်မြဲမြဲနေရမည့် သီလဖြစ်ပါသည်။ အခြေခံအုတ်မြစ်ဖြစ်သော သီလအပေါ်တွင် အခြေပြုပြီးမှသာ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်များကို ကျင့်သုံးဆောက်တည်၍ ရနိုင်ပါသည်။

လူတစ်ယောက်သည် ဒုစရိုက်ဆယ်ပါးဟူသော မကောင်းမှုတို့ကို ရှောင်ကြဉ်မည်။ သုစရိုက်တရားဆယ်ပါးကို ပြုကျင့်မည်။ မိမိစွမ်းနိုင်သမျှ လှူဒါန်းမည်၊ ပေးကမ်းစွန့်ကြဲမည်ဆိုလျှင် ပစ္စုပ္ပန်ဘဝတွင်လည်း ကောင်းတာတွေ ဖြစ်လာမည်။ တမလွန်ဘဝတွင်လည်း ကောင်းတာတွေ ဖြစ်လာမည်။

လူတို့သည် အချိန်တန် အရွယ်ရောက် လူလားမြောက်သောအခါ ချစ်သူ ကြင်သူနှင့် အိမ်ထောင်ထူထောင်ကြသည်။ သားသမီးတွေ ပွားစီးလာသည်။ မိသားစုဘဝ ရပ်တည်ရေးအတွက် စီးပွားဥစ္စာကို ကြိုးစားရှာဖွေကြရသည်။ ထိုသို့ သားမယားနှင့်နေသူပင် ဖြစ်လင့်ကစား မကောင်းမှု

ရှောင်၊ ကောင်းမှုဆောင်မည်ဆိုလျှင် ပစ္စုပ္ပန် တမလွန် နှစ်ဖြာအရေးတွင် စိတ်အေးရပေမည်။ ထို့ကြောင့်လည်း အာဠဝက နတ်ဘီလူးက မြတ်စွာဘုရားအား "အဘယ်အရာမျိုးဖြင့် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ဘဝ၌ သောကကင်းဝေးရာပါသနည်း" ဟု မေးမြန်းလျှောက်ထားတော်မူခဲ့သည့် အပေါ် မြတ်စွာဘုရားက "မကောင်းမှု ရှောင်ကြဉ်၍ ကောင်းမှုတို့ကို ပြုမည်။ မဆုတ်မနစ် ကြိုးစားအားထုတ်မည်၊ ပေးကမ်းစွန့်ကြဲမည်ဆိုလျှင် သားမယားနှင့် နေသူပင် ဖြစ်လင့်ကစား တမလွန်ဘဝအတွက် စိုးရိမ်စရာ မရှိကြောင်း" ဖြေကြားတော်မူခဲ့ခြင်း ဖြစ်ပါ၏။

❒

# အာဠာဝကဘီလူး အမေး မြတ်ဗုဒ္ဓ အဖြေ (၃)

မေး။ ။ အို... အရှင်ဂေါတမ၊ ပညာဟူသည် လိုအပ်သောအရာ၊ သင်ကြားအပ်သောအရာ ဖြစ်ပါသည်။ ထိုပညာကို အဘယ်သို့သော နည်းအားဖြင့် ရရာပါသနည်း။

ဖြေ။ ။ အို... အာဠာဝက၊ ပူဇော်ထိုက်သူ အဆူဆူသော ပုဂ္ဂိုလ်တို့ ဆုံးမအပ်သော စကား၊ အပူခပ်သိမ်း ကြောင့်ကြခပ်သိမ်း ငြိမ်းအေးကြောင်း ကောင်းမြတ်သော တရားကို နှစ်နှစ်ကာကာ ယုံယုံကြည်ကြည် လိုက်နာမှတ်သားခြင်း၊ မမေ့မလျော့ ပေါ့ဆမရှိ သတိရှိခြင်း၊ မသိသည်ကို သိအောင် စူးစမ်းလေ့လာခြင်း၊ ဤအကြောင်းသုံးပါးအားဖြင့် ထူးခြားသော ပညာများကို ရနိုင်ပေရာ၏။

မေး။ ။ အို... အရှင်ဂေါတမ၊ အဘယ်သို့သော အခြင်းအရာအားဖြင့် အသက်မွေးဝမ်းကျောင်းဖြစ်သော စီးပွားဥစ္စာကို ရရာပါသနည်း။

ဖြေ။ ။ အို... အာဠာဝက၊ အခါအခွင့်ကို ချင့်၍ လုပ်သင့်သော အချိန်၌ လုပ်ထိုက်သော အလုပ်ကို ပြုလုပ်ခြင်း၊ အပေါင်းအသင်း ဝင်ဆံ့ခြင်း၊ နိုးနိုးကြားကြား ထထကြွကြွ ရှိခြင်း၊ ဤလက္ခဏာသုံးပါးသည် လောကီလောကုတ္တရာ ဥစ္စာရကြောင်း ကောင်းသောနည်းလမ်းများ ဖြစ်ပေ၏။

(သုတ္တနိပါတ်၊ အာဠာဝကသုတ်)

ကမ္ဘာကျော် အဘိဓာန်ကျမ်းပြုဆရာကြီး 'ဒဲနီယယ်လ်စ်ဝက်ဗ်စတား' က "ပညာသည် အမှန်အားဖြင့် ကောင်းကင်ကြီးတွင် ကြီးမားသော နေမင်းပင် ဖြစ်၏။ ဘဝနှင့် စွမ်းအင်တို့ကို နေမင်းကြီး၏ နေရောင်ခြည်

များ အားလုံးဖြင့် ဖြန့်ကြဲထားသည်" ဟု ရေးခဲ့ဖူးပါသည်။ လူသားတစ်ဦး၏ဘဝတွင် ပညာ၏ အခန်းကဏ္ဍသည် ကြီးမားပါ၏။ ပမာန ကျယ်ပါ၏။ ဤတွင် ပညာဟူသည်မှာ ကျောင်းသင်ပညာ တစ်ခုတည်းကိုသာ ဆိုလိုခြင်း မဟုတ်ပါပေ။ လူနှင့် လူ့အဖွဲ့အစည်းအတွက် အသုံးဝင်သော စွမ်းရည်နှင့် ကျွမ်းကျင်တတ်ပွန်မှုဟူသမျှ 'ပညာ' ဟု ဆိုနိုင်ပါလိမ့်မည်။

စင်စစ် အသိပညာ၊ အတတ်ပညာဟူသည် လူသားတို့၏ဘဝတွင် နေမင်းနှင့် ပမာတူပါသည်။ ပညာဉာဏ်ကင်းမဲ့နေလျှင် ထိုသူ၏ဘဝသည် လင်းလက်တောက်ပခြင်း မရှိနိုင်ပါ။ အသိပညာ၊ အတတ်ပညာတို့၌ တန်ခိုးစွမ်းအင်များ ရှိပါ၏။ ပညာသည် ဓနဥစ္စာကိုလည်း ပေးစွမ်းနိုင်၏။ လူရိုသေ ရှင်လေးစားစေသော ဂုဏ်ဒြပ်ကိုလည်း ဖန်တီးပေးနိုင်စွမ်း ရှိ၏။ မိတ်ဆွေသင်္ဂဟတို့ကိုလည်း တိုးပွားစေသည်။ အသိပညာ၊ အတတ်ပညာ ချို့တဲ့သူသည် သူတစ်ပါးအတွက်လည်း အသုံးမဝင်၊ သူတစ်ပါးအတွက် မဆိုထားနှင့်၊ သူ့ဘဝအတွက်ပင်လျှင် အသုံးမဝင်။

'ပညာ' ဟု ဆိုရာတွင် တစ်ဘဝတာ ရပ်တည်ရှင်သန်ရေးအတွက် အသုံးချရသော 'စာပေအသိပညာ၊ အတတ်ပညာ' ရှိသလို ပစ္စုပ္ပန်ဘဝအတွက်သာမက သံသရာအတွက်ပါ အသုံးချ၍ရသော 'ဉာဏ်ပညာ' လည်း ရှိပါ၏။ ထိုဉာဏ်ပညာက အမှားနှင့် အမှန်၊ ဒုစရိုက်နှင့် သုစရိုက်၊ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားဝေဖန်နိုင်စွမ်း ရှိ၏။ လူတစ်ယောက်တွင် အသက်မွေးဝမ်းကျောင်းပညာလည်း တတ်ဖို့လိုအပ်သလို ပစ္စုပ္ပန် သံသရာ နှစ်ဖြာအတွက် အလင်းရောင်ပေးနိုင်သော 'ဉာဏ်ပညာ' လည်း ရှိဖို့လိုအပ်ပါသည်။

စင်စစ် ပညာဟူသည် စိတ်အချရဆုံး၊ သစ္စာအရှိဆုံး မိတ်ကောင်းဆွေမွန် ဖြစ်ပါသည်။ အခြားသော ရုပ်ဝတ္ထုပစ္စည်းတို့က ကံမကောင်းအကြောင်းမလှသော် မိမိထံမှ ခွဲခွာသွားတတ်သည်။ ပညာကား မိမိနှင့် မည်သည့်အခါမျှ မကွဲကွာပါချေ။ ထို့ကြောင့်လည်း အာဠာဝကနတ်ဘီလူးကို 'ပညာ' ဟူသည် လိုအပ်သောအရာ၊ သင်ကြားအပ်သောအရာဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

လူဟူသည် မွေးကတည်းက မည်သူမျှ 'သိ' မနေပါ။ 'တတ်'

မနေ ပါ။ လေ့ကျင့်သင်ကြား ဆည်းပူးခြင်းအားဖြင့်သာလျှင် အသိပညာ၊ အတတ်ပညာများ 'သိ' လာ၊ 'တတ်' လာရခြင်း ဖြစ်ပါ၏။ ထိုသို့ လေ့လာ ဆည်းပူးခြင်း ပြုရာတွင် မိမိတို့ထက် အသက်သိက္ခာ၊ ပညာသမ္ဘာ အဘက် ဘက်က ကြီးမြင့်သူတို့ထံမှ 'ပညာများ' ကို ခံယူဆည်းပူးရပါသည်။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးစီးပွားကို ဆောင်ကြဉ်းပေးနိုင်သော ဓမ္မအသိ ပညာကို ရရှိဖို့ရန် ကြည်ညိုဦးခိုက်ရာ ဆရာတော်ကြီးများ၏ အဆုံးအမ ဩဝါဒများကို နာခံမှတ်သားရပါသည်။ ဆရာတော်ကြီးများ ဟောကြားတော်မူသော ဟောစဉ်တရားတော်များကို ရိုရိုသေသေ နာကြားခြင်း၊ ဆရာတော်ကြီးများ ပြုစုတော်မူသော ကျမ်းမြတ်များကို စိတ်ဝင်တစား ဖတ်ရှုခြင်းတို့ ပြုရပေမည်။ တရားတော်များကို အစဉ်အမြဲ လေ့လာနှလုံးသွင်းလေ၊ ဓမ္မအပေါ် သက်ဝင်ယုံကြည်မှု ခိုင်မြဲလာလေလေ ဖြစ်ပါ၏။ ဓမ္မအပေါ်ထားရှိသော သဒ္ဓါတရား နှလုံးသားဝယ် ခိုင်ခိုင်မြဲမြဲ စွဲစွဲနစ်နစ် တည်ကိန်းလာလေ၊ ဓမ္မတရားတော်များကို သိရှိသည်ထက် သိရှိအောင် လေ့လာအားထုတ်လာလေပင် ဖြစ်ပါ၏။

ဤသို့ တရားနာကြားခြင်းပြုသည့်အခါ၌ ဖြစ်စေ၊ ဓမ္မစာပေ ဖတ်ရှု သည့်အခါ၌ ဖြစ်စေ၊ အနက်အဓိပ္ပာယ်တို့ကို ရှင်းရှင်းလင်းလင်း သဘော ပေါက်သည့် အခါတို့လည်း ရှိမည်။ ရှင်းရှင်းလင်းလင်း သဘောမပေါက် သည့် အခါတို့လည်း ရှိမည်။ အချို့ အချက်အလက်တို့ကို မိမိ သိရှိပြီး အချို့ အချက်အလက်တို့ကို မိမိ မသိရှိဘဲ ဖြစ်နေမည်။ ထိုသို့ သဘော မပေါက်သော၊ မသိသေးသော ဓမ္မရေးရာနှင့် စပ်လျဉ်းလျှင် ဆရာတော်ကြီး များထံ ချဉ်းကပ်၍ ဦးတည်မေးမြန်း လျှောက်ထားရမည်။ လောကီအသိ ပညာ၊ အတတ်ပညာတို့နှင့် စပ်လျဉ်းလျှင် မိမိထက် တတ်သိကျွမ်းကျင်မှု ရှိသော မိဘ၊ ဆရာသမား၊ အကြီးအကဲတို့ထံ မေးမြန်းမှတ်သားရပေမည်။

ဓမ္မပညာဖြစ်စေ၊ လောကီအသက်မွေးမှုဆိုင်ရာ ပညာရပ်တို့၌ ဖြစ် စေ မည်သူမျှ အလုံးစုံ ပြည့်စုံတတ်မြောက်ခြင်း မရှိနိုင်ပါ။ ပညာဟူသည် အစဉ်အမြဲ ဖြည့်ဆည်းနေရမည့် အရာသာ ဖြစ်ပါသည်။ အမြဲ ရှာစမ်း လေ့လာနေရမည့် အရာသာ ဖြစ်ပါ၏။ ဆည်းပူးလေ့လာခြင်း၊ ရှာစမ်းခြင်း ရပ်တန့်လိုက်သည်နှင့် မိမိ၏ အသိဉာဏ်ပညာလည်း ရပ်တန့်ချေတော့

မည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားက မသိသည်ကို သိအောင် စူးစမ်း လေ့လာခြင်းသည်လည်း ပညာရခြင်း အကြောင်းတစ်ပါးအဖြစ် ဟော တော်မူခဲ့ခြင်း ဖြစ်ပါ၏။

အလေ့အကျင့် ကင်းမဲ့ခြင်းသည် အတတ်ပညာ၏ ရန်သူဟု ဆိုကြ ပါသည်။ အသိပညာဖြစ်စေ၊ အတတ်ပညာဖြစ်စေ၊ မမေ့မလျော့သော သတိဖြင့် အမြဲမပြတ် လေ့လာနေ၊ ကြံတွေးနေ၊ ဆည်းပူးလေ့ကျင့်နေဖို့ လိုပါသည်။ သတိကင်းကွာလျက် နှလုံးသွင်းမှု၊ လေ့ကျင့်မှု မရှိသော် ပညာ မတိုးပွားရုံမျှမက သိထား၊ တတ်ထားသည်တို့ပင် အားပျော့မေးမှိန်တတ်ပါ သည်။

စင်စစ် သတိဟူသည် လောကီအကျိုးစီးပွားအတွက်ဖြစ်စေ၊ လောကုတ္တရာအကျိုးစီးပွားအတွက် ဖြစ်စေ 'ပို' သည်ဟူ၍ မရှိပါ။ အမြဲ လိုနေသော အရာသာ ဖြစ်ပါ၏။ အစဉ်သတိရှိခြင်းသည် အကျိုးစီးပွား ဟူသမျှကို ဖိတ်ခေါ်ကြိုဆိုပြီး သတိလက်လွတ်ခြင်းသည် အကျိုးစီးပွားမဲ့ မှုကို ဖန်တီးဖြစ်ပေါ်စေပါသည်။ ပညာကို အလိုရှိသော် ထာဝစဉ် သတိယှဉ်၍ ပညာရရာရကြောင်း ကောင်းစွာ အားထုတ်ကြိုးပမ်းရပေလိမ့် မည်။ ထို့ကြောင့်လည်း အာဠာဝက နတ်ဘီလူး၏ အမေးကို ပြန်လည် ဖြေဆိုတော်မူရာတွင် မြတ်စွာဘုရားက "မမေ့မလျော့ ပေါ့ဆမရှိ သတိ ရှိခြင်း" ကို ပညာရကြောင်း အကြောင်းတရားတစ်ပါးအဖြစ် ဟောကြား တော်မူခဲ့ခြင်း ဖြစ်ပါ၏။

လူတို့သည် ဘဝရပ်တည်ရှင်သန်ရေးအတွက် စီးပွားဥစ္စာများကို ရှာဖွေကြရသည်။ လူသားမှန်သမျှ မဖြစ်မနေ ထမ်းဆောင်ကြရသော တာဝန်ကြီးတစ်ရပ်ဟုလည်း ဆိုနိုင်ပါသည်။ လူသားတို့၏ အခြေခံလိုအပ် ချက်များဖြစ်သော စားရေး၊ ဝတ်ရေး၊ နေရေးသာမက လူမှုရေး၊ ကျန်းမာ ရေး၊ ပညာရေး စသော အရေးအရာ အဖြာဖြာကို ဆောင်ရွက်နိုင်ရန် ငွေကြေးဥစ္စာ လိုအပ်ပါသည်။ ထို့ကြောင့် သမ္မာအာဇီဝဘောင်ဝင်း အတွင်း မှ စီးပွားဥစ္စာရှာဖွေခြင်းကို မြတ်စွာဘုရားက အတိုင်းတာတစ်ခုအထိ အသိအမှတ် ပြုတော်မူခြင်း ဖြစ်ပါ၏။

ထိုသို့ စီးပွားဥစ္စာ ရှာဖွေကြရမှုချင်း တူညီစေကာမူ အချို့က

အောင်မြင်သော စီးပွားရေးသမားများဖြစ်ပြီး အချို့က မအောင်မြင်။ စီးပွားဥစ္စာ ချမ်းသာ ကြွယ်ဝခြင်းတွင်လည်း ချမ်းသာရခြင်း အကြောင်းအရင်းတို့ ရှိပါ၏။ အကြောင်းမဲ့ ကြီးပွားချမ်းသာခြင်း မဟုတ်ပါ။

အောင်မြင်သော စီးပွားရေးသမားတို့သည် အခြေအနေ၊ အချိန်အခါ၊ အခါအခွင့်ကို စောင့်ကြည့်လေ့လာ၏။ ခေတ်စနစ် အပြောင်းအလဲကို မည်သည့်အခါမျှ မျက်ခြည်ပြတ် မခံ။ ခေတ်စနစ် အပြောင်းအလဲကို မျက်ခြည်ပြတ်လျှင် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သော အချိန်တွင် ပြုသင့်ပြုထိုက်သည်တို့ကို အချိန်နှင့်တစ်ပြေးညီ မဆောင်ရွက်နိုင်။ စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည် အခြေအနေ အခါအခွင့်နှင့် လိုက်လျောညီထွေဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်၌လည်း တည်မှီပါ၏။ အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေ မဖြစ်သော စီးပွားရေးလုပ်ငန်းတစ်ခုကို မည်သို့ပင် ရင်းနှီးမြှုပ်နှံနေစေ၊ မည်သို့ပင် ကြိုးစားဆောင်ရွက်နေစေ အောင်မြင်မှုရလိမ့်မည် မဟုတ်ပါ။

ဥပမာအားဖြင့် ကားအို ကားဟောင်းများ ဖျက်သိမ်းနေချိန်တွင် ကားအပိုပစ္စည်းများ ရောင်းချမှုပြုနေလျှင် အောင်မြင်လိမ့်မည် မဟုတ်ပါ။ အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သော စီးပွားရေးလုပ်ငန်းတစ်ခုကို ဆောင်ရွက်သော် အောင်မြင်မှုရဖို့မှာ သေချာသလောက် ရှိပါလိမ့်မည်။

ဥပမာအားဖြင့် တစ်လလျှင် တယ်လီဖုန်း ဆင်းမ်ကတ်များ တစ်နိုင်ငံလုံးတွင် သုံးသိန်းခွဲ ရောင်းချနေချိန်တွင် ဟမ်းဆက်အရောင်းလုပ်ငန်းသည် အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေရှိသော လုပ်ငန်း ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် တစ်လလျှင် ဝယ်လိုအား သုံးသိန်းခွဲရှိသော ဈေးကွက်ကြီးအတွင်းသို့ အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ခဲ့ခြင်းကြောင့် ဖြစ်ပါ၏။

မိတ်ဆွေအပေါင်းအသင်း ဝင်ဆံ့များပြားခြင်းသည် စီးပွားဥစ္စာ ရှာဖွေရာတွင် ကောင်းစွာ အထောက်အပံ့ ပြုပါသည်။ မိတ်ဆွေအပေါင်းအသင်းတို့တွင် စီးပွားရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ စုံလင်သူတွေလည်း ရှိမည်။ အသိအမြင် ဗဟုသုတ ကြွယ်ဝသူတွေလည်း ရှိမည်။ မိမိ

အတွက် လိုအပ်သော အကူအညီ၊ အကြံဉာဏ်များကို မိတ်ဆွေအပေါင်းအသင်းတို့ထံမှ ရရှိနိုင်မည်။ ငွေကြေးလိုအပ်သည့် အခါတွင်လည်း မိတ်ဆွေတို့ထံမှ အကူအညီ ရရှိနိုင်သည်။

စီးပွားဥစ္စာ ရှာဖွေရာတွင် ပျင်းရိလေးတွဲ့နေ၍ မရ။ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေ၍ မရ။ ဝီရိယ ကင်းမဲ့နေသော် မည်သည့်လုပ်ငန်းမျှ မအောင်မြင်။ ငွေကြေး ရရာရကြောင်း ရှာဖွေမှု ပြုရာတွင် လုံ့လ ဝီရိယ ရှိရမည်။ နိုးနိုးကြားကြား ရှိရမည်။ တက်တက်ကြွကြွ ရှိရမည်။ အားသွန်ခွန်စိုက် ရှိရမည်။ ထို့ကြောင့်လည်း အာဠဝက နတ်ဘီလူးက အဘယ်သို့သော အခြင်းအရာအားဖြင့် အသက်မွေးဝမ်းကျောင်းဖြစ်သော စီးပွားဥစ္စာကို ရရာပါသနည်းဟူသော အမေးကို ဘုရားရှင်က "အခါအခွင့်ကို ချင့်၍ လုပ်သင့်သော အချိန်၌ လုပ်ထိုက်သော အလုပ်ကို ပြုလုပ်ခြင်း၊ အပေါင်းအသင်း ဝင်ဆံ့ခြင်း၊ နိုးနိုးကြားကြား ထထကြွကြွ ရှိခြင်း။ ဤလက္ခဏာ သုံးပါးသည် လောကီ၊ လောကုတ္တရာ ဥစ္စာရကြောင်း ကောင်းသော နည်းလမ်းများ ဖြစ်ပေ၏" ဟု ဖြေဆိုတော်မူခဲ့ခြင်းပင် ဖြစ်ပါ၏။

❒

## အာဠာဝကဘီလူး အမေး မြတ်ဗုဒ္ဓ အဖြေ (၄)

မေး။ ။ ဘုန်းတော်ကြီးလှသော အရှင်ဘုရား။ ချို၊ စပ်၊ ချဉ်၊ ဖန်၊ ခါး၊ အငန်ဟု ခြောက်တန်သော ဩဇာ အရသာ ခြောက်မျိုး ရှိပါ၏။ ယင်းခြောက်မျိုးအနက်တွင် အဘယ်အရသာ၊ အဘယ်ဩဇာသည် အကောင်းဆုံး ဖြစ်ပါသနည်း။

ဖြေ။ ။ အို... အာဠာဝက နာလော့။ အရသာအပေါင်းတို့တွင် မှန်သောစကားကို ဆိုခြင်းတည်းဟူသော "သစ္စာအရသာ" သည် အကောင်းဆုံး ဖြစ်ပေ၏။

မေး။ ။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ အသက်ရှည်မှု အစုစုဝယ် အဘယ်မည်သော အသက်ရှည်မှုကို အမြတ်ဆုံးသော အသက် ရှည်ခြင်းဟူ၍ ဆိုကြပါကုန်သနည်း။

ဖြေ။ ။ အို... အာဠာဝက နာလော့။ အသိအလိမ္မာ ဉာဏ်ပညာ ဖြင့် ခန္ဓာအစဉ် အသက်ရှင်ရခြင်းကို အမြတ်ဆုံး အသက်ရှင်ခြင်းဟူ၍ သူတော်ကောင်းတို့ ဆိုကြကုန်၏။

(သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့သော မေးခွန်းနှင့် ပြဿနာများ၊

(ဒဂုန်ဦးစန်းငွေ)၊ စာ-၇၇]

ဤလောကၐ် လူတစ်ဦးနှင့်တစ်ဦး ခလေ့စရိုက်ချင်း မတူ။ အကျင့် အမူချင်း မတူ။ အကျင့်စရိုက်ချင်း မတူသကဲ့သို့ အကြိုက်ချင်းလည်း မတူ။ အစားအစာ စားသောက်ရာတွင် 'ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ်၊ အငန်' ဟူ၍

ရသာခြောက်မျိုး ရှိပါသည်။ ထိုအရသာခြောက်မျိုးတို့အပေါ် လူတစ်ဦးနှင့် တစ်ဦး အကြိုက်ချင်း မတူကြပါ။ အချဉ်ကြိုက်သူတွေ ရှိသလို အချိုကြိုက်သူတွေလည်း ရှိသည်။ အဖန်၊ အခါးကို လုံးဝမကြိုက်သူတွေ ရှိသလို နှစ်သက်သူတွေလည်း ရှိသည်။ အစပ်အရသာကို မက်မက်စက်စက် ကြိုက်သူတွေရှိသလို စပ်သော အစားအစာကို လုံးဝမစားနိုင်သူတွေလည်း ရှိပါသည်။ အငန်အရသာကို ကြိုက်သူတွေရှိသလို မကြိုက်သူတွေ ရှိသည်။ ပင်ကို စရိုက်အရလည်းကောင်း၊ ခန္ဓာကိုယ်တွင်း ရသာခံအင်္ဂါ အစိတ်အပိုင်းတို့၏ လှုံ့ဆော်မှုအရလည်းကောင်း အရသာခြောက်မျိုးအပေါ် အကြိုက်ချင်း မတူညီကြပါ။ ထိုသို့ အကြိုက်ချင်း မတူညီသောကြောင့် အရသာခြောက်မျိုးတွင် မည်သည့်အရသာသည် အကောင်းဆုံး ဖြစ်ပါသနည်းဟူသော အမေးရှိပါက ထိုအမေးအပေါ်တွင် တူညီသော အဖြေ တစ်ခု ရနိုင်ဖို့ မရှိပါ။

ထို့ကြောင့် အာဠဝက နတ်ဘီလူးက အရသာခြောက်မျိုးတွင် မည်သည့်အရသာသည် အကောင်းဆုံး ဖြစ်ပါသနည်းဟူ၍ မြတ်စွာဘုရားထံ မေးမြန်းလျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။ အာဠဝက နတ်ဘီလူး၏ အမေးကို မြတ်စွာဘုရားက မှန်သောစကားကို ဆိုခြင်းတည်းဟူသော 'သစ္စာအရသာ' သည် အကောင်းဆုံး ဖြစ်၏ဟူ၍ ဖြေဆိုတော်မူခဲ့ပါသည်။ မည်သို့သော အကြောင်းကြောင့် သစ္စာအရသာသည် အကောင်းဆုံး အရသာ ဖြစ်ပါသနည်း။ ပုထုဇဉ်မျှသာဖြစ်သော ကျွန်တော်၏ ဉာဏ်မီသမျှ တွေးဆ ဆင်ခြင်ကြည့်မိပါသည်။

လူသည် လူမှုဆက်ဆံရေးသတ္တဝါ ဖြစ်ပါ၏။ လူ့အဖွဲ့အစည်းဝင် ဖြစ်သော လူသည် အခြားလူ့အဖွဲ့အစည်းဝင်များနှင့် နေ့စဉ်နှင့်အမျှ ထိတွေ့ ဆက်ဆံရသည်။ ထိုသို့ ထိတွေ့ရာ၌ ဝစီကံမှုနှင့်လည်း ဆက်ဆံရသည်။ ကာယကံမှုနှင့်လည်း ဆက်ဆံရသည်။ ပြောဆိုခြင်းဖြင့် ဆက်ဆံရသည် ဖြစ်စေ၊ ပြုမူဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရသည်ဖြစ်စေ၊ မှန်မှန်ကန်ကန် ဆက်ဆံပြောဆိုဖို့ လိုပါသည်။ တိတိကျကျ ပြောဆိုဆက်ဆံဖို့ လိုပါသည်။ ဝစီကံမှုသည် အမှန်တရားနှင့် ယှဉ်ပါမှ လူမှုဆက်ဆံရေး အဆင်ပြေ ချောမွေ့မည်။ ကာယကံမှုသည် အမှန်တရားနှင့် ယှဉ်ပါမှ လူမှုဆက်ဆံ

ရေး အဆင်ပြေ ချောမွေ့မည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ခင်မင်လေးစားခြင်း ရှိမည်။

လူအချင်းချင်း ဆက်ဆံရေး အဆင်ပြေ ချောမွေ့လျှင် လူ့အဖွဲ့အစည်း တည်ငြိမ်မည်၊ ငြိမ်းချမ်းမည်။ ဆက်ဆံရေး အဆင်မပြေလျှင် လူ့အဖွဲ့အစည်း မတည်ငြိမ်၊ မအေးချမ်း။ မှန်သော သစ္စာစကားက လူ့အဖွဲ့အစည်းကို တည်ငြိမ်အေးချမ်းစေပြီး လူ့လောကကို စောင့်ရှောက်၏။ လိမ်ညာပြောဆိုသော မုသားစကားက လူ့အဖွဲ့အစည်းကို ဆူပွက်လှုပ်ရှားစေပြီး လူ့လောကကို ဖျက်ဆီး၏။

သစ္စာတရား၌ တည်လိုသော် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံး တစ်ဖြောင့်တည်းကျဖို့ လိုပါသည်။ စိတ်ထဲကလည်း အမှန်အတိုင်း သိမည်။ နှုတ်ကလည်း စိတ်ထဲက ရှိသည့်အတိုင်း ပြောမည်။ ကိုယ်ကလည်း ပြောသည့်အတိုင်း လုပ်မည်ဆိုလျှင် ကံသုံးပါးစလုံး၌ သစ္စာနှင့်ယှဉ်သောသူ ဖြစ်မည်။ ကံသုံးပါးစလုံး၌ သစ္စာတရားနှင့် ယှဉ်သူသည် မွန်မြတ်သူ ဖြစ်၏။ လူ့အဖွဲ့အစည်းကို စောင့်ရှောက်သူ ဖြစ်၏။

တချို့သူများသည် ဆန္ဒာဂတိ၊ ဒေါသဂတိ၊ ဘယာဂတိ၊ မောဟဂတိဟူသော အဂတိတရားလေးပါး လိုက်စားလျက် အမှန်တရားကို ဖုံးကွယ်ဖို့ ကြိုးစား၏။ အမှန်တရားကို ကပြောင်းကပြန် လုပ်၏။ မူးတင်းပဲတင်း လုပ်၏။ လိုတိုး ပိုလျှော့ လုပ်၏။ လျစ်လျူရှု၏။ မျက်ကွယ်ပြု၏။ သူတို့၏ ကိုယ်ကျိုးစီးပွားအတွက်ဆိုလျှင် အမှန်တရားကို အမှောင်ချဖို့ ဝန်မလေး။ ချောင်ထိုးဖို့ ဝန်မလေး။ မဟုတ်မမှန်သော စကားကို ပြောဆိုဖို့ ဝန်မလေး။ မဟုတ်မမှန်တာတွေကို လုပ်ဆောင်ရှုက်ဖို့ ဝန်မလေး။ ဒီလို သစ္စာမဲ့သူတွေကြောင့် လူ့လောကတွင် မတရားမှုများ၊ မမျှတမှုများ၊ နိုင်ထက်စီးနင်းလုပ်မှုများ၊ ဗိုလ်ကျစိုးမိုးမှုများ၊ ရက်စက် ယုတ်မာမှုများ လွှမ်းမိုးထွန်းကားခဲ့ခြင်း ဖြစ်ပါ၏။ ပဋိပက္ခများ၊ ပြဿနာများ၊ ရန်လိုမုန်းတီးမှုများ၊ အငြိုးအာဃာတများ၊ ဖျက်ဆီးမှုများ၏ တရားခံ အစစ်အမှန်များမှာ အမှန်တရားကို သစ္စာဖောက်သော မုသာဝါဒီများသာ ဖြစ်ပါ၏။

စင်စစ် ဤလောက သာယာစိုပြည်ခြင်း၊ ငြိမ်းချမ်းတည်ငြိမ်ခြင်းမှာ အမှန်တရား လွတ်လပ်စွာ ရှင်သန်နိုင်ခြင်း ရှိ မရှိအပေါ် မူတည်ပါသည်။

အမှန်တရားကသာ လူ့အဖွဲ့အစည်းတွင် တရားမျှတမှု၊ ငြိမ်းချမ်းသာယာမှု၊ ချစ်ခင်ညီညွတ်မှုနှင့် ခိုင်မာကျစ်လျစ်မှုကို ဆောင်ကြဉ်းပေးနိုင်ပါမည်။ အမှန်တရား ပြည့်ပြည့်ဝဝ ထွန်းလင်းခြင်း မရှိသော လူ့အဖွဲ့အစည်းတွင် တရားမျှတမှု၊ ငြိမ်းချမ်းသာယာမှု၊ ချစ်ခင်ညီညွတ်မှုနှင့် ခိုင်မာကျစ်လျစ်မှုတို့ အားပျော့လျော့ရဲနေမည်သာ ဖြစ်ပါ၏။ သို့ဖြစ်၍ လူသားတိုင်းသည် အမှန်တရားကို သိရမည်၊ မြတ်နိုးရမည်။ အမှန်တရားကို ကိုယ်တိုင် ကျင့်သုံးရမည်။ အမှန်တရားကို တစ်ဆင့် ဖြန့်ဝေရမည်။ အမှန်တရားကို ချစ်မြတ်နိုးအောင် လှုံ့ဆော်ကြရမည်။ အမှန်တရားဘက်မှ ကာကွယ်ရမည်။ ကမ္ဘာကျော် ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် 'မာတင်လူသာကင်း' က

"မိမိလိပ်ပြာ ပင်ကိုအသိနှင့် ဆန့်ကျင်ပြုမူ လုပ်ဆောင်ခြင်းသည် မလုံခြုံရုံမက ပညာနှင့်ယှဉ်၍ လုပ်သည် မမည်ပါ။ ကျွန်ုပ် ဒီလိုပင် ရပ်တည်ပါမည်။ ကျွန်ုပ် အမှန်တရားမှ သွေဖည်၍ အခြားတစ်နည်း မလုပ်ဆောင်နိုင်ပါ" ဟု ပြောခဲ့ဖူးပါသည်။

စင်စစ် မှန်သောစကား (တစ်နည်းအားဖြင့်) သစ္စာဝါစာသည် ကုသိုလ်အရာတွင် အင်အားကောင်းပါသည်။ မဟုတ်မမှန် ပြောဆိုသော မုသာဝါဒစကားသည် အကုသိုလ်အရာတွင် အင်အားကောင်းပါသည်။ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ 'ဗုဒ္ဓဝင် အမေးအဖြေ' စာအုပ်၌–

"ဘုရားအလောင်းတော်အနေဖြင့် ငါးပါးသီလတွင် ပါဏာတိပါတ စသော သိက္ခာပုဒ်များကို အကြောင်းအားလျော်စွာ လွန်ကျူးနိုင်သော်လည်း မုသာဝါဒ သိက္ခာပုဒ်ကိုကား (သူတစ်ပါး အကျိုးပျက်လောက်အောင်) မည်သည့်အခါမျှ လွန်ကျူးခြင်းမရှိ" ဟူ၍ ရေးသားခဲ့ပါသည်။

မှန်သောစကားကို ဆိုခြင်းသည် အဘယ်မျှ အရေးကြီးကြောင်း ဤရေးသားချက်က သက်သေခံနေပါ၏။ လူ့ဘောင်လောက ငြိမ်းချမ်းသာယာရေးအတွက် ပဓာနကျသော အရာဖြစ်သောကြောင့် မြတ်စွာဘုရားက "မှန်သောစကားကို ဆိုခြင်းတည်းဟူသော သစ္စာအရသာသည် အကောင်းဆုံး ဖြစ်ပေ၏" ဟု မိန့်တော်မူခဲ့ခြင်း ဖြစ်ပါ၏။

လူတို့သည် သည်ဘဝတာတွင် အသက်ရှည်ရှည် နေလိုကြသည်။

လူကြီးမိဘ၊ ဆရာသမားတို့ကလည်း ‘အသက်ရှည်ရှည် နေရပါစေ’ ဟု ဆုပေးလေ့ရှိသည်။ ဇာတာရက်ချုပ်တွင်မူ ‘အသက် ၁၂၀ ရှည်ပါစေသော်’ ဟူ၍ ရေးသားတတ်ကြပါသည်။ ယေဘုယျအားဖြင့် အသက်ရှည်ခြင်းသည် လိုလားအပ်၊ တောင့်တအပ်သော အရာဟု ဆိုနိုင်ပါသည်။ သို့တစေ အသက်ရှည်ရှည်နေရတိုင်း ကောင်းပါ၏လော။

ဆယ်စုနှစ်ခြောက်ခု ဖြတ်သန်းခဲ့ပြီးသော အတွေ့အကြုံအရ လူအိုလူမင်းများစွာကို တွေ့ကြုံရဖူးပါသည်။ ထိုသို့သော အတွေ့အကြုံအရ ‘အသက်ရှည်ရှည် နေရခြင်း’ တစ်ခုတည်းဖြင့် မလုံလောက်။ စားဝတ်နေရေး၊ ကျန်းမာရေး၊ အသိဉာဏ်ပညာ စသော အချက်အလက်များပါ အထိုက်အလျောက် ပြည့်စုံဖို့လိုကြောင်း ကောက်ချက်ချမိပါသည်။

အချို့သက်ကြီးရွယ်အိုများခမျာ အိုမင်းမစွမ်းရှိချိန်တွင် အလုပ်လည်း မလုပ်နိုင်၊ စုဆောင်းထားသော ငွေကြေးဥစ္စာလည်း မရှိ။ သားသမီးတွေ၏ အထောက်အပံ့ဖြင့် ရှင်သန်ရပ်တည်ရရှာသည်။ သားသမီးတွေက စီးပွားရေး ပြည့်ပြည့်စုံစုံ ချောင်ချောင်လည်လည်ရှိလျှင် မိဘတို့အပေါ် မငြိုမငြင် ကျွေးထားနိုင်သည်။

သားသမီးတွေက စီးပွားရေးချို့တဲ့လျှင် မိဘတွေအပေါ် ငြိုငြင်တတ်ပါသည်။ သားသမီးတွေ၏ လုပ်စာကို ငြိုငြိုငြင်ငြင် စားသောက်နေရသည့်အထဲ နာတာရှည်ရောဂါတစ်ခု စွဲကပ်နေပြီဆိုလျှင် ‘အသက်ရှည်ခြင်း’ သည် ဝဋ်တစ်ခုသဖွယ် ခံစားနေရပေလိမ့်မည်။ ထိုသို့သော အခြေအနေမျိုးတွင် မိမိ၏စိတ်ထားကို သဘောထားကြီးကြီး၊ ဉာဏ်ကြီးကြီး၊ အမြော်အမြင်ကြီးကြီးဖြင့် နှလုံးသွင်းနိုင်လျှင် ကြုံရသော အခြေအနေပေါ်တွင် အကုသိုလ် မဖြစ်တော့။ ထိုသို့မဟုတ်ဘဲ သားသမီးတွေအပေါ်လည်း အပြစ်တင်၊ နာတာရှည်ဝေဒနာ ခံစားနေရသည့် မိမိအဖြစ်ကိုလည်း ယူကျုံးမရ ဖြစ်နေလျှင် အသက်ပင် ရှည်နေသော်လည်း အရှုံးကြီး ရှုံးပေလိမ့်မည်။

ဖြစ်နိုင်လျှင်မူ သားသမီးတွေ၏ အထောက်အပံ့ ကင်းကင်းဖြင့် ရပ်တည်နိုင်အောင် ကြိုးကြိုးစားစား ရှာဖွေစုဆောင်းထားသင့်သည်။ သို့မဟုတ်လျှင်လည်း အသက်ကြီးသည့်အထိ ဝင်ငွေရလမ်းတစ်ခု ရှိနေ

သင့်သည်။ မိမိသည် သားသမီးတွေ အပါအဝင် မည်သူတွေအတွက်မှ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော အသက်ရှည်ခြင်းမျိုးသာ နှစ်သက်လိုလား အပ်ပါသည်။ အသက်ရှည်လာသည်နှင့်အမျှ ပုတီးစိပ်ခြင်း၊ ဝိပဿနာ တရား ရှုမှတ်ပွားများခြင်း၊ ဓမ္မစာပေ ဖတ်ရှုလေ့လာခြင်းတို့ဖြင့် စိတ်တည်ငြိမ်အေးချမ်းမှုရအောင် နေထိုင်သင့်သည်။ အသက်ရှည် လာသည်နှင့်အမျှ စိတ်ရှည်ရှည်၊ သဘောထားကြီးကြီးဖြင့် နှလုံးသွင်း ကောင်းစွာ နေထိုင်မှသာ အသက်ရှည်ရကျိုး နပ်ပေလိမ့်မည်။

အသက်ရှည်လာလေ၊ အသိဉာဏ်ပညာ အမြော်အမြင် ကြီးမားလာ လေ၊ လောကဓံ၏ ဒဏ်ကိုလည်း တည်တည်ငြိမ်ငြိမ် ခံနိုင်လာလေ ဖြစ် သင့်ပါသည်။ ထို့ကြောင့်လည်း အာဠာဝက နတ်ဘီလူး၏ "အဘယ်မည် သော အသက်ရှည်မှုကို အမြတ်ဆုံးသော အသက်ရှည်ခြင်းဟု ဆိုပါ သနည်း" ဟူသောအမေးကို မြတ်စွာဘုရားက "အသိအလိမ္မာ ဉာဏ်ပညာ ဖြင့် ခန္ဓာအစဉ် အသက်ရှင်ရခြင်းကို အမြတ်ဆုံး အသက်ရှင်ခြင်းဟူ၍ သူတော်ကောင်းတို့ ဆိုကြကုန်၏" ဟူ၍ ဖြေကြားတော်မူခဲ့ခြင်း ဖြစ်ပါ၏။

□

# အာဠဝကဘီလူး အမေး မြတ်ဗုဒ္ဓ အဖြေ (၅)

မေး။ ။ အို... အရှင်ဂေါတမ၊ သံသရာ ဝဲဩဃသည် အပြောကျယ်၍ ရှည်လျားလှပါ၏။ ယင်းသံသရာ ဝဲဩဃကြီးကို လွန်မြောက်အောင် အဘယ်သို့သော အခြင်းအရာအားဖြင့် ကောင်းစွာ ကူးနိုင်ပါမည်နည်း။ လွန်မြောက်အောင် ကူးနည်း၊ နိဿရည်းကို ညွှန်ကြားတော်မူပါလော့။

ဖြေ။ ။ အို... အချင်း အာဠဝက၊ သံသရာ ဝဲဩဃကို သဒ္ဓါတရားဖြင့် လွန်မြောက်အောင် ကူးနိုင်၏။ သံသရာ ဝဲဩဃမှ လွတ်မြောက်အောင် ကူးလိုသူသည် လှေကိုလည်းကောင်း၊ ဖောင် သင်္ဘော စသည်ကိုလည်းကောင်း ရှာရန်မလို၊ သဒ္ဓါတရားနှင့် ပြည့်စုံရန်သာ လိုပေ၏။

မေး။ ။ အို... အရှင်ဂေါတမ၊ ဝဋ်ဆင်းရဲဟူသည်ကား သမုဒ္ဒရာကြီးနှင့် တူပေစွ။ ထိုဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာကြီးကို အဘယ်သို့သော အခြင်းအရာ၊ အဘယ်သို့သော နည်းအားဖြင့် လွတ်အောင် ကူးနိုင်ပါသနည်း။

ဖြေ။ ။ အို... အာဠဝက၊ ဆင်းရဲပြင်ကျယ် ရေပင်လယ်ကြီးကို မမေ့မလျော့ခြင်းဖြင့် လွတ်အောင် ကူးနိုင်၏။ ကုသိုလ်ပြုမှု၊ ကောင်းမှုပျော်မွေ့ခြင်းသည် မမေ့လျော့သည် မည်၏။ ယင်းသို့ မေ့လျော့ခြင်းမရှိ၊ ကုသိုလ်ကောင်းမှုတို့ကို တတ်နိုင်သလောက် ပြုခြင်းသည် ဆင်းရဲဝဋ်က လွတ်မြောက်အောင် ကူးသည်ပင် မည်၏။

မေး။ ။ အရှင်ဂေါတမ၊ အဘယ်မည်သော အကြောင်းဖြင့် ဆင်းရဲအပေါင်းမှ လွတ်နိုင်ပါသနည်း။ ဆင်းရဲခြင်း ခရီးတာကား ဆုံးစမရှိ၊ ရှည်လျားလွန်းလှပါဘိသည်။ လွတ်နိုင်မည့် နည်းလမ်းကို ညွှန်ကြားတော်မူပါ

လော့။

ဖြေ။ ။ အို… အာဠာဝက၊ ကြိုးစားအားထုတ်ခြင်း ဝီရိယသည် ဆင်းရဲအကြောင်းမှ လွတ်မြောက်ကြောင်းပေတည်း။ ဝီရိယဆောင်က မအောင်မြင်သော အရာဟူ၍ မရှိသည်ကို သင် သိလော့။

(သုတ္တနိပါတ်၊ အာဠာဝကသုတ်)

[ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့သော မေးခွန်းနှင့် ပြဿနာများ၊ (ဒဂုန်ဦးစန်းငွေ)၊ စာ-၄၈-၄၉]

ပုထုဇဉ်လူသားမှန်သမျှ သံသရာခရီးသည်ချည်းသာ ဖြစ်ပါသည်။ အစမထင်ခဲ့သော သံသရာတစ်လျှောက် မရေမတွက်နိုင်သော ဘဝပေါင်းများစွာကို ကျင်လည်ဖြတ်သန်းခဲ့ရပါသည်။ ထိုသို့ ကျင်လည်ဖြတ်သန်းခဲ့ရာတွင် လူ့ဘုံ၊ နတ်ဘုံ၊ ငရဲ၊ တိရစ္ဆာန်ဘုံ စသည့်ဘုံတို့တွင် လူးလာစုန်ဆန် အဖန်ဖန် ကျင်လည်ခဲ့ရပေသည်။

ယခု ပစ္စုပ္ပန်ဘဝတွင် လူအဖြစ် မွေးဖွားရှင်သန်ခဲ့ပြီး နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်သေးသမျှ ကာလပတ်လုံး တမလွန်တွင်လည်း ဘုံဘဝ အထွေထွေသို့ ကျရောက်ကာ ဘဝပေါင်းများစွာကို ကျင်လည်ရပေဦးမည်။ ကိလေသာ အာသဝေါတရားတို့ အကြွင်းမဲ့ မကင်းစင်သေးသမျှ၊ တရားထူးကို ကိုယ်တွေ့ မသိမမြင်သေးသမျှ၊ ဉာဏ်အလင်းရောင်ကို မရသေးသမျှ သံသရာစက်ရဟတ် မပြတ်အစဉ် လည်မြဲလည်နေဦးမည်သာ ဖြစ်ပါ၏။ ကရွတ်ကင်းလျှောက်ပမာ သံသရာတစ်ခွင် ချာချာလည်နေဦးမည်သာ ဖြစ်ပါ၏။

ပုထုဇဉ်တို့အဖို့ သံသရာဟူသည် အနှိုင်းမရှိ ရှည်လျားလှပါ၏။ အနှိုင်းမရှိ ကျယ်ပြောလှပါ၏။ ပုထုဇဉ် ဖြစ်နေသေးသမျှ ကာလပတ်လုံး သံသရာခရီးသည် အဆုံးမရှိပေ။ သံသရာ၏ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းသည် မဟာသမုဒ္ဒရာ၏ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းထက်ပင် အဆပေါင်းအနန္တ ကျယ်ဝန်းလှပါ၏။

ဗုဒ္ဓဓမ္မအရဆိုသော် သံသရာကျင်လည်နေသေးသမျှ၊ ရုပ်နာမ်ခန္ဓာ ရှိနေသေးသမျှ ဆင်းရဲဒုက္ခတွေနှင့် ကြုံတွေ့နေရဦးမည်သာ ဖြစ်ပါသည်။ ရုပ်ရှိနေသောကြောင့် ရုပ်အပေါ် အမှီပြုသော 'ရုပ်ဝေဒနာ' ခံစားရသည်။

စိတ်ရှိနေသောကြောင့် စိတ်အပေါ် အမှီပြုသော 'စိတ်ဝေဒနာ' ခံစားရသည်။ ထို့ပြင် လူသည် ရှာဖွေရခြင်းဟူသော ပရိယေသနဒုက္ခနှင့် စောင့်ရှောက်ထိန်းသိမ်းရခြင်း ဟူသော အာရက္ခဒုက္ခ နှစ်ထွေကိုလည်း ရှောင်လွှဲ၍ မရနိုင်ပေ။ နေ့စဉ်နှင့်အမျှ စားဝတ်နေရေး လိုအပ်ချက်တို့ကို ဖြည့်ဆည်းနိုင်ဖို့အတွက် ငွေကြေး ဥစ္စာတို့ကို ပင်ပန်းကြီးစွာ ရှာဖွေရသည်။ အချို့ဆိုလျှင် အပြစ်မကင်းသော မိစ္ဆာအာဇီဝမှုဖြင့် ရှာဖွေကြရသည်။ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းဖြင့် သက်စွန့်ဆံဖျား ရှာဖွေကြရသူများလည်း ရှိပါသည်။ ရှာဖွေရရှိထားသော ရွှေငွေ ရတနာ၊ ဥစ္စာပစ္စည်း အစုစုကို မပျောက်ပျက်အောင် လုံလုံခြုံခြုံ စောင့်ရှောက်ထိန်းသိမ်းရပြန်ပါသည်။ သူခိုး၊ ဓားပြ၊ လူလိမ်လူကောက်တို့၏ ဘေးရန်၊ ရေဘေး၊ မီးဘေး၊ မုန်တိုင်းဘေးတို့၏ အန္တရာယ် အသွယ်သွယ်မှ လွတ်ကင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရပါသည်။ မုန်တိုင်းထန်စဉ် ပစ္စည်းဥစ္စာတို့ကို မစွန့်ပစ်ရက်သောကြောင့် တွယ်ဖက်ရင်း အသက်စွန့်သွားရသူတွေလည်း ရှိပါ၏။ ထိုသို့ စောင့်ရှောက်ပါလျက်နှင့် ကံမကောင်း အကြောင်းမလှစွာ မိမိပိုင်ဆိုင်သော ရွှေငွေရတနာ၊ နေအိမ်တိုက်တာများသည် ရန်သူမျိုး ငါးပါးကြောင့် ပျက်စီးခြင်းမျိုးနှင့်လည်း ကြုံရတတ်ပါသည်။

ပုထုဇဉ် သက်ရှိသတ္တဝါတို့ကို အမြဲနှိပ်စက်နေသော အရာသုံးခု ရှိပါသေးသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ပင် ဖြစ်ပါသည်။ အို၊ နာ၊ သေ ဟူသော ဘေးကြီးသုံးပါးမှ မည်သူတစ်ဦးတစ်ယောက်မှ ရုန်းမထွက်နိုင်ပါ။ အမှန်တော့ ရုပ်နာမ်ခန္ဓာဟူသည် အို၊ နာ၊ သေဘေးတို့၏ စားကျက်လွင်ပြင်သာ ဖြစ်ပါ၏။

ရုပ်နာမ်ခန္ဓာရှိသော သတ္တဝါတိုင်းတွင် လိုချင်တပ်မက်သောကြောင့် ပူလောင်ခြင်းဟူသော လောဘမီး၊ စိတ်ဆိုး အမျက်ထွက်သောကြောင့် ပူလောင်ခြင်းဟူသော ဒေါသမီး၊ အမှန်ကို မသိမြင်သောကြောင့် ပူလောင်ခြင်းဟူသော မောဟမီး၊ ဘဝအသစ်၌ ဖြစ်ရသောကြောင့် ပူလောင်ခြင်းဟူသော ဇာတိမီး၊ အိုမင်းသောကြောင့် ပူလောင်ခြင်းဟူသော ဇရာမီး၊ သေဆုံးသောကြောင့် ပူလောင်ခြင်းဟူသော မရဏမီး၊ စိုးရိမ်ကြောင့်ကြသောကြောင့် ပူလောင်ခြင်းဟူသော သောကမီး၊ ငိုကြွေးရသောကြောင့် ပူလောင်

ခြင်းဟူသော ပရိဒေဝမီး၊ ဒုက္ခဆင်းရဲကြောင့် ပူလောင်ခြင်းဟူသော ဒုက္ခမီး၊ စိတ်ကိုမှီ၍ မသာယာသောကြောင့် ပူလောင်ခြင်းဟူသော ဒေါမနဿမီး၊ စိတ်ပင်ပန်းဆင်းရဲသောကြောင့် ပူလောင်ခြင်းဟူသော ဥပါယာသမီးဟူသော မီးတစ်ဆယ့်တစ်မီးနှင့် မလွတ်ကင်းပေ။ မီးတစ်ဆယ့်တစ်မီး မငြိမ်းသေးသမျှ ကာလပတ်လုံး ပုထုဇဉ်မှန်သမျှ စက်ဝန်းပမာ၊ ကရွတ်ကင်းလျှောက်ပမာ မဆုံးနိုင်သော သံသရာ ဝဲသြဃအတွင်း ဝဲလည်နေမည်သာ ဖြစ်ပါသည်။

အထက်ပါ သုတ္တနိပါတ်၊ အာဠဝကသုတ်တွင် အာဠဝကဘီလူးက မြတ်စွာဘုရားရှင်ထံ သံသရာ ဝဲသြဃမှ လွတ်မြောက်နိုင်မည့် နည်းလမ်း၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မည့် နည်းလမ်းတို့ကို မေးမြန်းလျှောက်ထားခဲ့ပါသည်။

မြတ်စွာဘုရားက အာဠဝကဘီလူး၏ ပထမမေးခွန်းကို "အချင်းအာဠဝက၊ သံသရာ ဝဲသြဃကို သဒ္ဓါတရားဖြင့် လွန်မြောက်အောင် ကူးနိုင်၏" ဟု ဖြေဆိုတော်မူခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင် အတော်များများက အလှူကြီး အတန်းကြီး ပေးသူကိုသာ သဒ္ဓါတရားရှိသူဟု ယူဆပြောဆိုတတ်ကြပါသည်။ အမှန်တော့ သဒ္ဓါတရား ဟူသည်မှာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ တည်းဟူသော ရတနာသုံးပါးအပေါ် ၎င်းစိတ်ကျောက်ချသည့်ပမာ ခိုင်ခိုင်မြဲမြဲ စွဲစွဲနစ်နစ် ယုံကြည်သက်ဝင်ခြင်းကို ဆိုလိုပါသည်။ ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက–

"မြန်မာတွေက အလှူဒါန ကြီးကြီးကျယ်ကျယ် ပေးလှူမှ သဒ္ဓါတရားရှိတယ်လို့ ယူဆကြတယ်။ ရတနာသုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်တာကို သဒ္ဓါတရားရှိသူလို့ ဆိုရပါတယ်" ဟု မိန့်တော်မူခဲ့ပါသည်။ မြတ်စွာဘုရားက ဆင်းရဲခြင်းသည် အမှန်တရားဖြစ်ကြောင်း (ဒုက္ခသစ္စာ)၊ သမုဒယတဏှာသည် ဒုက္ခဖြစ်ပေါ်ရာ မူလအကြောင်းတရားဖြစ်ကြောင်း (သမုဒယသစ္စာ)၊ ဒုက္ခမှသော်လည်းကောင်း၊ သံသရာမှသော်လည်းကောင်း လွတ်မြောက်အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ရှိကြောင်း (နိရောဓသစ္စာ)၊ ဒုက္ခချုပ်ငြိမ်းရာ လမ်းကြောင်း အမှန်ကို ညွှန်ပြသော မဂ္ဂင်ရှစ်ပါး အကျင့်မြတ်လမ်းစဉ်ရှိကြောင်း (အရိယသစ္စာ) ဟောဖော်

ညွှန်ပြတော်မူခဲ့ပါ၏။ မြတ်စွာဘုရားသည် သတ္တဝါဝေနေယျတို့အား သံသရာ ဝဋ်ဆင်းရဲကြီးမှ လွတ်မြောက်အောင် လမ်းညွှန်တော်မူသော အနှိုင်းမဲ့ ဆရာတစ်ဆူ ဖြစ်ပါ၏။ ဗုဒ္ဓဓမ္မ၏ ပန်းတိုင်၊ သို့မဟုတ် အဆုံးစွန်သော ရည်မှန်းချက်မှာ သံသရာလည်စေသော တဏှာကို နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သော ပညာဖြင့် ပိုင်းဖြတ်နိုင်ရေး ဖြစ်ပါ၏။ သံဃာတော် အရှင်မြတ်များသည် မြတ်စွာဘုရား၏ တရားဓမ္မများကို ထိန်းသိမ်းစောင့်ရှောက် ပြန်လည်ဟောပြော ပို့ချတော်မူသော ကျေးဇူးရှင်များ ဖြစ်ပါသည်။

သို့ဖြစ်၍ မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် လမ်းညွှန်တော်မူသော ဆရာတစ်ဆူဖြစ်ကြောင်း၊ ဗုဒ္ဓဓမ္မသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေသော ဓမ္မများဖြစ်ကြောင်း၊ ရဟန်းသံဃာတော်များသည် သံသရာမှထွက်ကြောင်း ဝိပဿနာအကျင့်မြတ်ကို လက်တွေ့သင်ကြားပြသနိုင်သော ဆရာဖြစ်ကြောင်းကို ခိုင်ခိုင်မြဲမြဲ ယုံကြည်ဖို့ လိုပါသည်။ မည်သည့်အကြောင်းနှင့်မျှ ဤသဒ္ဓါတရားကို အထိအပါး အပျက်အယွင်း မခံသင့်ပါ။

ဤရတနာသုံးပါးအပေါ် ယုံကြည်မှုသဒ္ဓါတရား အားနည်းလျှင် မည်သည့်နည်းနှင့်မျှ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာလမ်းကြောင်း အမှန်သို့ ရောက်ရှိနိုင်မည် မဟုတ်ပါချေ။

မြတ်စွာဘုရားက အာဠဝကဘီလူး၏ ဒုတိယမေးခွန်းကို "အို အာဠဝက၊ ဆင်းရဲခြင်း ပြင်ကျယ် ရေပင်လယ်ကြီးကို မမေ့မလျော့ခြင်းဖြင့် လွတ်အောင် ကူးနိုင်၏" ဟု ဖြေဆိုတော်မူခဲ့ပါသည်။ စင်စစ် မမေ့မလျော့ခြင်းဟူသည်မှာ အပ္ပမာဒဟူသော သတိတရားနှင့် နေခြင်းပင် ဖြစ်ပါ၏။ သတိဟူသည် ဒါန၊ သီလ၊ သမာဓိ၊ ပညာဟူသော ဗုဒ္ဓဘာသာ၏ ကျင့်စဉ်ကြီးများကို မိမိစိတ်အစဉ်၌ အမြဲမပြတ် ထင်ဟပ်နေအောင် စေ့ဆော်တွန်းအားပေးနေသော အရာသာ ဖြစ်ပါသည်။ ဆိုရသော် ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းသည် 'သတိ' ဖြစ်ပါ၏။ ကျေးဇူးရှင် လယ်တီဆရာတော်ကြီးက–

"သတိဆိုသည်မှာ ကောင်းမြတ်သော အရာတို့၌ မမေ့မလျော့

မပျောက်မကွယ်နိုင်ရန် အဖန်ဖန် အာဂုံပြန်ခြင်းတည်း" ဟူ၍ မိန့်တော်မူခဲ့ပါ၏။ သတိဟူသည် စိတ်၏အစောင့်အရှောက်ပင်ဖြစ်ရာ သတိရှိမှသာ ပညာ၏ အကူအညီကို ရယူလျက် အကောင်းနှင့် အဆိုး၊ အကျိုးနှင့် အပြစ်၊ ကုသိုလ်နှင့် အကုသိုလ်ကို ကွဲကွဲပြားပြား ခွဲခြားနိုင်ပါသည်။ ဒေသနာတော်တစ်ခုတွင် မြတ်စွာဘုရားက "အပ္ပမာဒေါ- ဒါန၊ သီလ၊ သမာဓိ၊ ပညာဆိုသော ကုသိုလ်တရားတို့၌ မမေ့မလျော့ မပေါ့မတန် ထက်သန်သောသတိတရားနှင့် နေခြင်းသည်၊ အမတံ–သေခြင်းကင်းရာဖြစ်သော၊ ပဒံ–နိဗ္ဗာန်၏ အကြောင်းတရားပေတည်း" ဟူ၍ ဟောတော်မူခဲ့ပါ၏။

မြတ်စွာဘုရားက အာဠာဝကဘီလူး၏ တတိယမေးခွန်းကို "အိုအာဠာဝက၊ ကြိုးစားအားထုတ်ခြင်း ဝီရိယသည် ဆင်းရဲအကြောင်းမှ လွတ်မြောက်ကြောင်းပေတည်း" ဟူ၍ ဟောတော်မူခဲ့ပါသည်။ ဤလူ့ဘုံသည် လုံ့လဝီရိယဘုံသာ ဖြစ်ပါ၏။ လောကီအကျိုးစီးပွားအတွက် ဖြစ်စေ၊ လောကုတ္တရာ အကျိုးစီးပွားအတွက်ဖြစ်စေ ဝီရိယဆောင်မှသာ အောင်မြင်နိုင်ပါသည်။ ဝီရိယမဆောင်ပါက မည်သည့်အရာမျှ မအောင်မြင်နိုင်ပါ။ သို့ရာတွင် ဝီရိယဟူရာ၌ ဝီရိယကောင်းရှိသလို ဝီရိယဆိုးလည်း ရှိပါ၏။ အကုသိုလ် ဒုစရိုက်မှုတို့တွင် အားစိုက်ကြိုးပမ်းခြင်းဟူသမျှသည် ဝီရိယဆိုးဖြစ်ပါ၏။ ဝီရိယကောင်းတို့မည်သည် (၁) မဖြစ်သေးသော ကုသိုလ်တွေဖြစ်လာအောင်၊ (၂) ဖြစ်ပြီးသား ကုသိုလ်တရားတွေ တိုးပွားစည်ပင်လာအောင်၊ (၃) မဖြစ်သေးသော အကုသိုလ်တွေ မဖြစ်ရလေအောင်၊ (၄) ဖြစ်ပြီးသား အကုသိုလ်တွေ ထပ်မံ မဖြစ်အောင် အားထုတ်ကြိုးပမ်းခြင်းပင်ဖြစ်ပါသည်။ ဤဝီရိယမျိုးသည်သာ နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သော ဝီရိယမျိုးဖြစ်ပါ၏။

သံသရာဝဋ်ဆင်းရဲကြီးမှ အမှန်တကယ် လွတ်မြောက်လိုသော် မြတ်ဗုဒ္ဓ လမ်းညွှန်တော်မူသော ဝိပဿနာ ဘာဝနာ ပွားများအားထုတ်ခြင်းကို အရိုးကြေကြေ အရေခန်းခန်းဟူသော အဓိဋ္ဌာန်ဖြင့်ပြီးသော လုံ့လ ဝီရိယပြင်းပြင်းဖြင့် တရစပ် ရှုမှတ်ပွားများ အားထုတ်ရပေလိမ့်မည်။

□

# မြတ်ဗုဒ္ဓနှင့် ကောသလမင်းကြီး

အခါတစ်ပါး၌ ကောသလမင်းကြီးသည် မြတ်စွာဘုရားထံ ဆည်းကပ် နေစဉ် နိဂဏ္ဌာတက္ကတွန်းများ မနီးမဝေး၌ ဖြတ်သွားကြသည်ကို မြင်သဖြင့် ထိုတက္ကတွန်းတို့ကို ညွှန်ပြလျက် ထိုပုဂ္ဂိုလ်များသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် ပါဝင်ကြပါသည်ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက မင်းကြီး၊ အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေလျက် ကာမဂုဏ်စည်းစိမ်ကို ခံစားလေ့ရှိသော သင်သည် ဤပုဂ္ဂိုလ်တို့သည် ရဟန္တာ ဖြစ်ကုန်၏။ ဤပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်သို့ ရောက်ကုန်၏ဟူသော အကြောင်းကို သိနိုင်ခဲသည်သာတည်း။

၁။ ဒကာတော်မင်းမြတ်၊ အကျင့်သီလ (ရှိ၊ မရှိ) ကို ပေါင်းသင်း ဆက်ဆံခြင်းအားဖြင့် သိရသည်။ ယင်းကိုလည်း ကြာမြင့်စွာ ပေါင်းသင်းမှ သိသည်။ ခဏခေတ္တ ပေါင်းသင်းရုံဖြင့် မသိနိုင်။ သတိထားမှ သိသည်၊ သတိမထားလျှင် မသိနိုင်။ ပညာရှိမှ သိသည်၊ ပညာမရှိလျှင် မသိနိုင်။

၂။ ဒကာတော်မင်းမြတ်၊ သန့်ရှင်းမှု (ရှိ၊ မရှိ) ကို စကားပြောကြည့်မှ သိရသည်။ ယင်းကိုလည်း ကြာကြာပြောကြည့်မှ သိသည်။ ခေတ္တခဏမျှ ပြောရုံဖြင့် မသိနိုင်။ ပညာရှိမှ သိသည်၊ ပညာမရှိလျှင် မသိနိုင်။

၃။ ဒကာတော်မင်းမြတ်၊ စွမ်းရည် (ရှိ၊ မရှိ) ကို ဘေးရန်ကြုံမှ သိသည်။ ယင်းကိုလည်း ကြာကြာဘေးရန်တွေ့မှ သိသည်။ တစ်ခဏမျှ ဘေးတွေ့ရုံဖြင့် မသိနိုင်။ သတိထားမှ သိသည်၊ သတိမထားလျှင် မသိနိုင်။ ပညာရှိမှ သိသည်၊ ပညာမရှိလျှင် မသိနိုင်။

၄။ ဒကာတော်မင်းမြတ်၊ ပညာ (ရှိ၊ မရှိ) ကို ဆွေးနွေးမှ သိရသည်။ ယင်းကိုလည်း ကြာကြာဆွေးနွေးမှ သိသည်။ ခဏဆွေးနွေးရုံဖြင့် မသိနိုင်။ သတိထားမှ သိသည်၊ သတိမထားလျှင် မသိနိုင်။ ပညာရှိမှ သိသည်၊ ပညာမရှိလျှင် မသိနိုင်။

အပေါ်ယံ အသွင်အပြင်အားဖြင့် လူကို (လူကောင်း ဟုတ်၊ မဟုတ်) သိလွယ်သည် မဟုတ်ချေ။ ခဏမျှတွေ့ရုံဖြင့် အကျွမ်းမဝင်ရာ။ ကိုယ် နှုတ် နှလုံး မစောင့်စည်းသော သူတို့သည် စောင့်စည်းသည့် သွင်ပြင်ဟန်ပန်လုပ်ကာ လောက၌ ကျက်စားနေကြလေသည်။

ရွှံ့ကိုလုပ်ထားသော နားတောင်းကဲ့သို့လည်းကောင်း၊ ရွှေရည်ပွတ်ထားသော နှစ်ပြားတန် ကြေးနားတောင်းကဲ့သို့လည်းကောင်း၊ အတွင်းက မစင်ကြယ်ဘဲ ဂုဏ်ပကာသန အခြံအရံ အဆောင်အယောင်တို့ဖြင့် ဖုံးအုပ်ကာ အပေါ်ယံ အပြင်ပန်းအားဖြင့် တင့်တယ်ကြသောသူတို့သည် လောက၌ ကျက်စားနေကြလေသည်။

(သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ ၃-ကောသလသံယုတ်၊ သတ္တဇဋိလသုတ်)

[ဗုဒ္ဓ၏ ဩဝါဒအမြုတေ၊ (ဒဂုန်ဦးထွန်းမြင့်)၊ စာ-၆၉/၇၀]

အထက်ပါ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ ကောသလသံယုတ်ကို ဖတ်ရှုပြီးနောက် ကျွန်တော် ဉာဏ်မီသမျှ စဉ်းစားဆင်ခြင်မိသော အချက်တို့ကို ပြောပြချင်ပါသည်။ ကောသလမင်းကြီးက မနီးမဝေး၌ ဖြတ်သွားနေသော နိဂဏ္ဌာတက္ကတွန်းများထဲတွင် ရဟန္တာပုဂ္ဂိုလ်တို့ ပါဝင်သည်ဟု လျှောက်ထားရာ ဘုရားရှင်က ကာမဂုဏ်စည်းစိမ်ကို ခံစားလေ့ရှိသော သင်သည် သူတစ်ပါးတို့အပေါ် ရဟန္တာဖြစ်ကုန်၏ ဟူသော အကြောင်းကို သိနိုင်ခဲ့သည်ဟု ပြန်လည်မိန့်မြွက်တော်မူခဲ့ပါသည်။ အထက်ပါ ဘုရားရှင်၏ မိန့်တော်မူချက်ကို မည်သည့်ဆရာတော်ကြီးက ရဟန်းကိစ္စပြီးပြီ၊ မည်သည့်ဆရာတော်က ရဟန်းကိစ္စ မပြီးသေးဟု မိမိ၏အထင်ဖြင့် ဆုံးဖြတ်ပြောဆိုလေ့ ရှိသူများအနေဖြင့် အလေးအနက် နှလုံးသွင်း သိမှတ်သင့်သည်ဟု ထင်မြင်ယူဆမိပါသည်။ အမှန်စင်စစ်တွင် ကောသလမင်းကြီး ညွှန်ပြပြောဆိုသော နိဂဏ္ဌာတက္ကတွန်းများတွင် ရဟန္တာ မပါလေပါ။ ပုထုဇဉ်တို့၌ ပုဂ္ဂိုလ်တစ်ဦးဦးကို ရဟန္တာ ဖြစ်နေပြီ။

အရဟတ္တမဂ်သို့ ဆိုက်ရောက်နေပြီဟု ထင်မြင်သုံးသပ်နိုင်သော အရည်အချင်း မရှိလေပါ။ ထိုသို့ သိနိုင်စွမ်း မရှိပါလျက် မိမိ၏ အတ္တနောမတိမှုဖြင့် မိမိကြည်ညိုသော ပုဂ္ဂိုလ်ကို ရဟန္တာဟု ထင်မှတ်ပြောဆိုတတ်ကြ၏။ စင်စစ် ပုထုဇဉ်မျှသာဖြစ်သော လူဝတ်ကြောင်တစ်ဦးအနေဖြင့် ရဟန်းတစ်ပါးကို ရဟန္တာဟု ဆုံးဖြတ်ပြောဆိုခြင်း၊ (သို့မဟုတ်) ရဟန္တာမဟုတ်ဟု ဆုံးဖြတ်ပြောဆိုခြင်းသည် အင်မတန် တာဝန်ကြီးလေးလှသော အမှုကို ပြုခြင်းသာ ဖြစ်ပါ၏။ ရဟန်းတော်များအပေါ် ရဟန္တာ ဟုတ်၏၊ မဟုတ်၏ ဆုံးဖြတ်နိုင်သော ပညာလည်း ပုထုဇဉ်၌ မရှိပါချေ။ ဤတွင် ရဟန္တာနှင့် ပတ်သက်၍ မင်းကွန်းဆရာတော်ကြီး အမေးနှင့် မန်လည်ဆရာတော်ကြီး အဖြေမှာ ဆင်ခြင်မှတ်သားဖွယ် ကောင်းလှသောကြောင့် တင်ပြအပ်ပါသည်။

မင်းကွန်းဆရာတော်ကြီးက–

"နှစ်ဦးသားဗာလတို့ မိုက်ကြသည့်အနေ၊
တစ်ဦးသားဗာလက ရဟန္တာ ကေနွကို
ဤသူလျှင် ဒုဿီလဟု မြွက်ဟာတုံပေ။
တစ်ဦးမှာ ဒုဿီလကို ရဟန္တာ ကေနွဟု
ခွန်းနှုတ်က ဖွင့်ချေသည်၊ ဆိုပုံလေလွန်ရိုင်း
နှစ်ပါးစုံ ထိုက်ညစ်တွင်
အပြစ်ကယ် ဘယ်က လေးတယ်၊ မေး၏ ချင့်နှိုင်း" ဟူ၍ အမေးပြုတော်မူပါသည်။ ထိုအမေးကို မန်လည်ဆရာတော်ကြီးက ဤသို့ ပြန်လည်ဖြေဆိုတော်မူခဲ့ပါ၏။

"နှစ်ဦးသားဗာလတို့ မိုက်ကြသည့်အနေ
တစ်ဦးသားဗာလက ရဟန္တာ ကေနွကို
ဤသူလျှင် ဒုဿီလဟု မြွက်ဟာတုံပေ။
တစ်ဦးမှာ ဒုဿီလကို ရဟန္တာ ကေနွဟု
ခွန်းနှုတ်က ဖွင့်ချေသည်၊ ဆိုလေပုံလွန်ရိုင်း
နှစ်ပါးစုံ ထိုက်ညစ်မှာ
အပြစ်ကယ် အတူရှိတယ်၊ ဖြေ၏ မှန်တိုင်း။"

ရဟန္တာကို ရဟန္တာမဟုတ်ဟုလည်းကောင်း၊ ရဟန္တာမဟုတ်သူကို ရဟန္တာဟုလည်းကောင်း အကဲဖြတ် ပြောဆိုမိလျှင် အင်မတန် အပြစ်ကြီး လေးလှကြောင်း သတိထင်ထင် ဆင်ခြင်သိမှတ်သင့်ပါသည်။ မိမိ၏ ပုထုဇဉ်အသိဉာဏ် တစ်ထွာတစ်မိုက်မျှဖြင့် မိမိ ရင်းနှီးကျွမ်းဝင် ကြည်ညို သော ဆရာတော်အား 'ရဟန္တာ' ဟု သမုတ်ခြင်း မပြုအပ်ပေ။ ကျွန်တော် ကမူ ဝိနည်းတော်နှင့်အညီ နေထိုင်ကျင့်ကြံပြီး ဂန္ထဓူရနှင့် ဝိပဿနာဓူရ ဟူသော သာသနာ့တာဝန် နှစ်ဖြာအနက် တစ်ခုခုကို ဖြစ်စေ၊ နှစ်ခုစလုံးကို ဖြစ်စေ ထမ်းဆောင်နေသော သံဃာတော် အရှင်သူမြတ်များကို ရဟန္တာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကြည်ညိုသည်ချည်းသာ ဖြစ်ပါ၏။

မြတ်စွာဘုရားက ကောသလမင်းကြီးကို ဆက်လက်မိန့်တော်မူ ချက်များသည် လူ့အဖွဲ့အစည်းဝင်အချင်းချင်း ပေါင်းသင်းဆက်ဆံရေးတွင် သတိထားရမည့် အချက်များကို မီးမောင်းထိုးပြထားခြင်းပင် ဖြစ်ပါသည်။ လူသည် လူ့အဖွဲ့အစည်းဝင်တစ်ဦးဖြစ်ရာ အခြားသော လူ့အဖွဲ့အစည်းဝင် များနှင့် မလွဲမသွေ ပေါင်းသင်းဆက်ဆံမှု ပြုကြရသည်။ စားဝတ်နေရေး အတွက် ငွေကြေးဥစ္စာတို့ကို ရှာဖွေရသော လုပ်ငန်းခွင်တွင်လည်း လုပ်ဖော် ကိုင်ဖက်တို့နှင့် ဆက်ဆံရသည်။ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေး စသော အရေးအရာတို့နှင့် ပတ်သက်၍လည်း အခြားသူတို့နှင့် ထိတွေ့ဆက်ဆံရသည်။ ကိစ္စမြားမြောင်လှသော လူတို့ဘောင်တွင် လူ သည် အထီးတည်းနေ၍ မရနိုင်ပါ။

ထိုသို့ အခြားသော သူများနှင့် ပတ်သက်ဆက်ဆံရာတွင် ဆက်ဆံ ရေး အဆင်ပြေသည်တို့လည်း ရှိမည်။ အဆင်မပြေသည်တို့လည်း ရှိမည်။ ဤသည်မှာ အဆန်းတကြယ် မဟုတ်လေပါ။ အဘယ်ကြောင့်ဟူမူ လူအမျိုးမျိုး၊ စရိုက်အထွေထွေ၊ စိတ်နေစိတ်ထားအဖုံဖုံ ရှိနေသောကြောင့် ဖြစ်ပါ၏။ လူတစ်ဦးနှင့်တစ်ဦး သံသရာတစ်လျှောက် သယ်ဆောင်လာ သော ဉာဉ်စရိုက်ချင်း မတူ။ ဝါသနာချင်း မတူ။ ထိုအခါ မိမိနှင့် ဆက်ဆံ ရသူတို့တွင် စိတ်ထားကောင်းမွန်သူတွေ ပါသကဲ့သို့ စိတ်ထားဆိုးသူတွေ လည်း ပါနိုင်ပါသည်။ ရိုးဖြောင့်သူတွေ ပါသကဲ့သို့ ကောက်ကျစ်စဉ်းလဲ

သူတွေလည်း ပါနိုင်ပါသည်။ အပြောနှင့်အလုပ် ညီညွတ်သူတွေ ပါသလို အပြောနှင့်အလုပ် မညီသူတွေလည်း ပါနိုင်ပါသည်။ အတွင်းနှင့်အပြင် တစ်သားတည်း ဖြစ်သူတွေ ပါသလို အတွင်းတခြား၊ အပြင်တခြား ဖြစ်သူတွေလည်း ပါနိုင်သည်။ ကိုယ်ကျင့်သီလ ကောင်းသူတွေ ပါသလို ကိုယ်ကျင့်သီလ မကောင်းသူတွေလည်း ပါနိုင်ပါသည်။ စိတ်သဘောထား မြင့်မြတ်ရင့်ကျက်သူတွေ ပါသလို စိတ်သဘောထား သေးသိမ်သူတွေလည်း ပါနိုင်ပါသည်။

မိမိနှင့် ဆက်ဆံထိတွေ့ရသူအကြောင်းကို ခေတ္တခဏမျှ ပေါင်းသင်းဆက်ဆံရုံမျှဖြင့် ရေရေရာရာ မသိနိုင်ပါ။ ရံဖန်ရံခါ ထိတွေ့ပတ်သက်ရုံမျှဖြင့်လည်း ဂဃနဏ မသိနိုင်ပါ။ လူတစ်ဦး၏ အတွင်းအဖြူအမည်းအရုပ်ပုံလွှာကို ခေတ္တခဏ ပြောဆိုဆက်ဆံရုံဖြင့် သေသေချာချာ မသိနိုင်ပါ။ တချို့သူတို့သည် ပရိယာယ်ကြွယ်၏။ ဟန်ဆောင်ကောင်း၏။ မိမိ၏ အတွင်းသန္တာန်ကို လိမ္မာပါးနပ်စွာ ဖုံးကွယ်နိုင်စွမ်း ရှိ၏။ ထိုလူမျိုးနှင့် ပတ်သက်၍ 'လောကနီတိ' တွင်–

"ရေသဖန်းသီးတို့သည် အပြင်က ကြည့်သောအခါ နီမြန်း၍ နေကြကုန်၏။ အထဲသို့ ခွဲကြည့်သောအခါတွင်ကား ပိုးကောင်တို့ဖြင့် ပြည့်နေ၏။ လူဆိုးတို့၏ စိတ်နှလုံးသည်လည်း ဤအတိုင်းပင် ဖြစ်၏" ဟူ၍ ရေးသားခဲ့ပါသည်။

တချို့သူတို့သည် မိတ်ဆွေအပေါင်းအသင်းတို့နှင့် တွေ့သောအခါ ချစ်ခင်ဖွယ် အမူအရာနှင့် အမြဲပြုံးရွှင်ဟန်ပြ၏။ စကားကိုလည်း ရွှန်းရွှန်းဝေအောင် ပြော၏။ နားထောင်ရသူအဖို့ နှလုံးစိတ်ဝမ်း ရွှင်လန်းစေမည့် စကားမျိုးကိုသာ အမြဲရွေးချယ်၍ ပြော၏။ သို့တစေ သူတို့သည် နှလုံးသွင်း မကောင်း။ သူတစ်ပါးနှင့် ပေါင်းသင်းဆက်ဆံရာတွင် ထိုသူကို မည်သို့အသုံးချရမည်ဟူ၍သာ ကြံစည်တွေးတောနေလေ့ ရှိသည်။ သူ၏ အတွင်းစိတ်ထဲတွင် သူ့အတ္တအတွက်သာ အသုံးချရန် ကြံဆောင်နေလေ့ရှိသည်။ မိတ်ဆွေအပေါင်းအသင်းထံမှ ငွေကြေးဥစ္စာ အကူအညီကို ရယူဖို့သာ ရည်ရွယ်အားထုတ်သည်။ ပျားရည်ဆမ်းသော အပြုံးတု၊ စကားချိုချိုကို စည်းရုံးဖြားယောင်းရေး လက်နက်အဖြစ် အသုံးချခြင်းသာ ဖြစ်၏။

ထိုသူမျိုးနှင့် စပ်လျဉ်း၍ 'လောကနီတိ' တွင်–

"လူတစ်ယောက်၏ မျက်နှာတွင် ပဒုမ္မာကြာပွင့်ကြီးကဲ့သို့ ရွှင်လန်းလှ၏။ သူပြောကြားသော စကားကလည်း စန္ဒကူးကဲ့သို့ အေးချမ်းလှ၏။ သို့ရာတွင် သူ၏ စိတ်နှလုံးကတော့ လောလောလတ်လတ် သေစေတတ်သော အဆိပ်ရည်လွှမ်းလျက် ရှိပေ၏။ ထိုကဲ့သို့သော လူမျိုးကို ရှောင်ကြဉ်ရာ၏" ဟူ၍ ရေးသားထားပါသည်။

အပြင်က မင်းသားခေါင်းစွပ်ထားပြီး အတွင်းက ဘီလူးက ကနေတတ်သော သူတို့သည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသော နယ်ပယ်အသီးသီးတွင် ရှိနေတတ်ပါသည်။ သာမန်ရင်းနှီးရုံမျှ၊ ခေတ္တခဏ ထိတွေ့ဆက်ဆံရုံမျှဖြင့် လူတစ်ဦး၏ အတွင်းအစ္ဈတ္တကို ထွင်းဖောက်ရှုမြင်နိုင်ဖို့ မလွယ်ရာ မြတ်စွာဘုရား၏ "ခဏတွေ့ရုံဖြင့် အကျွမ်းမဝင်ရာ" ဟူသော ဆုံးမတော်မူချက်ကို အမြဲတစေ နှလုံးသွင်း သတိရနေသင့်ပါသည်။

□

# စိတ်ရှည်သည်းခံခြင်း အလှတရား

ရဟန်းတို့၊ သည်းခံခြင်းအကျိုး ငါးပါးရှိ၏။ အဘယ်ငါးပါးနည်းဆိုသော် (၁) လူအများ ချစ်ခင်၏၊ (၂) ရန်မများ၊ (၃) အပြစ်မများ၊ (၄) မတွေမဝေ သေရ၏၊ (၅) သေလွန်သောအခါ နတ်ရွာသုဂတိ လားရ၏။ ဤငါးပါးပင် ဖြစ်၏။

(ပဥ္စကအင်္ဂုတ္တိုရ်၊ အက္ခန္တိသုတ်)

လူမိုက်သည် စကားအားဖြင့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောလိုက်ရသည်ကို ငါ အောင်သည်ဟု မှတ်ထင်၏။ အမှန်ကား သည်းခံခြင်း၏ အကျိုးကျေးဇူးကို သိသော ပညာရှိပုဂ္ဂိုလ်၏ တုံ့ပြန်မပြောဘဲ သည်းခံနေခြင်းသည်သာလျှင် အောင်နိုင်ခြင်းအစစ် ဖြစ်သည်။

(သဂါထာဝဂ္ဂသံယုတ်)

အမျက်ဒေါသ အာဃာတစိတ်ကို ပယ်သတ်လိုက်လျှင် ဘယ်အခါမျှ စိုးရိမ်သောက မဖြစ်ရတော့ပေ။ ကျေးဇူးချေဖျက်သည့် မကောင်းမှုကို ပယ်လိုက်ခြင်းကို သူတော်ကောင်းတို့ ချီးမွမ်းကုန်၏။ အယုတ် အလတ် အမြတ်မရွေး လူတန်းစားအားလုံးတို့က ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုသည်ကို သည်းခံရာ၏။ ယင်းသို့သည်းခံခြင်းကို မြတ်၏ဟု သူတော်ကောင်းတို့ ဆိုကြကုန်၏။

(သရဘင်္ဂဇာတ်-၅၂၂)

[ဗုဒ္ဓ၏ ဩဝါဒအမြုတေ၊ (ဒဂုန်ဦးထွန်းမြင့်)၊ စာ-၂၅၉/၂၆၀]

နေ့စဉ်ထုတ် သတင်းစာများနှင့် ဂျာနယ်များတွင် ဖော်ပြပါရှိသော မှုခင်းသတင်းများကို ဖတ်ရှုရသောအခါ စိတ်မချမ်းမြေ့ပါ။ အထူးသဖြင့်

မပြောပလောက်သော အသေးအဖွဲကိစ္စအပေါ် အခြေပြုလျက် ငြင်းခုံရာမှ လူသတ်မှုအထိ ဖြစ်ပွားသွားသော သတင်းမျိုးကို ဖတ်ရှုရသောအခါ အထူးသဖြင့် စိတ်မကောင်း ဖြစ်ရသည်။ တစ်ခါက ချစ်စ၊ ခင်စ၊ ကြင်နာစ လင်မယားနှစ်ယောက် အချင်းများရာမှ ဇနီးဖြစ်သူက စိတ်မထိန်းနိုင်ဘဲ ခင်ပွန်းဖြစ်သူ၏ ဦးခေါင်းကို တူနှင့်ထုမိရာ ခင်ပွန်းဖြစ်သူ သေဆုံးသွားခဲ့သည်။ ဇနီးဖြစ်သူက သူကိုယ်တိုင် သက်ဆိုင်ရာသို့ အကြောင်းကြား အဖမ်းခံခဲ့သည်။ ထိုဇနီးဖြစ်သူမှာ ဒေါက်တာတစ်ဦးဖြစ်ပြီး ဆေးရုံကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်သောကြောင့် အထူးပင် စိတ်မကောင်း ဖြစ်မိသည်။ ကာယကံရှင် ဆေးပညာရှင် အမျိုးသမီးအတွက် သူ့အမိအဖ၊ သူ့ဆွေမျိုးသားချင်း၊ သူ့မိတ်ဆွေအပေါင်းအသင်းတို့ အဘယ်မျှ ယူကျုံးမရ နှမြောကြမည်ကိုလည်း စာနာမိသည်။ တစ်ဖက်ကလည်း သားတစ်ယောက်လုံး ငယ်ငယ်ရွယ်ရွယ်နှင့် မမျှော်လင့် မထင်မှတ်ဘဲ ဆုံးရှုံးသွားရသည့်အတွက် ထိုသူ၏ အမိအဖ၊ ညီအစ်ကို မောင်နှမတို့ ခံစားရမည့် သောကပရိဒေဝမီးကိုလည်း ခန့်မှန်းစာနာမိပါသည်။

တစ်ခါကလည်း ထောင်ဂဏန်းမျှသာရှိသော ကြွေးကိစ္စကို အကြောင်းပြု၍ ကြွေးပေးသူနှင့် ကြွေးယူသူနှစ်ဦး အချင်းများရာမှ ခိုက်ရန်ဖြစ်ပွားပြီး ဆေးရုံရောက်သူက ရောက်၊ အကျဉ်းထောင်ထဲ ရောက်သူက ရောက် ဖြစ်ကြသည်မှာ နစ်နာလွန်းလှပါ၏။ အမှန်တော့ နှစ်ဦးစလုံးက အကျိုးသင့် အကြောင်းသင့် ပြေပြေလည်လည် မပြောဆိုသောအခါ အတ္တမာနတွေ ထိခိုက်ပြီး ဒေါသကို မထိန်းချုပ်နိုင်ခဲ့သောကြောင့် မဖြစ်သင့်တာတွေ ဖြစ်သွားရခြင်း ဖြစ်ပါသည်။ ကြွေးတောင်းသူနှင့် ကြွေးပြန်ဆပ်ရမည့်သူနှစ်ဦး အပြန်အလှန် ပြေပြေလည်လည် ပြောဆိုမည်။ တစ်ဦးက စကားများသွားလျှင်ပင် တစ်ဦးက သည်းခံလိုက်ပါက ရာဇဝတ်မှု မဖြစ်နိုင်တော့ပါ။ အကျိုးမဲ့ ဆုံးရှုံးမှုတွေ မဖြစ်နိုင်တော့ပါ။

လူသည် လူ့အဖွဲ့အစည်းဝင်ဖြစ်ရာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသော အရေးအရာ အဖြာဖြာတွင် အခြားသူများနှင့် တွေ့ကြုံဆက်ဆံပေါင်းသင်းနေကြရပါသည်။ နေ့စဉ်နှင့်အမျှ အခြားသူများနှင့် ပြောဆိုဆက်ဆံနေကြရာ လူမှုဆက်ဆံရေးသည် ဘဝတွင် အရေးကြီးသော အခန်း

ကဏ္ဍမှ ပါဝင်ပါ၏။ လူမှုဆက်ဆံရေး အဆင်ပြေလျှင် စိတ်ချမ်းသာသည်။ လူမှုဆက်ဆံရေး အဆင်မပြေလျှင် စိတ်ဆင်းရဲ ပင်ပန်းရသည်။

လူတစ်ဦးနှင့်တစ်ဦး ပင်ကိုဗီဇ အကျင့်စရိုက်ချင်း မတူ။ အတွေးအခေါ်၊ အယူအဆချင်း မတူ။ ကျင်လည်ဖြတ်သန်းခဲ့ရာ ဘဝလမ်းကြောင်းချင်း မတူ။ ထိုအခါ အစစ မတူညီသော လူနှစ်ဦး၏ ဆက်ဆံရေးသည် အခါခပ်သိမ်း အဆင်ပြေနိုင်မည် မဟုတ်ပါ။ အဆင်ပြေသည့်အခါ ရှိသလို အဆင်မပြေသည့်အခါတွေလည်း ရှိမည်။ ဆက်ဆံရေး အဆင်မပြေလျှင် စိတ်ပင်ပန်းရုံမျှမက အလုပ်ကိစ္စများလည်း မအောင်မမြင် ဖြစ်တတ်ပါသည်။ လူချင်း မေတ္တာသက်ဝင် ခင်မင်နေလျှင် အတန်ငယ်ခက်ခဲသော အရေးကိစ္စပင်လျှင် ချောချောမောမော ပြီးမြောက်သွားတတ်ပါသည်။ လူချင်း မေတ္တာပျက်ယွင်းနေလျှင်မူ လွယ်လွယ်ကူကူ ပြီးမြောက်နိုင်သော အရေးကိစ္စပင်လျှင် ခက်ခက်ခဲခဲ ဖြစ်တတ်ပါသည်။ သို့ဖြစ်၍ ဆက်ဆံရသူတိုင်းနှင့် အတတ်နိုင်ဆုံး အဆင်ပြေပြေ သင့်သင့်မြတ်မြတ် ဆက်ဆံနိုင်ဖို့ လိုပါသည်။

ဆက်ဆံမှု အဆင်ပြေစေရေးအတွက် ရိုးသားဖို့ လိုပါသည်။ ရိုးရိုးသားသား ဆက်ဆံမှသာ အပြန်အလှန် ယုံကြည်မှုကို တည်ဆောက်နိုင်ပါလိမ့်မည်။ သူ့ဘက် ကိုယ့်ဘက် ခံစားမှုနှင့် ပကတိ အခြေအနေတို့အပေါ် အပြန်အလှန် နားလည်ပေးဖို့ လိုပါသည်။ ဆက်ဆံရေးပုံသဏ္ဍာန် ညင်သာညက်ညောဖို့လည်း လိုပါသည်။ ထို့အတူ တစ်ဖက်သူက ပြောမှားဆိုမှားရှိသည့်အခါ သည်းခံခွင့်လွှတ်ပေးနိုင်ဖို့လည်း လိုပါသည်။

လူဆိုသည်မှာ ပုထုဇဉ်မျှသာ ဖြစ်သောကြောင့် ဆက်ဆံရေးတွင် အမြဲတစေ 'မှန်' နေမည် မဟုတ်ပါ။ 'မှား' သည့်အခါလည်း ရှိပေမည်။ မိမိလည်း မှားသွားနိုင်သည်။ သူတစ်ပါးလည်း မှားသွားနိုင်သည်။ အထူးသဖြင့် အကြောင်းတစ်ခုကြောင့် ရင်တွင်း၌ မကျေနပ်မှု၊ တင်းကျပ်မှု အခံရှိနေစဉ်အခိုက် ပြောဆိုဆက်ဆံသည့်အခါ မပြေမပြစ် ဖြစ်တတ်သည်။ အဖုအထစ် ဖြစ်တတ်သည်။ လုပ်ငန်းခွင်တွင် အဆင်မပြေ ဖြစ်ခဲ့ရသော ဒေါသအရှိန်က နေအိမ်အထိတိုင် မပြေပျောက်နိုင်သောကြောင့် မိသားစုနှင့်ပါ ဆက်ဆံရေး တင်းမာမှုတွေ ဆက်ဖြစ်လာတတ်ပါသည်။

သူ့ဘက်က ဆက်ဆံရေး မာကျောခက်ထန်မည်။ မိမိဘက်က လည်း သူနှင့်အလားတူစွာ တုံ့ပြန်၍ မာမာကျောကျော ပြောဆိုမည်ဆို သော် နှစ်ဦးနှစ်ဖက် ဆက်ဆံရေးသည် ဖုံးတစ်လုံးနှယ် ပေါက်ကွဲပေတော့ မည်။ မဖြစ်သင့်တာတွေ ဖြစ်လာတော့မည်။ မဆုံးရှုံးသင့်တာတွေ ဆုံးရှုံး လာတော့မည်။ အကျိုးမဲ့မှုတွေ ဖြစ်လာတော့မည်။ ဒီတော့ တစ်ဖက်သားက ပြောမှားဆိုမှား ရှိလာသည့်တိုင် တတ်နိုင်သမျှ စိတ်ကို အေးအေးထားပြီး ညင်ညင်သာသာ တုံ့ပြန်ပြောဆိုသင့်သည်။ သူ့ဘက်က မာကျောသည့်တိုင် မိမိဘက်က အေးအေးဆေးဆေး ဖျောင်းဖျောင်းဖျဖျ ရှင်းပြပြောဆိုလျှင် တစ်ဖက်သူ၏ ဒေါသသည် ဆက်လက်မကြီးထွားတော့ပေ။ တစ်ဖက်သူ ၏ အပူဓာတ်သည် မိမိ၏ အအေးဓာတ်နှင့် ထိတွေ့သည့်အခါ ဆက်လက် ပူပြင်းတောက်လောင်မှု မရှိတော့ပေ။

စိတ်ရှည်သည်းခံမှု၏ တန်ဖိုးကို အမေရိကန် စာရေးဆရာကြီး 'နော်မန်ဗင်းဆဲန်ပီးလ်' က ဤသို့ ပြောခဲ့ပါ၏။

"သင်သည် အကျိုးဖြစ်ထွန်းစေသော စိတ်ရှည်သည်းခံမှု၏ တန်ဖိုး ကို နည်းအမျိုးမျိုးဖြင့် သိရှိနိုင်ပေသည်။ ထိုအကြောင်းကို မိမိထက်တော် သူ၊ တတ်သူတစ်ဦးဦးထံမှ ကြားရခြင်းဖြင့်သော်လည်းကောင်း၊ စိတ်ရှည် သည်းခံမှုကို သူတစ်ပါးတို့ ကျင့်သုံးသောကြောင့် အကျိုးကျေးဇူးရရှိခြင်း ကို ကြည့်ရှုခြင်းဖြင့်သော်လည်းကောင်း၊ ဘဝတွင် သည်းခံစိတ်ရှည်မှု ကြောင့် အကျိုးရှိပုံကို လေ့လာခြင်းဖြင့်သော်လည်းကောင်း သိရှိနိုင်ပေ သည်။ တကယ်တော့ နေထွက်စေအောင် မည်သို့မျှ မပြုနိုင်ပေ။ ဒီရေ အတက်အကျ အချိန်စာရင်း ပြောင်းလဲရန်လည်း မည်သည့်နည်းနှင့်မျှ မတတ်နိုင်ချေ။ ယင်းတို့၌ ထာဝရသည်းခံမှု ရှိပေသည်။ စိတ်မရှည်နိုင်သူ က လိမ္မာလိုလျှင် ယင်းတို့၏ သည်းခံမှုကို ငှားယူသုံးစွဲနိုင်လေသည်။"

တချို့သူတွေက 'သည်းခံခြင်း' ကို သူရဲဘောကြောင်ခြင်းဟု ယူဆ ကြသည်။ သည်းခံတတ်သူကို သတ္တိမရှိသူဟုလည်း ပြောဆိုတတ်ပါ သည်။ စင်စစ် သည်းခံခြင်းသည် သူရဲဘောကြောင်ခြင်း မဟုတ်ပါ။ သိမ်မွေ့နူးညံ့သော နှလုံးသား၏ ထုတ်ကုန်ပစ္စည်းသာ ဖြစ်ပါ၏။ ဆင်ခြင် တုံတရားနှင့် စိတ်ရှည်ခြင်းတို့ ပေါင်းစပ်ထားခြင်း၏ ရလဒ်လည်း ဖြစ်ပါ

သည်။ အမေရိကန် ကဗျာဆရာ 'ရပ်ဆဲလိုးဝဲလ်' က သည်းခံခြင်းနှင့် ပတ်သက်၍ ဤသို့ပြောခဲ့ပါ၏။

"ခံနိုင်ရည်ရှိခြင်းဟာ ထိပ်တန်းအရည်အချင်းကောင်း ဖြစ်ပြီး သည်းခံခြင်းဟာ မြင့်မြတ်တဲ့ နှလုံးသားက လာတဲ့ ဆန္ဒဖြစ်တယ်"

မြင့်မြတ်သော နှလုံးသားရှိသူသည် မိမိ၏ အပြောအဆို၊ မိမိ၏ အပြုအမူကြောင့် သူတစ်ဖက်သား စိတ်ဆင်းရဲသွားမှာ၊ စိတ်ညစ်သွားမှာကို အင်မတန် စိုးရိမ်တတ်ပါသည်။ နှလုံးသား သိမ်မွေ့မြင့်မြတ်သူတို့သည် တစ်ဖက်သူ၏ ပြောမှားဆိုမှားကို သည်းခံတတ်ပါသည်။ မဆင်မခြင် ပြင်းပြင်းထန်ထန် တုံ့ပြန်မှု မပြုတတ်ပါ။ အမှန်တော့ သူတစ်ပါး၏ ရိုင်းပျသော၊ စော်ကားသော အပြုအမူ၊ အပြောအဆိုတို့ကို သည်းခံခြင်းသည် မိမိ၏စိတ်ကို အောင်အောင်မြင်မြင် ထိန်းချုပ်လိုက်နိုင်ခြင်းပင် ဖြစ်၏။ စိတ်နှလုံးကို ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ပြင်သစ်စာရေးဆရာ 'ယွန်ဒီလာ ဖောင်တိန်' က "ကိုယ့်ရဲ့စိတ်နှလုံးကို အောင်အောင်မြင်မြင် ထိန်းချုပ်ခြင်းဟာ အမြင့်မြတ်ဆုံး အောင်မြင်မှု ဖြစ်တယ်" ဟု ရေးခဲ့ဖူးပါသည်။

အထက်ပါ ပဋ္ဌက အင်္ဂုတ္တိုရ်၊ အက္ခန္တိသုတ်တွင် ဘုရားရှင်သည် သည်းခံခြင်း၏ အကျိုးတရားငါးပါးကိုသာမကဘဲ အပြန်အလှန်အားဖြင့် သည်းမခံခြင်း၏ အပြစ်များကိုလည်း ဟောကြားတော်မူခဲ့ပါ၏။ သည်းမခံခြင်း၏ အပြစ်များမှာ (၁) လူအများ အမုန်းခံရခြင်း၊ (၂) ရန်များခြင်း၊ (၃) အပြစ်များခြင်း၊ (၄) တွေတွေဝေဝေ သေရခြင်း၊ (၅) သေသော် အပယ်ရောက်ခြင်းတို့ ဖြစ်ပါ၏။ သည်းခံခြင်းဟူသော ခန္တီတရားနှင့်စပ်လျဉ်း၍ 'ပရိတ်ကြီး နိဿယသစ်' (စာ-၁၅၁) တွင် ကျေးဇူးရှင် သပြေကန်ဆရာတော်ကြီး 'အရှင်ဝါသေဋ္ဌာဘိဝံသ' က အောက်ပါအတိုင်း ရေးသားတော်မူခဲ့သည်မှာ များစွာနှလုံးသွင်း မှတ်သားဖွယ် ကောင်းလှပါ၏။

"ဤခန္တီကား အလွန်ဖြည့်နိုင်ခဲသော အကျိုးဖြစ်၏။ ခန္တီဖြင့် အောင်နိုင်ခြင်းကို တကယ့်အောင်နိုင်ခြင်းဟု အသိအမှတ် ပြုကြ၏။ သည်းညည်းခံ နိဗ္ဗာန်ရောက်သည်ဟု အဆိုရှိ၏။ တကယ်နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပါပေ။ သီလ၊ သမာဓိ၊ ပညာများမှာ သည်းမခံသူ၌ ရကောင်းသော အကျင့်များ မဟုတ်။ ထို့ကြောင့် ခန္တီသည် သီလ၊ သမာဓိ၊

ပညာ၏ အခြေခံအကြောင်းရင်း ဖြစ်သည်။ ကုသိုလ်မှန်သမျှ ခန္တီရှိသူ၌သာ ဖြစ်ရ၍ ကုသိုလ်တိုင်းနှင့် ဆက်သွယ်လျက်ရှိသော တရားပေတည်း။ အဒေါသ (မေတ္တာ) ပြဋ္ဌာန်းသော ကုသိုလ်တရား၏ အမည်ဖြစ်ရာ အားလုံး ခန္တီတရား လက်ကိုင်ထားနိုင်လျှင် အချင်းချင်း ရန်ဖြစ်ခြင်း၊ ကွဲပြားခြင်း မရှိဘဲ သင့်တင့်ညီညွတ်ကာ လောကကြီး သာယာလျက်သာ ရှိရပေမည်။ သာယာသော ခေတ်အတွင်းမှာ ခန္တီတရား ထွန်းကားလျက် ရှိမြဲတည်း။

❒

# မိတ်ဆွေကောင်းနှင့် ပေါင်းသင်းပါ

**"မြတ်စွာဘုရား၊ မိတ်ဆွေကောင်း ရှိသည့်အဖြစ်၊ အပေါင်းအသင်းကောင်း ရှိသည့်အဖြစ်၊ အပေါင်းအသင်းကောင်းတို့၌ ကိုင်းရှိုင်းသည့် အဖြစ်သည် မြတ်သောအကျင့်ကို ကျင့်ရာ၌ ထက်ဝက်အကျိုးပြီးပါသည် ဘုရား"**

မြတ်စွာဘုရားသည် သက္ကတတိုင်း၊ သက္ကရအမည်ရှိသော နိဂုံး၌ သီတင်းသုံးနေတော်မူစဉ် ရှင်အာနန္ဒာက ဤသို့လျှောက်သည်။

ယင်းသို့လျှောက်သောအခါ မြတ်စွာဘုရားက "အာနန္ဒာ၊ ဒီလို မပြောနှင့်။ အာနန္ဒာ၊ ဒီလိုမပြောနှင့်။ အာနန္ဒာ၊ မိတ်ဆွေကောင်း ရှိသည့် အဖြစ်၊ အပေါင်းအသင်းကောင်း ရှိသည့် အဖြစ်၊ အပေါင်းအသင်းကောင်း တို့၌ ကိုင်းရှိုင်းသည့် အဖြစ်သည် မြတ်သောအကျင့်ကို ကျင့်ရာ၌ အလုံးစုံ ပြီး၏။ အာနန္ဒာ၊ ဤစကားကို ယခုပြောမည့် အကြောင်း ပရိယာယ်ဖြင့် သိအပ်၏။

အာနန္ဒာ၊ ငါဘုရားတည်းဟူသော မိတ်ဆွေကောင်းကို အကြောင်း ပြု၍ ပဋိသန္ဓေနေခြင်း သဘောရှိသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းမှ လွတ်မြောက်ကုန်၏။ အိုခြင်းသဘောရှိသော သတ္တဝါတို့သည် အိုခြင်းမှ လွတ်မြောက်ကုန်၏။ သေခြင်းသဘောရှိသော သတ္တဝါတို့သည် သေခြင်း မှ လွတ်မြောက်ကုန်၏။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ် ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်း သဘောရှိကုန်သော သတ္တဝါတို့သည် စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်း ခြင်းတို့မှ လွတ်မြောက်ကုန်၏။

အာနန္ဒာ၊ ယခုပြောသည့် အကြောင်း ပရိယာယ်အားဖြင့် မိတ်ဆွေကောင်း ရှိသည့်အဖြစ်၊ အပေါင်းအသင်းကောင်း ရှိသည့်အဖြစ်၊ အပေါင်းအသင်းကောင်းတို့၌ ကိုင်းရှိုင်းသည့် အဖြစ်သည် မြတ်သောအကျင့်ကို ကျင့်ရာ၌ အလုံးစုံအကျိုးပြီး၏ဟူ၍ သိအပ်၏။"

(သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်)

[ဗုဒ္ဓ၏ ဩဝါဒအမြုတေ (ဒဂုန်ဦးထွန်းမြင့်)၊ စာ-၂၆/၂၇]

လူသည် လူ့အဖွဲ့အစည်းဝင်တစ်ဦး ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းဝင် ဖြစ်သည့်အားလျော်စွာ အခြားသော လူ့အဖွဲ့အစည်းဝင်များနှင့် ထိတွေ့ဆက်ဆံရပါသည်။ လူသည် အထီးတည်းနေ၍ မရပါ။ လူ့အဖွဲ့အစည်းတွင် ဧကစာရီ ကျင့်သုံးနေထိုင်၍ မဖြစ်ပါ။ အခြားသူများနှင့် မလွဲမသွေ ပေါင်းသင်းဆက်ဆံရပါသည်။ ထို့ကြောင့်လည်း အချို့ပညာရှင်များက လူကို လူမှုဆက်ဆံရေးသတ္တဝါဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ခြင်း ဖြစ်ပါ၏။

လူ့အဖွဲ့အစည်းတွင် နေသော လူသားတို့အတွက် ပစ်ပယ်ရှောင်ခွာ၍ မရသော ပကတိအနေအထားတစ်ရပ်မှာ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းတို့နှင့် ဆက်ဆံထိတွေ့ရခြင်း ဖြစ်ပါ၏။ ထိုသို့ထိတွေ့ဆက်ဆံ ပေါင်းသင်းရာတွင် မည်သို့သော ပုဂ္ဂိုလ်တို့နှင့် ပေါင်းသင်းဆက်ဆံမည်နည်း။ လူလူချင်း ပေါင်းသင်းဆက်ဆံရေး ဖြစ်စဉ်တွင် ဤအချက်သည် များစွာ အရေးကြီးပါ၏။ ပဓာနကျပါ၏။ အဘယ်ကြောင့်ဟူမူ မိမိ ပေါင်းသင်းသည့် မိတ်ဆွေအပေါ် တည်မှီလျက် ဘဝဝယ် အကောင်း၊ အဆိုး ရလဒ်နှစ်ထွေ ပွင့်ဖူးဖြာဝေလာသောကြောင့် ဖြစ်ပါ၏။

မိတ်ဆွေကောင်းနှင့် ပေါင်းသင်းဆက်ဆံလျှင် ဘဝတွင် အပေါင်းလက္ခဏာတွေ စည်ပင်တိုးပွားလာမည်။ မကောင်းသော မိတ်ဆွေနှင့် ပေါင်းသင်းဆက်ဆံမိလျှင် ဘဝတွင် အနုတ်လက္ခဏာများနှင့် ဆုတ်ယုတ်ပျက်ပြားလာမည်။ မည်သို့သော ပုဂ္ဂိုလ်မျိုးတို့သည် မိတ်ဆွေကောင်းဟု ခေါ်ပါသနည်း။ မည်သို့သော ပုဂ္ဂိုလ်မျိုးကို မိတ်ဆွေဆိုးဟု ခေါ်ပါသနည်း။ ဤအချက်ကို ကွဲကွဲပြားပြား ခွဲခွဲခြားခြား သိထားရန် လိုပါသည်။ သိထားပြီးသော် မိတ်ဆွေဆိုးကို ရှောင်ကြဉ်ပြီး မိတ်ဆွေကောင်းကို ရှာဖွေပေါင်းသင်းဖို့ လိုပါသည်။ မိမိနှင့် ပေါင်းသင်းဆက်ဆံမည့် ပုဂ္ဂိုလ်ကို

မှန်မှန်ကန်ကန် စိစစ်ရွေးချယ်ဖို့ လိုပါမည်။ စိစစ်ရွေးချယ်မှု မှန်ကန်လျှင် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာတွင် ကောင်းခြင်းမင်္ဂလာတွေ ပွင့်ဖူးလာမည်။ စိစစ် ရွေးချယ်မှုမှားလျှင် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာတွင် အကျိုးစီးပွား ဆုတ်ယုတ် ပျက်စီးမှုများ ဖြစ်ပေါ်လာမည်။

မြန်မာ့ဆိုရိုးစကားများတွင် 'အပေါင်းကြောင့် ဂုဏ်တက်သည်။ အပေါင်းကြောင့်ပင် ဂုဏ်ပျက်သည်' ဟူသော စကားတစ်ခု ရှိပါ၏။ ဤစကားမှာ လောကီနယ်ပယ်တွင် အမြဲတမ်း မဖောက်မပြန် မှန်ကန်နေမည့် သမုတိသစ္စာစကား ဖြစ်ပါသည်။ လူလူချင်း ဓာတ်ကူးတတ်ပါသည်။ ထို့ကြောင့် 'လူချင်းနီးရာ အလေ့ပါ' ဟု ဆိုတတ်ကြခြင်း ဖြစ်ပါ၏။ လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံဖန်များလတ်သော် တစ်ဦးထံက ဓာတ်က တစ်ဦးထံသို့ ကူးစက်တတ်ပါသည်။ ဤသို့ဓာတ်ကူးသည်ဆိုရာ တွင် တစ်ဖက်သူ၏ ကောင်းသောဓာတ်သည် မိမိထံ ကူးစက်တတ်သလို တစ်ဖက်သူ၏ ဆိုးသောဓာတ်သည်လည်း မိမိထံ ကူးစက်တတ်ပါသည်။

ငယ်နုစဉ် ကျောင်းသားဘဝမှာပင် သူငယ်ချင်းအပေါင်းအသင်းကို ရွေးချယ်ပေါင်းသင်းဖို့ လိုပါသည်။ ဘဝတွင် ရည်ရွယ်ချက် ကြီးမားပြီး ကြိုးစားသော သူငယ်ချင်းနှင့် ရင်းရင်းနှီးနှီး ပေါင်းသင်းမိလျှင် မိမိ ကိုယ်တိုင်ပင် သူ့ကို အားကျအတုယူကာ စာကြိုးစားလာတတ်သည်။ ဘဝ ရည်ရွယ်ချက်ကိုလည်း မြင့်မြင့်မားမား ထားတတ်လာသည်။ ဘဝ ရည်ရွယ်ချက်ဟူ၍ မည်မည်ရရ မရှိဘဲ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ စာမကြိုး စားသော သူငယ်ချင်းနှင့် တပူးတွဲတွဲ ပေါင်းသင်းမိလျှင် မိမိကိုယ်တိုင်ပင် ပေါ့ပေါ့နေ ပေါ့ပေါ့စား ဖြစ်လာတတ်ပါသည်။ ကျောင်းသားအရွယ် လူငယ်လူရွယ်တို့အနေဖြင့် အပေါင်းအသင်း 'မင်' ရာမှ ထိုအပေါင်းအသင်း ၏ ဓလေ့ စရိုက်ကို ခင်တွယ်သွားတတ်ပါသည်။ အသက်အရွယ်ကလည်း ငယ်ရွယ်၊ အတွေ့အကြုံကလည်း နုနယ်၊ အသိဉာဏ်လည်း မဖွံ့ဖြိုးသေး သော ကျောင်းသားအရွယ်တွင် အကောင်း အဆိုး၊ အကျိုး အပြစ်ကို မဝေခွဲနိုင်ဘဲ ခင်မင်ကျွမ်းဝင်သော သူငယ်ချင်းဖြစ်သူ၏ အလေ့နောက် ကောက်ကောက်ပါ လိုက်ပါမိတတ်ကြပါ၏။ သို့ဖြစ်သောကြောင့် ကျောင်းသားဘဝကပင် သူငယ်ချင်းကောင်းနှင့် ပေါင်းသင်းမိဖို့

လိုပါသည်။

အထက်ပါ သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ် ပါဠိတော်တွင် မြတ်စွာဘုရားက "အပေါင်းအသင်းကောင်းရှိသည့် အဖြစ်၊ မိတ်ဆွေကောင်းရှိသည့် အဖြစ်၊ အပေါင်းအသင်းကောင်းတို့၌ ကိုင်းရှိုင်းသည့် အဖြစ်သည် မြတ်သောအကျင့်ကို ကျင့်ရာ၌ အလုံးစုံ အကျိုးပြီး၏ဟူ၍ သိအပ်၏" ဟူ၍ အပေါင်းအသင်း မိတ်ဆွေကောင်းရှိခြင်း၏ အကျိုးကျေးဇူး ကြီးမားပုံကို ဟောတော်မူခဲ့ပါသည်။

သိင်္ဂါလောဝါဒ သုတ္တန်တွင် မြတ်ဗုဒ္ဓက မိတ်ဆွေစစ် မိတ်ဆွေကောင်း လေးမျိုးရှိကြောင်း ဟောဖော်ညွှန်ပြတော်မူခဲ့ပါသည်။ ထိုမိတ်ဆွေလေးမျိုးမှာ–

၁။ ဥပကာရမိတ်ဆွေ (ကျေးဇူးပြုလေ့ရှိသော မိတ်ဆွေ)၊

၂။ သမာနသုခ ဒုက္ခမိတ်ဆွေ (ကောင်းတူဆိုးဖက် မိတ်ဆွေ)၊

၃။ အတ္ထက္ခာယီမိတ်ဆွေ (အကျိုးစီးပွားကိုသာ ညွှန်ကြားလေ့ရှိသော မိတ်ဆွေ)၊

၄။ အနုကမ္ပကမိတ်ဆွေ (အစဉ်မပြတ် စောင့်ရှောက်နေလေ့ရှိသော မိတ်ဆွေ) တို့ ဖြစ်ပါသည်။

'ဥပကာရ မိတ်ဆွေကောင်း' တို့ မည်သည် မိတ်ဆွေဖြစ်သူ မေ့မေ့လျော့လျော့ တွေတွေဝေဝေ ဖြစ်နေစဉ် မိတ်ဆွေကို စောင့်ရှောက်ပါသည်။ မိတ်ဆွေဖြစ်သူ သတိလွတ်ကင်းနေစဉ် မိတ်ဆွေဖြစ်သူ၏ ဥစ္စာပစ္စည်းကို စောင့်ရှောက်ပေးတတ်ပါသည်။ မိတ်ဆွေဖြစ်သူ ဘေးဒုက္ခ တစ်စုံတစ်ရာနှင့် ကြုံတွေ့နေစဉ်တွင် အားကိုးခိုလှုံရာအဖြစ် မားမားမတ်မတ် ရပ်တည်ကူညီပေးတတ်ပါသည်။ မိတ်ဆွေဖြစ်သူတွင် အရေးကိစ္စ တစ်စုံတစ်ရာကြောင့် ငွေကြေးလိုအပ်လျှင် ကူညီပေးကမ်းတတ်ပါသည်။

'သမာနသုခ ဒုက္ခ မိတ်ဆွေကောင်း' တို့မည်သည် သူ၏လျှို့ဝှက်အပ်သော စကားကို မိတ်ဆွေဖြစ်သူအား ယုံယုံကြည်ကြည် ပြောကြားတိုင်ပင်တတ်ပါသည်။ မိတ်ဆွေဖြစ်သူ၏ လျှို့ဝှက်အပ်သော စကားကို လျှို့ဝှက်သိသိပ်ပေးတတ်ပါသည်။ မိတ်ဆွေဖြစ်သူတွင် ဘေးဒုက္ခ တစ်စုံတစ်ရာ ကြုံတွေ့သောအခါ မိတ်ဆွေဖြစ်သူကို ပစ်ခွာသွားလေ့ မရှိ။

မိတ်ဆွေအတွက် လိုအပ်လျှင် မိမိ၏ အသက်ကိုပင် စွန့်လွှတ်ဖို့ ဝန်မလေးတတ်ပါ။

'အတ္ထက္ခာယီ မိတ်ဆွေကောင်း' တို့မည်သည် မိတ်ဆွေဖြစ်သူ မကောင်းမှုပြုမည်ကို တားမြစ်တတ်ပါသည်။ ကောင်းမှုပြုဖို့ အမြဲတိုက်တွန်း နှိုးဆော်တတ်ပါသည်။ မိတ်ဆွေဖြစ်သူ မကြားဖူးသေးသော တရားစကားကို နာကြားစေတတ်ပါသည်။ မိတ်ဆွေဖြစ်သူကို ကောင်းရာသုဂတိဘုံသို့ ရောက်စေမည့် နည်းလမ်းများကို ပြောကြားတတ်ပါသည်။

'အနုကမ္ပက မိတ်ဆွေကောင်း' တို့မည်သည် မိတ်ဆွေဖြစ်သူတွင် အကျိုးစီးပွား မဖြစ်ထွန်းသည်ကို မနှစ်သက်တတ်ပါ။ မိတ်ဆွေဖြစ်သူ ကြီးပွားချမ်းသာ အောင်မြင်နေသည်ကို နှစ်သက်တတ်ပါသည်။ မိတ်ဆွေဖြစ်သူ၏ ဂုဏ်သတင်းကို ညှိုးမှိန်စေမည့် စကားကို တစ်စုံတစ်ဦးက ပြောကြားလာပါက ထိုသို့မပြောကြားရန် တားမြစ်တတ်ပါသည်။ အကယ်၍ မိတ်ဆွေဖြစ်သူ၏ ကောင်းသတင်းဂုဏ်ကို တစ်စုံတစ်ဦးက ပြောဆိုချီးမွမ်းလာပါက ဝမ်းမြောက်ဝမ်းသာစွာ ထောက်ခံတတ်ပါသည်။

မိတ်ဆွေစစ် မိတ်ဆွေကောင်းတို့သည် မိမိ၏ ကြီးပွားတိုးတက်ရေးအတွက် အများကြီး အထောက်အပံ့ ပေးနိုင်ပါသည်။ 'ပညာ' ကို မြတ်နိုးတန်ဖိုးထားကာ ဘဝဝယ် ပညာနှင့်ပင် မွေ့လျော်နေသော 'ပညာရှိ' နှင့် ပေါင်းသင်းယှဉ်တွဲနေထိုင်လျှင် မိမိကိုယ်တိုင်ပင် ပညာကို မြတ်နိုးတန်ဖိုးထားသူ ဖြစ်လာမည်။ စီးပွားရေးတွင် အောင်မြင်ထူးချွန်သူ 'စီးပွားရေးလုပ်ငန်းရှင်' နှင့် တပူးတွဲတွဲ ပေါင်းသင်းနေထိုင်လျှင် မိမိသည်လည်း စီးပွားရေးကို စိတ်ဝင်စားစွာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သူ ဖြစ်လာမည်။ ထို့အတူ ရတနာသုံးတန်နှင့် ကံ ကံ၏အကျိုးအပေါ် ယုံကြည်မှုသဒ္ဓါအား မြဲမြဲကြီးမားသော မိတ်ဆွေကောင်းနှင့် ပေါင်းသင်းမိလျှင် မိမိ၏နှလုံးသား၌လည်း သဒ္ဓါတရား တည်ကိန်းလာပါလိမ့်မည်။ ဓမ္မစာပေ၌ မွေ့လျော်သော မိတ်ဆွေကောင်းနှင့် ပေါင်းဖော်မိလျှင် မိမိသည်လည်း ဓမ္မစာပေ ဖတ်ရှုမှုတွင် မွေ့လျော်လာပါလိမ့်မည်။ ဝိပဿနာ ဘာဝနာပွားများအားထုတ်သော ဓမ္မမိတ်ဆွေကောင်းနှင့် ပေါင်းမိလျှင် မိမိကိုယ်တိုင်လည်း ဝိပဿနာ ဘာဝနာ ပွားများသော အလေ့အကျင့် ရှိလာပါလိမ့်မည်။

ဓမ္မဒ္ဓိ ပညာနှင့်ယှဉ်၍ သဒ္ဓါကြည်ညိုသော သူတော်ကောင်း မိတ်ဆွေတို့ မည်သည် မိမိ၏ ကိုယ်ကျင့်စရဏ သန့်ရှင်းကောင်းမွန်ရေးနှင့် ကုသိုလ်ကောင်းမှုပြုရေးတို့တွင် ရာနှုန်းပြည့် အထောက်အပံ့ ပေးနိုင်ပါသည်။

သို့ဖြစ်၍ အထက်ပါ ဘုရားရှင်၏ မိန့်တော်မူချက်ကို ဦးထိပ်ပန်ဆင်လျက် ဘဝဝယ် ကိုယ်ကျင့်တရား ကောင်းမွန်သော မိတ်ဆွေကောင်းနှင့် ပေါင်းသင်းမိအောင် ကြံဆောင်အားထုတ်အပ်ပါသည်။ မိတ်ဆွေကောင်းကို ပေါင်းသင်းမိလျှင်လည်း 'စိုသောလက် မခြောက်စေနှင့်' ဟု ဆိုသည့်အတိုင်း မိတ်ဆွေကောင်းနှင့် သေတစ်ပန် သက်တစ်ဆုံး ခင်ခင်မင်မင် ပေါင်းသင်းသွားနိုင်ဖို့ လိုပါသည်။

❒

# မြတ်စွာဘုရားနှင့် ဝေဠုဒွါရ ရွာသားများ

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် နောက်ပါရဟန်းသံဃာတော်များနှင့်အတူ ဒေသစာရီ လှည့်လည်တော်မူသည်။ ကောသလတိုင်း၊ ဝေဠုဒွါရမည်သော ရွာသို့ ဆိုက်ရောက်တော်မူသည်။ ထိုအခါ ဝေဠုဒွါရ ရွာသားတို့သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး ကျော်စောသတင်းကို ကြားသိထားပြီးဖြစ်၍ မြတ်စွာဘုရား ရှိရာသို့ ချဉ်းကပ်ရောက်လာကြသည်။ ထို့နောက် ရွာသားတို့သည် မြတ်စွာဘုရားကို ရှိခိုးကန်တော့ကာ လျှောက်ထားကြလေသည်။

"အရှင် ဂေါတမ၊ အကျွန်ုပ်တို့သည် လောကီလူ့ဘောင်၌ သားမယားတို့နှင့်အတူ ပျော်ရွှင်စွာ နေထိုင်လိုကြပါကုန်၏။ ကောင်းမြတ်သော စန္ဒကူးနံ့သာ ပန်းမန်တို့ကို သုံးစွဲလိုကြပါကုန်၏။ ရွှေငွေစသော ရတနာ ပစ္စည်းတို့ဖြင့် တင့်တယ်စွာ နေထိုင်လိုကြပါကုန်၏။ ထို့ပြင် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှနောက်၌လဲ နတ်ပြည်နတ်ရွာသို့ ရောက်လိုကြပါကုန်၏။ အရှင်ဂေါတမသည် အကျွန်ုပ်တို့၏ အလိုဆန္ဒ ပြည့်မြောက်နိုင်မည့် တရားလမ်းစဉ်ကို ဟောကြားတော်မူပါ"

ထိုအခါ မြတ်စွာဘုရားသည် ထိုဝေဠုဒွါရ ရွာသားတို့နှင့် သင့်လျော်သော တရားစကားကို ဟောကြားတော်မူသည်။

"အချင်းရွာသားတို့၊ မိမိကိုယ်၌ ဆောင်ထားထိုက်သော တရားကို သင်တို့အား ဟောကြားပေအံ့၊ ကောင်းစွာ နာကြားကုန်လော့"

"ကောင်းပါပြီ အရှင်ဘုရား ဟောကြားတော်မူပါ"

"ရွာသားတို့၊ ငါသည် မသေလို၊ အသက်ရှင်လို၏။ မဆင်းရဲလို၊

ချမ်းသာလို၏။ ထိုသို့သဘောရှိသော ငါ့အား တစ်စုံတစ်ယောက်သော သူသည် သတ်ဖြတ်ညှဉ်းဆဲလေသော် ငါသည် မနှစ်သက်နိုင်။ တခြား တစ်စုံတစ်ယောက်သော သူသည်လည်း ငါကဲ့သို့ပင် သတ်ဖြတ် ညှဉ်း ဆဲခံရမှုကို နှစ်သက်မည် မဟုတ်ပေ။ ငါ မနှစ်သက်သည့် အမှုဖြင့် သူတစ်ပါးအား အဘယ့်ကြောင့် သတ်ဖြတ်ညှဉ်းဆဲအံ့နည်း" ဟူ၍ အရိယာ၏ တပည့်သည် ဆင်ခြင်၏။ ထိုသို့ဆင်ခြင်၍ မိမိကိုယ်တိုင် လည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ သူတစ်ပါးအားလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရန် ဆောက်တည်စေ၏။ ဤသို့လျှင် ထိုအရိယာက တပည့်၏ ကိုယ်ကျင့်ကောင်းခြင်းသည် ရှေ့အစွန်း၊ နောက် အစွန်း၊ ရှေ့နောက် အစွန်းဟူသော အစွန်းသုံးပါးမှ စင်ကြယ်၏။

ရှာသားတို့၊ ထိုမှတစ်ပါးလည်း သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်း၌ လည်းကောင်း၊ သူတစ်ပါးတို့၏ သားမယားများကို ကျူးလွန်မှားယွင်းခြင်း ၌လည်းကောင်း၊ မမှန်သော စကားကို လိမ်လည်ပြောဆိုခြင်း၌လည်း ကောင်း၊ ကုန်းတိုက် ကုန်းချောစကားကို ပြောဆိုခြင်း၌လည်းကောင်း၊ ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၌လည်းကောင်း၊ ပြိန်ဖျင်း သေးနုပ်သော စကားကို ပြောဆိုခြင်း၌လည်းကောင်း မနှစ်သက်။ သူတစ် ပါးတို့သည်လည်း နှစ်သက်မည် မဟုတ်ဟု အရိယာ၏တပည့်သည် ဆင်ခြင်၏။ ထိုသို့ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း ထိုဒုစရိုက်မှုကို မပြု လုပ်၊ မကျူးလွန်။ သူတစ်ပါးတို့အားလည်း မပြုလုပ်၊ မကျူးလွန်စေရန် ဆောက်တည်စေ၏။ ဤသို့လျှင် ထိုသူ၏ ကိုယ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

ရှာသားတို့၊ ထိုအရိယာ၏ တပည့်သည် မြတ်စွာဘုရား၌လည်း ကောင်း၊ တရားတော်၌လည်းကောင်း၊ သံဃာတော်၌လည်းကောင်း ယုံကြည်မှုသဒ္ဓါနှင့် ပြည့်စုံ၏။ အရိယာတို့ နှစ်သက်သော သီလအစုနှင့် လည်း ပြည့်စုံ၏။ ဤသို့သော သူတော်ကောင်းတရားနှင့် ပြည့်စုံသူသည် "ငါ့အား အပါယ်ဆင်းရဲသို့ မကျရောက်တော့ပြီ" ဟု မိမိကိုယ်တိုင် ပြော ကြားနိုင်ပြီတည်း။ "ငါသည် အထက်မဂ်သုံးပါးသို့ ရှေးရှုတည်သော သောတာပန်ဖြစ်ပြီ" ဟု သိနိုင်ပြီတည်း။

မြတ်စွာဘုရား၏ တရားအစဉ်ကို ကြားနာရသော ဝေဠုဒွါရ ရွာသားတို့သည် လွန်စွာနှစ်သက် ဝမ်းမြောက်ကြလျက် "ဥပါသကာအဖြစ် အသိအမှတ်ပြုတော်မူပါ" ဟု လျှောက်ကြားကြလေသည်။

**(မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သောတာပတ္တိသံယုတ်)**

**[ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ (လေးမြိုင်)၊ စာ-၁၅၁/၁၅၂/၁၅၃]**

လူသားမှန်သမျှ မိမိတို့၏မိသားစုနှင့် မခွဲမခွာ ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင် နေလိုကြသည်။ ဥစ္စာပစ္စည်း ချမ်းချမ်းသာသာဖြင့် မတောင့်မတ၊ မကြောင့်မကြ နေချင်ကြသည်။ လူနေမှုအဆင့်အတန်း မြင့်မြင့်မားမားဖြင့် တင့်တင့်တယ်တယ် နေလိုကြသည်။ ဤသည်မှာ ဘဝ တဏှာ မကင်းပြတ်သေးသော ပုထုဇဉ်တို့၏ သဘောသဘာဝသာ ဖြစ်ပါ၏။

ပုထုဇဉ်ဖြစ်သော ဝေဠုဒွါရ ရွာသားတို့သည်လည်း မိသားစုနှင့် ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာ နေလိုကြသည်။ ဤဘဝမှလွန်သော် တမလွန်တွင်လည်း နတ်ပြည်သို့ ရောက်လိုကြသည်။ ထို့ကြောင့် ပစ္စုပ္ပန်တွင်လည်း ချမ်းသာ၊ တမလွန်တွင်လည်း လားရာဂတိကောင်းစေမည့် တရားလမ်းစဉ်ကို ဟောကြားပေးတော်မူပါရန် မြတ်စွာဘုရားအား တောင်းပန်လျှောက်ထားကြခြင်း ဖြစ်ပါ၏။ အမှန်တော့ ဝေဠုဒွါရ ရွာသားတို့သည် သူတို့၏ဆန္ဒကို အကြောင်းပြုလျက် မေးလျှောက်ခြင်း ဖြစ်စေကာမူ တစ်လောကလုံးရှိ ပုထုဇဉ်တို့ကိုယ်စား မေးလျှောက်ခြင်းဟု ယူဆနိုင်ပါသည်။

မြတ်စွာဘုရားသည် ဝေဠုဒွါရ ရွာသားတို့၏ ပစ္စုပ္ပန်ဘဝတွင် သားမယားတို့နှင့် ချမ်းချမ်းသာသာ နေလိုသောဆန္ဒနှင့် တမလွန်တွင် ကောင်းရာသုဂတိဘုံသို့ ရောက်လိုသောဆန္ဒကို အသိအမှတ် ပြုတော်မူပါသည်။ ထို့ကြောင့်လည်း ပစ္စုပ္ပန်ဘဝတွင် သားမယားတို့နှင့် ပျော်ရွှင်ချမ်းသာစွာ နေနိုင်ပြီး တမလွန်တွင်လည်း နတ်ပြည်သို့ ရောက်စေနိုင်မည့် တရားလမ်းစဉ် (ဘဝနေနည်း)ကို ကရုဏာရှေ့ထားလျက် ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါ၏။

မြတ်စွာဘုရားက ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာချမ်းသာစေရန် ကာယ

ဒုစရိုက်နှင့် ဝစီဒုစရိုက်တို့ကို ရှောင်ကြဉ်ဖို့ လိုအပ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။ ကာယဒုစရိုက်၊ ဝစီဒုစရိုက်နှင့် မနောဒုစရိုက်တို့ကို ရှောင်ကြဉ်ရေးသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာစလုံးတွင် ချမ်းသာစေမည့် 'ဘဝနေနည်း' ပင် ဖြစ်ပါ၏။ ထိုဘဝနေနည်းမျိုးဖြင့် ကျင့်ကြံနေထိုင်ရန်အတွက် အခြေခံအကျဆုံးအရာမှာ 'ကိုယ်ချင်းစာတရား' ပင် ဖြစ်ပါ၏။

တချို့သူတွေက လူသား၏ အခြေခံလူ့ကျင့်ဝတ် သီလဖြစ်သော ငါးပါးသီလကို စောင့်ထိန်းရန် မလွယ်ဟု ဆိုတတ်ကြပါသည်။ ကျွန်တော်ကမူ ထိုသို့ မယူဆပါ။ ကိုယ်ချင်းစာတရားကိုသာ အစဉ်နှလုံးသွင်းလျှင် ငါးပါးသီလထဲမှ လေးပါးသီလကို စောင့်ထိန်းရန် မခဲယဉ်းပါ။ မိမိသည် မိမိ၏ အသက်နှင့် ခန္ဓာကိုယ်ကို မြတ်နိုးတန်ဖိုးထားသည်။ ခုံမင်တွယ်တာသည်။ တခြားလူနှင့် သက်ရှိသတ္တဝါတို့လည်း မိမိကဲ့သို့ပင် သူတို့၏ ခန္ဓာကိုယ်နှင့် အသက်ကို ခုံမင်တွယ်တာပေလိမ့်မည်။ ဤသို့ ကိုယ်ချင်းစာလိုက်လျှင် လူနှင့်သက်ရှိသတ္တဝါတို့၏အသက်ကို မသတ်တော့ပေ။ ဤသို့ သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်လိုက်သောကြောင့် ပါဏာတိပါတကံ၏ ဆိုးကျိုးများကို မခံစားရတော့ပေ။ ဤသို့ မခံစားရလျှင် ပစ္စုပ္ပန်ဘဝတွင်လည်း မိသားစုနှင့် ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင် နေရမည်။ တမလွန်တွင်လည်း ပါဏာတိပါတကံကြောင့် ကျရောက်မည့် ဒုဂတိဘုံသို့ မသက်ရောက်တော့ပေ။

မိမိသည် လုံ့လဝီရိယ စိုက်ထုတ်၍ အပတ်တကုတ် ရှာဖွေစုဆောင်းထားသော မိမိပိုင် ဥစ္စာပစ္စည်းများ ပျောက်ဆုံးမည်ကို လုံးဝ မလိုလား မနှစ်သက်ပေ။ အခြားသူများသည်လည်း မိမိကဲ့သို့ပင် ရှိလိမ့်မည်ဟု ကိုယ်ချင်းစာလျှင် သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာတို့ကို မခိုးယူတော့ပေ။ ထိုအခါ အဒိန္နာဒါနကံ၏ ဆိုးကျိုးများကို မခံစားရတော့ပေ။

မိမိသည် မိမိ ချစ်ခင်မြတ်နိုး၍ လက်ထပ်ပေါင်းသင်းထားသော ဇနီးမယားကို အခြားတစ်ပါးသော ယောကျ်ားတို့နှင့် ဖောက်ပြားကျူးလွန်မှုကို လုံးဝသည်းမခံနိုင်ပေ။ ဒေါသအမျက် ပြင်းပြင်းထန်ထန် ထွက်ပေလိမ့်မည်။ ထို့အတူ အခြားယောကျ်ားတို့သည်လည်း မိမိကဲ့သို့ပင် ရှိလိမ့်မည်ဟု ကိုယ်ချင်းစာလျှင် သူတစ်ပါးတို့၏ သားမယားတို့နှင့် ဖောက်ပြန်

ကျူးလွန်မှု မပြုတော့ပေ။ ထိုအခါ ကာမေသုမိစ္ဆာစာရကံ၏ ဆိုးကျိုးများကို မခံစားရတော့ပေ။

လူမှုဆက်ဆံရေးတွင် မိမိနှင့် ဆက်ဆံပြောဆိုသူများက မိမိကို လိမ်လည်သော စကား၊ ကုန်းတိုက်ပြောဆိုသော စကား၊ ရန့်ရင်းကြမ်းတမ်းသော စကား၊ ပြိန်ဖျင်းသော စကားတို့ကို ပြောဆိုခြင်းကို မိမိမကြိုက် မနှစ်သက်ပေ။ ထို့အတူ အခြားသူများသည်လည်း မိမိကဲ့သို့ပင် ရှိလိမ့်မည်ဟု ကိုယ်ချင်းစာလျှင် လိမ်လည်ခြင်း၊ ကုန်းတိုက်ခြင်း၊ ရန့်ရင်းကြမ်းတမ်းသော စကားနှင့် ပြိန်ဖျင်းသော စကားတို့ကို မပြောမဆို မပြုလုပ်တော့ပေ။ ထိုအခါ ဝစီဒုစရိုက်မှုမှ ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို မခံစားရတော့ပေ။

ပစ္စုပ္ပန်၊ သံသရာတွင် ချမ်းချမ်းသာသာ နေလိုသော် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ ကင်းစင်ဖို့ လိုပါသည်။ ဆိုရသော် ကံသုံးပါး သန့်ရှင်းစင်ကြယ်ဖို့ လိုပါသည်။ ကံသုံးပါး စင်ကြယ်ခြင်းအတွက် အဓိက အရင်းအမြစ် ကျသောအရာမှာ နှလုံးသား၌ ကိုယ်ချင်းစာတရား တည်ကိန်းရှင်သန်ဖို့ လိုပါသည်။ အမှန်တော့ သူတစ်ပါး၏နေရာတွင် ဝင်၍ ကိုယ်ချင်းစာနာလျှင် သူတစ်ပါး ဆင်းရဲဒုက္ခရောက်စေမည့် မကောင်းမှု မကျူးလွန်တော့ပါ။ ကိုယ်ချင်းစာတရားနှင့် စပ်လျဉ်း၍ စာရေးဆရာကြီး (ဦး) တက်တိုးက ဤသို့ရေးခဲ့ပါ၏။

**သူတစ်ပါးနေရာ၌ မိမိနေ၍ သူတစ်ပါး ခံစားရမည့် ဒုက္ခ၊သုခတို့ကို မိမိ ခံစားရသကဲ့သို့ ရုပ်လုံးပေါ်အောင် (တစ်နည်း) ရုပ်လုံးပေါ်အောင် တွေးခေါ်တတ်မှ စာနာစိတ် (Sympathy) ပေါ်မည်။ သို့မှသာလျှင် သူတစ်ပါးအပေါ်၊ အများ အပေါ်တွင် မေတ္တာ၊ စေတနာထား၍ ပွားများနိုင်ပေသည်။ သူတစ်ပါး အလားတူ ခံစားတတ်မှသာ ဗြဟ္မာဝိဟာရ တရားလေးပါးကို ပွားများအားသုတ်နိုင်ပေမည်။ စာနာစိတ်သာ ရှိပါစေ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့သည် မိမိသန္တာန်၌ ဖြစ်ထွန်းလာကြရမည်။**

အမှန်စင်စစ် လူသားအချင်းချင်း ထောက်ထားစာနာခြင်းဟူသော ကိုယ်ချင်းစာတရားသည် လူသားတစ်ဦးချင်း၏ဘဝကို တည်ငြိမ်အေးချမ်းစေသည်သာမက လူ့အဖွဲ့အစည်း တစ်ခုလုံးကိုပင် တည်ငြိမ်အေးချမ်း

အောင်၊ မှုခြေရှိအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ပါသည်။ မြတ်စွာဘုရား က ဝေဠုဒွါရ ရွာသားတို့အား ကိုယ်ချင်းစာတရားထားလျက် ကာယ ဒုစရိုက်၊ ဝစီဒုစရိုက်တို့ကို ရှောင်ကြဉ်မည်။ ရတနာသုံးပါး၌ ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံပြီး အရိယာတို့၏ သီလနှင့် ပြည့်စုံသော် အပါယ် ဆင်းရဲသို့ မကျရောက်နိုင်ဟု အာမခံ၍ ဟောတော်မူခဲ့သည်။ ထာဝစဉ် နှလုံးသွင်း ဆင်ခြင်လျက် နှလုံးသား၌ ကိုယ်ချင်းစာတရား ရှင်သန်တည် ကိန်းစေပြီး ကာယကံ၊ ဝစီကံတို့ကို သန့်ရှင်းစင်ကြယ်အောင် အားထုတ် ကြိုးပမ်းသွားသင့်ပါသည်။

□

# သိမ်မွေ့နူးညံ့သူနှင့် ကြမ်းတမ်းသူ

သာဝတ္ထိပြည်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူ၏။

ထိုစဉ်အခါဝယ် စဏ္ဍအမည်ရှိသော ရွာသူကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်လျက် ဤသို့ လျှောက်ထားလေ၏။

"အရှင်ဘုရား၊ ဤလောက၌ အချို့သောသူကို 'ကြမ်းတမ်းသူ၊ ကြမ်းတမ်းသူ' ဟူ၍ ခေါ်ဝေါ်ပြောဆိုကြပါကုန်၏။ အချို့သောသူကိုမူ 'သိမ်မွေ့သူ၊ သိမ်မွေ့သူ' ဟူ၍ ခေါ်ဝေါ်ပြောဆိုကြပါကုန်၏။ အရှင်ဘုရား အဘယ်သို့ပါနည်း။ အကြောင်းအထောက်အပံ့ ဘယ်သို့ရှိပါသနည်း။ မြတ်စွာဘုရားသည် ဟောကြားတော်မူပါ"

"အချင်းရွာသူကြီး၊ ဤလောက၌ အချို့သောသူသည် စွဲမက်မှုရာဂကို မပယ်ဖျောက်။ ထိုသို့ စွဲမက်မှုရာဂကို မပယ်ဖျောက်ခြင်းကြောင့် သူတစ်ပါးတို့က အမျက်ထွက်အောင် ပြုလုပ်လာသော် အမျက်ထွက်၏။ အမျက်ကို မထိန်းသိမ်းနိုင်၊ ထိုသူကို ကြမ်းတမ်းသူဟု ခေါ်ကြ၏။

ထိုသူသည် အမျက်ဒေါသကို မပယ်ဖျောက်၊ ထိုသို့ ဒေါသကို မပယ်ဖျောက်ခြင်းကြောင့် သူတစ်ပါးတို့က အမျက်ထွက်အောင် ပြုလုပ်လာသော် အမျက်ထွက်၏။ အမျက်ဒေါသကို မထိန်းသိမ်းနိုင်၊ ထိုသူကို ကြမ်းတမ်းသူဟု ခေါ်ကြ၏။

ထိုသူသည် တွေဝေမှု မောဟကို မပယ်ဖျောက်၊ ထိုသို့ မောဟကို မပယ်ဖျောက်ခြင်းကြောင့် သူတစ်ပါးတို့က အမျက်ဒေါသထွက်အောင် ပြုလုပ်လာသော် အမျက်ထွက်၏။ အမျက်ဒေါသကို မထိန်းသိမ်းနိုင်၊ ထို

သူကို ကြမ်းတမ်းသူဟု ခေါ်ကြ၏။

ရှာသူကြီး၊ ကြမ်းတမ်းသူ၏ အဖြစ်ဟူသည်မှာ ဤသည်ပင်တည်း။ ဤသည်ပင်လျှင် ကြမ်းတမ်းသူဟု ခေါ်ရခြင်းအကြောင်း အထောက်အပံ့ ပေတည်း။

အချင်းရှာသူကြီး၊ ဤလောက၌ အချို့သောသူသည် စွဲမက်မှု ရာဂကို ပယ်ဖျောက်၏။ ထိုသို့ ရာဂကို ပယ်ဖျောက်ပြီး ဖြစ်ခြင်းကြောင့် သူတစ်ပါးတို့က အမျက်ထွက်အောင် ပြုလုပ်လာသော် အမျက်မထွက်၊ အမျက်ဒေါသကို ထိန်းသိမ်းနိုင်၏။ ထိုသူကို သိမ်မွေ့သူဟု ခေါ်ကြ၏။

ထိုသူသည် အမျက်ဒေါသကို ပယ်ဖျောက်နိုင်၏။ ထိုသို့ဒေါသကို ပယ်ဖျောက်ပြီး ဖြစ်ခြင်းကြောင့် သူတစ်ပါးတို့က အမျက်ထွက်အောင် ပြုလုပ်လာသော် အမျက်မထွက်၊ အမျက်ဒေါသကို ထိန်းသိမ်းနိုင်၏။ ထိုသူကို သိမ်မွေ့သူဟု ခေါ်ကြ၏။

ထိုသူသည် တွေဝေမှု မောဟကို ပယ်ဖျောက်နိုင်၏။ ထိုသို့မောဟကို ပယ်ဖျောက်ပြီး ဖြစ်ခြင်းကြောင့် သူတစ်ပါးတို့က အမျက်ထွက်အောင် ပြုလုပ်လာသော် အမျက်မထွက်။ အမျက်ဒေါသကို ထိန်းသိမ်းနိုင်၏။ ထိုသူကို သိမ်မွေ့သူဟု ခေါ်ကြ၏။ ရှာသူကြီး၊ သိမ်မွေ့သူ၏အဖြစ်ကား ဤသည်ပင်တည်း။ ဤသည်ပင်လျှင် သိမ်မွေ့သူဟု ခေါ်ဆိုရခြင်း၏ အကြောင်း အထောက်အပံ့ပင်တည်း။ ယင်းသို့ မြတ်စွာဘုရား ရှင်းလင်း ဟောကြားသောအခါ စဏ္ဍ ရှာသူကြီးလည်း လွန်စွာနှစ်သက် ဝမ်းသာဖြစ်လျက် ဥပါသကာအဖြစ်ကို ခံယူလေသည်။

**(သဠာယတနသံယုတ်ပါဠိတော်၊ ဂါမဏိသံယုတ်၊ စဏ္ဍသုတ်)**

**[ဗုဒ္ဓ၏ ဝါဒစစ်ပွဲများ (လေးမြိုင်)၊ စာ-၁၁၄/၁၁၅]**

The Right Time ဂျာနယ် (၄-၉-၂၀၁၃)ထုတ်တွင် ဆရာမြို့သိန်း၏ "**မြန်မာပြည်သူများနှင့် လူ့ကျင့်ဝတ်**" ဆောင်းပါးကို ဖတ်လိုက်ရပါသည်။

ထိုဆောင်းပါးတွင် နေ့စဉ်ထုတ် သတင်းစာ၊ အပတ်စဉ်ထုတ် ဂျာနယ်များတွင် အမြဲမှု ကျူးလွန်သော သတင်းများ၊ ရာဇဝတ်မှုသတင်းများကို ဖတ်နေရ၊ သိနေရကြောင်း၊ မြန်မာလူမျိုးအချင်းချင်း၊ မြန်မာနိုင်ငံ သွေးရင်းသားရင်းတွေ တစ်ယောက်က တစ်ယောက်ကို အနိုင်ကျင့်

စော်ကားသောကြောင့် (တစ်ခါတလေ အုပ်စုဖွဲ့) တစ်ဦးက တစ်ဦးအပေါ် ရန်ငြိုးဖွဲ့ သတ်ဖြတ်သော သတင်းများကို ဖတ်ရ သိရတာ နည်းနည်းမှ စိတ်သက်သာစရာ မရှိ။ ဤအဖြစ်များမှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး အတွက် ရင်လေးဖွယ်ကောင်းလှကြောင်း၊ မြန်မာလူမျိုးအချင်းချင်းကြားမှာ အဓမ္မမှုနှင့် ရာဇဝတ်မှုတွေ ထူပြောများပြားနေခြင်းသည် လူသားဘဝနှင့် လောကကို ဖြတ်သန်းနေခြင်းလား၊ တိရစ္ဆာန်အဆင့် အကျင့်နှင့် လောကကို ဖြတ်သန်းနေခြင်းလား ဟူသည်ကို စဉ်းစားစရာ ဖြစ်နေကြောင်း၊ ဤသို့သော ဖြစ်ရပ်မျိုးတွေ ထပ်မံမပေါ်ပေါက်စေဖို့ ဝိုင်းဝန်းကာကွယ် တားဆီးကြရန် နိုင်ငံသားအားလုံးမှာ တာဝန်ရှိကြောင်း ရေးသားတင်ပြထားပါသည်။ ထိုဆောင်းပါးတွင် ဗုဒ္ဓဘာသာဝင်များ အထူး အလေးအနက်ထား စဉ်းစားဆင်ခြင်သင့်သော စာပိုဒ်မှာ ဤသို့ပါ။

**"အဲဒီလို ဖြစ်ပျက်နေတာတွေကို ဖတ်ရ၊ သိရတဲ့အခါ ကျွန်တော်တို့မှာ အတွေးပွားစရာ ဖြစ်လာခဲ့ရတယ်။ နောက်ပြီး ငါတို့နိုင်ငံဟာ ဗုဒ္ဓဘာသာ ထွန်းကားတဲ့ နိုင်ငံမှ ဟုတ်ရဲ့လား။ မြန်မာ့စိတ်နေစိတ်ထားဟာ နူးညံ့သိမ်မွေ့ ယဉ်ကျေးတယ်ဆိုတာ သေချာရဲ့လား။ ဘာသာတရားရဲ့ အဆုံးအမ၊ အမိအဖ၊ ဆရာသမားများရဲ့ အဆုံးအမ တရားများ ကိန်းတယ်ဆိုတာ မှန်ကန်ပါရဲ့လား။ လူ့ကျင့်ဝတ်သိက္ခာ စည်းကမ်း၊ လူ့ယဉ်ကျေးမှု၊ လူ့နှလုံးသားရှိတဲ့ လူမျိုးလို့ ပြောနိုင်ပါရဲ့လား။ ကျွန်တော်တို့မှာ အမေးပေါင်းများစွာ၊ အတွေးပေါင်းများစွာ နဲ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်"**

မြန်မာလူမျိုးအချို့၏ စရိုက်ကြမ်းတမ်းမှုတွေကြောင့် သူ အတွေး ပွားမည်ဆိုကလည်း ပွားလောက်စရာပင်။ မည်သည့်ရန်ငြိုးရန်စမှ မရှိဘဲ အင်းလျားလိတ်ကန်ပေါင်မှာ၊ မန္တလေးမြို့ ကျုံးဘေးက လမ်းမှာ ရိုက်နှက်မှု၊ ဓားနဲ့ခုတ်မှု သတင်းမျိုးတွေကို ဖတ်ရရာ တအံ့တသြနဲ့ စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရပါသည်။ မိမိနှင့် မည်သည့်ရန်ငြိုးရန်စမှ မရှိသော သူစိမ်း ပြင်ပြင်များကို အကြောင်းမဲ့ ဓားနဲ့ခုတ်၊ တုတ်နဲ့ရိုက်လောက်အောင် ထိုလူ ငယ်တို့၏ နှလုံးသားတွင် ရက်စက်ကြမ်းကြုတ်မှုတွေ ဘာကြောင့် အုံကျင်း ဖွဲ့ ကြီးစိုးနေရပါသလဲ။

ဆယ်နှစ်အောက် ကလေးငယ်တွေကို လိင်အကြမ်းဖက် စော်ကား

သော သတင်းတွေ၊ အသက် ၇၀ ကျော်၊ ၈၀ အဘွားအိုတွေကိုပင် အလွတ်မပေးဘဲ အဓမ္မမှုကို ပြုကျင့်သော သတင်းတွေ၊ ဖခင်ရင်းက သမီးအရင်းကို အကြိမ်ကြိမ် အဓမ္မမှုပြုကျင့်သော သတင်းတွေကို ဖတ်ရသောအခါ အချို့သူတွေမှာ ဘာကြောင့် လွန်ကဲသော ရာဂစရိုက်နှင့် မောဟစရိုက် အတိုင်းအတာမဲ့ ထူထဲကြီးမားနေရပါသလဲ။

ပုထုဇဉ်တို့တွင် ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ ဝိတက္ကစရိုက်၊ သဒ္ဓါစရိုက်နှင့် ဗုဒ္ဓိစရိုက်ဟူ၍ စရိုက်ခြောက်မျိုး ရှိပါ၏။ ပုထုဇဉ်တိုင်း ထိုစရိုက်ခြောက်မျိုး ရှိတတ်ကြသော်လည်း တစ်ဦးနှင့်တစ်ဦး အနည်းနှင့်အများ အထူအပါးမှု ကွာခြားပါသည်။ ဥပမာအားဖြင့် ပုထုဇဉ်တိုင်း ဒေါသရှိတတ်ကြသော်လည်း လူတစ်ဦးနှင့်တစ်ဦး ဒေါသထွက်ပုံချင်း မတူ။ စိတ်မကျေနပ်စရာ အခက်အခဲပြဿနာနှင့် ကြုံဆုံရမှုချင်း တူသည့်တိုင် တစ်ဦးက ပြင်းပြင်းထန်ထန် ဒေါသထွက်သော်လည်း တစ်ဦးကမူ သူကဲ့သို့ ပြင်းပြင်းထန်ထန် ဒေါသမထွက်။ လူတစ်ဦး၏ စရိုက်ဉာဉ်ဟူသည် သံသရာတစ်လျှောက် သယ်ဆောင်လာခဲ့သည်တို့ရှိသလို ပစ္စုပ္ပန်ဘဝတွင် သူ ကျင်လည်ဖြတ်သန်းခဲ့ရာ လူမှုဝန်းကျင်၊ သူ၏ ပညာ အရည်အချင်းနှင့် ကိုးကွယ်ရာ ဘာသာတရားအပေါ် သက်ဝင် ယုံကြည်မှုတို့အပေါ်တွင်လည်း မူတည်ပါသည်။

နေ့စဉ်နှင့်အမျှ လူတို့သည် ကြံတွေးနေ၊ ပြောဆိုနေ၊ ပြုမူလုပ်ကိုင်ဆောင်ရွက်နေသည်။ ကြံတွေးခြင်းမှာ မနောကံ၏ လုပ်ငန်းဆောင်တာဖြစ်ပါသည်။ ပြောဆိုခြင်းမှာ ဝစီကံ၏ လုပ်ငန်းဆောင်တာ ဖြစ်ပါသည်။ လူတစ်ဦးနှင့်တစ်ဦး ကံသုံးပါးချင်း မတူညီကြပေ။

လောက၌ စိတ်နေစိတ်ထား သိမ်မွေ့နူးညံ့သူတို့လည်း ရှိ၏။ ကြမ်းတမ်းခက်ထန်သူတို့လည်း ရှိ၏။ စိတ်နေစိတ်ထား နူးညံ့သိမ်မွေ့သူတို့၏ ဝစီကံမှုသည် သိမ်မွေ့နူးညံ့သည်။ ကာယကံမှုသည် သိမ်မွေ့နူးညံ့သည်။ စိတ်နေစိတ်ထား ခက်ထန်ကြမ်းတမ်းသူ၏ ကာယကံမှုသည် ခက်ထန်ကြမ်းတမ်းသည်။ ဝစီကံမှုသည် ခက်ထန်ကြမ်းတမ်းသည်။

စိတ်ထားသိမ်မွေ့နူးညံ့သူတို့သည် ရာဂစရိုက်လည်း မလွန်ကဲမပြင်းပြ။ ဒေါသစရိုက်လည်း မလွန်ကဲ မပြင်းပြ။ မောဟစရိုက်လည်း

မလွန်ကဲ မပြင်းပြ။ အမှန်တော့ ဒေါသစရိုက်၊ မောဟစရိုက်၊ ရာဂစရိုက်တို့ လွန်လွန်ကဲကဲ ထကြွသောင်းကျန်းမှု မရှိသောကြောင့်လည်း စိတ်နေစိတ်ထား အေးချမ်းသိမ်မွေ့ခြင်း ဖြစ်ပါ၏။ သည်လိုလူတွေ၏ နှလုံးသားထဲတွင် ကိုယ်ချင်းစာတရား တည်ကိန်းသည်။ သူတစ်ပါးအပေါ် အစဉ်သိမ်မွေ့စွာ ပြောဆိုဆက်ဆံသည်။ သိမ်မွေ့စွာ ပြုမူဆောင်ရွက်သည်။ သူတို့၏ အကြည့်တွင် မေတ္တာဓာတ်၊ ကရုဏာဓာတ် ဖြာလက်တောက်ပနေသည်။ ယဉ်ကျေးသိမ်မွေ့သော သူတို့၏ အကြည့် အပြော၊ အပြုအမူတို့က သူတစ်ဖက်သား၏ စိတ်နှလုံးကို ရွှင်ပြုံးချမ်းမြေ့စေသည်။ သိမ်မွေ့နူးညံ့သူတိုင်းသည် လောကကို အလှဆင်သူတွေ ဖြစ်သည်။ လူမှုအဖွဲ့အစည်းကို တည်ငြိမ်အေးချမ်းစေသူတွေ ဖြစ်သည်။

စိတ်ထားခက်ထန် ကြမ်းတမ်းသူတို့သည် ရာဂစရိုက် လွန်ကဲပြင်းထန်သည်။ ဒေါသစရိုက်လည်း လွန်ကဲပြင်းထန်သည်။ မောဟစရိုက်လည်း လွန်ကဲပြင်းထန်သည်။ အမှန်စင်စစ် ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက် လွန်ကဲပြင်းထန်သောကြောင့်သာ စိတ်ထားခက်ထန် ကြမ်းတမ်းခြင်း ဖြစ်ပါ၏။ သည်လိုလူတွေ၏ နှလုံးသားထဲတွင် ကိုယ်ချင်းစာတရား ဆိတ်သုဉ်းနေသည်။ အခြားသူတို့အပေါ် ကြမ်းကြမ်းတမ်းတမ်း ပြောဆိုတတ်သည်။ ကြမ်းကြမ်းတမ်းတမ်း ပြုမူဆောင်ရွက်တတ်သည်။ သူတို့၏ အကြည့်တွင် အမုန်း၊ အမျက်၊ အာဃာတတို့ ထင်ဟပ်နေတတ်သည်။ ခက်ထန်ကြမ်းတမ်းသော သူတို့၏ အကြည့်၊ အပြော၊ အပြုအမူတို့က သူတစ်ပါးတို့၏ စိတ်နှလုံးကို နာကျင်ဆင်းရဲစေသည်။ ထိခိုက်စေသည်။ သည်လိုကြမ်းတမ်းသူတွေသည် လောကကို အကျည်းတန်စေသူတွေ ဖြစ်သည်။ လူ့အဖွဲ့အစည်းကို မတည်မငြိမ်အောင်၊ ဆူပွက်အောင် ဖန်တီးနေသူတွေလည်း ဖြစ်ပါ၏။

အကြင်လူ့အဖွဲ့အစည်းတစ်ခု၌ ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက် အားကဲသော ခက်ထန်ကြမ်းတမ်းသူတွေ များပြားလာပါအံ့။ အကြင်အဖွဲ့အစည်းသည် ပဋိပက္ခများ၊ ပြဿနာများ၊ အကြမ်းဖက် ဖျက်ဆီးမှုများဖြင့် မတည်မငြိမ် ဆူပွက်လှုပ်ရှားနေပေလိမ့်မည်။ ထိုလူ့အဖွဲ့အစည်းတစ်ခု၌ ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက် မလွန်ကဲ မပြင်းပြသော

သိမ်မွေ့နူးညံ့သူတွေချည်း ဖြစ်ပါအံ့။ ထိုလူ့အဖွဲ့အစည်းသည် ချစ်ခင်ညီညွတ်ခြင်းဖြင့် သာယာချမ်းမြေ့ပေလိမ့်မည်။

မျိုးဆက်သစ် လူငယ်လူရွယ်များတွင် ယဉ်ကျေးသိမ်မွေ့သော စိတ်နေစိတ်ထားများ တည်ကိန်းလာစေရန် မိဘဆရာသမားတို့က ပညာပေး ပြုစုပျိုးထောင်မှုများ ပြုရမည် ဖြစ်ပါသည်။ သို့မှသာ အနာဂတ်လူ့အဖွဲ့အစည်းသည် ယခုထက်ပိုမို၍ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာပေလိမ့်မည်။

❒

# စိတ်ညယျာဉ်မှူး၏ တာဝန်

မိမိကိုယ်ကိုယ် လှပအောင် တန်ဆာဆင်ယင် ပြုပြင်လေ့ရှိသော မိန်းမပျိုသည် ကြေးမုံပြင်ကို ကြည့်လေ၏။ မျက်နှာပြင်၌ မှဲ့၊ ဝက်ခြံ၊ အမှိုက်သရိုက် စသော အညစ်အကြေးများ ရှိ၊ မရှိ အကြိမ်ကြိမ်ပင် စစ်ဆေးကြည့်ရှု၏။ မျက်နှာ၌ အညစ်အကြေးများကို တွေ့မြင်ရလျှင် သန့်ရှင်းပြေပြစ်စေရန် ပြုပြင်ခြယ်မှုန်း၏။ မလျှော့သော လုံ့လဝီရိယဖြင့် ပြုပြင်ခြယ်သ၏။

အကယ်၍ ထိုမိန်းမပျိုသည် ကြေးမုံပြင်ကို ကြည့်ရာ၌ မျက်နှာတွင် အညစ်အကြေးများ၊ မပြေပြစ်ခြင်းများကို မမြင်တွေ့ရသော် 'ငါသည် သန့်ရှင်းစင်ကြယ်ပေ၏။ ပြေပြစ်ချောမောပေ၏' ဟူ၍ ရွှင်ပျမြူးထူးရလေ၏။ နှစ်သက်ကြည်နူးရလေသည်။

ဤနည်းတူ လူတို့သည် မိမိ၏စိတ်ကို စစ်ဆေးသုံးသပ်ရာ၏။ ငါ၏စိတ်သည် လိုချင်တပ်မက်အား ကြီးနေသလား၊ ဖျက်ဆီးနှိပ်စက်ချင်နေသလား၊ မလိုမုန်းထား အဘိဇ္ဈာများနေသလား၊ တွေဝေမိုက်မဲ၍ နေသလား စသည်ဖြင့် ကိလေသာ အညစ်အကြေးတို့ လွှမ်းခြုံမြှေးယှက်ခြင်း ရှိ၊ မရှိ စိစစ်သုံးသပ်ရာ၏။

အကယ်၍ ကိလေသာ အညစ်အကြေးတို့ လွှမ်းခြုံမြှေးယှက်လျက် ရှိနေသော် ပယ်ဖျက်ရှင်းလင်းပစ်ရာ၏။ ကောင်းသော အသိအမြင်၊ ကောင်းသော အကြံအစည်၊ ကောင်းသော အပြုအမူ အစရှိသော မဂ္ဂင်ရှစ်ပါး လမ်းစဉ်တရားဖြင့် ပယ်ဖျက်သုတ်သင်ပစ်ရာ၏။

မိမိ၏ စိတ်အစဉ်သည် ကိလေသာ အညစ်အကြေးတို့မှ ကင်းစင်သန့်ရှင်းလျက်ရှိမှုကား ထိုသူသည် 'ငါ့အား အရတော်လေစွ၊ စင်ကြယ်သော စိတ်ကောင်းတို့သည်သာလျှင် ငါ့၌ ကိန်းအောင်းရပေစွ' ဟူ၍ နှစ်သက်ဝမ်းမြောက်ရလေ၏။

(ဒသကနိပါတ်၊ သစိတ္တဝဂ်၊ သစိတ္တသုတ်)

[ဗုဒ္ဓ၏ ဥပမာတစ်ထောင်၊ (လေးမြိုင်)၊ စာ-၂၄၃]

လူဟူသည် ရုပ်နှင့်စိတ်တို့ ပေါင်းစည်းဖွဲ့တည်ရာ ဖြစ်ပါသည်။ ရုပ်နှင့်စိတ်တွင် စိတ်သည် အကြီးအမှူး အဦးအဆောင် ဖြစ်ပါ၏။ ရုပ်ခန္ဓာက စိတ်၏ ဦးဆောင်ရာနောက်သို့ လိုက်ပါနေရခြင်း ဖြစ်ပါသည်။ ရုပ်နှင့်စိတ်တွင် ရုပ်သည် ဗဟိဒ္ဓအပြင်သဏ္ဌာန်ဖြစ်ပြီး စိတ်သည် အတွင်းအဇ္ဈတ္တသန္တာန် ဖြစ်ပါသည်။ ဤတွင် ပြင်ပဗဟိဒ္ဓ သဏ္ဌာန်ဖြစ်သော 'ရုပ်' မှာ ထင်သာမြင်သာရှိပြီး အတွင်းအဇ္ဈတ္တ သန္တာန်ဖြစ်သော 'စိတ်' မှာ ထင်သာမြင်သာခြင်း မရှိပါ။

အများအားဖြင့် လူတို့သည် ထင်သာမြင်သာရှိသော ရုပ်ခန္ဓာကိုသာ အလေးမူ ဂရုပြုလေ့ရှိပါသည်။ ထင်သာမြင်သာ မရှိသော စိတ်ကိုမူ အလေး ဂရုပြုလေ့ မရှိတတ်ပါ။ မိမိတို့၏ ရုပ်ဆင်းသဏ္ဌာန်ကိုမူ လှပအောင်၊ ကြည့်ပျော် ရှုပျော်ဖြစ်အောင် ကြေးမုံပြင်တွင် အကြိမ်ကြိမ် ကြည့်လျက် နေ့စဉ်နှင့်အမျှ မှုန်နံ့သာ ခြယ်ကာသကြသည်။ အင်္ကျီအဝတ်အထည်၊ ပုဆိုး၊ ထဘီစသည်တို့ကိုလည်း မိမိနှင့်လိုက်ဖက်သော အဆင်အသွေးကို ရွေးချယ်ဝတ်ဆင်ကြသည်။ ခန္ဓာကိုယ် ကျစ်လျစ်သွယ်လျလှပစေသည်ဟု ကြော်ငြာသော ဆေးတို့ကို ငွေကုန်ကြေးကျခံ၍ သုံးစွဲသူတို့ ရှိသလို အားကစားကိရိယာများနှင့် လေ့ကျင့်ခန်းလုပ်ကာ ခန္ဓာကိုယ် အလေးချိန် လျှော့ချသူများလည်း ရှိသည်။ လက်သည်း၊ ခြေသည်းတို့ကို ပင် လှပသော ဆေးရေးတို့ဖြင့် ပုံဖော်အလှဆင်တတ်ကြသည်။ ငွေကြေးချမ်းသာကြွယ်ဝသူတို့က မိမိတို့၏ မလှပသော ခန္ဓာကိုယ် အစိတ်အပိုင်းတို့ကို ခွဲစိတ်ပြုပြင် အလှဆင်ကြသည်။ အသားအရေ ကြည်လင်လှပစေသော အလှကုန်ပစ္စည်းမျိုးစုံ သုံးစွဲကြသည်။ ဆံကေသာနှင့် ပတ်သက်၍လည်း ခေါင်းလျှော်ရည် အမျိုးမျိုး၊ ခေါင်းလိမ်းဆီ အမျိုးမျိုးတို့ကို

အသုံးပြုရုံမျှ အားမရမူလျက် ဆံပင်ပုံသွင်းခြင်း၊ ကောက်ခြင်း၊ ရောင်စုံဆေးဆိုးခြင်း စသည့် နည်းမျိုးစုံဖြင့် အလှပြင် ခြယ်မှုန်းတတ်ကြပါ၏။

ခန္ဓာကိုယ် ကျန်းမာရေးနှင့် ပတ်သက်၍ ကျန်းမာရေးအသိလည်းရှိ၊ ငွေကြေးလည်း ပြည့်စုံသူတို့က အမျိုးမျိုး ဂရုစိုက်ကြပါသည်။ ကျန်းမာရေးနှင့် ညီညွတ်ပြီး ခွန်အားဖြစ်စေမည့် အစားအစာတို့ကို ရွေးချယ်စားသုံးကြသည်။ သက်ရှည်ကျန်းမာ နုပျိုစေမည့် အားဆေးမျိုးစုံကိုလည်း မှီဝဲကြသည်။ အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်စသော ခန္ဓာကိုယ်တွင်း အင်္ဂါများ၏ အခြေအနေကို သိရအောင် ခေတ်မီစက်သစ်ကြီးများဖြင့် ရောဂါရှာဖွေစစ်ဆေးမှု ပြုကြသည်။

ပုထုဇဉ်သဘာဝ မိမိ၏ခန္ဓာကိုယ် လှပတင့်တယ်ချင်သည်မှာ အပြစ်ဆိုစရာ မဟုတ်ပါ။ ခန္ဓာကိုယ် ကျန်းမာရေးအတွက် ခန္ဓာကိုယ်တွင်း အင်္ဂါများ အခြေအနေကို စက်ပစ္စည်းများဖြင့် စစ်ဆေးခြင်း၊ သင့်လျော်ရာ အစားအသောက်နှင့် ဆေးဝါးများ မှီဝဲခြင်းတို့မှာ ပြုသင့်ပြုအပ်သော အမှုပင် ဖြစ်ပါ၏။ မိမိ၏ခန္ဓာကိုယ်နှင့် ကျန်းမာရေးကို အလေးထား ဂရုစိုက်ခြင်းသည် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်ပါ၏။ မဖြစ်မနေ ပြုသင့်ပြီး ပြုရမည်လည်းဖြစ်သော 'ကိစ္စကောင်း' ဖြစ်ပါ၏။

သို့သော် လူအတော်များများသည် ပြင်ပခန္ဓာကိုယ်အပေါ် အလေးပေး အရေးထား ဂရုစိုက်ကြသော်လည်း အတွင်းအဈ္ဈတ္တဖြစ်သော မိမိ၏ 'စိတ်' ကိုမူ မေ့မေ့လျော့လျော့ ရှိနေတတ်ကြသည်။ အလေးထားရကောင်းမှန်း မသိ။ နေ့စဉ်နှင့်အမျှ မိမိ၏ရုပ်သွင်ပြင်ကို ကြေးမုံမှန်ပြင်တွင် ကြည့်တတ်ကြသော်လည်း မိမိ၏စိတ်ကိုမူ ကြည့်ရကောင်းမှန်း မသိပေ။ မိမိ၏စိတ်သည် ကုသိုလ်စိတ် ဖြစ်နေသလား၊ အကုသိုလ်စိတ် ဖြစ်နေသလားဟူသည်ကို သတိမူရကောင်းမှန်း မသိ။ ထို့ကြောင့်လည်း တောင်မြို့မဟာဂန္ဓာရုံအရှင် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက–

"လူတိုင်းဟာ ရုပ်ကိုသာ ပြုပြင်တတ်ကြတယ်။ နာမ်ကိုတော့ မပြင်တတ်ကြဘူး။ ဒါကြောင့် ရုပ်ချမ်းသာမှုကို ရှေးရှုနေကြတာပဲ။ နာမ်ချမ်းသာမှုကို ရှေးရှုမပြင်တတ်ကြရင် ညာဝါးနေခြင်းသာ ဖြစ်တယ်" ဟု မိန့်တော်မူခဲ့ခြင်း ဖြစ်ပါ၏။

စင်စစ် 'ရုပ်' နှင့် 'စိတ်' တွင် ရုပ်ကို ပြင်ခြင်းထက် စိတ်ကို ပြင်ခြင်းက ပို၍ အရေးကြီးပါ၏။ ပဓာနကျပါ၏။ ရုပ်ပိုင်းဆိုင်ရာ ဝေဒနာဖြစ်လျှင် ချက်ချင်းပင် ကျွမ်းကျင်သော သမားတော်နှင့် ကုသ၍ ပျောက်ကင်းနိုင်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ဝေဒနာဖြစ်လျှင်မူ ဝေဒနာဖြစ်မှန်းပင် (သတိဖြင့် စောင့်မကြည့်လျှင်) မသိနိုင်ပေ။ စိတ်ပိုင်းဆိုင်ရာ ဝေဒနာဟူသည်မှာ စေတသိက်ဆိုးများ ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဝေဒနာကပစ္စုပ္ပန်ဘဝတွင်သာ ဒုက္ခပေးနိုင်စွမ်း ရှိသော်လည်း စိတ်ဝေဒနာမူကားသံသရာ တစ်လျှောက်လုံးအထိ လိုက်ပါ၍ ဆိုးကျိုးပေးနိုင်ပါသည်။ သို့ဖြစ်၍ မိမိ၏ ရုပ်ဆင်းသဏ္ဌာန်တွင် မှဲ့၊ ဝက်ခြံ၊ အမည်းကွက် စသည်များရှိ၊ မရှိ နေ့စဉ်နှင့်အမျှ စစ်ဆေးကြည့်ရှုသကဲ့သို့ မိမိ၏ စိတ်ထဲတွင်လည်း စိတ်ဓာတ်၏ မစင်ကြယ်မှု အင်္ဂါမည်သော အကုသိုလ် စေတသိက်များဖြစ်ပေါ်နေခြင်း ရှိ၊ မရှိ အသိနှင့် စောင့်ကြည့်သင့်ပါသည်။

စိတ်ကို ညစ်ကြေးစေသော စိတ်ဓာတ်၏ မစင်ကြယ်မှုအင်္ဂါများမှာ ၁၄ ပါး ရှိပါသည်။ ထို ၁၄ ပါးမှာ လောဘ (သာယာတပ်မက်ခြင်း)၊ ဒေါသ (အမျက်ထွက်ခြင်း)၊ မောဟ (တွေဝေခြင်း)၊ ဒိဋ္ဌိ (အယူအမြင်မှားခြင်း)၊ မာန (ထောင်လွှားမြင့်မောက်ခြင်း)၊ ဣဿာ (ငြူစူခြင်း)၊ မစ္ဆရိယ (ဝန်တိုနှမြောခြင်း)၊ ကုက္ကုစ္စ (နောင်တတစ်ဖန် စိုးရိမ်ပူပန်ခြင်း)၊ အဟိရိက (အရှက်မဲ့ခြင်း)၊ အနောတပ္ပ (အကြောက်မရှိခြင်း)၊ ဥဒ္ဓစ္စ (စိတ်ပျံ့လွင့်ခြင်း)၊ ထိန (ထိုင်းမှိုင်းခြင်း)၊ မိဒ္ဓ (အာရုံကို ထိတွေ့ခံစားမှု၌ မပွင့်လင်း မှေးမှိန်နေခြင်း)၊ ဝိစိကိစ္ဆာ (နှစ်လုံးနှစ်ခွ ဒွိဟဖြစ်ခြင်း၊ ယုံကြည်ထိုက်သည်ကို မယုံကြည်ခြင်း) တို့ ဖြစ်ပါသည်။

အမှန်တော့ 'စိတ်' ဟူသည် သဘာဝတရားကြီးက လူသားတိုင်းအား အညီအမျှ ပေးထားသော 'အရာ' တစ်ခု ဖြစ်ပါ၏။ သည်အရာကအခြား အခြားသော အရာများထက် ပို၍ တန်ဖိုးကြီးပါသည်၊ မွန်မြတ်ပါသည်။ လူတို့သည် အများအားဖြင့် ဥစ္စာစည်းစိမ်၊ ရာထူးဂုဏ်ရှိန်နှင့်ကျော်ကြားမှုတို့ကို အမြတ်တနိုး တန်ဖိုးထား တောင့်တလေ့ ရှိပါသည်။ မိမိ၏ 'စိတ်' ကိုမူ မြတ်နိုး တန်ဖိုးထားရကောင်းမှန်း မသိပါ။ စင်စစ် 'စိတ်' ကို တန်ဖိုးထားဖို့ လိုသည်၊ မြတ်နိုးဖို့ လိုသည်။

စင်စစ် 'စိတ်' သည် ဥယျာဉ်နှင့်တူပြီး လူက ဥယျာဉ်မှူးနှင့် ပမာတူပါ၏။ စိတ်ဟူသော ဥယျာဉ်ကလေးကို တန်ဖိုးထားစွာ ယုယုယယ မွမ်းမံပျိုးထောင်ဖို့၊ စောင့်ရှောက်ဖို့ လိုပါသည်။ ပန်းဥယျာဉ်ကို ပေယျာလကန် ဥပေက္ခာပြု လျစ်လျူရှုထားလျှင် ထိုဥယျာဉ်တွင် ပေါင်းမြက်၊ ဆူးခက်၊ ချုံပုတ်တွေ ရှုပ်ယှက်ခတ်နေပေလိမ့်မည်။ ထို့အတူပင် စိတ်တည်းဟူသော ဥယျာဉ်ကို ပစ်စလက်ခတ် ပစ်ထားလျှင် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ အစရှိသော ပေါင်းပင်များ၊ မြက်ရိုင်းများ၊ ချုံပုတ်များ တောထ ထူထပ်လာပေလိမ့်မည်။ ထိုအခါ စိတ်နှလုံးသည် ပူလောင်လာပါလိမ့်မည်။ ညစ်နွမ်းလာပါလိမ့်မည်။

သို့ဖြစ်၍ ဥယျာဉ်မှူးကောင်းတစ်ဦးသည် နေ့စဉ်နှင့်အမျှ ဥယျာဉ်အတွင်း ပေါက်လာသော ပေါင်းပင်များ၊ မြက်ရိုင်းများ၊ ချုံပုတ်များကို ခုတ်ထွင်ရှင်းလင်းသကဲ့သို့ စိတ်ဥယျာဉ်မှူးကောင်း တစ်ဦးသည်လည်း သူ၏ စိတ်အစဉ်ထဲသို့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော စိတ်ဓာတ်၏ မစင်ကြယ်မှု အင်္ဂါများ အထုအထည်ကြီးကြီးဖြင့် ဝင်ရောက်မလာနိုင်စိမ့်သောငှာ သတိဖြင့် ကာကွယ်စောင့်ရှောက်ရပေလိမ့်မည်။

ဥယျာဉ်မှူးကောင်းတစ်ဦးသည် ရှုပ်ထွေးနေသော ပေါင်းမြက်၊ အမှိုက်သရိုက်၊ ချုံပုတ်စသည်တို့ကို ခုတ်ထွင်ရှင်းလင်းပြီး လှပမွှေးပျံ့သော ပန်းပင်တို့ကို စိုက်ပျိုးခြင်းအားဖြင့် ဥယျာဉ်ကို လှပတင့်တယ် ရှုချင်ဖွယ်ဖြစ်အောင် ဖန်တီးတည်ဆောက်ပါသည်။ ထို့အတူ လူသည်လည်း မိမိ၏ စိတ်အတွင်းသို့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော စေတသိက်ဆိုးတို့ အဝင်မခံဘဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာ အစရှိသော နှလုံးသား ရတနာများကို ထည့်သွင်းဖို့ လိုပါသည်။

ဤအလေ့အကျင့် ခွဲမြဲဖန်များ၍ ကာလကြာလတ်သော် မိမိ၏ စိတ်သည် အညစ်အကြေး ကင်းသည့်အပြင် ယခင်ကထက် ပိုမို၍ ငြိမ်းချမ်းလာပါလိမ့်မည်။ သန့်စင်လာပါလိမ့်မည်။ ထိုအခါ လှပသန့်ပြန့်သော မိမိ၏ ရုပ်ဆင်းသဏ္ဌာန်ကို ကြည့်ရှုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသကဲ့သို့ မိမိ၏ ငြိမ်းချမ်းကြည်လင် ပြေလွင်သန့်စင်သော စိတ်ကို ပြန်ကြည့်ပြီး

ပီတိသောမနဿများ နှလုံးသား၌ တငြိမ့်ငြိမ့် တသွင်သွင် စီးဆင်းလာပါလိမ့်မည်။

❑



## မင်းနန် (မော်ကျွန်း)

❖ ၁၉၅၁ ခုနှစ် – မတ်လ ၁၈ ရက်နေ့တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာလုပ်ကလေးကျေးရွာတွင် အဖ ဦးဘရင်၊ အမိ ဒေါ်တင်အေးတို့မှ မွေးဖွားခဲ့သည်။

– ဖခင်မှာ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သရိုင်ရွာသား ဖြစ်ပြီး မိခင်မှာ ဝါးခယ်မမြို့နယ်၊ သရက်တောရွာသူ ဖြစ်သည်။ မွေးချင်း အရင်းအချာ ဟူ၍ မရှိ။ တစ်ဦးတည်းသောသားဖြစ်ပြီး အမည်ရင်းမှာ အောင်ကြွယ် ဖြစ်သည်။

– ဖခင်ကြီးမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်သူ ဖြစ်သော်လည်း ဇနီးနှင့်သားကို မော်လမြိုင်ကျွန်းမြို့တွင် နေစေသောကြောင့် ငယ်စဉ်ကပင် မြို့တွင် ကြီးပြင်းခဲ့သည်။

❖ ၁၉၅၇ ခုနှစ် – မှ ၁၉၆၁ ခုနှစ်ထိ မော်လမြိုင်ကျွန်းမြို့၊ နေရှင်နယ် အစိုးရ မူလတန်းကျောင်းတွင် ပညာဆည်းပူးခဲ့သည်။

❖ ၁၉၆၇ ခုနှစ် – တွင် မော်လမြိုင်ကျွန်းမြို့၊ အစိုးရအထက်တန်းကျောင်း (ယခု–အထက ၁) မှ တန်းမြင့်ကျောင်းထွက် လက်မှတ်ရ စာမေးပွဲ (H.S.F) အောင်မြင်ခဲ့သည်။ ငယ်စဉ် ကိုးနှစ်သားအရွယ်တွင် မိခင် ကွယ်လွန်ခဲ့ပြီး အသက် ၁၇ နှစ် အရွယ် တက္ကသိုလ်ဝင်တန်း တက်နေစဉ် ဖခင် ကွယ်လွန်ခဲ့သည်။

❖ ၁၉၇၂ ခုနှစ် – တွင် မော်လမြိုင်ကျွန်းမြို့နယ်၊ သမဝါယမဦးစီးဌာနတွင် ဒုတိယအသင်းစုမှူးအဖြစ် စတင်တာဝန် ထမ်းဆောင်သည်။ ပထမဦးဆုံး ပုံနှိပ် ဖော်ပြခံရသော စာမူမှာ အမည်ရင်း မောင်အောင်ကြွယ်(မော်ကျွန်း) ဖြင့် သွေးသောက်မဂ္ဂဇင်းကြီး၌ ၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်တွင် ဖော်ပြပါရှိခဲ့သော **မေ့မှပဒ** အမည်ရှိ ဆောင်းပါး ဖြစ်ပါသည်။

❖ ၁၉၇၆ ခုနှစ် – တွင် မော်လမြိုင်ကျွန်းမြို့၊ ၁၁ လမ်းနေ တိုင်းရင်းဆေးဆရာကြီး ဦးစံထွန်း၊ ဒေါ်လှတင်တို့၏ တစ်ဦးတည်းသောသမီး မမြင့်မြင့်ကြည်နှင့် အိမ်ထောင်ပြုသည်။ နီလာစိုး၊ သီတာစိုး၊ ဇော်မျိုးထက်၊ အောင်မျိုးထက် ဟူ၍ သားသမီး လေးယောက် ရရှိခဲ့ရာ သီတာစိုးနှင့် ဇော်မျိုးထက်တို့မှာ ငယ်စဉ် ငါးနှစ်သားအရွယ်ကပင် တိမ်းပါးခဲ့သည်။

– ဆရာပါရဂူ၏ ညီတော်မင်းနန် စာအုပ်ကို နှစ်သက်မိရာမှ **မင်းနန်(မော်ကျွန်း)** ဟူသော ကလောင်အမည်ကို ယူခဲ့သည်။

– ရုပ်ရှင်ဆောင်းပါးများကို ရုပ်ရှင်အောင်လံ၊ ရုပ်ရှင်အမြုတေ၊ ရုပ်ရှင်ပဒေသာ၊ ရုပ်ရှင်သတင်းစဉ်၊ ရုပ်ရှင်ကြေးမုံ စသော မဂ္ဂဇင်းများတွင် လည်းကောင်း၊ စာပေဆောင်းပါးနှင့် စာပေဝေဖန်ရေး ဆောင်းပါးများကို ရွှေတာရဂျာနယ်၊ စာပေဂျာနယ်၊ မိုးဝေ၊ ချယ်ရီ၊ အတွေးအမြင်၊ ပန်၊ ရုပ်ရှင်အောင်လံ၊ ရုပ်ရှင်တေးကဗျာ၊ စတိုင်သစ်၊ တော်ဝင်ဂျာနယ်၊ သဘင်၊ ပန်းအလင်္ကာ စသော မဂ္ဂဇင်းများတွင်လည်းကောင်း ရေးသားခဲ့သည်။

– ရွှေတိဂုံဘုရားရင်ပြင်ပေါ်တွင် ဆရာပါရဂူ၏ နိဗ္ဗာန်စာအုပ်ကို ဖတ်ရှုရင်း ထိုစာအုပ်မှ 'သန္တ' ဟူသော စကားလုံးကို နှစ်သက်သောကြောင့် **မောင်သန္တ** အမည်

ဖြင့် ဘာသာရေး ဆောင်းပါးများကို အပွမာဒ၊ မဏိဇောတ၊ ဘာသာသွေး၊ ဓမ္မရံသီ၊ ဓမ္မရတနာ၊ ရွှေအောင်လံ၊ ရတနာသစ်၊ စပယ်ဖြူ၊ ရတနာမွန်၊ ဓမ္မရပ်စုံ၊ မြတ်ပန်းဝေ၊ မြတ်မင်္ဂလာ၊ မြစ်မခ ဓမ္မစာသဝဏ်၊ သစ္စာရောင်ခြည်၊ မြတ်ပန်းရဂုံ၊ သုခချမ်းသာ စသော မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။ ရေးသားခဲ့သော ဆောင်းပါးများ၌ ၁၂ နှစ်တိုင်တိုင် လစဉ်မပြတ် ရုပ်ရှင်အောင်လံ (ရွှေအောင်လံ) မဂ္ဂဇင်းကြီးတွင် ပင်တိုင်ရေးသားခဲ့သော **ဘာသာရေး ဆောင်းပါး အညွှန်း** သည် လူသိများ ထင်ရှားခဲ့သည်။

❖ ၁၉၈၁ ခုနှစ် – မှ ၁၉၈၄ ခုနှစ်အထိ မြို့နယ်အဆင့် စာပေအဖွဲ့အစည်း တာဝန်အဖြစ် မော်လမြိုင်ကျွန်းမြို့နယ် စာပေလုပ်သား အဖွဲ့ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ မြို့နယ် စာဆိုတော်နေ့ အခမ်းအနားနှင့် စာပေဟောပြောပွဲ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူးအဖြစ် လည်း ကောင်း ဆောင်ရွက်ခဲ့သည်။

❖ ၁၉၈၆ ခုနှစ် – တွင် ယောက္ခမ ဖခင်ကြီးသည် အသက်အရွယ်အရ ပရဆေးဆိုင်မှ အနားယူသောအခါ မြို့နယ်သမဝါယမ ဦးစီးဌာန၊ ပထမအသင်းစုမှူးအဖြစ်မှ နုတ်ထွက်ခဲ့ပြီး ပရဆေးဆိုင် ဈေးသည်အဖြစ် ကူးပြောင်းခဲ့သည်။ မအောင်မြင်သော ဈေးသည်ဘဝတွင် ပရဆေးဆိုင် ထိုင်ရင်း စာရေး၊ စာဖတ်လုပ်ခဲ့ရာ ယနေ့အထိ ဘာသာရေး လုံးချင်း စာအုပ် ၂၁ အုပ် ရေးသားခဲ့ပြီး ဖြစ်ပါသည်။

❖ ၁၉၉၆ ခုနှစ် – တွင် ထိုဆောင်းပါးစဉ်ကြီးကို အကြောင်းပြု၍ ဆရာမကြီး လူထုဒေါ်အမာ မွေးနေ့အခမ်းအနား၌ **မန္တလေး စာဖတ် ပရိသတ်အကြိုက် ဆောင်းပါးဆု** ရရှိခဲ့သည်။

❖ ၁၉၉၇ ခုနှစ် – ဧပြီလတွင် ထိုဆောင်းပါးကို နှစ်သက်သော ယနေ့ မန္တလေး စာအုပ်တိုက် ထုတ်ဝေသူ ဦးထွန်းဦး၊ ဦးချစ်စိန်

တို့က စာဖြင့် ဆက်သွယ် ကမ်းလှမ်းသောကြောင့် မောင်သန္တ အမည်ဖြင့် မဂ္ဂဇင်းများတွင် ရေးသားခဲ့သော ဆရာတော်ကြီးများ၏ ဩဝါဒတော်များ ဆောင်းပါးများကို စုစည်းလျက် **မင်းနန် (မော်ကျွန်း)** အမည်ဖြင့် ပထမဦးဆုံး ဘာသာရေး လုံးချင်းစာအုပ် ထုတ်ဝေခဲ့သည်။

– နိဝင်ဘာလတွင် ဒုတိယမြောက် ဘာသာရေး လုံးချင်းစာအုပ်အဖြစ် **အထက်တန်းစား ဗုဒ္ဓဘာသာဝင်** စာအုပ်ကို ထုတ်ဝေခဲ့ရာ စာဖတ်ပရိသတ်၏ နှစ်သက်လက်ခံမှုကို သိသိသာသာ ရရှိသောကြောင့် ထုတ်ဝေပြီး ၁၃ နှစ်ကြာသည့်တိုင် အကြိမ်ကြိမ် ရိုက်နှိပ် ထုတ်ဝေနေရဆဲဖြစ်သည်။

– ယခုအခါ မော်လမြိုင်ကျွန်းမြို့၊ ၄ ရပ်ကွက်၊ ၁၁ လမ်း၊ အမှတ် ၈ တွင် ဘဝအဖော်ဖြစ်သူ ဒေါ်မြင့်မြင့်ကြည်နှင့်အတူ စာလည်း ရေး၊ ဈေးလည်း ရောင်းရင်း ရောင့်ရဲ အေးချမ်းစွာ ဘဝရပ်တည်မှု ပြုလျက်ရှိပါသည်။

□

အမှတ်

ရက်စွဲ

# ဗုဒ္ဓ၏အဆုံးအမတော်များ

## မင်းနန် [မော်ကျွန်း]




နလုံးသား၌ မြတ်ဗုဒ္ဓ၏အဆုံးအမတော်
တည်ကိန်းသူသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ
ဒုက္ခမရောက်စေဘဲ၊ လူ့အဖွဲ့အစည်းကို စောင့်ရှောက်တတ်သူ-
သာ ဖြစ်၏။
လောကကြီးတွင် တရားမျှတမှု၊ ညီညွတ်ချစ်ခင်မှု၊
တည်ငြိမ်အေးချမ်းမှုများ ဝေစည်လိုသော်
လူသားတို့၏အတွင်းသန္တာန်ထဲတွင်
မြတ်ဗုဒ္ဓ၏အဆုံးအမတော်များ
တည်ကိန်းအောင် ဆောင်ရွက်ရမည်ဟု . . .

**ထွက်ပြီ**




## ဓမ္မပန်းဥယျာဉ်

မင်းနှင့်(မော်ကျွန်း)

ထေရဝါဒနှင့်ပတ်သက်သော ဓမ္မဆောင်းပါးများကိုဓမ္မပန်းဥယျာဉ်ကြီးသဖွယ်စုစည်းထားခြင်း ဖြစ်သည်။ သိသင့်တာကိုသိမှ ယုံသင့်တာကို ယုံမည်။ သိသင့်သည်ကိုသိမှ လုပ်သင့်သည်ကိုလုပ်မည်။ သိသင့်သည်ကိုသိမှလမ်းမှန်ကိုမြင်မည်။ သိသင့်သည်ကိုသိမှ ကျင့်စဉ်အမှန်ကိုသိမည်။ သိသင့်သည်ကိုသိအောင် အားမထုတ်သေးသမျှ မယုံသင့်တာတွေကို ယုံနေမည်။ မလုပ်သင့်တာတွေကို လုပ်နေမည်။ လမ်းမှားတွေကိုလျှောက်နေမည်။ ကိုးကွယ်ရာအမှားတွေကို အားကိုးဖက်တွယ်နေမည်။ ထို့ကြောင့် ထေရဝါဒဓမ္မအသိအမြင်ပွင့်လင်းစေရန် ရှင်းလင်းရေးသားထားသည်။ အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၅၄၀၀၃၀၂၊ ၀၉ ၈၇ ၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

ထွက်ပြီ




## ထေရဝါဒရှုထောင့်

မင်းနန္ဒ(ပေါ်ကျွန်း)

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကို ရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပလိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်းပါးလျား၍မလာ၊ ဘာတရားထူးမျှလည်းမရနိုင်၊ သောတာပန်ဖြစ်ဖို့ဆိုသည်မှာ ဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့်သီလစင်ကြယ်ခြင်းသည် ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။


အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၅၄၀၀၃၀၂၊ ၀၉ ၈၇ ၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၂၀၀ ဖြင့် ဖြန့်ချိထားသည်။


ထွက်ပြီ

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော တရားတော်များထဲမှ
လူသားတို့၏ ပစ္စုပ္ပန်ဘဝ တိုးတက်ကြီးပွားအောင်မြင်ရေးအတွက်
လိုက်နာကျင့်ကြံဖွယ်ရာ အကြောင်းတရားများကို
ရှင်းလင်း ရေးသားထားသော...

# ဗုဒ္ဓ၏
## အောင်မြင်ရေး လမ်းညွှန်ချက်များ

**မင်းနန်**
(ဟော်ကျွန်း)

PLK 2 3000
ါ်အောင်မြင်ရေးလမ်းညွှန်ချက်
008192